# [illegible]



မောင်စံဖော်

## မောင်စံဖော်

# ရိုးမခေါ်သံ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၂/၉၈(၃)
စာမူခွင့်ပြုချက် အမှတ် - ၉၂၂/၉၆ (၁၂)

* * *

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
ထုတ်ဝေသည့်ခုနှစ် - ၁၉၉၈-ခု၊ ဇွန်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၀၀ ကျပ်

* * *

## - ပုံနှိပ်သူ -

ဒေါ်ခင်စန်းစန်း (၀၃၅၈၀)၊ အောင်ကျော်ဖြိုးပုံနှိပ်တိုက်၊
အမှတ် (၅)၊ ဈေးလမ်း၊ အောက်ပုစွန်တောင်။

## - ထုတ်ဝေသူ -

ဦးရဲမြင့် (၀၁၀၄၉)၊ တက်လမ်းစာပေ၊ ၉၆၇၊ ပဒေသာရပ်ကွက်၊
စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

## - ဖြန့်ချိသူ -

ရခိုင်သားကြီးစာပေ
၅၅ (အေ)၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၆၈၁၈၂၆

# မာတိကာ


ရှေ့ပြေးစကား

ဦးမောင်စံဖော်

၁။ အရှေ့အခြင်းအမူ

၂။ မဏိကုဏ္ဍလလင်္ကာ

၃။ ပန်းနီလာ

၄။ ရိုးမြဲပြည်

၅။ ကိုရံတလော ကမ်းယံလော

၆။ ဆရာထွန်း၏ ပန်းရွှေမြိုင်

၇။ ရခိုင်ရာဇဝင်စစ်တမ်း အကျဉ်း

၈။ မဲဇာရွှေလီ

၉။ ပိုးဝါဝတ္ထု

၁၀။ ပိုးဝါဘွဲ့

၁၁။ စောယဉ်မိ

၁၂။ ဥက္ကာဇစ်

၁၃။ ရှိဥက္ကာ

၁၄။ ဥက္ကာဇစ် (မူရင်း)

# ထုတ်ဝေသူ၏ အမှာစာ

ကျွန်တော်သည် ဆရာကြီးမောင်စံဖော် ရေးသားခဲ့သော ဆောင်းပါးအချို့ကို စုပေါင်းထုတ်ဝေရန် ကြိုးပမ်းခဲ့သည်မှာ လေးနှစ်ခန့် ကြာခဲ့ရပါသည်။ ဤဆောင်းပါးများကို ဆရာကြီးမောင်ဗသိန်းမှ စုဆောင်းပေးမှုကြောင့်သာ ထုတ်ဝေနိုင်ခြင်း ဖြစ်ပါသည်။

ယခုအခါ 'ရိုးမခေါ်သံ' အမည်နှင့် ဆရာကြီးမောင်စံဖော်၏ စာအုပ်ထွက်ရှိလာပြီ ဖြစ်သော်လည်း 'ရခိုင်နှင့်ထားဝယ်စကားရှိ၏ သရစနစ်' ဆောင်းပါးကို ပုံနှိပ်ရန် စီစဉ်ထားပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ချန်လှပ်ထားခဲ့ရသည်ကို နားလည်ခွင့်လွှတ်ကြပါရန် တောင်းပန်အပ်ပါသည်။

ဤစာအုပ်သည် ရခိုင်အမျိုးသားတို့အား တစ်စုံတစ်ရာအတိုင်းတာထိ အကျိုးပြုနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

**ရခိုင်စာပေ တိုးတက်ပါစေ။**
**ရခိုင်လှမြင့်**
**၁၉၉၈-ခု၊ ဇူလိုင် (၂၄)ရက်။**

# ကြေငြာခြင်း

စာပေမြတ်နိုးသူရို့၏ အကြံပေးချက်အရ တန်ခိုးဆရာထွန်း ရှိုးသားခဲ့သော သာခြင်းများကို ထုတ်ဝေနိုင်ရန် ကြိုးစားဆောင်ရွက်နေပါသည်။

ယင်းကြောင့် တန်ခိုးဆရာထွန်းနှင့် ပတ်သက်၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက--

အထောက်ထားပြည့်စုံစွာနှင့် ၃၁-၁၂-၉၈ နိုကို နောက်ဆုံးထားလို့ ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

**ရခိုင်သားကြီးစာပေ**
**ခ/၅၅၊ ကျွန်းရှေ့ဝါလမ်း၊ ဘုရင့်နောင်၊**
**ရန်ကုန်။**

# ရှေ့ပြေးစကား

ကျွန်တော်သည် ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်းစသော ကျောင်းမဂ္ဂဇင်းများတွင် ပါဝင်ရေးသားခဲ့ဖူးပါ၏။ ကျောင်းဆရာဘဝ ရောက်လာတော့လည်း ရှုမဝမဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း စသော မဂ္ဂဇင်းကြီးများတွင် ကဗျာများ၊ ဆောင်းပါးများ ရေးသားထည့်သွင်းခဲ့ဖူးပါ၏။ သို့ရာတွင် 'အိတ်ပေါက်နှင့် ဖားကောက်သည်' ဟူသောစကားကဲ့သို့ မိမိရေးသား ထည့်သွင်းခဲ့ဖူးသည်များကို စုစုဆောင်းဆောင်းသိမ်းဆည်းထားတတ်သော အလေ့အထမရှိခဲ့သဖြင့် ရေးခဲ့သမျှ စာလက်ခံများ ကျွန်တော်တွင် မရှိသလောက် ဖြစ်ခဲ့ရပါသည်။

ယခု 'ရခိုင်သားကြီးစာပေ' က ကျွန်တော် ရေးသားခဲ့ဖူးသော စာများအနက်မှ ရခိုင်နှင့် ဆက်စပ်နိုးနွှယ်နေသော စာတိုစာစအချို့ကို ရှာဖွေစုစည်း၍ စာတစ်အုပ်အဖြစ် ပြုစုလိုက်ပါပြီ။ ထိုအတွက် ရခိုင်သားကြီးစာပေအား ကျွန်တော်အထူးကျေးဇူးတင်ပါသည်။ ဝမ်းလည်းသာမိပါသည်။

ဤစာအုပ်တွင်ပါဝင်သော ဆောင်းပါးများတွင် 'ရခိုင်ရာဇဝင် စစ်တမ်းအကျဉ်း' မှာ အသိအမြင်ကျဉ်းမြောင်းနန့်နွေးနုနယ်သေးသော ကျောင်းသားငယ်ဘဝ၊ လွန်ခဲ့သည့်နှစ်ပေါင်း ရာစုဝက်ခန့်က ရေးသားခဲ့သောစာဖြစ်သည့်အတိုင်း အားနည်းချက်ပေါင်းများစွာ ပါဝင်သောစာတစ်ပုဒ် မလွဲမသွေဖြစ်နေမည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် စာအုပ်တွင် မထည့်သွင်းဘဲ ပယ်ထားခဲ့လိုသော်လည်း ငယ်စဉ်က လက်ရာတစ်ခုအဖြစ် ထုတ်ဝေသူမိတ်ဆွေများက ဖော်ပြလိုသော ဆန္ဒရှိကြသဖြင့် ထည့်သွင်း

လိုက်ခြင်း ဖြစ်ပါသည်။

ပန်းနီလာ၊ ရည်းမြဲပြည်၊ ပိုးဝါဝတ္ထု၊ ဥက္ကာဇစ်၊ ရှိဥက္ကာခေါင်းစဉ်များဖြင့် ရေးသားထားသော စာတိုစာစများမှာ စစ်တွေကောလိပ်တွင် အမှုထမ်းနေစဉ်က စစ်တွေမြို့မှ စာပေမိတ်ဆွေကြီး ဆရာဦးဗသိန်း 'ယခုဘူးသီးတောင်မြို့နယ် ပညာရေးမှူး' ထံမှ ရရှိဖတ်ရှုခဲ့ရသော လက်ရေးမူရခိုင်ကဗျာကြီးများကို အခြေခံ၍ ရေးခဲ့သော စာတိုစာစများ ဖြစ်ပါသည်။ ထိုရခိုင်ကဗျာကြီးများကို ဖတ်ရှုခွင့်မရခဲ့ပါက ဤစာတိုစာစများ ပေါ်ပေါက်လာစရာ အကြောင်းမရှိပါ။ ထို့ကြောင့် ထိုရခိုင်ကဗျာကြီးများကို အပတ်တကုတ် ရှာဖွေပေးပေသော ဆရာကြီးဦးဗသိန်းနှင့်တချို့ စာမူတို့ကို ငှားရမ်းဖတ်ရှုခွင့်ပေးခဲ့သော ဆရာတော် ဦးစက္ကိန္ဒတို့အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

'ဆရာထွန်း၏ ပန်းရွှေမြိုင်' စာတမ်းမှာ ပုံမနှိပ်ဖူးသေးသောစာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသုတေသနအသင်းကြီးအတွက် ရည်ရွယ်ပြုစုခဲ့သော ထိုစာတမ်းသည် အသင်းကြီးချုပ်ငြိမ်းသွားသောအခါ အလဟဿပျောက်ပျက်ဆုံးပါးသွားတော့မည့် အခြေအနေဖြစ်နေရာမှ စစ်တွေမြို့ 'တန်ဆောင်သုတေသနဝိုင်း' က ဝိုင်းသူဝိုင်းသားများ လေ့လာရန် လက်နှိပ်စက်မူ ကူးယူပွားများထားခဲ့သဖြင့် ယခုကဲ့သို့ စာအုပ်တွင် ထည့်သွင်းနိုင်ခဲ့ပါသည်။ ထိုအတွက် 'စစ်တွေမြို့ တန်ဆောင်သုတေသနဝိုင်း' အား ကျွန်တော်ကျေးဇူးစကား ဆိုပါ၏။

'ရခိုင်နှင့်ထားဝယ်စကားတို့၏ သရစနစ်' မှာမူ ကျွန်တော့်စာ မဟုတ်ပါ။ ယင်းစာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် မူလရေးသားသူမှာ ပါမောက္ခဘာနီ ဖြစ်ပါသည်။ သူ၏စာတမ်းကို ရခိုင်သုတေသီတို့ အကျိုးငှာ ဆရာဦးဗသိန်း ကမကထပြု၍ ကိုရွှေမင်းက ရခိုင်ဘာသာဖြင့် ပြန်ဆိုပြုစုပါသည်။ ထိုသို့ အင်္ဂလိပ်ဘာသာမှ ရခိုင်ဘာသာသို့ ပြန်ဆိုရေးတွင် ကျွန်တော်က လိုအပ်သော အကူအညီပေးခဲ့ခြင်းမျှသာ ဖြစ်ပါသည်။ စာဖတ်သူတို့ အကျိုးအတွက် ထုတ်ဝေသူတို့က စာအုပ်တွင် ထည့်သွင်းလိုက်ခြင်း ဖြစ်ပါကြောင်း

မောင်စံဖော်

# ဦးမောင်စံဖော်

ရခိုင်ပြည်နယ် မြေပုံမြို့၊ သဲတန်းရပ်ကွက်တွင် အဘဦးရွှေဘန်းအောင်၊ အမိ ဒေါ်မြညိုတို့မှ ကောဇာ ၁၂၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်းငါးဦးအနက် အကြီးဆုံးသား ဖြစ်သည်။

မြေပုံမြို့ ချင်းမကျောင်းခေါ် အေအမ်ဘီကျောင်း၌ မူလတန်းပညာကို စတင်သင် ကြားခဲ့ရာ တိုင်းရင်းမြန်မာ ၇တန်း အောင်ခဲ့သည်။ ထို့နောက် ကျောက်ဖြူမြို့ အစိုးရ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ရာ ကျောက်ဖြူမြို့ အစိုးရအထက်တန်း ကျောင်း၊ ကျောင်းသား သမဂ္ဂမဂ္ဂဇင်း လက်ရေးမူကို ထုတ်ဝေခဲ့ရာ တာဝန်ခံစာတည်း အဖြစ် ဆောင်ရွက်ရင်း စာများပါဝင် ရေးသားခဲ့သည်။

ရခိုင်ပြည်နယ် အနှံ့အပြားရှိကျောင်းများတွင် ပညာဆက်လက်သင်ကြားခွင့် ရရှိ ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သဖြင့် ရန်ကုန်မြို့သို့သွားရောက်ကာ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ထိုအချိန် တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ကျောင်းပိတ်လိုက်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ကိုလိုနီနယ်ချဲ့တော်လှန်ရေးအတွက် ဘီအိုင်အေတပ်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ဖက်ဆစ် တော်လှန်ရေး၌လည်း ပါဝင်ခဲ့သည်။ စစ်ပြီးခေတ်တွင် ပညာဆက်လက်သင်ကြားခဲ့ရာ ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ၁၉၅၄ ခုနှစ်တွင် ရရှိခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် သရုပ်ပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်

တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းနှင့် ရခိုင်တန်ဆောင်မဂ္ဂဇင်းတို့တွင် စာတည်းအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၅-၅၆ ခုနှစ်တွင် ရခိုင့်တန်ဆောင်မဂ္ဂဇင်း အထွေထွေစာတည်းဖြစ်လာရာ ထိုနှစ်မှစ၍ 'ရခိုင်စာပိကဋ္ဌ' ကို ဦးစံကျော်ထွန်းနှင့်အတူ စတင်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် အလွတ်ပညာသင်ကျောင်းများဖြစ်သော ယူအီးအိုင်၊ ဘဝသစ်တို့တွင် ဆရာအဖြစ် ဆောင်ရွက်သည်။ တော်လှန်ရေးကောင်စီခေတ်တွင် ပညာသင်ကျောင်းများကို ပြည်သူပိုင်သိမ်းခဲ့ရာ စမ်းချောင်း အထက-၄တွင် အထက်တန်းပြဆရာ ဖြစ်လာသည်။ ထိုသို့တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ ဦးဝန် 'မင်းသုဝဏ်' က ခေါ်ယူတာဝန်ပေးအပ်သဖြင့် မြန်မာစာဌာနတွင် နည်းပြဆရာအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ဘာသာပြန်ဌာနတွင် စာပြုအဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် မြန်မာစာဌာနတွင် နည်းပြအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်တွေကောလိပ်ဖွင့်စတွင် ယာယီဌာနမှူးအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၇-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်ရောက်လာသည်။ ၁၉၈၂-ခုနှစ်မှစ၍ ရန်ကုန်ဆေးတက္ကသိုလ် ၁၊ မြန်မာစာဌာနတွင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇-ခုနှစ် ဒီဇင်ဘာလတွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ လင်းယုန်မဂ္ဂဇင်းဂျာနယ်တွင် မောင်စံဖော်၊ အောင်စုံ၊ တင်ထူး၊ အောင်စံဖြိုး၊ ချစ်ထွေး၊ မင်းညို၊ ချစ်လေးမောင်၊ ကျော်စွာ၊ မောင်နံ့သာ စသော ကလောင်အမည်များဖြင့် ကဗျာ၊ စာပေဆောင်းပါး၊ ဝေဖန်ရေးဆောင်းပါး၊ သမိုင်းဆိုင်ရာ ဆောင်းပါးများကို ပါဝင်ရေးသားခဲ့သည်။ ထင်ရှားသော ကလောင်အမည်များမှာ မောင်စံဖော်နှင့် အောင်စုံအမည်တို့ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ တာဝန်ထမ်းဆောင်စဉ်က ရုရှား၊ ဂျပန်စသော နိုင်ငံခြားကျောင်းသားများအား မြန်မာစာနှင့် ရခိုင်ဘာသာသင် ဆရာအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

အစိုးရအလုပ်တာဝန်မှ အငြိမ်းစားယူပြီးနောက် ပွင့်ဦးမဂ္ဂဇင်း၌ အတိုင်ပင်ခံစာတည်း၊ ရခိုင်ညွှန့်ဖူး၊ ရခိုင်ရိုးမမဂ္ဂဇင်းတို့တွင် တာဝန်ခံစာတည်းအဖြစ် တာဝန်ယူရင်း စာများပြန်လည် ရေးသားလျက်ရှိသည်။

ယခုအခါ ဇနီးသားမီးများနှင့်အတူ ရန်ကုန်မြို့၊ စမ်းချောင်း ဝေဠုဝန်အိမ်ရာစခန်း တိုက်-၁၁၊ အခန်း-၉တွင် နေထိုင်လျက် ရှိပါသည်။

# အရွှေ့ အခြင်း အမှူ

အရွှေ့၊ အခြင်း၊ အမှူတို့သည် ရခိုင်ဒေသိယစကားသုံးလုံး ဖြစ်ပါသည်။ အ ဟူသော ရှေ့ဆက်ကို ဖြုတ်၍ သုံးသည့် ရွှေ့၊ ခြင်း၊ မှူတို့မှာ စံကျ မြန်မာစကားနှင့် ရခိုင်ဒေသိယစကား နှစ်မျိုးလုံးတွင် အသုံးအနှုန်းကွဲပြားခြားနားခြင်း မရှိလှဟု ဆိုနိုင်ပါသည်။ သို့ရာတွင် အရှေ့ဆက်ကိုပေါင်း၍ အရွှေ့၊ အခြင်း၊ အမှူ' ဟု ပုဒ်တည်လိုက်သောအခါ စကားနှစ်မျိုးလုံးတွင် သုံးနှုန်းပုံမှာ အတန်အသင့် ကွဲပြားလာသည်ဟု ဆိုနိုင်မည် ထင်ပါသည်။

လုံပျိုမေ
အရွှယ်ချင်းချင်း၊ ရွှေ့သာခြင်းနှင့်
လမင်းစန္ဒာ၊ လောင်းရိပ်သာမှာ
ပျော်စရာတစ်ကြောင်း၊ မေရို့မှာလေ
အဖော်ပေါင်းနှင့်၊ ဆန်မောင်းနင်းရေ
သာစွလေ၊ သာယာ့ဧးလေ၊ သာစွလေ။

အထက်ပါ ရခိုင်ရိုးရာ တေးကဗျာကလေးမှ ရွှေ့သာခြင်းမှာ 'အရွှေ့သာခြင်း' ဟူသော ပုဒ်ကို အ ဖြုတ်၍ ဆိုထားခြင်းပင်ဖြစ်ပါသည်။ သာမန်အားဖြင့် 'အရွှေ့' ဟူသောစကားသည် တေးသီခြင်း (သီချင်း) ဟူသော အနက်အဓိပ္ပာယ်ရှိသည်ဟု ကျွန်တော်တို့ ငယ်စဉ်က မှတ်ခဲ့ရဖူးပါသည်။ 'အရွှေ့' ဟူ၍လည်းကောင်း၊ 'ဇာတ်ရွှေ့' ဟူ၍လည်းကောင်း အလဲအလှယ် သုံးကာ သက်ကြီးရွယ်အိုများ ပြောသံဆိုသံကိုလည်း ကြားခဲ့ရဖူးပါသည်။

'အရွှေ့' သို့မဟုတ် 'ဇာတ်ရွှေ့' ဟူသော အမည်ကိုသုံး၍ ကျွန်တော်တို့၏ အဘိုးအဘွားများ ရည်ညွှန်း ပြောဆိုကြသော တေးကဗျာများကို ပြန်ပြောင်းဆင်ခြင်ကြည့်သောအခါ တစ်စုံတစ်ခုသော တေးကဗျာသည် မည်သူ မည်ဝါရေးသော၊ စပ်ဆိုသော တေးကဗျာဖြစ်သည်ဟု အလေးမူမှတ်ယူထားခြင်းလည်း မရှိ၊ မှတ်ယူထားစရာလည်း မလို။ မည်သည့်အချိန်အခါ၊ မည်သည့်ကိစ္စမျိုးတွင်သာ ဆိုရမည်ဟု သတ်မှတ်ထားခြင်းလည်းမရှိဘဲ တစ်ယောက်ကစ တစ်ရာအချိန်အခါ အကြောင်းကိစ္စပုဂ္ဂိုလ်မရွေး အစဉ်အဆက် ဆိုလာသော တေးကဗျာလည်း ဖြစ်အံ့၊ တူရိယာပစ္စည်းတစ်ခုခုနှင့် တီးနိုင်သည်ဖြစ်စေ၊ မတီးနိုင်သည်ဖြစ်စေ ကာရံနယ်နိမိတ်ထက် စည်းချက်ဝါးချက် နယ်နိမိတ်ကို အလေးထား၍ ဆိုနိုင်သော တေးကဗျာလည်း ဖြစ်အံ့၊ ထိုသို့သော တေးကဗျာမျိုးကို 'အရွှေ့' ခေါ်သည်ဟူ၍ ယေဘုယျကောက်ယူနိုင်လိမ့်မည် ထင်ပါသည်။

'တေးသီခြင်း' စကားနက်သုံး 'အရွှေ့' ဟူသောစကားလုံးကို အထက်တွင် ဖော်ပြခဲ့သော မလေ့ရိုးရာ တေးကဗျာကလေးများတွင်မှအပ စာကြီးပေကြီးများတွင် အလွန်တွေ့ရကြုံရခဲပါသည်။ သို့သော် ရခိုင်သုတေသီများက ကန်တော်မင်းကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူခဲ့ဖူးသော ရခိုင်ဆရာတော်အသျှင် အဂ္ဂသာရ ရေးသားခဲ့သည်ဟု မှတ်ယူထားကြသော လောကသာရပျို့နိဂုံးအပိုဒ် ၅၆တွင်-

မှန်စွာသိမ်မွေ့

အရွှေ့ရွှဲလုံး၊ သီ၍ကုံးသို့

ကျင့်ထုံးမှတ်ရာ---- စသည်ဖြင့် 'အရွှေ့' ဟူသောစကားလုံးကို ကန်တော်မင်းကျောင်းဆရာတော်သည် မည်သို့သော စကားနက်ဖြင့် သုံးစွဲခဲ့ကြောင်းကို သိနိုင်ရန်ခက် ခဲပါသည်။

'သီ' ဟူသောစကားလုံး၏ အနက်အရှိုင်းကို ကြံဆရာတွင် ပုဂံဝန်ထောက်မင်းဦးတင်သည် ယင်းစကားစုကို ကိုးကားခဲ့သော်လည်း 'အရွှေ့' နှင့်ပတ်သက်၍ ပြောဆိုရန် နေရာမဟုတ်သောကြောင့်လောမသိ မည်သို့မျှ မမိန့်ဆိုခဲ့ပါ။ လောကသာရပျို့အဖွင့်ကျမ်းကို ပြုစုခဲ့သော ဆရာကြီး ဦးဖိုးစိန်ကလည်း ယင်းစကားစု တစ်ရပ်လုံးကို ခြုံငုံ၍သာ ဖွင့်ပြခဲ့ပါသည်။ 'အရွှေ့' ကိုမူ ခြုံငုံအနက်တွင် အရေးမကြီးသောကြောင့်လောမသိ စကားနက် သဲလွန်စမပေးဘဲ လျစ်လျူရှုခဲ့ပါသည်။ ထိုကြောင့် ကျွန်တော်တို့ အနေနှင့်လည်း ကန်တော်မင်းကျောင်းဆရာတော်၏ 'အရွှေ့' သည် ကျွန်တော်တင်ပြနေသော 'အရွှေ့' နှင့် မည်ရွေ့မည်မျှ အဆက်အစပ်ရှိကြောင်းကို မစူးစမ်းတော့ဘဲ ချန်လှပ်ခဲ့ပါရစေ။

မြန်မာဂန္ထဝင်စာပေများတွင် 'အန္လေ့' ကို ရခိုင်ဒေသစကားနက်ဖြင့် သုံးနှုန်းမှု မတွေ့ရသော်လည်း 'အခြင်း' နှင့် 'အမူ' ကို သုံးရာတွင်မူ ရခိုင်ဒေသစကားနက်ဖြင့်လည်း သုံးသည်လည်းရှိ၍ မသုံးသည်လည်း ရှိပါသည်။

'အခြင်း' ကို ဝဏ္ဏဗောဓနေသတ်အင်းလာ 'ပြုခြင်း၊ မူခြင်း၊ စသည့်' အနက်ဖြင့် သုံးရာတွင်လည်းကောင်း၊ မြန်မာသဒ္ဒယောဂဒီပနီကျမ်းလာ 'ပြုခြင်း၊ မူခြင်း၊ သွားခြင်း၊ နေခြင်း၊ ထိုင်ခြင်း၊ အခြင်းအရာ' စသောအနက်များဖြင့် သုံးရာတွင်လည်းကောင်း ဒေသစကားနှင့် စံကျစကားနှစ်ခုလုံး တူညီကြပါသည်။ သို့ရာတွင် 'အခြင်းကဗျာ' ဟူသော စကားနက်ဖြင့် သုံးရာတွင်မူ စံကျစကားတွင် ယပင့်ဖြင့် 'ချင်း' သည်ကို တွေ့ရပြီး 'အခြင်း' ကို 'စကား' သို့မဟုတ် 'ဘာသာ' ဟူသောအနက်ဖြင့် သုံးနှုန်းမှုမှာမူ စံကျစကားတွင် မရှိဟုဆိုရမည် ဖြစ်ပါသည်။ 'အခြင်းများသည်' ဟုဆိုခြင်းမှာ 'အခြင်း' မှာ 'စကား' သို့မဟုတ် 'ဘာသာ' အနက်ဖြင့် သုံးသည်ဟု ယူရန်မှာလည်း သံသယဝင်ရန် ရှိပါသည်။

ရှေးဦးစွာ 'အခြင်းကဗျာ' အနက်ဖြင့် ရခိုင်ဒေသစကားတွင် သုံးစွဲပုံများကို လေ့လာကြည့်သင့်ပါသည်။

- မင်းသားသံချို၊ ဆရာကျောင်းမာ၊
  စောင်းခြင်းဆိုရေ (ပိုးဝါဘွဲ့)
- ဤသို့ဒေဝီ၊ သားချော့ရာမှာ
  ကာရန်သွင်းလို့၊ ငိုခြင်းစီပျာ--

(ဆရာထွန်း၊ ဥဒိန္နသာခြင်း)

အထက်ပါကောက်နှုတ်ချက်များမှ 'စောင်းခြင်း' သည် စောင်းဖြင့်တီးဆိုသော 'အခြင်း' ဖြစ်ပြီး 'ငိုခြင်း'မှာ ငိုယိုရာတွင်ဆိုသော 'အခြင်း' ဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ပြင် ရခိုင်ဒေသစကားတွင် ဧးခြင်း၊ တုံးခြင်း၊ ဟန်ခြင်း၊ သာခြင်း တို့မှာလည်း ဓယဉ်လွှဲကျူးရာတွင် ဆိုသော အခြင်း၊ တုံးကရာတွင်ဆိုသော အခြင်း၊ ဟန်ကရာတွင် ဆိုသော အခြင်း၊ ပရိသတ်နားတွင် နားသာယာအောင် ရွတ်ဆိုသောအခြင်း စသည်ဖြင့် အဓိပ္ပာယ်အသီးသီး ကောက်ယူနိုင်ပါသည်။ ထို့ကြောင့် 'အခြင်း' ဟူသောကဗျာသည် တစ်စုံတစ်ခုသော အရေးကိစ္စ၊ အကအခုန်အတွက် သတ်သတ်မှတ်မှတ် သီကုံးထားသော ကဗျာဟု ရခိုင်ဒေသစကားတွင် အနက်ထွက်ပါသည်။

ထို့ပြင် ရှေးရခိုင်လူကြီးသူမတို့၏ အသုံးအစွဲကို လေ့လာကြည့်ပါလျှင် 'အခြင်း' က 'အန္လေ့' ထက် ကာရံစနစ်ကို ပိုမိုအလေးဂရုပြုကြောင်း တွေ့ရပါသည်။

'အခြင်း' ၏ ဆိုခဲ့သော စကားနက်နှင့်ပတ်သက်၍ ရခိုင်အခေါ် 'မှော်ကတော်ဒေး' မြန်မာဂန္တဝင်အမည် 'ရခိုင်မင်းသမီးဧချင်း'မှ အခြင်းအချို့ကို တင်ပြလိုက်ပါသည်။

(၁) အကြောင်းအရင်း၊ အခြင်းအတ၊ ဟူသမျှကို၊
ချီချပြဖော်၊ စိုက်စိုက်ခေါ်သည်၊
မယ်တော်မိခင် ကျူးတည့်လေ (ဧချင်း ပိုဒ်ရေ-၃)

(၂) ဧ၊ ဧပိမ့်တခြင်း၊ ထိုမြို့တွင်းဝယ် (ပိုဒ်ရေ-၂၂)

(၃) ဧ၊ ဧတုံတခြင်း၊ စကြာမင်းတို့ (ပိုဒ်ရေ-၃၃)

အမှတ် (၁) ကောက်နုတ်ချက်ပါ 'အခြင်း' အကကို သာမန်အားဖြင့် အကြောင်းခြင်းတ၊ အကြောင်းခြင်းရာ ဟူ၍ အနက်ကောက်ယူရမည်ဟု ဆိုဖွယ်ရှိပါသည်။ သို့သော် ယင်းစကား၏ ရှေ့တွင် 'အကြောင်းအရင်း' ဟူသောစကားကို တွေ့နိုင်ပါသည်။ စာဆိုမင်းညီသည် စကားအသုံးအနှုန်း အလွန်ကျစ်လျစ်သူဖြစ်ကြောင်း ဧချင်းကို ဖတ်ကြည့်လျှင် သိနိုင်ပါသည်။ ထို့ကြောင့် 'အကြောင်းခြင်းရာ' ဟု အနက်ထွက်သော၊ တစ်နည်းအားဖြင့် အနက်အဓိပ္ပာယ် ဆင်ဆင်တူသော စကားနှစ်ခွန်းကို အကြောင်းထူးမရှိဘဲ (ဝါ) မလိုအပ်ဘဲ ဆင့်ကာဆင့်ကာသုံးပါ့မလားဟု သံသယဝင်စရာ ရှိပါသည်။ ဤတွင် ရခိုင်ဒေသစကားတွင် 'အခြင်း' ကို (စကား)ဟူသော အဓိပ္ပာယ်နှင့် သုံးနှုန်းမှုကို ထည့်သွင်းစဉ်းစားချင်စရာ ဖြစ်လာပါသည်။

ရခိုင်ရှေးလူကြီးများသည် မိမိတို့နှင့် ဘာသာစကားမတူသော လူအချို့က မိမိရှေ့တွင် သူတို့ဘာသာစကားဖြင့် ပြောဆိုနေကြလျှင် 'သူတို့ ကိုယ့်အခြင်းနှင့်ကိုယ် ပြောနေကြသည်' ဟူ၍ ပြောဆိုလေ့ရှိကြပါသည်။ ထို့ကြောင့် အထက်ပါ ကောက်နုတ်ချက်မှ 'အကြောင်းအရင်း၊ အခြင်းအတ ဟူသမျှ' ဟူသောစာပိုဒ်ကို အကြောင်းခြင်းရာ အရင်းခံစကားဟူသမျှဟု အနက်ကောက်ယူရလျှင် သင့်အံ့နိုးထင်မိပါသည်။

ထို့ပြင် အမှတ် (၂) နှင့် (၃) ကောက်နုတ်ချက်များပါ 'ဧပိမ့်တခြင်း' နှင့် 'ဧတုံတခြင်း' တို့မှ 'တခြင်း' ဟူသောစကားရပ်တို့ကိုလည်း တစ်ခုသော 'အခြင်းအရာ' ဟု သာမန်အားဖြင့် အနက်ပြန်ဆိုလိုက်စရာ ရှိပါသည်။ သို့ရာတွင် ရခိုင်ဒေသသုံး အသုံးအနှုန်းဓလေ့တို့နှင့် ချိန်ထိုး၍ သေသေချာချာကြည့်လျှင် ထိုသို့မဟုတ်ဘဲ အခြားတစ်နည်း အဓိပ္ပာယ်ဖော်ယူစရာ ရှိနေပါသည်။

ရခိုင်သာခြင်းတတ် (သာခြင်းသည်) များသည် တစ်စုံတစ်ခုသော ဘွဲ့၊ သို့မဟုတ် သာခြင်းတို့ကို ဆိုတော့မည်ဆိုလျှင် ရှေးဦးစွာ ပရိသတ်၏ နားအာရုံတို့ နှိုးဆွသည့်

အနေဖြင့် 'အလေ---' စသည်ဖြင့် အသံချိုလေ့ရှိသည်ကို စာရေးသူငယ်စဉ်က ကြားခဲ့ရဖူးပါသည်။ ထိုနည်းတူ ရခိုင်မင်းသမီးချင်းတွင်လည်း အပိုဒ်တိုင်း၏အစမှာပါသော ပထမ 'ဧး' သည် နားထောင်သူ (သူငယ်)၏ နားအာရုံကို နှိုးဆွရန် ချိုလိုက်သော အသံ ဖြစ်ပါသည်။ နောက်ဆက်၍ပါလာသော ဒုတိယ "ဧး' မှာ ယောဉ်ပုခက်ကို လွှဲကာ ကျူးသေည်၊ ကျူးလျော်၊ ကျူးပေအဲ့ဟူသော ကြိယာစကားလုံးများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ယင်းကြိယာစကားနောက်တွင် ကပ်ပါလာသော စကားတို့သည် သီဆိုခြင်း၊ သီဆိုသံ၊ သီဆိုချက်၊ တစ်နည်းအားဖြင့် အသံထွက်ခြင်း၊ ထုတ်ဖော်ခြင်း စသည်တို့နှင့် သက်ဆိုင်သော စကားရပ်များ ဖြစ်နေကြသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် ယင်းအစဉ်အလာ၊ အလေ့အထတို့နှင့် ချင့်ချိန်လိုက်လျှင် 'ဧပိမ့်တခြင်း' ကို 'အခြင်းကဗျာ တစ်ပိုဒ်ဖြင့် ပေအဲ့' ဟူ၍ လည်းကောင်း၊ 'တော့်တခြင်း' ကို 'အခြင်းကဗျာတစ်ပိုဒ်ဖြင့် ကျူးတော့ဦးအံ့' ဟူ၍ လည်းကောင်း အနက်ကောက်ယူနိုင်သည်ဟု ဆိုဖွယ်ရာ ရှိပါသည်။

ရခိုင်ဒေသသုံး အသုံးအနှုန်းတွင် 'အခြင်း' ဟူသောစကားကို တစ်စုံတစ်ခုသော အရေးကိစ္စအတွက် သတ်မှတ်သီဆိုရသော ကဗျာဟု အနက်ကောက်ယူသည့်အပြင် 'စကား' ဟူသော အဓိပ္ပာယ်ဖြင့်လည်း ယူကြောင်းကို အထက်တွင်ဖော်ပြခဲ့ပါပြီ။ ထိုနည်းတူ 'အမှု' ဟူသောစကာလုံးကိုလည်း 'စကား' ဟူသော အနက်ဖြင့် သုံးနှုန်းသည်ကို တွေ့ရပါသည်။

ယနေ့ ရခိုင်ဒေသစကားတွင် စံကျမြန်မာစကားနည်းတူ 'အမှု' ဟူသော စကားကို အမှုကိစ္စ၊ ဆောင်ရွက်ချက်ဟူသော အနက်အဓိပ္ပာယ်ဖြင့် တွင်တွင်ကြီးသုံးနှုန်းကြပါသည်။ သို့သော် ရခိုင်သက်ကြီးဝါကြီးတစ်ဦးသည် သူ့အပါးတွင် သူနားမလည်သော ဘာသာစကား လူတစ်ချို့ ပြောဆိုနေသံကြားရလျှင် 'သူတို့အချင်းချင်း အမှုပွတ်နေကြသည်' ဟု သုံးနှုန်းပြောဆိုလေ့ ရှိပါသည်။ ထို့ကြောင့် 'အမှု' သည် ရခိုင်ဒေသအဖို့ အရေးကိစ္စသာ မဟုတ် ဘာသာစကားလည်း ဖြစ်သေးသည်ကို တွေ့ရပါသည်။

'အခြင်း' ကို 'စကား' ဟု အနက်ကောက်သုံးစွဲမှု ဆင့်ပွား၍ 'သူတစ်ပါး အကြောင်းကို ထိုသူ၏ မျက်ကွယ်တွင် ပြောသောစကား' ဟူသောအဓိပ္ပာယ်ဖြင့်လည်း ရခိုင်ဒေသစကား၌ သုံးနှုန်းထားပါသေးသည်။ စံကျစကားတွင် 'အတင်းပြောသည်' နှင့်ညီမျှသော ရခိုင်ဒေသစကား 'အခြင်းပြောသည်' ကို ပုံစံပြုနိုင်ပါသည်။ 'အမှု' ကိုကား ယင်းအဓိပ္ပာယ်မျိုးဖြင့် သုံးနှုန်းသည်ကို မကြားရဖူးပါချေ။

ရှုမဝ၊ ၁၉၇၇၊ ဒီဇင်ဘာ

# မဏိကုဏ္ဍလ လင်္ကာ

မဏိကုဏ္ဍလ ဝတ္ထုကြီးကို အနောက်ဖက်လွန် မင်းတရားကြီးလက်ထက်တွင် ထင်ရှားခဲ့သော ဝရာဘိသယ်နာထ ဆရာတော်ရေးသားစီရင်ခဲ့ကြောင်း မြန်မာစာပေသမိုင်းကို လေ့လာဖူးသူတိုင်း သိကြပေမည်။ ယင်းဝတ္ထုမှာ စကားပြေကျမ်း ဖြစ်၏။ သို့သော် ရခိုင်ဘက်တွင် ထင်ရှားခဲ့သော 'မဏိကုဏ္ဍလလင်္ကာ' နှင့် ယင်းလင်္ကာ၏ 'စာဆို' အကြောင်းကိုမူ သိရှိသူ နည်းပေလိမ့်မည်။

မဏိကုဏ္ဍလလင်္ကာသည် ရခိုင်ပြည်တွင် ဗြိတိသျှခေတ်မှစ၍ ထင်ရှားခဲ့သော လင်္ကာ ဖြစ်ပါသည်။ ရခိုင်ကျေးလက်တောရွာ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းနေ့များ၌ စာဖတ်ပြေပြစ်သူ တစ်ဦးက စာပေကျမ်းဂန်များကိုဖတ်ပြ၍ ကျန်ဥပုသ်သီလစောင့်ထိန်းရန် လာရောက်သူများက ဝိုင်းဝန်းနာယူသော အလေ့အထရှိပါသည်။ ယင်းသို့ဖတ်ကြရာတွင် ဒုတိယကမ္ဘာစစ်မဖြစ်မီ နှစ်အနည်းငယ်ခန့်အထိ မကြာခဏ ဖတ်ပြလေ့ရှိသော ကျမ်းတစ်ခုမှာ မဏိကုဏ္ဍလလင်္ကာဖြစ်ကြောင်းကို စာရေးသူငယ်စဉ်က မှတ် သားခဲ့ဖူးပါသည်။

လောလောဆယ်တွင် ယင်းမဏိကုဏ္ဍလ လင်္ကာသည် စာရေးသူ၏ လက်ဝယ်မရှိသဖြင့် အသေးစိတ်လေ့လာတင်ပြရန် မဖြစ်နိုင်သော်လည်း တစ်ရံရောအခါက လျှပ်တစ်ပြက်မျှ လေ့လာခွင့်ရစဉ် မှတ်သားရယူခဲ့ဖူးသော အချက်အနည်းငယ်ကိုမူ ဤတွင် တင်ပြလိုပါသည်။

စာရေးသူတွေ့ရှိဖူးသော မဏိကုဏ္ဍလ လင်္ကာမှာ 'ဗောဓိမြေတော' ချီ၍ ရှစ်ကြောင်းရေး (က) မှ (ည) အထိ ကိုးအင်္ဂါနှင့် ပေမူတစ်ချပ်ဖြစ်ပါသည်။ ကျမ်းပြီးသက္ကရာဇ်

မှာ ၁၂၁၈ ခုနှစ်ဖြစ်ကြောင်းကို ကျမ်းပြုဆရာက အောက်ပါအတိုင်း ဖော်ပြထားပါသည်။

'မှတ်သားလူသျှင်၊ မင်္ဂဖိုလ်ခင်တို့၊ ဤလင်္ကာဖြစ်၊
သက္ကရာဇ်ကား၊ သျှင်ချစ်မိန့်မှာ၊ သာသနာသည်၊
သုညာသုည၊ စတုရဒ္ဒိ၊ ရောက်ဟိကောဇာ၊ အဋ္ဌာဇေက၊
ဒွေးအစ်ကျနှင့်၊ မူလမှဆန်း၊ စာသင်ထွန်း၏'

မြန်မာသက္ကရာဇ် ၁၁၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့တွင် ချုပ်ဆိုသော ရန္တပိုစာချုပ်အရ ရခိုင်ပြည်သည် ဗြိတိသျှလက်အောက် ရောက်ခဲ့ပါသည်။ ထို့ကြောင့် မဏိကုဏ္ဍလလင်္ကာမှာ ဗြိတိသျှလက်အောက်ရောက်ပြီး ၃၁နှစ်မျှ ကြာပြီးသောအချိန်တွင် ရေးသားပြီးစီးခဲ့သည့်လင်္ကာ ဖြစ်ပါသည်။ ထိုအချိန်က ရခိုင်ရိုးမအရှေ့ဖက်၌ မင်းတုန်းမင်း ထီးနန်းစိုးစံလျက် ရှိ၏။ မန္တလေးမြို့ကိုကား မတည်ထောင်ရသေးပါ။

မဏိကုဏ္ဍလဆရာက ယင်းလင်္ကာကို ဖတ်ရှုနာယူလေ့လာမှတ်သားသူတို့သည်

၁။ မှတ်သားစရာ ထုံးနည်းပုံစံ ဗဟုသုတရခြင်း။
၂။ ပရိသတ်အလယ်၌ လူအများက မေတ္တာထား၍ ချီးမွမ်းမြှောက်စားခံရကာ မျက်နှာပွင့်လန်းခြင်း။
၃။ အစိုးရမင်းတို့ထံတွင် ရာထူးဂုဏ်သိန်မြင့်သောနေရာကို ရရှိနိုင်ရန် အခွင့်အလမ်းရှိခြင်း။
၄။ ယခုမျက်မှောက်ဘဝတွင် ကောင်းကျိုးချမ်းသာ ရနိုင်ရုံမက နောင်တမလွန်တွင်လည်း နိဗ္ဗာန်ချမ်းသာကို ရနိုင်မည် အမှန်ဖြစ်ခြင်းစသော ကောင်းကျိုးကျေးဇူးများနှင့် ပြည့်စုံနိုင်ကြောင်းကို

'လေ့ကျက်ရင်းဖျား၊ သတိထား၍၊ မှတ်သားစိုက်စိုက်၊
နှလုံးပိုက်က၊ စိတ်ကြိုက်အာရုံ၊ ထုံးနည်းပုံလိမ့်၊
စေ့စုံကြည့်ရှု၊ သဘောစုလိမ့်၊ ဗဟုသုတ၊ နည်းပုံရလိမ့်၊
ရင်းကဖျားလျှောက်၊ တတ်မြှောက်သူလျှင်၊ လူပွဲဝင်လည်း၊
မြင်သူမေတ္တာ၊ မျက်နှာပွင့်လန်း၊ များချီးမွမ်းလိမ့်၊ ကြီးပမ်းသင်အံ၊
လေ့လာပွန်သော်၊ မင်းထံရခွင့်၊ နေရာမြင့်လိမ့်၊ ကိုယ်ကျင့်ဖြစ်အောင်၊
ဤစာစောင်ကို၊ ဝမ်းလျှောင်စေ့စု၊ ရွတ်ဖတ်ပြုမူ၊ ယခုမျက်မှောက်၊

ကောင်းကျိုးရောက်လိမ့်၊ လွှဲဖောက်ခန္ဓာ၊ ဖြစ်လေရာလည်း၊
ချမ်းသာလုံးချမ်၊ လွန်ပြည့်စုံလျက်၊ ရွှေဘုံနိဗ္ဗာန်၊ ရလိမ့်မှန်သည်၊
နှစ်တန်ကောင်းကျိုး ရလိမ့်တည်း'။ ဟူ၍ ဖော်ပြခဲ့ပါသည်။

ယခုတင်ပြနေသော မဏိကုဏ္ဍလ လင်္ကာကြီးမှာ ဝရာဘိသယ်နာထ ဆရာတော်၏ မဏိကုဏ္ဍလ ဝတ္ထုကြီးကဲ့သို့ပင် အင်္ဂလိမာလထေရ်ဝတ္ထုနှင့် ယင်း၏ အတိတ်ဝတ္ထုဖြစ်သော သုတသောမဇာတ်ကို အရင်းတည်၍ ရေးသားသော လင်္ကာ ဖြစ်ပါသည်။ သို့သော် လင်္ကာ၏ စာဟန်မှာ ရခိုင်ဒေသသုံး ဝေါဟာရအသုံးအနှုန်းများ၊ ရခိုင်ဒေသသုံးစကားလေသံများကို အချို့အချို့နေရာများတွင် ထည့်သွင်းသုံးနှုန်းထားသည်ကို တွေ့ရပါသည်။ ကာရန်ဝါကျအနေအထားကို လေ့လာမိသမျှ အချပ်တင်ပြရလျှင် ကာရန်ပြေခြင်း၊ ဝါကျချော၍ ရှည်လျားရှုပ်ထွေးမှုမရှိခြင်းတို့ကို တွေ့ရပါသည်။ အထက်တွင် ဖော်ပြခဲ့သော ကောက်နုတ်ချက်ကို ပုံစံအဖြစ် လေ့လာကြည့်ပါက ယင်းအချက်ကို တစေ့တစောင်း တွေ့နိုင်ပါသည်။

လင်္ကာဆရာသည် မလိုအပ်သောနေရာ၌ စကားကိုရှည်လျားစွာ ဇာခဲ့မနေဘဲ ဒိုးဒိုးဒေါက်ဒေါက် တိုတိုတုတ်တုတ်ပင် ဖော်ပြသွားပါသည်။ လင်္ကာအဖွဲ့ခံအကြောင်းအရာသည် ဝတ္ထုဇာတ်လမ်းများဖြစ်၍ ပါဝင်သော ဝတ္ထုဇာတ်လမ်းများ ဆက်စပ်ပေါ်လွင်အောင် စီကုံးရန် အရေးကြီးပါသည်။ ထိုကြောင့် လင်္ကာဆရာသည် အာလုပ်စကားကဲ့သို့ အရေးမကြီးသော အဖွဲ့များကို တိုတိုရှုန်း၍ ဖွဲ့သွားသည်ကို လင်္ကာတစ်ခုလုံးတွင် တွေ့ရှိရပါသည်။

အာလုပ်စကားပုံစံအချို့ကို ပြပါမည်။
အိပ်ခွင့်မရ ဘယ်ကြောင်းစဟု၊ မင်းကမေးလျှင်၊ ရွှေနန်းရှင်။
ကျွန်သားဆိုးလူ၊ ခိုးသူဆက်ဆက်၊ ဖြစ်မည်တွက်ကို၊
ဖျောက်ဖျက်မည်ကြောင်း၊ လျှောက်တင်သျှောင်းမူ၊ သူကောင်းကဝိ အိုပဏ္ဍိ။

အထက်ပါတို့သည် အင်္ဂလိမာလဖြစ်လာမည့် ဟိသက၏ဖခင်နှင့် ဘုရင်တို့ ပြောဆိုကြသောစကားများ၌ပါဝင်သည့် အာလုပ်စကားများ ဖြစ်ပါသည်။
ပုဂ္ဂိုလ်မြောက်ထွန်း၊ ရှင်ရဟန်း။
မှားသောစည်းစိမ်၊ လောကီအိမ်၌၊ မငြိမ်လူလုပ်၊
ပရသျှုပ်ကို၊ ခွာဆုတ်ဖျက်ဖြို၊ ငါ့ထံခိုသည်၊
ပုဂ္ဂိုလ်မြောက်ပေ၊ ဘိက္ခုဝေတို့။

အထက်ပါတို့တွင် ပထမအာလုပ်စကားသည် မြတ်စွာဘုရားအား အင်္ဂုလိမာလက ခေါ်လိုက်သောစကားဖြစ်ပြီး ဒုတိယမှာ မြတ်စွာဘုရားက ရဟန်းတို့အား ခေါ်တော်မူသော အာလုပ်စကား ဖြစ်ပါသည်။

ယင်းသို့လျှင် လင်္ကာဆရာသည် ဇာတ်လမ်းနှင့် သင့်ရာတွင်သင့်သလောက် အတိုင်းအဆမျှဖြင့် အာလုပ်စကားများကို တိုတိုကျဉ်းကျဉ်းသာ စီကုံးသွားသည်ကို တွေ့ရပါသည်။

မဏိကုဏ္ဍလလင်္ကာဆရာသည် ရခိုင်ဒေသသုံး စကားလုံးများ လေသံများကို သုံးနှုန်းရေးသားထားခြင်း၊ အထက်တွင်ဖော်ပြခဲ့သော ပုံစံများကဲ့သို့ လင်္ကာတစ်လျှောက်လုံးတွင် ဇာတ်လမ်းများကို အမိကထားကာ စကားကို လိုသလောက်သာ ချွေတာသုံးစွဲ၍ ကာရန်ညီလျက် ဝါကျချောမောရှင်းလင်းအောင် ရေးသားခြင်းတို့ကြောင့် ရခိုင်ဒေသစကားသံဖြင့် ဖတ်ရှုနာယူကြည့်သောအခါ လင်္ကာပါဇာတ်လမ်းများသည် မြူးကြွပေါ်လွင်လာသည်ကို တွေ့ရပါသည်။

လင်္ကာဆရာသည် ဇာတ်လမ်းများကိုသာ မြူးကြွပေါ်လွင်လာအောင် စီကုံးသည် မဟုတ်သေး။ ဇာတ်လမ်းပါဇာတ်ဆောင်တို့၏ သရုပ်ကိုလည်း သင့်ရာသင့်ရာ၌ စာဖတ်သူတို့၏ စိတ်မျက်စိတွင် ပေါ်လွင်လှုပ်ရှားလာအောင် ဖွဲ့ဆိုထားသည်ကို တွေ့ရပါသေးသည်။

သာဓကအချို့ ဆောင်ပါမည်။

ပြည်ဖျက် သူခိုးကြီးဖြစ်နေသော အင်္ဂုလိမာလ၏ မိခင်သည် တောတွင်း၌ 'တောမှာပတ်ရစ်၊ ကြာကြာဟစ်လျက်' ဖြစ်နေရသည်ကို လည်းကောင်း၊ ခိုးသူကြီး အင်္ဂုလိမာလသည် 'သုံးယူဇနာ၊ ခရီးကွာကို၊ ထပ်ခါတည်းလွှား၊ ရိသျှားမထင်၊ မပန်းပင်ဘဲ' တောသို့ဝင်လာသော သူတို့ကို လိုက်လံဖမ်းဆီးသည်ကို လည်းကောင်း စကားလုံးအနည်းငယ်မျှဖြင့် သရုပ်ဖော်ထားရုံမျှမက မြတ်စွာဘုရားရှေ့တော်သို့ ရောက်နေသော ပြည့်ရှင်မင်းသည် ခိုးသူကြီး အင်္ဂုလိမာလအမည်ကို ကြားလိုက်ရသောအခါ

'မထိုင် မငြိမ်၊ ခလိမ် ခစောင်း၊ ဦးခေါင်း မတည့်၊
လှည့်ကြည့်ခုခု၊ ထလုထချင်၊ ကြမ်းတွင် လက်ချ၊
ခကြွခကြွား၊ ပြေးသွားမဝံ့၊ တလွန့်လွန့်လျှင်၊
ကြောက်ရွံ့ဗျာဝင်'

ဖြစ်နေသည်ဟု သရုပ်ကို ထင်မြင်ယောင်လာအောင် ဖွဲ့နွဲ့ထားပါသည်။

အတိတ်ဝတ္ထုဖြစ်သော သုတသောမဇာတ်တွင်လည်း ဘုရင့်အမိန့်ဖြင့် လူသားရှာရသော စားတော်ချက်ရသက၏ ပုံပန်းကို

'ညနေရောက်၊ ရသကလည်း၊ လုလ္လပြုမြဲ၊ သတိစွဲ၍၊ မြိုင်ထဲလူ့အိပ်၊
ဗိုလ်ခြေတိတ်သော်၊ မှောင်ရိပ်တလှည့်၊ ဘယ်ညာကြည့်လျက်'
ဟူ၍လည်းကောင်း။

'ညညဥ့်ခါချိန်၊ တစ်အိမ်ခြားပြောင်း၊ တစ်လမ်းကြောင်းသို့၊
သာချောင်း သာချောင်း၊ မှောင်အောင်းကာပုန်း၊ ခကုန်း ခကုန်း၊
နှလုံးပြုလျှင်၊ တစ်ယောက်မြင်က၊ အလျဥ်ရလို၊ ကြွက်ကိုမိန်ညောင်း၊
ကြောင်ကောင်းသုတ်သုတ်၊ လိုက်၍ခုတ်သို့၊ တစ်ဖြုတ်တည်းသတ်၊
ပိုင်းဖြတ်လှီးခွဲ၊ ခြင်းထဲမှာဖြည့်'

စသည်ဖြင့်လည်းကောင်း၊ လူခြေတိတ်ချိန်တွင် မှောင်ရိပ်ခိုကာ ဘယ်ကြည့် ညာကြည့် ကုပ်ချောင်းကုပ်ချောင်းနှင့် ခြင်းတောင်းတစ်လုံးဆွဲလျက် တွေ့ရသူ လူကိုသတ်၍ အသားကို လှီးဖြတ်ယူနေပုံ လှုပ်ရှားပေါ်လွင်လာအောင် ဖွဲ့ခဲ့ပါသည်။

အင်္ဂုလိမာလ ဝတ္ထုသည် လည်းကောင်း၊ သုတသောမ ဇာတ်သည်လည်းကောင်း ထိတ်လန့်တကြား ပြေးလွှားရခြင်း၊ ကြွက်ကိုကြောင်ခုတ်သကဲ့သို့ ပုန်းအောင်းရာမှ တစ်ရှိန်ထိုးထွက်၍ လိုက်လံဖမ်းဆီးခြင်းစသော လှုပ်ရှားမှုအတိဖြင့် ပြည့်သောဝတ္ထုဇာတ်လမ်းများ ဖြစ်ကြပါသည်။ ယင်းဝတ္ထုဇာတ်လမ်းတို့ကို မဏိကုဏ္ဍလ လင်္ကာဆရာသည် ကွင်းခနဲ ကွက်ခနဲ မြင်ယောင်နိုင်အောင် ကြိယာဝိသေသနစကားလုံးများ၊ အပြောင်းအလဲ မြန်သောဝါကျအနေအထားများဖြင့် သူ၏လင်္ကာကို ဖွဲ့စည်းထားပုံမှာ အကြောင်းအရာနှင့်စာဟန် ညီလှသည်ဟု ဆိုနိုင်ပါသည်။

ယင်းမဏိကုဏ္ဍလ လင်္ကာစာဆိုမှာ ဝါးကျောင်းဆရာဟု လည်းကောင်း၊ ဝါးကျောင်း လူထွက်ကြီးဟု လည်းကောင်း၊ ဗြိတိသျှခေတ်ဦးက ရခိုင်ပြည်တွင် ထင်ရှားခဲ့သော စာဆို ဖြစ်ပါသည်။ ယင်းစာဆိုကြီး၏ မိဘမည်ရည်နှင့် ငယ်မည် မသိရပါ။ ရမ္မာဝတီ ရမ်းပြည့်ငယ်ကျွန်းရှိ ရန်ဖြေငယ်ရွာတွင် ဖွားရာဇာတိရှိသည်ဟု သူ့လင်္ကာ၏ နိဂုံးအရ သိရပါသည်။ အရွယ်ရောက်သောအခါ 'ရခိုင်ညွှန့်ဖူး၊ မြို့မြောက်ဦး၌၊ ဆန်းထူးမောက်ဖြိုး၊ ရွှေပုတ်ထိုးဟု၊ တန်ခိုးထင်ရှား၊ ဘုရားပါးဝယ်၊ ရေခြားပတ်ဝိုက်၊ မခါမီးတိုက်တွင်' ပညာသင်ယူသည်ဟု သိရပါသည်။ စာသင်နေစဥ် မြို့ဝန်ဖြစ်ဟန်ရှိသော မင်းကြီးကျော်စွာက ရဟန်းဒကာခံလျက် ပဥ္စင်းပြုပေးကြောင်း၊ ရဟန်းဘွဲ့မှာ ဦးကေတုဖြစ်ကြောင်းတို့ကိုလည်း သူ့စာနိဂုံးတွင် ဖော်ပြထားပါသည်။

ဆရာတော်ကြီး ဦးကေတုသည် နောင်သောအခါ မိမိချက်ကြွေရမ်းပြည့်ကျွန်းသို့ ပြန်ကြွလာပြီး နောက်ဆုံး မြောက်ဘက်သူကြီး ဦးစံရောင်တည်ဆောက်လှူဒါန်းသော ဝါးကျောင်းတွင် သီတင်းသုံးစဉ် ဇိနဝံသပျို့လင်္ကာကို ရေးသားစီရင်ကြောင်း၊ ထိုနောက် လှူထွက်၍ အိမ်ထောင်ပြုပြီးမှ ဘုရားဒကာ ဦးပု၏ တောင်းပန်ချက်ကြောင့် ဤမဏိကုဏ္ဍလ လင်္ကာကို ရေးသားကြောင်းတို့ကိုလည်း ယင်းလင်္ကာ၏နိဂုံးတွင် ဖော်ပြထားပါသည်။

ယင်းမဏိကုဏ္ဍလ လင်္ကာပေမူတွင် တွေ့ရသော စာလုံးပေါင်းသတ်ပုံထူးခြားချက် အချို့ကို နောက်ဆုံးတင်ပြလိုပါသည်။ အဦးဆုံး ပေမူ၏ (ကီ) ချပ် ဝမ်းဘက်တွင် ‘ကြွေးကြော်လျှောက်တင်’ ဟူ၍ ယခုခေတ် ရရစ်ရေး (ကြွေး) ကို အပင့်ဖြင့် ရေးထားသည်ကို တွေ့ရပါသည်။ ‘ကျွေးကြော်’ မှ ‘ကြွေး’ ကို အပင့်ရေးခြင်းသည် ရခိုင်ဒေသသုံး စကားသံနှင့်လည်းကောင်း၊ ယုဒသန်အဘိဓာန်၊ ဝဏ္ဏဗောဓန သတ်အင်းတို့နှင့် လည်းကောင်း ကိုက်ညီပါသည်။

လှူသျှင်၊ သျှင်ချစ်စသော စကားတို့တွင် ‘(သ)ယပင့်’ ဖြင့် သျှင်ထားခြင်းမှာ များစွာ ထူးခြားသည်ဟု မဆိုနိုင်သော်လည်း ယခုခေတ်တွင် ‘ရှ၊ ယှ၊ လှ’ တို့ဖြင့် စာလုံးပေါင်းပြီး သဒ္ဒဗေဒသင်္ကေတအရ အသံထွက်ရမည့် တခြားစာလုံးများစွာတို့ကိုလည်း ‘(သ)ယပင့်’ ဖြင့် ရေးထုံးပြုထားသည်ကို တွေ့ရခြင်းမှာ တမူထူးခြားသည်ဟု ဆိုရပါမည်။ ပုံစံအချို့ပြရမည်ဆိုလျှင် ‘ရိသျှား၊ သျှမ်းပါး၊ သျှိဝှက်၊ သျှောင်လွှဲ၊ တသျှောက်၊ နှောင့်နှောင့်၊ သျှက်သျှက်၊ လျှောက်တင်သျှောင်း’ မှ စသည်တို့ ဖြစ်ပါသည်။

ထို့ပြင် ကွဲပြိုင် (ပြို)၊ မြိုင့် (မြို့)၊ သိုဝ့် (သို့)၊ ထိုင်း (ထိုး) စသည်ဖြင့် ဝ်-သုံးခြင်း သေးသေးတင် နိဂ္ဂဟိတ် သုံးရမည့်နေရာတွင် ‘လုံးချမ်၊ ပြည့်စုမ်၊ ကြောက်ရွံမ့်စသည် ဖြင့် ‘မ’ သတ်သုံးခြင်းတို့ကိုလည်း အများအပြားပင် တွေ့ရပါသည်။ ဤကဲ့သို့ ရေးထုံး သတ်ပုံ ဆန်းပြားမှုကလေးများမှာ စာဆို၏နဂိုလက်ရာလော၊ သို့မဟုတ် တဆင့် ရေးကူးလာသူတို့၏ ခေတ်အလိုက်၊ ပုဂ္ဂိုလ်အလိုက် စရိုက်ပေလောဟု ခွဲခြား၍ကား အတတ်မပြောနိုင်ပါ။ စာရေးသူ ဖတ်ရှုရသောပေမူမှာ ၁၂၈၄ခုနှစ်က ရေးကူးသော ပေမူ ဖြစ်ပါသည်။

ရခိုင်တန်ဆောင်မဂ္ဂဇင်း

# ပန်းနီလာ

တိမ်မြူကင်းသော လမင်းသည် ကုလားတန်မြစ်ကို ငွေသင်ဖြူးခင်းပေးထားသည်။ ကုလားတန်၏ လှိုင်းဂယက်တို့ကမူ ငွေသင်ဖြူးအား လူးလွန့်လူးလှုပ်ရှားစေလျက် ကမ်းပါးကို တဝေါဝေါရိုက်ခတ်စေ၏။ တိတ်ဆိတ်သောညနှင့် ကုလားတန်၏ စည်းဝါးသံ။

စာပေးစာယူ အနီးကပ်သင်တန်းပို့ချရန် စစ်တွေမြို့သို့ရောက်နေသော ကျွန်တော်တို့ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဆရာတစ်စုသည် ကုလားတန်၏အလှနှင့် ကုလားတန်၏ စည်းဝါးသံအာရုံခံနေကြပါသည်။ ကျွန်တော်တို့နှင့်အတူ စာပေးစာယူ သင်တန်းသားအချို့လည်း ရှိနေကြပါသည်။ ရုတ်ခြည်းပင် ကုလားတန်၏စည်းဝါးသံနှင့် ညီညွတ်စွာ ရခိုင်တေးတစ်စသည် စာပေးစာယူသင်တန်းသားများထံမှ မှုန်ပျပျမြစ်ယံသို့ ခုန်ထွက်လွင့်ပျံ့သွားပါသည်။

တစ်ဖက်ငါးဆယ်၊ မြီးများသွယ်သို့၊ တရာပင်းတွန်း၊
ဗိုလ်တစ်သောင်းရဲ့၊ ပါကံမြစ်ကို၊ ခတ်လို့ဆန်ရေ။ ။
ပြောင်းကြီးဇဝါ၊ မည်ကြက်တစ်၊ မြစ်ပင်လယ်မှာ၊ သံဆင့်ပစ်တေ။ ။
အမြောက်ပစ်ဟန်၊ ပါကံမြစ်မှာ၊ မိုးကြိုးသံ။ ။ အမောက်ဖြူဖြူ
ပါကံမြစ်မှာ ယက်လုံးဆူရေ။ ။ ပဒေါ ပဒေါ၊ ဩောပဒေါ၊ ပဒေါကြော်သံ၊
တည်ညံလေ။ ။

တေးသံရှင်မှာ မောင်တောမြို့က ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ တေးသွားမှာ ငြိမ့်ငြိမ့်အိအိရှိလှသဖြင့် ကျွန်တော်တို့လည်း တေး၏ဇစ်မြစ်နှင့် တေး၏သဘောကို

စူးစမ်းကြပါသည်။

တေးမှာ မြို့မင်းသမီး 'ပန်းနီလာ' ကြင်ယာရှာထွက်သော အကြောင်းကို ဖွဲ့သီထားသော တေး ဖြစ်ပါသည်။ ပန်းနီလာသည် 'ပန်းတံမောင်နှင့် သံတွဲသူဘွဲ့ အဲး' ခေါ် ရခိုင်ရှေးဟောင်းကဗျာကြီးမှ ဇာတ်ဆောင်တစ်ဦး ဖြစ်၏။ 'ပန်းတံမောင်နှင့် သံတွဲသူဘွဲ့ အဲး' မှ သိရသော ပန်းတံမောင်နှင့် ပန်းနီလာတို့၏ ဇာတ်လမ်းမှာ ဤသို့ပါတည်း။

ပန်းတံမောင်သည် ဓညဝတီ ရခိုင်ပြည်ဘုရင်၏ သားတော်တစ်ပါး ဖြစ်၏။ မင်းသား ပန်းတံမောင်သည် ငယ်နုစဉ်ကပင် ဦးရီးတော် သံတွဲမြို့စား၏သမီးတော် လှဦးရုံနှင့် လူငယ်တို့ဘာဝ မေတ္တာမျှဖူးကြသည်။ သို့သော် မိဘများက ရက်မသင့်၍ ထိမ်းမြားမပေးနိုင်ဆိုကာ ခွဲထားခဲ့ကြသည်။

နုနုငယ်ငယ်ကပင် အဆွေးကို ရင်ဝယ်ပိုက်ခဲ့ရသော ပန်းတံမင်းသားသည် မိမိ၏ ငယ်ဆရာ ရွှေကျောင်းရှင်ဆရာတော်ဘုရားသာသနာပြုရန် ရည်းမြို့ပြည်သို့ အကြွတွင် စိတ်ပြေလက်ပျောက် ဆရာတော်ဘုရားနောက်တော်က ပါခဲ့လေသည်။ မြို့ပြည်တွင် ပန်းတံမောင် မြင်ရသမျှမှာ ထူးထူးဆန်းဆန်းချည်း ဖြစ်နေပေသည်။

ဗဒရီခေါက်တင်၊ ခါးတွင်ရစ်ပတ်၊ ရည်းသူသားမှာ၊
ဆောက်လုံဝတ်လို့။ ။ ရည်းသူမကို၊ ကြည့်စီငြားလည်း၊
ထဘီပေါင်လတ်၊ ရည်းသူရို့မှာ၊ ရင်မကန့်လေ။ ။
ရင်ပတ်ဟင်းလင်း၊ ရည်းသူရို့မှာ၊ နို့တင်းလင်းနှင့်။ ။

ပန်းတံမောင်အဖို့ မြို့ပြည်သူ မြို့ပြည်သားတို့ ဝတ်ပုံစားပုံမှာ မျက်စိရှက်စရာပင်။ ယောကျ်ားများက ဗဒရီခေါ် နံငယ်ပုဆိုးရှည်လျားလျားကို ခါးတွင် လုံရုံမျှသာ ဝတ်ကြ၏။ မိန်းမများမှာမူ ပေါင်လယ်ခန့်ရောက်သော ထဘီတိုမှတစ်ပါး ဘာမျှ မဝတ်ကြ။ ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာ၏ သဘာဝအလှကို ထုတ်ဖော်ဝင့်ကြွားနေကြသည့်နှယ်တည်း။ သို့သော် အထူးအဆန်းတို့သည် ခဏပန်းမျှသာ ပန်းတံမောင်အား စိတ်ဝင်စားစေခဲ့၏။ အသည်းနှလုံးတွင် တင်းငွေ့ကျွမ်းနေသော အလွမ်းမီးက တဒင်္ဂစိတ်ဝင်စားမှုကို ဝါးမျိုဖျက်ဆီးလိုက်လေသည်။

နှလုံးသားအလွမ်းမီးမှ အခိုးအငွေ့တို့သည် ပန်းတံမောင်၏ မျက်နှာအား ထာဝရ ရစ်သိုင်းလွှမ်းခြုံထား၏။ ညှိုးညှိုးလျလျနှင့်ပင် ပန်းတံမောင်မှာ မြို့ဘုရင်နန်းတော်သို့ ဆရာသခင်ဆွမ်းခံကြွတိုင်း သပိတ်ပိုက်၍ လိုက်ရှာ၏။ မြို့မင်းနန်းသို့ ရောက်ပြန်တော့လည်း မင်းသားပန်းတံမှာ အံ့ဩရရှာပြန်သည်။

တောင်တမျှကြီးမားသော မြို့ဘုရင်နန်းတော်ကား အံ့ဖွယ်ရှိပေစွ။ မြတံခါးရွက် အသွယ်သွယ်တပ်အပ်သော လေသွန်ပြတင်းများဖြင့် မြို့မင်းသခင်၏နန်းဆောင်များသည် တင့်တယ်ခန့်ညားလေစွ။ အဝတ်အထည်၊ အစားအစာကို ချိုင့်ခြိုးခြံစွာဝတ်ဆင်စားသောက်လေ့ရှိကြသော မြို့ပြည်သူတို့နှင့် မြို့ဘုရင်နန်းတော်မှာ မြေနှင့်မိုးပါတကား။ မြေဆီဘဏ္ဍာတော်၊ ရေဆီ ဘဏ္ဍာတော်တို့ကို အဆက်အသဝင်လာသော ခြုံသံတချွင်ချွင်နှင့် လှည်းတန်းရှည်ကြီးများကိုကြည့်ကာ ပန်းတံမောင်မှာ အံ့သြမိရှာသည်။

မြို့မင်းကေသခင်၊ အသျှင်တန်ခိုး၊ မြို့ပြည်ရပ်မှာ၊ မိုးနှယ်ကြိုးရေ။
ရေဆီဘဏ္ဍာ၊ တစ်နှစ်စီမှာ၊ လှည်းငါးရာ၊ မြေဆီဘဏ္ဍာ၊ တစ်နှစ်စီမှာ၊
လှည်းငါးရာ။ ။ နဂါးထိုင်ရာ ငွေကျောက်ဖျာ။ နဂါးထိုင်ရာ
ရွှေကျောက်ဖျာ။ ။ ဥဒရာဇ် ကေစံပယ်၊ မြို့ပြည်ရပ်မှာ၊ ငွေပေါ်ရေ။
ဥဒရာဇ်ကေစံပယ်၊ မြို့ပြည်ရပ်မှာ၊ ရွှေပေါ်ရေ။

မြို့မင်းသခင် စိုးစံတော်မူရာ ဥဒရာဇ်တိုင်းကား ချမ်းသာကြွယ်ဝပေစွ။ မြို့ဘုရင် ကိုးကွယ်သော နတ်နဂါးရုပ်တုကြီးများစံရာ ကျောက်ဖျာကြီးများသည်ပင် ငွေသားအတိ၊ ရွှေသားအတိ။ တစ်ဆင့်ပြီးတစ်ဆင့် မြင့်၍မြင့်၍ တက်ခဲ့သော ပန်းတံမင်းသား၏ အံ့သြခြင်းကို သရဖူဆောင်းပေးလိုက်သူမှာကား မြို့ဘုရင်၏တစ်ဦးတည်းသောသမီးတော် 'ပန်းနီလာ' ပင်တည်း။

ဂေါစရွှတ်ရွှေဝါ၊ ပန်းနီလာ၊ မေပင်ဆောင်းကော၊ မိုးကြိုးဝါနှင့်။ ။
နားမှာကြည့်လည်း၊ စိန်ရှင်တစ်ဖက်၊ မြတစ်ဖက်နှင့်။ ။
လည်မှာကြည့်လည်း၊ ပတ္တမြားသီး၊ စိန်သီးတူကွ၊ ပန်းနီလာမှာ၊
ဂေါ်ဘယနှင့်။ ။ ခါးမှာကြည့်လည်း၊ မောဏ္ဍာချည်ကော၊
ပိုးချည်ရောယှက်၊ ပန်းနီလာ၊ နှမေဝတ်ကော၊ ပိုးနှင်းဆီလေ။ ။
ပြည်တန်နဝရတ်၊ လက်သူကြွယ်မှာ၊ ဆစ်ပြည့်ဝတ်လို့။ ။
အင်္ကျီဗာဇူ၊ ရုပ်မျိုးစုံရေ၊ ဥဒေါင်းကြိုးကြာ၊ ကျိုးတစ်ရာလေ၊
ဟင်္သာဖိုမ၊ မေ့ဗာဇူမှာ၊ ရုပ်ပုံချလို့။

ရွှေချည်တစ်ဘက်ကို ခေါင်းဝယ်ပေါင်း၍၊ စိန်ခြယ်မြနားတောင်းကို နားဝယ်ပန်၍၊ စိန်ဂေါ်မုတ် ပတ္တမြားများ စီခြယ်သော ဘယက်လည်ရွဲကို လည်ဝယ်ဆွဲ၍၊ နှင်းဆီရောင်ပိုးချည်ဖြင့် ရက်သော ပိုးထဘီ၊ ဥဒေါင်းကြိုးကြာ ကျေးတစ်ရာရုပ်တို့ဖြင့် တင့်

တယ်လှသော အင်္ကျီတို့ကို ဝတ်ဆင်၍ ဆွမ်းလောင်းထွက်ခဲ့သော မြို့မင်းသမီးပန်းနီလာ၏ ချောမွေ့သော ရုပ်ဆင်းသဏ္ဌာန်သည် ပန်းတံမောင်၏နှလုံးသားမှ အလွမ်းမီးခဲကို ထူထဲသောပြာဖြင့် ဖုံးပေးလိုက်သည်သို့။ ပန်းတံမောင်သည် ခဏတာမျှ ငေးမောစူးစိုက်မိသည်။

ပန်းနီလာမှာလည်း လူသားမက နတ်တမျှဟု သူ့စိတ်ဝယ်ထင်မိသော ပန်းတံမောင်၏ ရူပါရုံတွင် နစ်မွန်းနေမိရှာသည်။ ပန်းတံမောင်ခေါ် ဤလုလင်သည် ချောပေစွ၊ ခန့်ပေစွ။ သို့ပါသော်ငြား သူ့မျက်နှာကလေးကားညှိုးပါးနွမ်းလျှလှချေသည်တကား။ ဩော် သနားဖွယ်။

မြို့ဘုရင်၏ တစ်ဦးတည်းသော သမီးတော်ပီပီ ပန်းနီလာသည် စိတ်မာန်ထက်သူကလေး ဖြစ်၏။ ထက်မြသောစိတ်ထားကို မြို့လူမျိုးတို့၏ သဘာဝက နှိုးဆွလိုက်ရကား ပန်းနီလာသည် ပန်းတံလုလင်အား စတင်၍ စကားဆိုတော့သည်။

ပန်းတံမောင်လေ---လုလင်နွဲ့နှောင်း၊ စိတ်ညှိုးညှိုးနှင့်၊ မနေကောင်း။
မောင်ပင်နွဲ့နွဲ့၊ ကိုယ့်ပြည်ရွာကို၊ စိတ်မှာလွမ်းဗျာ၊ မညှိုးကေ့။ ။
မေရို့နေမှတ်၊ ဗွေပြာသာဒ်မှာ၊ လည်လတ်ပါလေ။

ပန်းနီလာ၏ဖိတ်ခေါ်ချက်အရ ပန်းတံမောင်သည် မင်းသမီးစံနန်းသို့ ဝင်ထွက်လည်ပတ်ခွင့်ရခဲ့၏။ ပန်းနီလာစံရာ နန်းသည်လည်း အံ့ဩစရာပင်။ ဖွေးလွသော ကော်ဇောများ၊ ဖိတ်လက်သော နှီးကြောဖျာများကို သူ့နေရာနှင့်သူ ခင်းထား၏။ မိုး၊ ဆောင်း၊ နွေခါ ရာသီအလိုက် စံမြန်းမည့် တိုက်ခန်းဆောင်များကလည်း မွေ့လျော်စရာ။ ပန်းနီလာသည် ဧည့်သည်လုလင်အား စောင်းတီးလျက်၊ တေးဆိုလျက် ဧည့်ခံ၏။

ပန်းနီလာသည် ဆည်းလည်းသံ ညှင်းသံထွက်အောင် အသံငယ်ဖြင့် လည်းကောင်း၊ နဂိုစောင်းသံ စည်သံထွက်အောင် အသံလတ်ဖြင့်လည်းကောင်း၊ မိုးကြိုးသံ ရေလှိုင်းသံထွက်အောင် အသံကြီးဖြင့်လည်းကောင်း စောင်းကို ကျင်လည်စွာ တီးခတ်၏။

စောင်းအသံကေ၊ စည်သံရောငင်၊ မြို့မရို့မှာ၊ သံလတ်တင်ရေ။ ။
ဆည်းလည်းသံ၊ ညင်းသံရောရှ၊ သံငယ်ကိုပင်၊ ခြင်းမျိုးပြုလို့။ ။
မိုးကြိုးသံကေ၊ လှိုင်းသံရောယှက်၊ မြို့မင်းစောင်းမှာ၊ သံကြီးထွက်တေ။
မိုးအသံကေ၊ လေသံရောဝင်၊ သံကောင်းငင်လို့၊ မြို့မသံချို။
မောင်တည့်ရာသူကို၊ စောင်းခြင်းငင်ဖျာ၊ ချစ်ကြောင်းဆိုရေ။

မြုမင်းသမီး၏ စောင်းသံနှင့်မေတ္တာဘွဲ့တို့သည် ပန်းတံလုလင်၏ အသိစိတ်အတွင်းမှ လှဦးရုံကို လုံးဝမောင်းနှင် ထုတ်လိုက်ရုံမက လုလင်၏မသိစိတ်လိုဏ်ဂူအတွင်းသို့ပင် ချဉ်းနင်းဝင်ရောက်ကာ လုလင်၏နှလုံးသား နန်းပလ္လင်ပေါ်မှ လှဧကရီလှဦးရုံကို ဆွဲငင်ချတော့မည့် တကဲကဲ ဖြစ်နေချေပြီ။ ပန်းနီလာ၏ အစွမ်းကား ထက်မြက်ပါဘိတောင်း။

ပန်းတံမောင်သည် ပန်းနီလာ၏နန်းပြာသာဒ်သို့ တစ်ခေါက်နှစ်ခေါက် အလည်အပတ် ရောက်ခဲ့၏။ ရောက်တိုင်းရောက်တိုင်းလည်း ပန်းနီလာ၏ သန်မာသောညို့မာတ်ပင့်ကူနွယ်တွင် ရုန်းမလွတ်သော ပိုးကောင်ငယ် ဖြစ်ရ၏။ သို့သော် ပန်းနီလာ၏ နန်းပြာသဒ်သို့ မရောက်သော အချိန်များတွင်ကား လှဦးရုံသည်သာ ပန်းတံမင်းသား၏ နှလုံးသားဧကရီ ဖြစ်ပါ၏။ ထိုကြောင့်လည်း ရည်းမြုပြည်တွင် သုံးနှစ်တာမျှကြာသော အချိန်တွင် ဆရာသခင် ရွှေကျောင်းရှင်အား ဓညဝတီသို့ ပြန်ရန် လျှောက်ထားလေတော့သည်။

လားကြမေဖျာ၊ မြတ်ဆရာလေ။ ။ မျက်ခမ်းစပ်မှာ၊ မျက်ရေပြစ်ပြစ်။
ပန်းတံမောင်မှာ၊ ရင်လုံးနစ်တော။ ဖျားလို့ကြုံကေ၊ ညှိုးသူ ကိုယ်လက်၊
ပန်းတံမောင်မှာ၊ ကိုယ်မပျက်။ ။ နာလို့ ကြုံလည်း၊ ညှိုးသူကိုယ်လက်၊
ပန်းတံမောင်မှာ၊ ကိုယ်မပျက်။ ။ မေ့ကိုတမ်းလို့ လွမ်းစတာရှည်၊
လျှလျှကြုံကေ၊ လူသိရေ။ ။ ပန်းတံမင်းသား၊ မောင်ချစ်ကိုယ်တွင်၊
စိတ်ပူဝင်ကေ၊ လူမသိနိုး၊ အထဲကြေကေ၊ ဝေလို့ညှိုးရေ။

တပည့်ချစ်အပေါ်တွင် ကရုဏာကြီးလှသော ဆရာတော်ဘုရားမှာ မိမိကိစ္စကို ဆိုင်းငံ့၍ ဓညဝတီသို့ ပြန်ခဲ့ရတော့၏။

မြုဘုရင်သည် ပန်းတံမောင်တို့ ဆရာတပည့်အား မြုပြည်နှင့် ရခိုင်ပြည်နယ်စပ်ဖိုးခေါင်တောင်အထိ အခမ်းနားနှင့်လိုက်ပို့ပေး၏။ တစ်ပြည်သားကို မေတ္တာပွားမိခဲ့သောပန်းနီလာမှာကား ပန်းတံမောင်၏ မိဘပြည်ရွာသို့ ခေတ္တပြန်ရစေကြောင်း ခွင့်ပန်တောင်းချက်များကို မငြင်းပယ်သာဘဲ ပန်းတံမောင်တို့ ပြန်သည့်နေ့က 'တန်းကိုလက်ကိုင်၊ တနားမှိုင်၊ တိုင်ကိုလက်ဆွဲ၊ တနားနွဲ့လို့၊ နွဲ့လျော်ခေါက်တက်' ဝမ်းနည်းပက်လက်ကျန်ခဲ့ရှာလေသည်။

နေပြည်တော်သို့ ပြန်ရောက်သည်နှင့် တပြိုင်နက် ပန်းတံမောင်သည် ချစ်ဦးသူလှဦးရုံထံ အမြန်ပြေးကာ ရှေ့ရေးကိုဆွေးနွေး၏။ ပန်းတံမောင်၏ သဘောမှာ 'တနင်္ဂနွေစနေ ရန်ဘက်မေနှင့် မောင်သည် ရက်မသင့်၊ ရက်သားမဆိုင်၊ မေနှင့်မောင်ကို မပေးနိုင်' ဟု စွဲစွဲမြဲမြဲ အယူသည်းနေသော မိဘ၏ ပြည်ရွာတွင် ဘယ်နည်းနှင့်မျှ ပေါင်း

ခွင့်ကြုံမည် မဟုတ်၍ မိမိကျင်လည်ခဲ့ရာ မြုပြည်ရွာသို့သွားကာ ချစ်သူနှင့်အတူ ဇာတ်မြှုပ်ချင်၏။ လှဦးရုံကမူ ဆွေမျိုးသားချင်းများ ဝေးရာသို့ မသွားလိုဘဲ ကိုယ့်ပြည်ကိုယ့်ရွာတွင်သာ ဖြစ်သည့်နည်းနှင့် ပေါင်းရအောင် ကြံဆောင်လို၏။ နောက်ဆုံးတွင် ပန်းတံမောင်က

ဆံထုံး ထုံးတတ်၊ ပန်းကုံးတတ်၊ မှတ်တတ်ကပင်၊
ငယ်ကကြင်ရှေ၊ ငယ်ခါပျို့ပျူး၊ ငယ်ကချစ်ကေ၊ ခင်ပွန်းဦးလေ---။
မြုမင်းသမီး၊ အထွီးကြင်ရာ၊ ပန်းနီလာနှင့် မောင်လည်းသာခြေ၊
ပန်းသစ္စာကို၊ ထားခရေ၊ မေမလိုက်လည်း၊ မောင်တည်းရာသူမှာ၊
ပန်းသစ္စာကို၊ ဖြေခိမေ----။

ဟု သွေးတိုး စမ်းလိုက်၏။ လှဦးရုံသည် မိမိမှတပါး တခြားမိန်းမပျိုတစ်ဦး၏ အမည်ကို ချစ်သူ၏နှုတ်ဖျားမှ ကြားလိုက်ရသောအခါ အသည်းတဆတ်ဆတ် ခါသွား၏။ ထိုကြောင့် ချက်ချင်းပင် ‘မိကိုကွင်းကေ၊ လင်ရင်းတလည်း၊ ဖြစ်တတ်တေ၊ ငယ်ကကြင်လေ၊ အသျှင်ဆောင်ရာ၊ ရည်းမြုပြည်မှာ၊ နောက်ကပါမေ---’ သဘောတူလိုက်ရတော့၏။

လှဦးရုံ၊ ပန်းတံမောင်နှင့် ပန်းတံ၏ညီတော် ပန်းရွှေမောင်တို့သည် သီတာ၊ ရာမ၊ လက္ခဏာတို့ကဲ့သို့ ဓညဝတီပြည်ကြီးမှခွာ၍ တောအထပ်ထပ်တောင်အထပ်ထပ်ကို ကျော်ဖြတ်၍ မြုပြည်သို့ ရွှေ့ရှူလာခဲ့ကြရာ နယ်ခြားဖြစ်သော ဖိုးခေါင်တောင်သို့ ရောက်ခဲ့ကြ၏။

ဖိုးခေါင်တောင်ကား အနောက်ပြည်၊ ရှမ်းပြည်၊ ရခိုင်ပြည်၊ မြုပြည်တို့သို့ သွားသော လမ်းလေးလမ်းဆုံရာ ပြည်ခြားတောင်ဖြစ်၏။ သရက်၊ ကညင်၊ လွှန်ပင်၊ ညောင်ပင် စသော သစ်ကြီးဝါးကြီး ပိတ်ဆီးယှက်မိုးသော တောင်ကြီးတည်း။ ဖိုးခေါင်တောင်၏ ဝါးတာများမှာလည်း အရှေ့ဝါးက အရှေ့ကိုညွတ်လျက်၊ အနောက်ဝါးက အနောက်ကို ညွတ်လျက်၊ သွတ်သွတ်သုန်သုန်တိုက်ခတ်နေသော လေကလည်း မပြတ် ဥဒဟို။ ထိုဖိုးခေါင် တောင်မြင့်ပေါ်သို့ လှဦးရုံနှင့် ပန်းတံညီနောင်တို့သည် ခရုပတ်ခွေဆစ်၍ လက်ျာရစ်တက်ခဲ့ကြရာ စည်မျက်နှာကဲ့သို့ ညီညာသော တောင်ထိပ်သို့ ရောက်ခဲ့ကြလေ၏။

ဖိုးခေါင်တောင်ရောက် လမ်းတစ်လျှောက်တွင် ပန်းဟိုက်၍ တစ်ထွေ၊ နေပြည်တော်နှင့် မိဘသားချင်းတို့ကို လွမ်းတ၍ တစ်ဝလှဦးရုံခမျာ ငိုခဲ့ရသည်မှာလည်း အဖန်ဖန်။ ပန်းတံမင်းသားမှာလည်း ချစ်ဦးသူ အလွမ်းပြယ်လျော့အောင် ချော့မော့ခဲ့ရသည်က မကြာခဏ။ လေကြီး မိုးကြီးကျ၍ ဒုက္ခနှင့်ကြုံကြရသည်မှာလည်း တစ်လီနှစ်လီ၊ ထို့ကြောင့်ပင် မှိုင်းရီမြင့်သော ဖိုးခေါင်တောင်တွင် မင်းသုံးဖော်တို့သည် အချိန်အတော်

ကြာမျှ စတည်းချရလေတော့၏။ ခရီးရိက္ခာစာလည်း ပြတ်လုလုဖြစ်ခဲ့ပြီ။ ပန်းတံမင်းသားလည်း မြုံ့ပြည်အစွန်အဖျားသို့ ရိက္ခာရှာသွားရန် ခုနစ်ရက်မျှ ခွင့်ပေးမည့်အကြောင်း လှဦးရုံထံ အတန်တန်ခွင့်တောင်းပြီး ထွက်ခဲ့၏။ ယင်းနေ့တွင်ပင် ပန်းနီလာသည် ထူးဆန်းသော အိပ်မက်သုံးခုကို မြင်မက်လေသည်။

တစ်မက်မူကား၊ အရှေ့တစ်လွှား၊ ကျီးသားညိုပြာ၊ ပျံလို့လာရေ။
ကျီးညိုထဲမှာ၊ ကျီးဖြူတစ်ကောင်၊ ပါမက်တေ။
မေ့လက်ရုံးမှာ၊ နားမက်တေ။ ကျီးကိုစာရေ ခွံ့မက်တေ။
တစ်မက်မူကား၊ လက်ိုရင်ခွင်၊ တင်မက်တေ။
ကြယ်ကို နားတောင်းဝတ် မက်တေ။
တစ်မက်မူကား၊ ဗောင်းဖြူဆယ်တောင်၊ ပိုးမုံရောင်၊ ငါးတောင်ခေါင်းမှာ
ပေါင်းမက်တေ၊ ငါးတောင်မြေမှာလူး မက်တေ။

ဤအိပ်မက်သုံးခုအကြောင်းကို ပန်းနီလာသည် ခမည်းတော်ထံပြော၍ အထိတ်တလန့် မေးရာ၏။ သမီးတော်၌ ကြင်ဘက်သက်လျာ ဆုံစည်းလာမည့် နိမိတ်ဖြစ်မှန်းကို မြုံ့ဘုရင်သိတော်မူသည့်အတိုင်း မိမိတည်ထောင်ပေးထားသော ဈေးသုံးဈေးသို့ လှည့်လည်၍ စိတ်တူကိုယ်မျှ သဘောကျသူကိုရှာခဲ့ရန် သမီးတော်အား ညွှန်ကြားလိုက်၏။ ပန်းနီလာလည်း မဆိုင်းမတွပင် စီးတော်လှည်းယာဉ်ကြီးဆင်စေပြီး မှူးတော်မတ်တော်ကြီးများ ဖြစ်သော မြဒါနား၊ စိန်ဒါနားတို့ ဦးဆောင်သည့် ဗိုလ်ခြေတစ်သောင်းအခြံအရံဖြင့် ကြင်ရာရှာ ထွက်ခဲ့လေသည်။

တစ်ဖက်ငါးဆယ်၊ မြီးများသွယ်သို့၊ တရာပင်းတွန်း၊ ဗိုလ်တစ်သောင်းနှင့်
ပန်းနီလာကား၊ ရုံဒေဈေးမှာ၊ လင်ရှာလားရေ။

စစ်ခရာသံနှင့် အမြောက်သံတည်ညံ၊ လေ့တော်သံနှင့် စောင်းသံတငြိမ့်ငြိမ့်ဖြင့် မင်းသမီးပန်းနီလာ၏ စီးတော်လှည်းသည် ရုံဒေဈေးထိပ်သို့ ရောက်လာ၏။ ထိုအချိန်တွင် မင်းသားပန်းတံလည်း ဇော်ဂျီရုပ်ဟန်ဖြင့် ရုံဒဈေးတွင် ရိက္ခာစုရန် ရောက်လျက်ရှိလေသည်။ မင်းသားက ရုပ်ပြောင်းရုပ်လွှဲလုပ်ထားသော်လည်း ပန်းနီလာ၏ စီးတော်ဆင်နှင့် အချစ်တော် ရွှေဥဒေါင်းတို့က မင်းသားကို မှတ်မိကြ၏။ ထိုကြောင့် မင်းသားမှာ ပန်းနီလာ၏ အတင်းအကြပ်ခေါ်ယူထိန်းသိမ်းခြင်းကို ခံရလေသည်။

ပန်းတံမောင်က မိမိတွင် ချစ်ဦးသူ လှဦးရုံရှိကြောင်း၊ ယခုဖိုးခေါင်တောင်စခန်း၌ ကျန်ခဲ့ကြောင်း မည်မျှပင် ပြောသော်လည်း ပန်းနီလာကား ပန်းတံမောင်ကို လက်

မလွတ်တော့ပြီ။ လှဦးရုံနှင့် စေ့စပ်ဖြေရှင်းရန် ပန်းတံမောင်ကို စီးတော်လှေတွင် တင်၍ ဖိုးခေါင်တောင်စခန်းသို့ ပန်းနီလာချီခဲ့၏။

လှဦးရုံနှင့် ပန်းနီလာတို့ ဖိုးခေါင်တောင်စခန်းတွင် ဆုံကြပုံကား အသည်းတလှပ်လှပ် ရင်တဖိုဖို ဖြစ်စရာပင်တည်း။ ဖိုးခေါင်တောင် လှဦးရုံ၏ စခန်းချရာ တစ်ဖက်၌ ပန်းနီလာက စခန်းချထား၏။ အခြားတစ်ဖက်တွင်လည်း လှဦးရုံကစစ်ကူခေါ်သဖြင့် ရောက်လာသော မတ်တော်မောင် ပန်းစိန်ဖြူက စခန်းချထား၏။ ညို့ခွန်အားရှင် ပန်းနီလာသည် သစ္စာရှင်လှဦးရုံအား ပန်းတံမောင်ကို လောင်းကြေးပြု၍ သူနှင့် လောင်းကစားစေလေ၏။ လှဦးရုံရှုံး၍ ပန်းနီလာ ပြုံးရယ်ရလေသည်။

နှုတ်ကတိထားခဲ့သည့်အတိုင်း စစ်ရေးဖြင့် ဖြေရှင်းခွင့် မရှိ။ ထိုသို့ ဖြေရှင်းရန်လည်း မလိုလားခဲ့သော လှဦးရုံသည် ကြင်ဘက်တော်အား ပရိယာယ်ဖြင့် ပြန်လည်ရယူနိုင်ရန် မတ်တော်မောင်ပန်းစိန်ဖြူအား အကူအညီတောင်းရှာ၏။ ပန်းစိန်ဖြူလည်း ပန်းနီလာ၏ စခန်းသို့ စေ့စပ်ဆွေးနွေးရန် လာခဲ့ရလေတော့သည်။ မင်းသားပန်းစိန်ဖြူနှင့် ပန်းနီလာတို့အတွေ့၌ လှဦးရုံဆုတောင်းပြည့်လေတော့၏။ အကြောင်းကား ဤသို့တည်း။

ပန်းနီလာ၊ မေပင်ထိုခါ၊ ပန်းစိန်ဖြူကို၊ စိတ်မှာကျရေ။ လှပညိုရောင်၊
ကိုယ်ရောင်စိမ်းမြ၊ တစ်ချက်ကြည့်ကေ၊ နှတ်ထက်လှရေ။
မြဲ့မချစ်ခင်၊ မြဲ့ပြည်ခွင်သို့၊ လိုက်စီချင်လို့၊ ထဗိန်ဆိတ်ကေညို့ဝန်း၊
လက်သည်းဒန်း၊ အမကွန်ရေ၊ ခပြုံရယ်ကာ၊ မာယာဆင်ကေ၊ စတဲကလေ။

ပန်းစိန်ဖြူကို မြင်လိုက်သည်နှင့်တပြိုင်နက် မိမိနှလုံးသား၏ အရှင်သခင်မှာ ဤသူပင် ဖြစ်သည်ဟု ပန်းနီလာသိလိုက်၏။ ထို့ကြောင့် ပန်းနီလာသည် ဒန်းနီလက်ဖျားကလေးဖြင့် ထဘီကလေးကို မကိုင်ဟန်ပြုကာ မင်းသားပန်းစိန်ဖြူအား အလျှံလက်နေသော ညို့မျက်လုံးကြီးများဖြင့် မခို့တရို့ပြုံး၍ နှုတ်ဆက်လိုက်လေသည်။

သစ္စာရှင် လှဦးရုံသည်သာ ပန်းတံမင်းသားကို ပိုင်ရပြန်ပါသတည်း။

ဝန်ခံချက်။ ။ စစ်တွေမြို့၊ တန်ဆောင်စာပေပိုင်းမှ ဆရာဦးဘသိန်းနှင့် သုတေသီ ဦးစက္ကိန္ဒတို့ထံတွင် ဖတ်ရှုခွင့်ရခဲ့သော 'ပန်းတံမောင်နှင့် သံတွဲသူဘွဲ့အဲး' ခေါ် ရခိုင် ရှေးဟောင်းကဗျာကြီးကိုတစ်ဆင့်ဖောက်သည်ချ ခြင်း ဖြစ်ပါသည်။

ရှမဝ၊ မေလ ၁၉၇၉

# ရည်းမြံ့ပြည်

ပုလဲပန်းသွယ်၊ လည်ဝယ်ရစ်ဆွဲ၊ တစ်သက်လုံးမှာ၊ မောင့်အသည်းလေ။ ။ ဥဒရာဇ် ကေစံပယ်၊ မြံ့တန်ဆိပ်ကို၊ လားကြက်မေ။

လူလည်းလူသူ၊ သူ့ဌာနမှာ၊ ပြောမတူ၊ လူလည်း တခြား၊ ရည်းမြံ့ပြည်မှာ၊ တွန်ခေါင်များရေ၊ ရခိုင်လူတက်၊ မြံ့ပြည်လူ၊ ကြီးလွန်းရေ၊ မေလည်းတံ့တံ့၊ ရည်းမြံ့ပြည်ကို မလိုက်ဝံ့လေ။

အထက်ပါကောက်နုတ်ချက်သည် 'ပန်းတံမောင်နှင့် သံတွဲသူ ဘွဲ့အဲး' ခေါ် ရှေးဟောင်း ရခိုင်ကဗျာဝတ္ထုကြီးမှ ကောက်နုတ်ချက် ဖြစ်ပါသည်။

ကောက်နုတ်ချက်မှာ ဝတ္ထု၏အဓိက ဇာတ်ဆောင်ဖြစ်ကြသော ပန်းတံမင်းသားနှင့် မင်းသမီးလှဦးရံတို့ အပြန်အလှန်ပြောကြသော စကားများ ဖြစ်ပါသည်။ ပန်းတံမင်းသားက ရခိုင်ပြည်တွင်နေ၍ သူတို့နှစ်ဦးပေါင်းရမည် မဟုတ်။ သို့ဖြစ်၍ ဥဒရာဇ်တိုင်းခေါ် မြံ့တို့ဌာနသို့ သွားကြပါစို့ဟု လှဦးရံကို ခေါ်သည်။ လှဦးရံက ရည်းမြံ့ပြည်တွင် လူကလည်းတခြား၊ စကားကလည်း တထွေ၊ ရေမြေကလည်း မတူ၊ တောင်လည်းထူသည်၊ မြံ့လူမျိုးများမှာလည်း ကြောက်ဖွယ်ကျားအား ကြီးမားသည်၊ သို့ဖြစ်၍ သူမလိုက်ဝံ့ကြောင်း ပြန်ပြောသည်။

အထက်ပါစကားများအရ မြံ့တို့ဒေသကို ဥဒရာဇ်တိုင်းဟု လည်းကောင်း၊ ရည်းမြံ့ပြည်ဟု လည်းကောင်း ခေါ်ကြောင်း သိရသည်။ ဥဒရာဇ်တိုင်းအကြောင်းနှင့်ပတ်သက်၍ ရခိုင်သမိုင်းပုံပြင်များတွင် ဤသို့ဆိုပါသည်။

ဝေသာလီပြည့်ရှင် စူဠစန္ဒရားမင်းသည် သင်းတွဲပြည်မှအပြန် မော်တင်စွန်းတွင် ရေရနစ်၍ နတ်ရွာစံ၏။ မသေမပျောက် ကြွင်းကျန်ရစ်သော ဓမ္မဇေယျအမတ်ကြီးနှင့် နောက်ပါများမှာ နေပြည်တော်သို့ ပြန်ခဲ့ကြ၏။ နေပြည်တော်သို့ ရောက်သောအခါ စန္ဒာဒေဝီမိဖုရားကြီးက အမတ်ကြီးသည် ဘုရင်အား လုပ်ကြံ၍လာခဲ့သည်ဟု အထင်မှား၍ အမတ်ကြီးအား နေပြည်တော်သို့ မဝင်ရန် တားမြစ်လေသည်။ အမတ်ကြီးလည်း ကစ္ဆပနဒီမြစ်ညာဖျားသို့ ဆန်တက်၍ ဂုဝအထက်ကကျာတောင်တွင် မြို့ရွာတည်၍ နေလေ၏။ ထိုအကြောင်းကို မိဖုရားကြီးကြား၍ လိုက်လံနှင့်ထုတ်ပြန်သဖြင့် မိမိခြွေရံသင်းပင်းများနှင့် ယူဇနာသုံးဆယ်မက ဝေးသော အရပ်သို့သွား၍ ပြည်တည်ထောင်နေလေ၏။ အမတ်ကြီးနှင့် မလိုက်ဘဲ ကျန်ခဲ့သူတို့မှာလည်း မူလနေရာတွင်ပင် ရပ်ရွာတည်ထောင်၍ နေရစ်ခဲ့ကြ၏။

ပထမအမတ်ကြီး နေခဲ့သော အရပ်ကို ဥတ္တရာဇ်တိုင်း (ဥဒရာဇ်တိုင်း)ဟု ခေါ်ကြောင်း၊ အမတ်ကြီး ထွက်ခွာသွားပြီးနောက် ကျန်ရစ်သူတို့ ရပ်ရွာတည်ထောင်နေကြသောအခါ မြုံပြည်ဟုခေါ်ကြောင်း ရခိုင်သမိုင်းပုံပြင်များတွင် ဖော်ပြခဲ့ကြ၏။ မိဖုရားကြီး လိုက်လံနှင့်ထုတ်သောကြောင့် ပိုမိုဝေးလံသောအရပ်သို့သွားပြီး ဓမ္မဇေယျအမတ်ကြီး နောက်ထပ်တိုင်းပြည်တည်၍နေသော အရပ်ကို သူပုန်တို့နေရာဟူသော အဓိပ္ပာယ်ဖြင့် 'ဟဲရုံပြည်' သို့မဟုတ် 'ဟစ်ရုံပြည်' ပြည်ဟု ခေါ်ကြောင်းကိုလည်း ဖော်ပြကြသည်။

အထက်ပါသမိုင်းပုံပြင်ကို 'စုံမြိုင်ရိပ်ဝယ်' In the Sylvan Shadows ခေါ် စာအုပ်တွင် စာရေးသူ မစ္စတာအဗ္ဗဒူဆတ္တား Mr. Abdus Satter ၏ မှတ်သားထားချက်မှာ ရခိုင်ရာဇဝင်များတွင် ဖော်ပြချက်နှင့် အနည်းငယ်ကွဲလွဲပါသည်။ မစ္စတာဆတ္တားက အဆိုပါ စန္ဒရားမင်းပုံပြင်ကို စစ်တကောင်း တောင်တန်းရှိ မရမာခေါ် အဝေးရောက်ရခိုင်အမျိုးသားများတွင်ရှိသော ချတ်မနှင့် တိပါရလူမျိုးများ၏ ဇစ်မြစ်နှင့် ပတ်သက်သည့်ပုံပြင်ဖြစ်ကြောင်း နိဒါန်းချီကာ ဖော်ပြပါသည်။ သို့ရာတွင် ပုံပြင်အဆုံးသတ် ဓမ္မဇေယျအမတ်ကြီး ရပ်ရွာတည်ထောင်ပုံအကြောင်းကိုမူ ဤသို့ဖော်ပြပါသည်။

နန်းရင်းဝန် (ဓမ္မဇေယျ အမတ်ကြီး) သည် သူ၏နောက်ပါများနှင့် တိုင်းပြည်မှ ဖဲခဲ့၍ ကာနာဖူလီမြစ်၏ လက်တက်တစ်ခုဖြစ်သော 'ဆီလုက်' Sylok မြစ်ကမ်းရှိ တိပါရာ (ရွာသုံးရွာ) တွင် နေထိုင်ကြကြောင်း၊ အမတ်ကြီးတွင် သူ့အားရိုသေလေးစားမှု မရှိသော ချတ်မခေါ် ခပ်ရိုင်းရိုင်း ညီငယ်တစ်ဦးရှိကြောင်း၊ ထိုညီငယ်သည် ပထမနေရာတွင် ကျန်ရစ်ခဲ့ပြီး နောင်အခါ ချတ်မဘုရင်ဖြစ်လာကြောင်း၊ အစ်ကိုဖြစ်သော အမတ်ကြီးမှာမူ ထိုနေရာမှတစ်ဖန် ရွှေ့ခဲ့ပြီး ယခုတိပါရတောင်တွင် အခြေစိုက်ခဲ့ကာ တိပါရဘုရင်ဖြစ်လာကြောင်းဖြင့် မစ္စတာဆတ္တားက မှတ်သားဖော်ပြထားပါသည်။ တိပါရနှင့်

ချက်မလူမျိုးများကမူ ဤပုံပြင်မှာ မမှန်မကန်လုပ်ကြံထားချက်သာ ဖြစ်သည်ဟု ယူဆကြောင်းလည်း ဆက်လက်ဖော်ပြထားပါသည်။

ဥတ္တရာဇ်တိုင်းခေါ် မြူတို့၏ဒေသသည် လည်းကောင်း၊ ချက်မတို့၏နေရာသည် လည်းကောင်း၊ တိပါရလူမျိုးတို့၏အရပ်သည် လည်းကောင်း မစ္စတာ ဆတ္တား၏ ဖော်ပြချက်အရ စစ်တကောင်း တောင်တန်းဒေသတွင်ရှိကြောင်း သိရပါသည်။ ဟဲရုံတို့၏နေရာကိုမူ စစ်တကောင်း တောင်တန်းဒေသတွင် မဖော်ပြပါ။ သို့သော် 'ဟဲရုံ' ခေါ် လူမျိုးစု တစ်စုသည်လည်း မြူတို့နှင့် နီးနီးကပ်ကပ်နေထိုင်ခဲ့လိမ့်မည်ဟု ရခိုင်သမိုင်းများတွင် မြူပြည်ဟဲရုံပြည်တို့ တည်နေပုံနှင့်ပတ်သက်၍ တညီတညွတ်တည်း ဆိုထားချက်များအရ ယူဆစရာရှိပါသည်။ ရခိုင်မင်းသမီးချောင်းတွင်လည်း

ရှေးဖျားမင်းစစ်၊ ဓမ္မရာဇ်မတ်၊ ကိုယ်လွတ်ရှောင်ခွာ၊ လာလတ်ရာတွင်၊

မာန်ပါမျက်ပွား၊ မိဖုရားကြောင့်၊ ပြေးသွားခဲ့တုံ၊ မြူဟဲရုံပြည်၊

တည်သည်ယခု၊ မင်းရိုးပြု၍----ဟု အတိအလင်း စပ်ဆိုထားသည်ကို တွေ့ရပါသည်။

'စုံမြိုင်ရိပ်ဝယ်' စာအုပ်တွင် ဟဲရုံဟူသော အမည်နှင့်နီးစပ်သည့် 'ဟာယုံး' သို့မဟုတ် 'ဟာဂျုံး' Hajong ခေါ် လူမျိုးစုတစ်မျိုးသည် ဗြဟ္မပုတြမြစ်ပေါ်ရှိ မိုက်မင်ဆိန်း Mymen Singh အရပ်မြောက်ဖျားတွင် နေထိုင်ကြောင်း ဖော်ပြထားပါသည်။ ဟာဂျုံးတို့၏ မူလနေရာမှာ အာသံပြည်ဖြစ်ကြောင်းကို ဘုန်းတော်ကြီး ဆစ်ဒနီ အင်ဒဲနှင့် အီး၊ တီ၊ ဒဲလ်တန် Rev. sidney Endle and E.T.Dalton တို့ကို ကိုးကား၍ ယင်းစာအုပ်တွင် ဖော်ပြထားပါသည်။ 'အိန္ဒိယနိုင်ငံဘာသာစကားသုံးသပ်ချက်' ကျမ်းကြီး Linguistic Survey of India ကို ပြုစုသူ ဒေါက်တာဂရီဆန် Dr. G.A. Grierson ကမူ ဟာဂျုံးတို့၏ အရင်းခံဘာသာစကားမှာ တိဘက်မြန်မာ ဘာသာစကား ဖြစ်သည်ဟု ဆိုပါသည်။

စစ်တကောင်းတောင်တန်းဒေသတွင် အခြေစိုက်လျက်ရှိကြသော မြူ၊ ချက်မ၊ တိပါရ လူမျိုးစုများအနက် ချက်မနှင့် တိပါရတို့က သူတို့သည် သကျခတ္တိယအနွယ်များ ဖြစ်သည်ဟု ဆိုကြပါသည်။

တိပါရဟူသော အမည်နှင့်ပတ်သက်၍ စစ်တကောင်းတောင်တန်းဒေသရှိ ရခိုင်အမျိုးသားများ၏ စန္ဒရားသမိုင်း ပုံပြင်ပါ တိပါရာ (ရွာသုံးရွာ) ဟူသော စကားမှ ဆင်းသက်လာသည်ဟူသော အဆိုမျိုးကဲ့သို့ တရိပူရ (ပြည်သုံးပြည်) ဟူသောစကားမှ ဆင်းသက်လာသည်ဟူသော တခြားအဆိုလည်း ရှိပါသည်။ ထို့ပြင် တချို့က တြိပုခေါ် ကိရတဘုရင်တစ်ပါး၏ အမည်မှဆင်းသက်လာသည်ဟူ၍လည်း ယူဆကြပါသည်။ ကိရ

တဟူသော လူမျိုးအမည်ကို ဖော်ပြပါရှိပြီး ယင်းလူမျိုးစု၏နေရာမှာ အိန္ဒိယပြည်၏ အရှေ့ဘက်တွင်ရှိသည်ဟု ဆိုပါသည်။ ကိရတဟူ၍ လည်းကောင်း၊ ကိရနဟူ၍လည်းကောင်း ဖော်ပြကြသော ထိုအမည်သည် မြန်မာကျောက်စာများလာ 'ကံရံ' နှင့် နီးစပ်သည်ဟု ယူဆဖွယ် ရှိပါသည်။

တိပါရစကားတွင် ရေကို တွိဟူ၍လည်းကောင်း၊ စိုးမိုးခြင်းကို ပရဟူ၍လည်းကောင်း ခေါ်သည်ဟု သိရပါသည်။ ထို့ကြောင့် ရေကိုအုပ်စိုးသူ (တွိပရ)ဟူသောစကားမှ တိပါရသုတေသီများက ထိုချတ်မများသည် ရခိုင်ပြည်နယ်အတွင်းရှိ သက်လူမျိုးများနှင့်လည်း မျိုးနွယ်ဆက်နီးစပ်သူများဖြစ်သည်ဟု ယူဆကြလေသည်။ သူတို့၏ မျက်နှာပေါက်၊ ကိုယ်လုံးကိုယ်ထည်တို့မှာလည်း မွန်ဂိုလူမျိုးအဆက်အနွယ်များဖြစ်ကြောင်း ထင်ရှားပါသည်။ သူတို့၏ ဘာသာစကားမှာ ဘင်္ဂါလီစကားရောနှောနေသော မြန်မာရခိုင်စကားဖြစ်သည်ဟု သိရပါသည်။ သူတို့၏ အက္ခရာအရေးအသားမှာလည်း မြန်မာအက္ခရာနှင့် လုံးဝနီးပါးတူညီသည်ကို တွေ့ရှိရပေသည်။

စမ္ပာနဂရမည်သောပြည်တွင် သူရိယဝံသခတ္တိယအနွယ်ဘုရင်တစ်ပါး စိုးစံခဲ့၏။ သူရိယဝံသခတ္တိယအနွယ်မှာ မိမိတို့၏အနွယ်ဖြစ်သည်ဟု ချတ်မတို့က ဆိုကြသည်။ ထိုစမ္ပာနဂရပြည့်ရှင်မင်းတွင် ဘိဂျောဂီရိနှင့် ဆမဂီရိဟု သားတော်နှစ်ပါးရှိ၏။ ဘိဂျောဂီရိသည် နယ်သစ်ပယ်သစ်ရှာရင်း ရခိုင်ပြည်အစပ်သို့ ရောက်လာပြီး ရခိုင်တပ်ကို တိုက်ခိုက်အောင်မြင်သည်။ ထိုနောက် နေပြည်တော်သို့ ပြန်ရန် ပြင်ဆင်နေစဉ် ခမည်းတော်ဘုရင် နတ်ရွာစံပြီဖြစ်ကြောင်း၊ ထီးနန်းကို ညီဖြစ်သူ သိမ်းပိုက်စိုးစံနေပြီ ဖြစ်ကြောင်း သတင်းရောက်လာသည်။ ထို့ကြောင့် ဘိဂျောဂီရိသည် နေပြည်တော်သို့ မပြန်တော့ဘဲ ရခိုင်ဘုရင်နှင့် စေ့စပ်ရေးလုပ်၍ ရခိုင်ပြည်အစပ် နတ်မြစ်အနီးတွင် မြို့ပြတည်ထောင်နေလေတော့သည်။ နောင်အခါ ရခိုင်ရှိလူများနှင့် ရောနှောသွားသည်ဆို၏။ စမ္ပာနဂရပြည်၌ နေရာအတိအကျကိုမူ သမိုင်းတွင်ဖော်ပြမထားဟု ဆိုသည်။

ချတ်မဟူသော ယင်းလူမျိုးစု၏အမည်ကို ဈတ်မဟုလည်း အသံထွက်နိုင်ပြီးလျှင် ရောမအက္ခရာဖြင့် Chakma စာလုံးဟု ဖြစ်လာကြောင်းလည်း ယူကြပါသည်။ မည်သို့ပင်ဖြစ်စေ တိပါရတို့သည် အင်ဒိုမွန်ဂိုလွိုက်ခေါ် အိန္ဒိယပြည်နေ မွန်ဂိုလူမျိုးအနွယ်များဟု ပညာရှင်အားလုံးကပင် ဆိုကြပါသည်။ အစဉ်အလာအရ တိပါရတို့၏ ရာဇဝင်သည် ဘီစီ ၆၀၀ ကစသည်ဟု သိရပါသည်။ လက်ရှိ တိပါရမင်းဆက်မှာ အေဒီ ၅၉၀ မှစ၍ မင်းဆက်ကို တည်ထောင်သောဘုရင်မှာ ဘိရရာဇာ ဖြစ်သည်ဟု သိရပါသည်။

တိပါရနယ်၏ သမိုင်းဖြစ်သော 'ရာဇမာလာ' ကျမ်းမှာ ချတ်မဘာသာဖြင့် ရေးသားထားကြောင်း သိရပါသည်။ ထိုကျမ်းတွင် တိပါရဘုရင်မျိုးနွယ်သည် သကျခတ္တိယ

မျိုးနွယ်ဖြစ်ကြောင်း အထောက်အထားပါရှိသည်ဟုလည်း ဆိုပါသည်။ တိပါရများသာ မဟုတ် ချတ်မများကလည်း သကျခတ္တိယအနွယ်ပင်ဖြစ်ကြောင်း ဆိုကြပါသည်။ ထိုမျှသာမက ချတ်မလူမျိုးများက သူတို့သည် ဗုဒ္ဓ၏အနွယ်တော်ဖြစ်သော သကျသာ ကီဝင် အနွယ်မှ တိုက်ရိုက်ဆင်းသက်လာသည်ဟု ဆိုထားကြောင်း မစ္စတာဆတ္တားက ဖော်ပြထားပေသည်။

ချတ်မလူမျိုးစုများအကြောင်း လေ့လာမိသမျှ အလွန်စိတ်ဝင်စားစရာ ဖြစ်ပါသည်။ ကာနယ်ဖယ်ယာ Colonel Phayre နှင့်တကွ များစွာသော ပညာရှင်တို့က ချတ်မလူမျိုးစုတို့သည် တစ်ရံရောအခါက မြန်မာပြည်သားများဖြစ်သည်ဟု ယူဆကြပါသည်။ မြန်မာပြည်မြောက်ဖျား၊ ရခိုင်ပြည်မြောက်ဖျား စသောအရပ်များတွင် အနှံ့အပြား နေထိုင်ခဲ့ဖူးဟန်တူသော ထိုလူမျိုးတို့သည် ယခုအခါ စစ်တကောင်းတောင်တန်းဒေသတွင် ရန်ဂါမတီမြို့ကို ဗဟိုပြု၍ ထူထပ်စွာ နေထိုင်လျက်ရှိကြပါသည်။ အချို့ပေါင်းကြပါသည်။ ယင်းချတ်မဟူသော အခေါ်အဝေါ်မှာ ရခိုင်စကားသံ 'ဆတ်မ' နှင့် နီးစပ်သဖြင့် ရခိုင်သမိုင်းပုံပြင်များဝတ္ထုများတွင် ထင်ရှားသော 'ဆတ်မ' မှာ ဤချတ်မလူမျိုးစုကိုပင် တင်စား ခေါ်ဝေါ်လေသလားဟု တွေးထင်စရာ ဖြစ်ပါသည်။

ရခိုင်သမိုင်းပုံပြင်များအရ ပထမဓညဝတီမင်းဆက်ကို တည်ထောင်သော မာရယုမင်းသည် သကျသာကီဝင် အဗ္ဗုနရှင်ရသေ့နှင့် ဣန္ဒမာယုခေါ် ဆတ်မသားဖြစ်သည်ဟု ဆိုပါသည်။ ယင်းအကြောင်းကို ရခိုင်မင်းသမီးဧချင်းတွင်

ဘေးဇောသကျ၊ အဗ္ဗုနလျှင်၊ ကပိလဟု၊ ပြည်မခွာရှောင်၊
မြိုင်ချောင်အတွင်း၊၊ သီတင်းသုံးရာ၊ ကြမ္မာလေခတ်၊
ဈာန်လွတ်ချော၍၊ ရသေ့မျိုးပွား၊ ဆတ်မသားဟု၊ မာရယုလျှင်၊
ဘပြုမြို့ထီး၊ သင်းကြီးအောင်လာ၊ သည်းချာဒေဝီ၊ သမီးဘီနှင့်၊
ယှဉ်မှီတကွ၊ ဓညရွှေပြည်၊ လာသည်အကြိုက်
ဟု ထည့်သွင်းစပ်ဆိုထားသည်ကို တွေ့ရပါသည်။

ချတ်မတို့၏ အစဉ်အလာများ သမိုင်းများ၊ ပုံပြင်များတွင် မြို သို့မဟုတ် မြုံလူမျိုးတို့နှင့်ပတ်သက်၍ မည်သို့ဆက်စပ်ဖော်ပြချက်များရှိကြောင်းကို လက်လှမ်းမီသမျှ လူမှုမနုဿဗေဒလေ့လာချက်များတွင် မတွေ့ရသေးပါ။ သို့သော် ရခိုင်သမိုင်းပုံပြင်များတွင် ပထမဓညဝတီခေတ်က မြို သို့မဟုတ် မြုံနှင့် ချက်မလူမျိုးစုများကို ရောနှောဆက်သွယ်လျက် ဖော်ပြသည်ကို တွေ့ရပါသည်။ အထက်တွင်ဖော်ပြခဲ့သော ရခိုင်မင်းသမီးဧချင်းကို ကြည့်လျှင်ပင် ထိုအချက်ကို တွေ့ရပါသည်။ ထိုကောက်နုတ်ချက်တွင် ပါသည့်အတိုင်း ဆတ်မသားဖြစ်သည့် မာရယုကို မြိုသင်းကြီး (မြုံရွာသူကြီး) အောင်လာက ကောက်ယူ

မွေးပြီး မိမိသမီးမဘိနှင့် ပေးစားထားကြောင်း ရခိုင်သမိုင်း ပုံပြင်များတွင် တညီတညွတ်တည်း ဖော်ပြကြပါသည်။

မြို သို့မဟုတ် မြူခေါ် လူမျိုးစုကို အင်္ဂလိပ်ဘာသာစကားဖြင့် ရေးထားသည့် စာအုပ်များတွင် Mro; Mru ; Murang ဟု အမျိုးမျိုးစာလုံးပေါင်းကြသည်ကို တွေ့ရပါသည်။ ထိုမြူလူမျိုးသည် ရခိုင်ပြည်တွင် နေထိုင်ခဲ့ကြောင်း၊ ရခိုင်မြန်မာအနွယ်များ မြန်မာနိုင်ငံသို့ မရောက်မီကပင် ရခိုင်ပြည်ထဲတွင် ရှိခဲ့သော ရှေးဦးသူများဖြစ်ကြောင်းတို့ကို ခေတ်သစ်ပညာရှင်များက တညီတညွတ်တည်း ဆိုကြပါသည်။ မြူများသည် ခူမီး (ခမွီး) များက နှင်ထုတ်သဖြင့် ရခိုင်ပြည်မှ ထွက်ခဲ့ရပြီး ယခုနေထိုင်သော နေရာသို့ လာရောက်နေထိုင်ရခြင်းဖြစ်သည်ဟု ဆိုပါသည်။ ယခုအခါ ယေဘုယျအားဖြင့် မြူတို့၏နေရာမှာ စစ်တကောင်းတောင်တန်းဒေသ၊ ဘန်ဒါရဘင်၊ (သို့မဟုတ်) ဘန္ဒရာဘင် Bunderban နယ်တစ်ဝိုက် ဖြစ်ပါသည်။

မနုဿဗေဒပညာရှင်အချို့က မြူတို့၏ကိုယ်ခန္ဓာအနေအထား အသားအရေစသည်တို့ကိုကြည့်၍ မြူတို့သည် နီဂရွိုက် Negroid မျိုးနွယ်ဖြစ်သည်ဟု ဆိုကြပါသည်။ သို့ရာတွင် အချို့သော မနုဿဗေဒပညာရှင်များကမူ မြူဟူသောအမည်နှင့်တကွ မြူတို့၏မျိုးနွယ်စု Clan အမည်များမှာ တိပါရစကားလုံးများ ဖြစ်သည်။ သူတို့၏ လူမှုရေးထုံးတမ်းများ၊ ပွဲလမ်းများသည် တိပါရမျိုးနွယ်စုတစ်မျိုးဖြစ်သော 'ရိုင်' Riang မျိုးဆွေစုနှင့် နီးစပ်တူညီသည်ဟု ဆိုပါသည်။ ထိုကြောင့် မြူတို့ကို ပညာရှင်များက တိပါရလူမျိုးများထဲတွင် ထည့်သွင်းသတ်မှတ်ပါသည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော 'ပန်းတံမောင်နှင့် သံတွဲသူ ဘွဲ့အဲး' ခေါ် ရခိုင်ရှေးဟောင်းကဗျာဝတ္ထုတွင်လည်း မြူပြည်ကို ရည်မြူပြည်ဟုလည်းကောင်း၊ မြူအမျိုးသား အမျိုးသမီးများကို ရည်းသူ၊ ရည်းသူမ၊ ရည်းသူသား စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းသည်ကို တွေ့ရပါသည်။ 'ရည်း' ကို ရခိုင်အသံထွက်ဖြင့် 'ရိုင်း' ဟုလည်း ထွက်နိုင်သည်။ 'ရိုင်' လူမျိုးနွယ်ကိုပင် ဆိုလိုသည်ဟု ယူဆစရာရှိလေသည်။

မြူတို့သည် အလွန်အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်းနေတတ်သောလူမျိုးတစ်မျိုးဖြစ်သည်ဟု ဆိုပါသည်။ အချင်းချင်းအငြင်းအခုံဖြစ်လာလျှင်လည်း ခိုက်ရန်မဖြစ်ပွားဘဲ နတ်ဆရာကိုပင့်ခေါ်၍ နတ်၏အဆုံးအဖြတ်ကို တောင်းခံလေ့ရှိသည်ဟု ဆို၏။ အတိတ်နိမိတ်ကိုလည်း အလွန်ယုံကြည်ကြသည်ဟု ဆိုပါသည်။ သို့သော်လည်း သူတို့သည် ဗုဒ္ဓဘာသာသက်ဝင်သူများဖြစ်သည်ဟု ဆိုပါသည်။ ထိုပြင် မြူများသည် ကခုန်ခြင်းကို ပျော်ရွှင်ရေး၊ ဖျော်ဖြေရေးတို့အတွက်လောက်သာမဟုတ်၊ ထွန်းကားပွားစီးရေးအတွက် ဆောင်ရွက်ချက်တစ်ရပ်လည်းဖြစ်သည်ဟု ယုံကြည်ကြပါသည်။

ထိုကြောင့် သီးနှံစိုက်သောအခါ ကခုန်ပွဲများ ပြုလုပ်လေ့ရှိကြ၏။

မြို့အမျိုးသမီးများသည် အိမ်မှုကိစ္စများအပြင် တောင်ယာလုပ်ခြင်းကဲ့သို့သော လုပ်ငန်းမျိုးတွင်လည်း ယောကျ်ားတို့နှင့်တန်းတူ လုပ်ကိုင်ကြသည်။ မြို့အမျိုးသမီးများက အမျိုးသားများထက် ပိုမိုအလုပ်လုပ်သည်ဆို၏။ အလုပ်လုပ်ရာတွင်သာမက အချစ်ရေးကိစ္စများတွင်လည်း မြို့လုံမပျိုတို့က လုလင်ထက်ပို၍ ဇွတ်တရွတ်ပြုတတ်သည် ဆိုပါသည်။ ခိုးရာလိုက်ရမည့်ကိစ္စမျိုးတွင် စီစဉ်ဆောင်ရွက်သူမှာ မိန်းကလေးပင်ဖြစ်သည် ဟုလည်း ဆိုပါသည်။

မြို့တို့သည် သူတို့၏သမိုင်းကြောင်းကို ဘာမျှရေရေရာရာမသိကြသော်လည်း မြန်မာနိုင်ငံတွင်ရှိစဉ်က 'အရီ' ခေါ် ဘုရင်၏မြောက်စားခြင်းကို ခံခဲ့ရသည်ဟု ဝင့်ကြွားလေ့ရှိကြောင်းဖြင့် 'စုံမြိုင်ရိပ်ဝယ်' တွင်ရေးသူ မစ္စတာဆတ္တာက ဖော်ပြထားပါသည်။ 'အရီ' ဘုရင်မှာ မည်သည့်ဘုရင်ဖြစ်သည်ဟု မသိသာသော်လည်း ရခိုင်ရာဇဝင် မြောက်ဦးမင်းဆက်တွင် ပါဝင်သော မင်းခရီ၊ သို့မဟုတ် အလီခင်ခေါ် နုရနုပင်ဖြစ်လေမည်လားဟု တွေးထင်မိပါသည်။ ထို့ပြင် ၁၄ ရာစုလောက်က ရခိုင်ပြည်တွင် မြို့အမျိုးသားတစ်ဦးသည် ဘုရင်ဖြစ်ခဲ့သည်ဟု ဆတ္တာကဆိုပါသည်။ မှန်ပါသည်။ မြို့ (မြို)အမျိုးသားနှစ်ဦးသည် ရခိုင်ပြည်တွင် ရခိုင်ဘုရင်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ၁၄ ရာစု၊ သို့မဟုတ် ၁၀ ရာစုအတွင်းက ဖြစ်ပါသည်။ ထိုအကြောင်းကို ရခိုင်မင်းသမီးဧချင်းတွင်

တောင်ယာပဲဝယ်၊ အမြဲနေပင်၊ မြို့တွင်ထင်ရှား၊ သင်းကြီးသားလျှင်၊
ရည်သွားလုံးရပ်၊ စည်းကြပ်ကျစ်ကြော၊ ချောမောဆင်းရောင်၊
ညီနောင်သားဘ၊ သုံးယောက်ရ၍၊ အစတည်တုံ၊ အမြဲတုံနှင့်၊
တူစုံသားမောင်၊ ထီးနန်းဆောင်၍၊ နောင်တလစ်မူ၊ သားပဲဖျူနှင့်၊
ရိပ်ဖြူဆောင်းချုပ်၊ ပြည်ရွာအုပ်လျက်----
ဟု ဆိုထားသည်ကို တွေ့ရပါသည်။

ရခိုင်ပြည်တွင် ဘုရင်အဖြစ်ကိုပင် ရောက်ခဲ့သော်လည်း မြို့လူမျိုးတို့သည် ခေတ်အလိုက်ပြောင်းလဲလာသော လူ့ယဉ်ကျေးမှုများကို ထွေးပိုက်လိုဟန် မရှိပါ။ 'ပန်းတံမောင်နှင့် သံတွဲသူဘွဲ့ အဲး' မှ မြို့ (မြို)တို့၏ သဘာဝအသွယ်သွယ်ကို ဖော်ပြချက်များတွင် တစ်နေရာ၌

ထဘီတိုလောင်း၊ မြို့ဘာသာမှာ၊ ဝါးနားတောင်း၊ မြို့မဘာသာ၊ ဖုန်းဆိုး
တောင်မှာ၊ ဝါကောက်လားရေ။ ကျပ်ကြိုးသုံးပင်၊ လွန်းသုံးပင်၊ ဇင်ချောင်း
မြောင်ကို၊ လေ့ကားတင် ရေ။ ထုပ်လုပ်ကေလုံး၊ မြို့မရို့မှာ၊ ရင်မဖုံးလေဟု

စပ်ဆိုထားပုံက ထိုအချက်က ထောက်ခံလျက် ရှိနေပါသည်။

မစ္စတာ ဆတ္တားကလည်း မြို့တို့သည် ရှေးဟောင်းစနစ်ကို ဖက်တွယ်လျက်ပင် ရှိသေးကြောင်း ၁၉၇၁ ခုနှစ်က ဒက္ကားမြို့မှ ထုတ်ဝေလိုက်သော သူ၏ 'စုံမြိုင်ရိပ်ဝယ်' စာအုပ်တွင် ရေးသားခဲ့ပါသည်။

ရည်းမြို့ပြည်ကို ကြည့်ပြန်သောအခါ

ရည်းမြို့ပြည်ကို၊ ကြည့်ပြန်သောအခါ၊ ဝါးကိုခေါင်သည်၊ အရင်းတည်လို့၊

ခေါင်လည် ခေါင်ဆစ်၊ နဂရစ်ကေတောင်ယောင်၊ မြို့မင်းအခင်၊ အသျှင်

စံကေ၊ ဗွီကိုးဆောင်နှင့်-

စသည်ဖြင့် 'ပန်းတံမောင်နှင့် သံတွဲသူဘွဲ့အဲး' စာဆိုသည် သူ့ကဗျာကြီးတွင် မြို့ဘုရင်နန်းတော်အကြောင်း စပ်ဆိုခဲ့ပါသည်။ ခေတ်သစ်ပညာရှင်တို့က မြို့တို့သည် ခေတ်၏နောက်တွင် နှစ်ပေါင်းများစွာ အိပ်ပျော်လျက် ကျန်ခဲ့သည်ဟု ဆိုသော်လည်း ကဗျာစာဆိုက ဝါးများ၊ သစ်များဖြင့် အရင်းတည်၍ ဆောက်လုပ်ထားသော မြို့ဘုရင်နန်းတော်သည် တောင်သမျှ ကြီးမားတင့်တယ်ပါပေသည်ဟု စိတ်ကူးယဉ်ခဲ့ပါသည်။ ထိုနည်းအတူ ကျွန်တော်သည်လည်း 'တကောင်းအဘိရာဇာ၊ တို့ဗမာ သာကီဝင်မျိုးပေမို့ မညှိုးဂုဏ်တေဇာ' ဟူသော သမိုင်းဦးအစ အမျိုးသားသီချင်းလာ စကားသည် အိပ်မက်မျှသာ ဖြစ်သည်ဟု ခေတ်မီသမိုင်းပညာ၏ သင်ကြားချက်အရ သိခဲ့ရသော်လည်း ဆတ္တား၏ 'စုံမြိုင်ရိပ်ဝယ်' ကို ဖတ်မိသောအခါ ထို 'တကောင်းအဘိရာဇာ' အိပ်မက်ကို မက်မိပြန်ပါသတည်း။

**ရှုမဝ၊ စက်တင်ဘာလ၊ ၁၉၇၉**

# ကိုရုံတလော ကမ်းယံလော

မြန်မာနိုင်ငံအတွင်းသို့ မြန်မာဖြစ်လာမည့် မျိုးနွယ်စုများ ဝင်ရောက်လာခြင်းနှင့် ပတ်သက်၍ 'မြန်မာအစ တကောင်းက' ဟူ၍လည်းကောင်း၊ 'မြန်မာအစ ကျောက်ဆည်က' ဟု လည်းကောင်း နိုင်ငံသမိုင်းသုတေသီတို့ ဝိဝါဒကွဲပြားလျက်ရှိကြသည်ကို နိုင်ငံသမိုင်း လေ့လာသူများ တွေ့နေရပေသည်။

ဤဆောင်းပါးတွင် အဆိုပါ ဝိဝါဒကွဲပြားချက်ကို အဖက်ဖက်မှ အလေးတင်း၍ ရေးသားရန် လုံးဝမရည်ရွယ်ပါ။ ထို့ပြင် ကျွန်တော်သည် နိုင်ငံသမိုင်းတွင် ကျွမ်းကျင်သော သုတေသီတစ်ယောက်မဟုတ်ဘဲ လေ့လာမှတ်သားလိုသူ ကျောင်းသားတစ်ယောက်မျှသာ ဖြစ်ကြောင်းကိုလည်း ရှေးဦးစွာ ရှင်းရှင်းလင်းလင်း ဝန်ခံထားလိုပါသည်။

သို့ပါသော်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ်မှ ထုတ်ဝေသော အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)ကို ဖတ်ရှုမိရာက မြန်မာ့ရှေးဦးလူများကို မှန်းမျှော်ကြည့်၍ အတွေးနယ်ချဲ့မိသော အချက်များကိုမူ ဤဆောင်းပါးဖြင့် တင်ပြလိုပါသည်။

အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း စာမျက်နှာ ၁၃၆တွင် ခိုင်မာသော ကျမ်းများကို ကိုးကား၍ အောက်ပါအတိုင်း ရေးသားထားသည်ကို ဖတ်ရှုမှတ်သားရပါသည်။

'အာရှအရှေ့ပိုင်းနှင့် အာရှအလယ်ပိုင်းမှ မွန်ဂိုအနွယ်တို့သည် အိန္ဒိယနိုင်ငံအတွင်းသို့ အရှေ့ဘက်၊ မြောက်ဘက်စသည်တို့မှ ဝင်ရောက်လာကြ၍ အိန္ဒိယအရှေ့မြောက်ပိုင်းများတွင် နေထိုင်ကြသည်။ ရှေးဟောင်းခေတ် ကောလိယ၊ ဒေဝဒဟ၊ ကပိလဝတ်၊ ဝေသာလီ၊ ဝိဟာရ၊ ပါဋလိပုတ် စသည့်တိုင်းများ၊ ပြည်များသည် အထက်ဖော်ပြပါ

နယ်များအတွင်းတွင် ရှိခဲ့ကြ၏။

'ယင်း အင်ဒို-မွန်ဂိုလွိုက်များ၊ (ဝါ) ခိရာဋ္ဌများသည် အများအားဖြင့် အာရိယန် စကားပြောသော ဟိန္ဒူများဖြစ်လာ၍ ဟိန္ဒူယဉ်ကျေးမှုနယ်ပယ်တွင်းသို့ မှန်မှန်ပေါင်း စည်းဝင်ရောက်လာခဲ့ကြသည်။'

အထက်ပါ ကောက်နုတ်ချက်ကို ဖတ်ရှုခြင်းဖြင့်

(၁) အိန္ဒိယပြည် အရှေ့မြောက်ပိုင်းတွင် မွန်ဂိုအနွယ်ဝင်တို့ နေထိုင်ကြကြောင်း

(၂) ကပိလဝတ်၊ ဒေဝဒဟ၊ ကောလိယစသော သကျသာကီဝင်များ၏ တိုင်းပြည် များသည် မွန်ဂိုအနွယ်ဝင်တို့၏ နေထိုင်ရာတွင် ပါဝင်ကြောင်း၊

(၃) ခိရာဋ္ဌခေါ် အင်ဒို-မွန်ဂိုလွိုက်များသည် အာရိယန်စကားပြောသော ဟိန္ဒူ များ ဖြစ်လာကြကြောင်း

စသော ဗဟုသုတများကို ရရှိလိုက်ပါသည်။

ဆက်လက်ဖတ်ရှုရာတွင် ဝေသာလီမှ လိစ္ဆဝီများနှင့် ဂေါတမဗုဒ္ဓ၏အမျိုးအနွယ် များ ဖြစ်ကြသော သာကီဝင်များပင် တိဘက်မြန်မာ စစ်စစ်များ၊ သို့မဟုတ် တိဗက်- မြန်မာနှင့် အာရိယန်စသော သွေးများ ရောနှောသူများ ဖြစ်မည်။ မျိုးနွယ်ရင်းမှာ တိဗက်-မြန်မာများ ဖြစ်ကြသည်ဟု ထင်ရှားသောပညာရှင်ကြီးများ အခိုင်အမာ ယူဆ ကြသည်ဟု ဖော်ပြရေးသားထားသည်ကို တွေ့ရပြန်သောအခါ ပိုမိုစိတ်ဝင်စားလာမိပါ သည်။ ဗုဒ္ဓကား ဗုဒ္ဓဘာသာ မြန်မာတို့၏ အထွတ်အမြတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး တိဗက်- မြန်မာမှာ မြန်မာတို့၏ မျိုးနွယ်ရင်းပင် မဟုတ်ပါလော။

ခိုင်မာသော ကျမ်းတစ်စောင်စောင်ကို ကိုးကား၍ ယထာဘူတကျကျ ညှိနှိုင်းရေး သားထားသော အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းမှာ အထက်ဖော်ပြပါ စိတ်ဝင်စားဖွယ် ဗဟုသုတများကို ရရှိသဖြင့် အိန္ဒိယပြည်နေ မွန်ဂိုအနွယ်ဝင်များဖြစ်ကြသော အင်ဒို မွန်ဂိုလွိုက်များအကြောင်းကို လက်လှမ်းမှီရာစာအုပ်စာတမ်းများတွင် ဆက်လက်ရှာဖွေ ကြည့်မိပြန်ပါသည်။ ထိုအခါ အောက်တွင်ဖော်ပြမည့် အကြောင်းအချက်များကို ကလကတ္တားရှိ ဘင်္ဂလားပြည်တော်ဝင် အာရှအသင်း Royal Asiatic Society of Bengal က ထုတ်ဝေသော 'အင်ဒို- မွန်ဂိုလွိုက်' ခေါ် စာအုပ်ငယ်မှ ဆည်းပူးရရှိခဲ့ပါသည်။

အင်ဒို-မွန်ဂိုလွိုက်များကို ရှေးဟောင်း အိန္ဒိယကျမ်းဂန်များတွင် 'ကိရာတ' ဟု ဖော်ပြကြကြောင်း သိရပါသည်။ မျက်မှောက်ခေတ်တွင် ပန်ချာပီစကား၊ ဘင်္ဂါလီစကား တို့၌ ကိရဲ၌၊ ကိရာဋီ၊ ကိရာဋ္ဌ၊ ကိရာတဟူသော အသုံးအနှုန်းများသည် မိမိတို့၏ မျိုး နွယ်မတူသူတို့ကို မနှစ်သက်သော သဘော၊ နှိမ်လိုသောသဘောဖြင့် ခေါ်ဝေါ်သုံးနှုန်း

ထားသော စကားဖြစ်နေကြောင်း သိရပါသည်။

သို့ရာတွင် အိန္ဒိယသုတေသီတို့က 'ကိရာတ' ဟူသော ဝေါဟာရကို ရှေးဟောင်း အိန္ဒိစာပေတို့တွင် မနှစ်ခြိုက်သော သဘောဖြင့် ခေါ်ဝေါ်သုံးစွဲသော အရိပ်အငွေ့ကို မတွေ့ရဟု ဆိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် သီဝမဟာဒေဝသည် ဟိမဝန္တာတော တွင်း၌ တရားအားထုတ်နေသော အဇ္ဈုနရသေ့ကြီး၏ အကျင့်သီလကို စမ်းသပ်ရန် မိမိက ကိရာတယောကျ်ားအသွင်ဆောင်၍ လည်းကောင်း၊ ဥပမာ နတ်မိဖုရားကို ကိရာ တ မိန်းမအသွင်ဆောင်စေ၍လည်းကောင်း လာခဲ့သည်ဟု ယဇုဝေဒကျမ်းတွင် ဖော်ပြ သောကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

ယဇုဝေဒကျမ်းတွင်သာမက အာထဗ္ဗဒေဝကျမ်းတွင်လည်းကောင်း၊ မဟာဘာရတ နှင့် ရာမာယနကဗျာကြီးများတွင်လည်းကောင်း 'ကိရာတ' လူမျိုးများအကြောင်းကို အများအပြား ဖော်ပြထားသည်ဟု ဆိုပါသည်။ ထို့ပြင် ၁၉၄၀-ခုနှစ် ဘုံဘိုင်မြို့မှ ထုတ်ဝေသော ဒေဝနာဂရီ အက္ခရာ၊ ပါဠိဘာသာရေး၊ မိလိန္ဒပဉှာကျမ်းတွင် စီနဝိလာတ ဟု ဖော်ပြရာတွင် ဝိလာတ' မှာကိရာတပင် ဖြစ်ကြောင်း ယူဆကြပါသည်။

မဟာဘာရဝကျမ်းတွင် ပရာယောတိ သို့မဟုတ် ကာမရူပခေါ် အနောက်အာသံ နယ်ကို အစိုးရသော ဘာဂဒတ္တမင်းအကြောင်းကို ဖော်ပြထားသည်ဟု ဆိုပါသည်။ ဘာဂဒတ္တမင်းသည် မလစ္ဆလူမျိုးတို့၏ ဘုရင်ဖြစ်ပြီး ရွှေအဆင်းကဲ့သို့ ဝင်းဝါသော ကိရာတနှင့် ဝိနစစ်သည်တပ်သားများဖြင့် ကုရုခေတ္တရာစစ်ပွဲတွင် တေရဗျမင်းတို့ဖက် မှ ပါဝင်တိုက်ခိုက်ခဲ့သည်ဟု ဆိုပါသည်။

ရာမန ကျမ်းတွင်လည်း ဦးထိပ်ဆံထုံးထုံးထားသော ကိရာတတို့ကို ကြည့်၍တင့် တယ်၏။ ရွှေအဆင်းကဲ့သို့ ဝင်းဝါ၏။ ရေတွင်လည်း ကျင်လည်၏။ ကျားအစစ်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်း၏ဟု ဖော်ပြထားကြောင်း သိရပါသည်။ ထိုမျှမက ကိရာတတို့ သည် အရှေ့ဘက်ရှိသော တောင်များတွင်လည်းကောင်း၊ ပင်လယ်နားတွင် လည်း ကောင်း နေထိုင်ကြသည်။ သူတို့သည် ရွှေငွေကျောက်သံပတ္တမြား ကြွယ်ဝ၍ အဝတ် အထည်ရက်လုပ်မှုတွင် ကျွမ်းကျင်ကြောင်းတို့ကိုလည်း သိရပါသည်။

ဝိသနိုးပုရာမ်ကျမ်းတွင်လည်း 'ဤလောက၏ အလယ်တွင် ဗြဟ္မဏ၊ ခတ္တိယ၊ ဝေဿ၊ သုဒြ ဟူသော အမျိုးလေးပါးတို့ မှီတင်းနေထိုင်ရာ အိန္ဒိယပြည် ရှိ၏။ အရှေ့ ဘက်၌ကား ကိရာတများရှိ၍ အနောက်ဖက်၌ကား ယဝန များရှိ၏' ဟု ဖော်ပြကြောင်း သိရပါသည်။ မာနဝဓမ္မသျှတ္တရတွင်မူ ကိရာတတို့သည် အဆင့်နိမ့်သော ခတ္တိယများ ဖြစ်ကြောင်း ဖော်ပြသည်ဟု ဆိုပါသည်။ အိန္ဒိယရှေးကျမ်းဟောင်းတို့တွင် ခတ္တိယမျိုးနွယ် သို့ သွတ်သွင်းဖော်ပြခံရသော မျိုးနွယ်သည် ယဉ်ကျေးမှုအားဖြင့် လည်းကောင်း ရှေ့

တန်းသို့ရောက်ရှိနေသူများဖြစ်သဖြင့် လူရိုင်းများမဟုတ်ကြောင်းဖြင့်လည်း အင်ဒို-မွန်ဂိုလွိုက်စာအုပ်ရေးသူက ကောက်ချက်ချထားပါသည်။

အင်ဒို-မွန်ဂိုလွိုက် စာအုပ်ကို ရေးသားသူ ဒေါက်တာချတ္တာဂျီက ဝေဒကျမ်းများမှာ ဘီစီ ၁၀ရာစုတွင်လည်းကောင်း၊ မဟာဘာရတနှင့် ကုမာယနတို့မှာ ဘီစီ ၅၀၀ နှင့် အေဒီ ၄၀၀ကြားတွင် လည်းကောင်း ပြုစုသီကုံးခဲ့သည်ဟု ယူဆစရာရှိကြောင်း။ ထို့ကြောင့် ကိရာတ (အင်ဒို-မွန်ဂိုလွိုက်)များသည် အိန္ဒိယပြည်မြောက်ဘက်နှင့် အရှေ့မြောက်ဘက် ဟိမဝန္တာတောင်တန်းတစ်လျှောက်တွင်လည်းကောင်း၊ ဂင်္ဂါမြစ်မြောက်ဘက်နှင့် ဘီဟာနယ်စသည်တို့တွင် လည်းကောင်း၊ ဗြဟ္မပုတ္တရမြစ်တစ်လျှောက်တွင် လည်းကောင်း၊ အာသံ မဏိပူရနှင့်တကွ ဆက်စပ်လျက်ရှိသော နယ်မြေတို့တွင်လည်းကောင်း ခရစ်မပေါ်မီနှစ်ပေါင်း ၁၀၀၀ခန့်ကပင် ဝင်ရောက်နေထိုင်လျက် ရှိကြသည်မှာ ဖြစ်နိုင်ဖွယ် ရှိကြောင်းကိုလည်း ကောက်ချက်ချထားပါသည်။

အထက်ပါ အင်ဒို-မွန်ဂိုလွိုက် စာအုပ်ပါ အချက်အလက်များကို စုစည်းလိုက်လျှင် အောက်ပါအတိုင်း ရရှိမည် ဖြစ်ပါသည်။

မွန်ဂိုလွိုက် အနွယ်များသည် ခရစ်မပေါ်မီနှစ်ပေါင်း ၁၀၀၀ခန့်ကပင် အာသံ၊ မဏိပူရနှင့်တကွ ဆက်စပ်လျက်ရှိနေသော နယ်မြေများ၊ ဗြဟ္မပုတ္တရမြစ်တစ်လျှောက် နယ်မြေများ၊ ဂင်္ဂါးမြစ် မြောက်ဘက်ရှိ နယ်မြေများ၊ အိန္ဒိယပြည်မြောက်ဘက်နှင့် အရှေ့မြောက်ဘက် ဟိမဝန္တာတောင်တန်းတစ်လျှောက် နယ်မြေများနှင့် ဗီဟာနယ်၊ ဗင်္ဂလားနယ်တို့တွင် နေထိုင်လျက် ရှိကြပြီးဖြစ်ကြောင်း၊ ယင်းကိရာတခေါ် အင်ဒို-မွန်ဂိုလွိုက်များသည် အသားဝါ၍ ရုပ်ဆင်းအင်္ဂါတင့်တယ်ကြောင်း၊ ဦးထိပ်တွင် ဆံထုံးထုံးကြောင်း၊ ရေတွင် ကျင်လည်၍ ရဲရင့်ကြမ်းကြုတ်ကြောင်း၊ အဝတ်အထည် ရက်လုပ်ရာတွင် ကျွမ်းကျင်ပြီး ချမ်းသာကြွယ်ဝကြောင်း၊ နောင်တွင် ခတ္တိယမျိုးနွယ်အဖြစ် သတ်မှတ်ခံရကြောင်း၊ စိန, မလစ္ဆစသောလူမျိုးများနှင့် အနွယ်တူကြောင်း စသည်တို့ပင် ဖြစ်ပါသည်။

ဤတွင် စိနဟူသည်မှာ တရုတ်တို့၏ရှေးအမည်ဖြစ်ကြောင်း လူတိုင်းသိနိုင်ပါသည်။ မလစ္ဆဟူသောအမည်မှာမူ စဉ်းစားစရာ ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာရာဇဝင်များတွင် 'မစ္ဆဂီရိသက်တို့ပြည်' ဟူသောဖော်ပြချက်မှ 'မစ္ဆ'နှင့် 'မလစ္ဆ'သည် မနီးစပ်ပေဘူးလား ဟူ၍လည်း တွေးမိပါသည်။

ထို့ပြင် 'အင်ဒို-မွန်ဂိုလွိုက်' စာအုပ်တွင် 'ကိရာတ' ဟူသော ဝေါဟာရသည် ကိရန်တိဟူသော နီပေါပြည် တိဘက်မြန်မာအနွယ်ဝင် လူမျိုးအမည်နှင့် အတူတူပင် ဖြစ်သည်ဟု သုတေသီများယူဆချက်မှာ မှန်ကန်မည် ဖြစ်ကြောင်း၊ တိဘက်-မြန်မာ

အမည်တစ်ခုကို သင်္ကေတမှုပြုထားခြင်းဖြစ်နိုင်ကြောင်းဖြင့် စာအုပ်ရေးသူက မှတ်ချက်ချထားပါသည်။ ဤတွင် ကိုရန်တဟူသော ဝေါဟာရသည် မြန်မာရာဇဝင်လာ ကမ်းယံနှင့် မနီးစပ်ပေဘူးလားဟုလည်း တဖန်တွေးမိပြန်ပါသည်။

အင်ဒို-မွန်ဂိုလွိုက်များသည် ဩစတြစ်၊ ဒရာဗီဒီယန်၊ အာရယန်စသော လူမျိုးများနှင့် ရောနှောယှက်တင် နေလာကြရာတွင် အာရယန်ဘာသာစကားတစ်ခုခုသို့ ပြောင်းလဲပြောဆိုကောင်း ပြောဆိုမည်၊ ဗြဟ္မဏ ဟိန္ဒူဝါဒကို လက်ခံကျင့်သုံးကောင်း ကျင့်သုံးမည် ဖြစ်သော်လည်း မျိုးနွယ်ချင်းရောစပ်မှုမှာ နည်းပါးသဖြင့်သူတို့၏ နဂိုမွန်ဂိုလွိုက်အသွင်မှာ မပျောက်မပျက် ရှိကြသည်ဟု ဒေါက်တာချတ္တာဂျီက သူ့စာအုပ်တစ်နေရာတွင် ဖော်ပြထားပါသည်။ ထိုမှုမက အင်ဒို-မွန်ဂိုလွိုက်များအကြောင်းကို သူက အောက်ပါအတိုင်း ထပ်မံစီစစ်တင်ပြထားပါသည်။

အာရယန်ဘာသာစကားနှင့် ဝေဒကျမ်းလာ မီးကိုပူဇော်ကိုးကွယ်မှုတို့သည် ဘီဟာပြည်နယ်မြောက်ပိုင်းအလွန်ဖြစ်သော အိန္ဒိယပြည်မြောက်ပိုင်းတွင် ဘီစီ ၇၀၀ အလျင်က ရှိပုံမရသေး။ ထိုအချိန်က (ဘီစီ-၇၀၀ အလျင်က) ဘင်္ဂလားပြည်မြောက်ပိုင်း အာသံစသောနယ်တို့တွင် တိဘက်-မြန်မာ အနွယ်ဖြစ်နိုင်ဖွယ်ရှိသော တန်ခိုးကြီးသော တိုင်းပြည်များပေါ်ပေါက်ခဲ့ပြီး ဖြစ်ပေလိမ့်မည်။ ထိုပြည်တို့တွင် တိဘက်မြန်မာ အများစုနှင့် ဩစတြစ်များ၊ ဒရာဗီဒီယန်များ ရောနှောနေထိုင်ကြပေလိမ့်မည်။ တိဘက်-မြန်မာများသည် ထိုနယ်များ အတွင်းသို့ နှောင်အခါ အဟုမ်ရှမ်းများ ဝင်ရောက်သကဲ့သို့ ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။ အစဉ်အလာအရ ထို အင်ဒို-မွန်ဂိုလွိုက်တိုင်းပြည်တစ်ခု၏ ဘုရင်ဖြစ်သော ဘာဂဒတ္တမင်းသည် ကုရုခေတ္တရာစစ်ပွဲတွင် ဝင်ရောက်ဆင်နွှဲခဲ့ပေသည်။

ဗုဒ္ဓ၏ခေတ်တွင် ဘီဟာနယ်တွင် မြောက်ပိုင်း၌ တန်ခိုးကြီးသော လိစ္ဆဝီလူမျိုးစုကို ကျွန်ုပ်တို့ တွေ့ရပေသည်။ ထိုလူမျိုးစုသည်လည်း အင်ဒို-မွန်ဂိုလွိုက် မျိုးနွယ်ပင်ဖြစ်သည်ဟု အဆိုပြုကြသည်။ ထိုအချိန်က လိစ္ဆဝီဟူသော အမည်သည် ဂုဏ်ယူဖွယ်အမည်တစ်ခု ဖြစ်ပေသည်။ အရှေ့ဘက်နေ လူမျိုးစုများ ဖြစ်ကြသော သကျ၊ ကောလိယ၊ လိစ္ဆဝီ၊ ဝဇ္ဇီ၊ မောရိယနှင့် တခြားလူမျိုးစုအားလုံးတို့သည် လုံးဝမွန်ဂိုလွိုက်မျိုးနွယ်စုများလည်း ဖြစ်နိုင်သည်။ သို့မဟုတ် မွန်ဂိုလွိုက်သွေးအများစုပါသော မျိုးနွယ်များလည်း ဖြစ်နိုင်သည်။

ဤအတိုင်းဆိုလျှင် ဗုဒ္ဓသည်ပင် အင်ဒို-မွန်ဂိုလွိုက်တစ်ဦး ဖြစ်နိုင်သည်။ သတိပြုသင့်သည်မှာ ဗုဒ္ဓဝါဒ၏အယူအဆအများစုသည် အာရယန်တို့၏ ဝါဒ၊ အထူးသဖြင့် အာရယန်တို့၏ လူမျိုးအဆင့်အတန်းခွဲခြားမှုကို တော်လှန်တိုက်ခိုက်သော အယူအဆ

များ ဖြစ်သည်။ ဗုဒ္ဓသည် အများ၏ဆန္ဒကို ဂရုစိုက်လေသည်။ Buddha was democratic သင်ကြားချက်တို့ကို ဝေဒကျမ်း၏သစ္စာခံ ပြဟ္မဏတို့၏ စာပေဆိုင်ရာ ဘာသာစကား (သက္ကတ)ဘောင်အတွင်း သွတ်သွင်းထားလိုစိတ် မရှိချေ။ ဗုဒ္ဓ၏တရားကို အရှေ့တောင်အာရှနိုင်ငံများနှင့် တိဘက်၊ မွန်ဂိုလီယ၊ တရုတ်၊ ကိုးရီးယား၊ ဂျပန်နိုင်ငံများနေလူမျိုးများက လက်ခံကျင့်သုံးကြခြင်းများမှာလည်း လူမျိုးဆိုင်ရာ အကြောင်းအချက်များ နောက်ခံရှိနေ၍လားဟု စဉ်းစားမေးမြန်းစရာ ဖြစ်နေပေသည်။

ဒေါက်တာ ချတ္တာဂျီ၏ အထက်ပါသုံးသပ်ချက်များကို ဖတ်ရှုရင်း ကျွန်တော်သည် ဘင်္ဂလား၊ အာသံ၊ မဏိပူရစသောနယ်မြေများနှင့် ကျွန်တော်တို့၏ အထက်မြန်မာပြည်၊ ရခိုင်ပြည်စသော နယ်မြေများ ဆက်စပ်လျက်ရှိပုံကို သတိရမိပါသည်။ ဟိမဝန္တာတောင်စဉ် တောင်တန်းများမှ ဖြာထွက်လာသော ကျွန်တော်တို့နိုင်ငံရှိ တောင်စဉ်တောင်တန်းများနှင့် ဂင်္ဂါမြစ်စီးဝင်ရာ ဘင်္ဂလားအော်သို့ပင် စီးဆင်းနေသော ကုလားတန်မြစ်၊ မဏိပူရမြစ်နှင့် အနီးစပ်တည်ရှိသော ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်စသည်တို့ကိုလည်း စိတ်မျက်စိတွင် တရေးရေးမြင်ယောင်မိပါသည်။ နောက်ဆုံးတွင် ဘီစီ ၁၀၀၀ခန့်က အာသံပြည်တွင် တန်ခိုးကြီးသော မွန်ဂိုလွိုက်အနွယ်ဝင် ဘုရင်ဘာဂဒတ္တမင်းသည် နိုင်ငံတည်ထောင်၍ ထီးနန်းစိုးစံလျက်ရှိပြီးဖြစ်ခဲ့သော် ကျွန်တော်တို့၏ အထက်မြန်မာပြည်၊ ရခိုင်ပြည်စသော နယ်များတွင် ထိုအချိန်က တန်ခိုးကြီးသော မွန်ဂိုလွိုက် (ဝါ) တိဘက် မြန်မာဘုရင်များသည် အဘယ်ကြောင့် မြို့ပြတည်ထောင်စိုးစံလျက် မရှိနိုင်ရမည်နည်းဟုလည်း မိမိဘာသာ မေးခွန်းထုတ်မိပါသတည်း။

**ရခိုင်မဂ္ဂဇင်း**

# ဆရာထွန်း၏ ပန်းရွှေမြိုင်

**စကားပလ္လင်**

ဤ "ဆရာထွန်း၏ ပန်းရွှေမြိုင်" စာတမ်းသည် မူလက "မြန်မာနိုင်ငံသုတေသန အသင်း" Burma Research Society အတွက် ပြုစုခဲ့သော စာတမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံသုတေသနအသင်းကြီးရှိစဉ်က ရခိုင်စာဆို ဆရာထွန်း၏ သာခြင်းတစ်ခုကို ထုတ်ဝေလို၍ တည်းဖြတ်ပေးရန် အသင်း၏အမှုဆောင်အဖွဲ့က ကျွန်တော့်အား တာဝန်ပေးပါသည်။ ကျွန်တော်သည် လက်ဝယ်ရနိုင်သော ဆရာထွန်း၏သာခြင်းများကို တတ်နိုင်သမျှ လေ့လာပြီးနောက် မြန်မာစာပေ သုတေသီများနှင့် ရခိုင်ဒေသစကားများကို လေ့လာလိုသူများအတွက် အကျိုးဖြစ်ထွန်းနိုင်လိမ့်မည်ဟု ယူဆပါသော 'ပန်းရွှေမြိုင်နှင့်နန်းကေခိုင် သာခြင်း' ကို တည်းဖြတ်ပြီး ဤစာတမ်းကို ပြုစုခဲ့ပါသည်။ သို့ပါသော်လည်း စာတမ်းပြုစုဆဲမှာပင် အသင်းကြီးချုပ်ငြိမ်းသွားသဖြင့် ဆရာထွန်း၏ သာခြင်းကို 'မြန်မာနိုင်ငံသုတေသနအသင်း စာစဉ်' ၏ စာအုပ်တစ်အုပ်အဖြစ် မထုတ်ဝေနိုင်ခဲ့ပါ။ ပြုစုပြီးဖြစ်သော ဤစာတမ်းကိုလည်း စစ်တွေမြို့ တန်ဆောင်စာပေဝိုင်းမှ ဆရာကြီး ဦးဗသိန်း အပါအဝင် မိတ်ဆွေများအား လေ့လာလိုက လေ့လာနိုင်ကြစေရန် အပ်နှံလိုက်ပါသည်။ ထိုမှတဆင့် ယခုရခိုင်သားကြီးစာပေက ထုတ်ဝေသည့် စာအုပ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါကြောင်း။ ။

## 'ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာခြင်း'

၁။ ဆရာထွန်းမှာ ရခိုင်ပြည်တွင် နာမည်ကျော်ကြားသော သာခြင်းစာဆို တန်ခိုး ဆရာထွန်းဖြစ်ပြီး ပန်းရွှေမြိုင်မှာ ဆရာထွန်း၏ 'ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာခြင်း' ကို အတိုကောက်ခေါ်လိုက်သော အမည်ဖြစ်ပါသည်။ ပန်းရွှေမြိုင်နှင့် နန်းကေခိုင် သာခြင်းသည် ဆရာထွန်း၏ သာခြင်းများအနက် ပထမတန်းစား သာခြင်းတစ်ခု မဟုတ် စေကာမူ စိတ်ဝင်စားစရာအချက် အတော်များများပါဝင်သော သာခြင်း ဖြစ်ပါသည်။ ယင်းအချက်များအနက် ဤနေရာတွင် ၁။ သာခြင်း၏ နောက်ခံသမိုင်း။ ၂။ သာခြင်း တွင် ဆရာထွန်း သွင်းပေးထားသော အသက်သွေး။ ၃။ ဆရာထွန်း၏ စကားတန်ဆာ စသည်တို့ကို မျဉ်းတပြေးအနေက လေ့လာတင်ပြရန် ရည်ရွယ်ပါသည်။

၁။ နောက်ခံသမိုင်း။ ။ ပန်းရွှေမြိုင်သည် ဆရာထွန်း၏ ကိုယ်ပိုင်မဟုတ်ပါ။ ပန်းရွှေမြိုင်၏ မွေးသဖခင်မှာ ဆင်ဖြူကျွန်းဆရာသင် ဖြစ်ပါသည်။ ဆင်ဖြူကျွန်း ဆရာ သင်သည် 'ပန်းရွှေမြိုင်နှင့် နန်းကေခိုင်ပြဇာတ်' ကို ခရစ်သက္ကရာဇ် ၁၈၈၂တွင် ပထမ အကြိမ်ထုတ်ဝေခဲ့သည်ဟု သိရပါသည်။ (၁) ဆင်ဖြူကျွန်းဆရာသင်၏ ပန်းရွှေမြိုင် နှင့် နန်းကေခိုင်ပြဇာတ်သည် ဆရာထွန်းတို့ခေတ်က ရခိုင်ဖက်သို့ ကူးရောက်ခဲ့ဟန်တူ ပါသည်။ ထိုပြဇာတ်၏ ဇာတ်လမ်းမှာ ထိုခေတ်ထိုအခါက အနောက်ရိုးမ ဝဲယာနှစ်ဖက် စလုံးတွင် နေထိုင်ကြသော လူထုပရိသတ်နှစ်သက်သည့် ဇာတ်လမ်းမျိုးဖြစ်ပါသည်။ ထို့ကြောင့် ဆရာထွန်းတို့က ပန်းရွှေမြိုင်နှင့် နန်းကေခိုင်ပြဇာတ်ကို ထိုအချိန်က ရခိုင် လူထုအသဲစွဲ ရခိုင်လူထုထဲတွင် ကျယ်ကျယ်ပြန့်ပြန့်ကျက်စားနေသော သာခြင်း ပုံသဏ္ဍာန်သို့ ပြောင်းပေးခဲ့ရပုံရပါသည်။

၁။ ၁။ ဆရာထွန်းတို့လို ဆိုလိုက်ခြင်းအားဖြင့် ပန်းရွှေမြိုင်နှင့် နန်းကေခိုင်ပြဇာတ် ကို သာခြင်းပုံသဏ္ဍာန်သို့ ပြောင်းပေးခဲ့သောစာဆိုမှာ ဆရာထွန်းတစ်ဦးတည်းမဟုတ် ဟု ဆိုလိုကြောင်း စာဖတ်သူတို့ ရိပ်စားမိပါလိမ့်မည်။ ဟုတ်ပါသည်။ ဆရာထွန်းအလျင် မောင်သာအောင်ခေါ် သာခြင်းဆရာက 'ပန်းရွှေမြိုင်နှင့် နန်းကေခိုင်' ကို သာခြင်းဖွဲ့ ခဲ့ဖူးပါပြီ။ ယင်းအချက်ကို ဆရာထွန်းကပင် သူ့သာခြင်းပိုဒ်ရေ (၃၀)တွင် ဤသို့ ဖော်ပြမှတ်တမ်းတင်ခဲ့ပါသည်။

သာခြင်းစကေ၊ ဤသည်ဝတ္ထု၊ ဖြစ်ပျက်မှုကို၊ နှင်းရာတွင်၊ ဟောပါကျင်သည်၊ ဝင်သည်မဟုတ်။ ရှေးဟံသာတွင်၊ ဆရာသင်လေ၊ စီရင်ထုတ်ကေ၊ စာအုပ်ပြဇာတ်၊ ငါတို့သူငါ၊ ငယ်စဉ်ခါက၊ ဝယ်ကာဖတ်လို့၊ နောက်ထပ်တစ်ခါ၊ ဤကဗျာကို၊ ဆရာကျော် ခေါင်၊ မောင်သာအောင်လျှင်၊ ကြံဆောင်ပြုလုပ်၊ သာခြင်းသာယာ၊ တို့ဘာသာဖြင့်၊ စီကာထုတ်---ဟူ၏။

၁။၂။ ဆရာထွန်း၏ မှတ်တမ်းအရ 'ပန်းရွှေမြိုင်' သည် ၅၅၀ နိပါတ်တော်တွင် ပါဝင်သော ပုံဝတ္ထုတစ်ခုမဟုတ်။ ဆရာသင်၏ ထိုးဇာတ်ဖြစ်ပါသည်။ သို့သော် ပန်းရွှေ မြိုင်၏ ဇာတ်လမ်းကို လောလောဆယ် မလေ့လာလိုသေးပါ။ ဆရာသင်၏ ပန်းရွှေမြိုင် ပြဇာတ်ဘဝမှ ဆရာထွန်း၏ ပန်းရွှေမြိုင် သာခြင်းဘဝသို့ အဘယ်ကြောင့်၊ ဘယ်နည်း ဘယ်ပုံ ကူးပြောင်းလာရသည်ဟူသော ဖြစ်စဉ်အကျဉ်းမျှကိုသာ ယခုလေ့လာလိုပါသည်။ ဆရာသင်၏ 'ပန်းရွှေမြိုင်' ဇာတ်လမ်းဟောင်းကို ဆရာမောင်သာအောင်က သာခြင်း အဖြစ် ပြောင်းလဲဖွဲ့ဆိုခဲ့ဖူးပြီ။ သို့ပါလျက် အဘယ်ကြောင့် ဆရာထွန်းကသာခြင်း ပုံသဏ္ဍာန်ဖြင့်ပင် ထပ်မံဖွဲ့ဆိုရပါသေးသနည်း။ ထို့ပြင် ဆရာထွန်း၏ အဆိုအရ 'လူမိုက်' အချို့က ဆရာသာအောင်၏ သာခြင်းဟောင်းကို ထိုဆရာထွန်း၏ သာခြင်းသစ်ထက် ပိုပိုနှစ်ခြိုက်ကြလိမ့်မည်ဟု ဆရာထွန်းကိုယ်တိုင်က သာခြင်းပိုဒ်ရေ (၁၅)တွင် ဤသို့ ဝန်ခံခဲ့ပါသည်။

'ပန်းရွှေမြိုင်ကို၊ အစဉ်သင့်စွာ၊ ထွန်းဆရာလျှင်၊ ကဗျာပင်မြစ်၊
တို့ရခိုင်လေ၊ အစဉ်ထုံးဖြင့်၊ စီကုံးလိုက်လေ၊ လူမိုက်ထိုထို၊
မောင်သာအောင်ခေါ်၊ ထိုဆရာလေ၊ သာခြင်းဟောင်းလောက်၊
မကောင်းဆိုမည်၊ ဤကဗျာကို ပညာရှိတို့ သိလိမ့်မည်လေ။

၁။ ၃။ လူမိုက်က ပိုမိုနှစ်သက်သည်ဖြစ်ဖြစ်၊ လူလိမ္မာကပိုမို နှစ်သက်သည် ဖြစ် ဖြစ် ဆရာထွန်း၏ သာခြင်းသစ်နှင့် ဆရာသာအောင်၏ သာခြင်းဟောင်းတို့မှာ ထိုခေတ် လူထုထဲတွင် အားပြိုင်ခဲ့သည်မှာ ထင်ရှားပေသည်။ သို့ပါလျက် ဤသာခြင်းသစ်ကို ဆရာထွန်းသည် အဘယ့်ကြောင့်ရေးခဲ့ရပါသနည်း။ ဤမေးခွန်းကို ဆရာထွန်းသည် သူ့သာခြင်းတွင်ပင် အဖြေပေးခဲ့ပါသည်။ ဆရာထွန်း၏ အဖြေအရ 'ပန်းရွှေမြိုင်' သာခြင်းသစ်ကို ရေးစီရခြင်းမှာ အကြောင်းနှစ်ခုကြောင့် ဖြစ်သည်ဟု သိရပါသည်။ ပထမအကြောင်းမှာ ရှေးကဗျာသာခြင်းတို့ကို နောက်သားနောင်လာတို့သည် တတ်ပင်

မတတ်တော့ဘဲ ပျောက်ပျက်တိမ်ကောသွားမည်ကို စိုးရိမ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ယင်းအချက်ကို သာခြင်းပိုဒ်ရေ (၂)တွင် ဆရာထွန်း ဖော်ပြခဲ့ပါသည်။ ဒုတိယ အကြောင်းမှာမူ ဆရာသာအောင်၏ သာခြင်းဟောင်းတွင် များစွာကြမ်းကြုတ်သော ဖရုသဝါစာစကားများ ပါခြင်းကြောင့်ပင်ဖြစ်သည်ဟု ဆရာထွန်းက ဆိုပါသည်။

**၁။ ၄။ သာခြင်းပိုဒ်ရေ ၂ တွင်**

'အလေ့အလာ၊ ရှေးကဗျာ၏၊ နည်းနာများကို၊

နောက်သားနောင်လာ၊ များမကြာခင်၊ ကဗျာသံချို၊

သာခြင်းကိုလေ၊ အဆိုအရွတ်၊ အအုပ်အခံ၊ ပုဒ်မကျန်လေ၊

ကာရန်စပ်အောင်၊ မဖတ်တတ်ဘဲ' ဟု ဆရာထွန်း ဆိုခဲ့ပါသည်။ ရခိုင်ပြည်သူတို့သည် လယ်ထွန်ရင်း ဆွားကျောင်းရင်း ဗိုင်းငင်ရင်း ရေခပ်ရင်း အနားယူရင်း သာခြင်းများကို ဆိုခြင်း ညည်းခြင်းပြုလေ့ရှိကြပါသည်။ ရိုးမတောင်၏ အရှေ့ဖက်တွင် တောင်ငူခေတ် မင်းဇေယျရန္တမိတ်ကစ၍ သာခြင်းများ ဖွဲ့ခဲ့သည်ဟု ဆရာကြီးဦးဖေမောင်တင် မိန့်ကြားဖူးပါသည်။ ထိုနည်းတူ ရိုးမတောင်၏အနောက်ဖက်တွင်လည်း မြောက်ဦးခေတ် ဝိမလအမတ်ကြီးက သာခြင်း (သာချင်း)များများ စတင်ဖွဲ့ခဲ့သည်ဟု သုတေသီအချို့က ဆိုကြပါသည်။ ဇာတ်သဘင်များ မထွန်းကားမီက သာခြင်းများကို အလေးထားသော်လည်း၊ ဇာတ်သဘင်များ ထွန်းကားလာသောအခါ ဇာတ်ဝင်သီချင်းများက သာခြင်းများ၏ နေရာကို ယူလာကြပါသည်။ ထိုအခါ သာခြင်းများ၏အရှိန်အဝါသည် ညှိုးမှိန်လာပါတော့သည်။ ဤအခြင်းအရာကို ဆရာထွန်း နှစ်သက်ပုံမရ၊ ဆရာထွန်းသည် ရိုးမတောင်ယံမှ သာခြင်း ပဲ့တင်သံများတညံညံပေါ်ထွက်နေသည်ကို ကြားချင်သည်။ ထို့ကြောင့် 'ပန်းရွှေမြိုင်' အပါအဝင် သာခြင်းပေါင်း (၃၀)ခန့်ကို ဆရာထွန်း အင်တိုက်အားတိုက် စပ်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

၁။ ၅။ 'ပန်းရွှေမြိုင်သာခြင်း' ကို ဆရာထွန်းဖွဲ့ဆိုရခြင်း၏ အကြောင်းခံ ၂-ခု အနက် ဒုတိယအကြောင်းကို လေ့လာရာတွင်မူ ကျွန်တော်တို့သည် အာယာတ တရားကို ဖယ်ရှား၍ ကြည့်ရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဆရာထွန်းက

'ဤကဗျာကို၊ တို့ဘာသာဖြင့်၊ စီကာထုတ်လေ၊ စာပုဒ်အကွရာ၊

ထိုဆရာ၏၊ ကဗျာစကား၊ စပ်ကာရန်မှာ၊ တော်တန်ချောလည်း၊

မကြားသာအောင်၊ များစွာကြမ်းကြုတ်၊ စကားယုတ်ဖြင့်၊ ဖရုသဝါစာ၊

ထိုဆရာ၏၊ နွယ်လာဝံသ၊ ဇာတိကပင်၊ ရမ္မာဝတီ၊ မှိုင်းရီရီနှင့်၊

သည်ညီတွင်ငြား၊ ရမ်းဗြဲခေါ်ကေ၊ ကျွန်းရွာသားလျှင်၊ ဖြစ်ငြားလို့သာ၊

ဇာတိပေါ်အောင်၊ ဝါသနာမှု၊ ထိုသည်ဆရာ၊ စပ်ကဗျာကို၊ ဖတ်ကာရှုကေ၊

ကန္တဆိုင်တွင်၊ မကျင်ကျင်အောင်၊ လာဘ်လှျင်လည်းပုပ်၊ မလျော်ရာကို

ဖော်ကာပြောကေ၊ စကားယုတ်လို့' ဟု သာချင်းပိုဒ်ရေ (၃၀)တွင် ဆိုခဲ့ခြင်းကြောင့် ဖြစ်လေသည်။

၁။ ၆။ ရခိုင်ပြည်သည် မြစ်ချောင်း တောတောင် ထူထပ်သည့် အားလျော်စွာ သွားရလာရ ခက်ခဲလှပေသည်။ ထို့ကြောင့် တစ်ရပ်နှင့်တစ်ရပ် စကားသံများ ကွဲပြား ခြားနားလှ၏။ လူမှုဘာသာဗေဒအရ ဘာသာစကားတစ်ခုသည် အရပ်ဒေသကို လိုက်၍ လေယူလေသိမ်း၊ အသုံးအနှုန်း တစစကွဲပြားခြားနားရခြင်းမှာ အထူးအဆန်း မဟုတ် သော်လည်း သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးလိုသော နယ်ချဲ့သမားများသည် ထိုအချက်ကို အခွင့်ကောင်းယူ အသုံးပြုခဲ့သဖြင့် ရခိုင်ပြည်တွင် ရခိုင်သား၊ ရမ်းဗြဲသား၊ အနောက်သား၊ အောက်သားစသော ဒေသစွဲစိတ်ထားသည့် အင်အားအလွန်ကောင်းခဲ့ ရပေသည်။

ထို့ကြောင့် ဆရာထွန်းတို့ကဲ့သို့ စစ်တွေလေသံဖြင့် ပြောဆိုသူတို့က ရမ်းဗြဲလေသံ ဖြင့် ပြောဆိုသူတို့ကို ရမ်းဗြဲသား၊ ကျွန်းသားဟူသော အခေါ်အဝေါ်ဖြင့် နှိမ့်ချကာ ရိုင်းသည်၊ အောက်တန်းကျသည်ဟု အထင်သေးကြသကဲ့သို့ ရမ်းဗြဲလေသံဖြင့် ပြောဆို သူတို့ကလည်း ဆရာထွန်းတို့ ဇာတိနယ်ပယ်မှ လူတို့ကို ရခိုင်သား၊ ဆတ်မသားဟူသော အခေါ်အဝေါ်ဖြင့် ကင်ပွန်းတပ်ကာ ရိုင်းစိုင်းကြမ်းကြုတ်သည်ဟု ရှုတ်ချခဲ့ကြသည်။ သို့ဖြစ်သဖြင့် နယ်ချဲ့သမား၏ မျက်မှန်စိမ်းကြောင့် အမြင်မှန်မရခဲ့ရှာသော ဆရာထွန်း က 'ဆရာသာအောင်သည် ရမ်းဗြဲသားဖြစ်၍သာ ယုတ်မာရိုင်းစိုင်းသော စကားများ ကို သာချင်းတွင် ထည့်ရေးခဲ့သည်' ဟု ဆိုခြင်းကို အပြစ်တင်စရာ လုံးဝမရှိပေ။ ယခု ခေတ်အခါကဲ့သို့ 'ရခိုင်သား၊ ရမ်းဗြဲသား အားလုံးတူတူထား' ဟူသော တေးကို ဟစ် ကြွေးရုံသာမက၊ ရခိုင်လည်း မြန်မာ၊ မြန်မာလည်း ရခိုင်ဟူသော စိတ်ဓာတ်ဖြင့် ပြည်ထောင်စုမဏ္ဍိုင်ကြီးကို တခဲနက် တစ်တိုင်းတည်းအဖြစ် ကြံ့ခိုင်မြဲမြံစွာ စိုက်ထူနေ ကြသော အခါသမယမျိုးဖြစ်ပါမူကား ဆရာထွန်းသည် ထိုစကားမျိုးကို လုံးဝဆိုခဲ့မည် မဟုတ်ပေ။ ထိုသို့ ဆိုခဲ့မည်မဟုတ်သော ဆရာထွန်း၏ စိတ်ထားကိုလည်း ဆရာထွန်း၏ သာချင်းတွင်ပင် တွေ့ရပါသည်။

၁။ ၇။ ဆရာထွန်းသည် ဆရာသာအောင်ကို 'ဆရာကျော်ခေါင်၊ မောင်သာ အောင်' ဟု ချီးမြှောက်ခေါ်ဝေါ်ခြင်းပြုပြီး ဆရာသာအောင်သည် ရမ်းဗြဲကျွန်းသား ဖြစ်၍သာ ဖရုသဝါစာစကားများကို သာချင်းတွင် ထည့်ရေးခဲ့သည်ဟု အကန်

အကျောက်ပြုခဲ့သည်။ သို့သော် ဆရာသာအောင်၏ သာခြင်းဟောင်းသည် ကဗျာစကား စပ်ကာရန်မှာ တော်တန်ချောသည်ဟု ချီးမွမ်းစကားကို ဆိုခဲ့ရုံမျှမက ဆရာသာအောင် ၏ သာခြင်းဟောင်းကို အများပြည်သူတို့ ဝယ်ယူဖတ်ရှုကြသဖြင့် စွံလှကြောင်း။ သာခြင်း လာ အဖြစ်အပျက်များမှာလည်း မှတ်စရာ၊ သံဝေဂရစရာဖြစ်အောင် ရေးစီထားသော အဖြစ်အပျက်ဖြစ်ကြောင်း။ ဆရာသာအောင်၏ သာခြင်းဟောင်းကြောင့် ရခိုင်ပြည်သူ လူထုသည် 'ပန်းရွှေမြိုင်' ဇာတ်လမ်းကို စွဲမက်တသကာ ဖတ်ပြီးရင်း ဖတ်ချင်ရင်း ဖြစ်နေကြ၍ သာခြင်းဝယ်ရန် မေးကြကြောင်း။

ထိုအခါ ဆရာသာအောင်သာခြင်းဟောင်းမှာ မရနိုင်တော့ပြီဖြစ်၍ မောင်ငနီဆိုသူ ၏ တောင်းပန်ချက်အရ ဆရာထွန်းက 'ပန်းရွှေမြိုင်' သာခြင်းသစ်ကို ရေးသားလိုက် ခြင်းဖြစ်ကြောင်း စသည်တို့ဖြင့် ဆရာထွန်းက သူ၏သာခြင်းပိုဒ်ရေ (၇၇)တွင် အောက် ပါအတိုင်းဖော်ပြခဲ့သည်။

'ဆရာကျော်ခေါင်၊ မောင်သာအောင်လျှင်၊ ကြံဆောင်ပြုလုပ်၊ သာခြင်းသီပျာ၊
စီကာ ထုတ်ကေ၊ စာအုပ်ကိုသည်၊ ဤပြည်သူတို့၊ ဝယ်ယူလတ်လို့၊
ဖတ်ကြလေကေ၊ မှတ်ဖွယ် လည်းကောင်း၊ ဖြစ်ပျက်ဟန်မှာ၊ သံဝေဂလျှင်၊
ရလောက်ကြောင်းနှင့်၊ အပေါင်းပြည်သူ၊ လွယ်တကူလျှင်၊ ဝယ်ယူဖတ်ရှု
ဆိုင်ဒုက္ခန်မှာ၊ ကုန်ပြတ်လတ်ကေ၊ နောက်ထပ်တစ်ခါ၊ များလူဗိုလ်တို့၊
ဝယ်လိုရေးနှင့်၊ မေးခြင်းရာကြောင့်၊ ဆရာကုံးစီ၊ မောင်ငနီလျှင်၊ အညီ
တောင်းပန်၊ အကြောင်းပြန်သော်၊ ညဏ်ပဒေသာ၊ ထွန်းဆရာလျှင်၊
စီကာရေးလို့၊ ပေးလိုက်ပါသည်'

၁။ ၈။ ဆိုခဲ့သော စကားများအရ ဆရာထွန်းသည် ဆရာသာအောင်ကို လူပုဂ္ဂိုလ် အနေနှင့် ချိုးနှိမ်လိုစိတ် မရှိသည်မှာ ထင်ရှားပါသည်။ ထို့အတူ 'ဆရာသာအောင်သည် ရမ်းဗြဲကျွန်းသားဖြစ်၍သာ သူ့သာခြင်းတွင် ဈေးဆိုင်မှာ တင်ရောင်းက ဈေးဦးပေါက် ဖွယ် မရှိလောက်အောင် ဖရုသဝါစာစကားများကို ထည့်ရေးခဲ့သည်' ဟု ကိုလိုနီနယ်ချဲ့ သမားတို့ သွတ်သွင်းခဲ့သော သွေးဆိုးကြောင့် ဆိုမိသော်လည်း ဆရာထွန်း၏ အရင်း ခံစိတ်ဓာတ်မှန်မှာ အမှန်ဆိုအမှန်အတိုင်းတင်ပြတတ်သော၊ တင်ပြလေ့ရှိသော သမာ သမတ်စိတ်ထားကြောင့်ဖြစ်ကြောင်း ထင်ရှားပါသည်။

၁။ ၉။ 'ပန်းရွှေမြိုင်' သာခြင်းမှာ ရခိုင်ပြည်တွင် လူကြိုက်များလှ၍ ဆရာထွန်းသည် ပင် ၂ ကြိမ်တိုင်တိုင် ရေးသားပုံနှိပ်ခဲ့ရပါသည်။ ပထမအကြိမ်ရေးသားထုတ်ဝေခဲ့သော

စာအုပ်များ ကုန်ပြီးနောက်မှ နောက်တစ်ကြိမ်ပြည်သူက 'ပန်းရွှေမြိုင်' ကို တောင့်တလာကြပြန်သည်။ ထိုအခါ ယခင်ရေးခဲ့ရင်းသာခြင်းမူကိုလည်း ရှာမရနိုင်တော့သဖြင့် စစ်တွေမြို့နေ ကုန်သည် ဦးမောင်မောင်နှင့် ဦးကောက်ရတို့က ငွေအစိတ်ညက်ပူဇော်ကာ ဆရာထွန်းကို ထပ်မံရေးစေပြန်ပါသည်။ ထို့ကြောင့် ဆရာထွန်းသည် နတ်ဆိပ်ရွာ စာသင်ကျောင်းတွင် ကျောင်းဆရာလုပ်နေခိုက် မြန်မာသက္ကရာဇ် ၁၂၆၈ခု (ခရစ်နှစ် ၁၉၂၄ခု) နှစ်တွင် ပန်းရွှေမြိုင်နှင့် နန်းကေခိုင် သာခြင်းကို ဒုတိယအကြိမ် ရေးသားပြန်ပါလေသည်။ ယခုအခါ ကျွန်တော်တို့ တွေ့နိုင်သော 'ဆရာထွန်း၏ ပန်းရွှေမြိုင်' မှာ ယင်းဒုတိယအကြိမ်ရေးခဲ့သော 'ပန်းရွှေမြိုင်' ဖြစ်ပါသည်။

၂။ ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာခြင်းတွင် ဆရာထွန်း သွင်းပေးထားသော အသက်သွေး မည်မျှပါရှိသနည်း။ ဤမေးခွန်းကို ပြည့်ပြည့်စုံစုံဖြေနိုင်ရန်မှာ ဆရာသင်၏ မူလပြဇာတ်နှင့်လည်းကောင်း၊ ဆရာသာအောင် သာခြင်းဟောင်းနှင့်လည်းကောင်း နှိုင်းယှဉ်ချိန်ထိုးကြည့်ရန် လိုပေလိမ့်မည်။ သို့သော် ဆရာသင်၏ ပြဇာတ်နှင့် ဆရာသာအောင်၏ သာခြင်းဟောင်းတို့မှာ လက်လှမ်းမီသော နေရာတွင်ပင် မရှိသေးသဖြင့် ဤကားဆရာထွန်း၏ မူပိုင်ဖြစ်တန်ရာ၏ဟု အနုမာနဖြင့်သာ တတ်နိုင်သမျှ ချိန်ဆတင်ပြရခြင်း ဖြစ်ပါ၏။ ထို့ကြောင့် ဤနေရာတွင် ဆရာထွန်း၏ မူပိုင်ဖြစ်နိုင်သည်ဟု ယူဆရသော အချက်အလက်တို့ကိုသာ အကျဉ်းမျှ ဖော်ပြမည်ဖြစ်ပါသည်။ ယင်းအတွက်ကို စာဖတ်သူများခွင့်လွှတ်ရန် ကြိုတင်တောင်းပန်ပါ၏။

၂။ ၁။ 'ပန်းရွှေမြိုင်ဇာတ်လမ်း' ကို ပြဇာတ် ပုံသဏ္ဌာန်မှ သာခြင်းပုံသဏ္ဌာန်သို့ ပြောင်းလိုက်ကတည်းကပင် ဆရာထွန်းနှင့် ဆရာသာအောင်တို့ သွင်းပေးလိုက်သော အသက်သွေးသည် 'ပန်းရွှေမြိုင်နှင့် နန်းကေခိုင်' သာခြင်းတွင် သုံးပုံတစ်ပုံခန့် ပါဝင်ပြီဟု ကျွန်တော်တို့ ပြောနိုင်မည်ထင်ပါသည်။ အဘယ်ကြောင့်ဆိုလျှင် စာပေအတွေ့အကြုံတစ်ရပ်တွင် စာပေ၊ စာဆို၊ စာဖတ်ပရိသတ် သုံးဦးသုံးဖလှယ်တို့၏ တြိဂံ ပါဝင်ဆက်သွယ်မှု၌ ပြဇာတ်သည် ကပြရန်ရည်ရွယ်ရေးသားထားသဖြင့် ပြဇာတ်ကို ကပြသောအခါ စာရေးဆရာသည် (ဇာတ်ကောင်တစ်ဦး မဟုတ်ခဲ့လျှင်) ပါဝင်သည် မဟုတ်။ ပွဲကြည့်ပရိသတ်ကလည်း စာရေးဆရာကို စိတ်မဝင်စား၊ ဇာတ်လမ်းဇာတ်ကွက်နှင့်ဇာတ်ဆောင်သူတို့၏ အမူအရာ၊ အပြောအဆိုတို့ကိုသာ ဂရုစိုက်ပါသည်။

သို့သော် သာခြင်းမှာမူ နားထောင်သူ ပရိသတ်ကို ဆိုပြရန် ရည်ရွယ်၍ ရေးသားထားသောကြောင့် သာခြင်းစာဆိုလည်း တြိဂံဆက်သွယ်မှုတွင် ပါဝင်လာပါသည်။ သာခြင်းဆိုသည်ကို နားထောင်ရာတွင် စာရေးဆရာ၊ သို့မဟုတ် စာရေးဆရာကိုယ်စား သာခြင်းသီဆိုသူ၏ အာဝဇ္ဇာန်းသည် အရေးကြီးလာပါသည်။ တစ်နည်းအားဖြင့် စာဆို

၏ အာဝဇ္ဇာန်းရွှင်မှုသည် သာခြင်း၏ အသက်သွေးအများစုပင် ဖြစ်သည်ဟုဆိုလျှင် ရနိုင်မည် ထင်ပါသည်။ ဇာတ်ကွက်ဇာတ်လမ်း ကောင်းစေဦးတော့ စာဆိုသူ၏ အာဝဇ္ဇန်း ကောင်း၊ မကောင်းအပေါ်မူတည်၍သာ သာခြင်းစွဲခြင်း၊ မစွဲခြင်း ဖြစ်လာနိုင်ပါသည်။

၂။ ၂။ စာဆိုတစ်ဦး၏ အာဝဇ္ဇန်းကောင်း မကောင်းသည် ဘယ်အပေါ်တွင် တည်သည်ကို လူတိုင်းပင် သိနိုင်ကြပါလိမ့်မည်။ စာဖတ်သူ (တစ်နည်းအားဖြင့် စာနာသူ)ကို စကားဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်၍ ပရိသတ်စိတ်ဝင်စားမည့် စကားကို ပရိသတ်သဘောကျမည့်ပုံစံ၊ ပရိသတ်၏စိတ်အာရုံကို နှိုးဆွနိုင်မည့် လေတို့ဖြင့် ပြောနိုင်ရမည် ဖြစ်ပါသည်။ သို့ဖြစ်လျှင် ပန်းရွှေမြိုင်သာခြင်းတွင် ဆရာထွန်း၏ အာဝဇ္ဇန်းသည် မည်သို့ရှိသနည်း၊ စိစစ်ကြည့်ရန်သာ လိုပါသည်။ ဆရာထွန်း၏ အာဝဇ္ဇန်းကို စီစစ်ရာတွင် ဆရာထွန်းသည် သူ့သာခြင်းကို ပရိသတ်က စိတ်ဝင်စားသဘောကျအောင် မည်သို့ဖွဲ့၍ မည်သို့လေကို သုံးစွဲခဲ့ပုံလောက်ကိုသာ ဤတွင်စဉ်းစားချင်ပါသည်။ သာခြင်းဖွဲ့စည်းပုံကို စဉ်းစားမည်ဆိုလျှင် သာခြင်းက ဇာတ်အိမ်ကိုလည်း အကျဉ်းမျှ သိထားရန် လိုအပ်မည်ထင်ပါသည်။

၂။ ၃။ ဆရာထွန်း၏ 'ပန်းရွှေမြိုင် သာခြင်း' လာ ဇာတ်အိမ်အဆောက်အအုံမှာ ဤသို့ဖြစ်ပါသည်။

၂။ ၃။ (က) ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်ဘုရင်တွင် ရာဇညနှင့် နန်းကေခိုင်ဟု သားတော်နှစ်ပါးရှိ၏။ မင်းကြီးနတ်ရွာစံလေသော် နောင်တော်ရာဇညက အရိုက်အရာဆက်ခံပြီး ညီတော်နန်းကေခိုင်မင်းသားကို ပညာသင်စေရန် တက္ကသိုလ်သို့ လွှတ်လိုက်သည်။ နန်းကေခိုင် မင်းသားလည်း လက်စွဲတော် ငရွှေလှော်နှင့် ပညာသင် သွားလေသည်။

ကဥ္စနပဗ္ဗတောင်ရှိ ဂူတစ်ခုတွင် တရားအားထုတ်နေသော ဆေးဝိဇ္ဇာဇော်ဂျီတစ်ဦးရှိသည်။ နတ်ပြည်မှ စန္ဒာနတ်သမီးသည် နတ်သက်ကုန်၍ ဇော်ဂျီနေထိုင်ရာ အနီးရှိ ပေါက္ခရဝတီရေကန်ထဲက ကြာငုံကြီးတစ်ခုတွင် သန္ဓေယူ၏။ ထူးဆန်းသောကြာဖူးကြီးကို ဇော်ဂျီယူ၍ သိမ်းထားရာ သန္ဓေသူကလေး ပေါက်ဖွားလာသည်။ ဇော်ဂျီက ပန်းရွှေမြိုင်ဟု အမည်ပေးပြီး သမီးအဖြစ် မွေးထားလေသည်။

၂။ ၃။ (ခ) ပန်းရွှေမြိုင်အရွယ်ရောက်စပြုလာ၏။ တစ်နေ့တွင် ဇော်ဂျီသည် ပန်းရွှေမြိုင်ကို ဂူတွင်ထားခဲ့၍ ဆေးပင်ဆေးမြစ်ရှာရန် ထွက်ခွာသွားသည်။ ဇော်ဂျီ မရှိခိုက် တက္ကသိုလ်မှ ပညာတတ်မြောက်၍ ပြန်လာသောနန်းကေခိုင်မင်းသားသည် တောတွင်း၌ မျက်စိလည်လမ်းမှားကာ ပန်းရွှေမြိုင်ရှိရာ ဂူသို့ရောက်လာသည်။

ပန်းရွှေမြိုင်နှင့် နန်းကေခိုင်မင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာမျှသွားကြကာ မင်းသား၏နေပြည်တော်သို့ ပန်းရွှေမြိုင် လိုက်သွားသည်။ ဇော်ဂျီသည် ဆေးမြစ်တူးရာမှ ပြန်ရောက်သောအခါ ဂူတွင်သမီးကို မတွေ့။ ရေးခဲ့သော စာကိုသာတွေ့၍ သမီးနောက်သို့ ထက်ကြပ်မကွာ လိုက်သည်။ မင်းသားကလည်း ဇော်ဂျီမလိုက်နိုင်အောင် အမျိုးမျိုး အဆီးအတားပြုသည်။ ဇော်ဂျီသည် အဆီးအတားများကို ထိုးဖောက်၍ သမီးကို အကြိမ်ကြိမ်လိုက်ခေါ်သော်လည်း ပန်းရွှေမြိုင်က ပြန်လိုက်ရန် ငြင်းဆိုသည့်အပြင် ဇော်ဂျီမှာ နောက်ဆုံးအဆီးအတားကို ကျော်လွှားနိုင်စွမ်းမရှိ၍ ဂူသို့ပြန်ရရှာလေသည်။

၂။ ၃။ (ဂ) ပန်းရွှေမြိုင်နှင့် နန်းကေခိုင်တို့သည် နေပြည်တော်သို့ ပြန်ရောက်သောအခါ နောင်တော်ဘုရင်ထံ အခစားဝင်ကြ၏။ ခယ်မတော်ကို ဘုရင်သည် မြင်မြင်ချင်းသဘောကျကာ သိမ်းပိုက်ကြံစည်တော့သည်။ ထို့ကြောင့် မကြာမြင့်မီမင်းညီတော်အား 'နဂါးတန်ဆာဒွါဒယာ' ကို ရှာဖွေ ဆက်ရမည်ဟု အမိန့်တော်ချ၏။ နန်းကေခိုင်နေပြည်တော်မှ ထွက်သွားရသောအချိန်တွင် ပန်းရွှေမြိုင်မှာ ကိုယ်ဝန်အရင့်အမာနှင့်ကျန်ရစ်သည်။ ပန်းရွှေမြိုင်သားဖွားပြီးနောက် ခဲအိုဘုရင်က နန်းကေခိုင်တောတွင်းမှာ သေပြီဖြစ်၍ သူ့မိဖုရားအဖြစ်လက်ခံရန် ပန်းရွှေမြိုင်အား တိုက်တွန်းရာ ပန်းရွှေမြိုင်က လက်မခံသည့်ပြင် ဘုရင်ကို ကြမ်းတမ်းစွာ ဆဲဆို၏။

ဘုရင်လည်း အမျက်ထွက်၍ ပန်းရွှေမြိုင်အား သတ်စေခိုင်းသဖြင့် ပန်းရွှေမြိုင်ကို နာဂဝင်ဆင်နှင့်နင်းသတ်ပြီး ကလေးကို သုသာန်တွင်ပင် ထားလိုက်လေသည်။

၂။ ၃။ (ဃ) ပန်းရွှေမြိုင်သည် အသတ်မခံရမီက မိမိမှာ နတ်သူတော်ဖြစ်၍ သားငယ်ကို အဘိုးဖြစ်သူဇော်ဂျီရပါစေဟု မိဋ္ဌာန်ခဲ့သည့်အတိုင်း သူငယ်ကို ဇော်ဂျီရ၏။ ဇော်ဂျီလည်း သူငယ်ကို ဝံသကုမ္ဘာဟု အမည်ပေးပြီး နဝရတ်အိုင်ရေနှင့် ချိုးပေးကာ ၁၉နှစ်သားအရွယ်သို့ ရောက်စေ၏။ အရွယ်ရောက်လာသော ဝံသကုမ္ဘာသည် မိမိ၏ မိဘအကြောင်းကို မေးမြန်းရာ ဇော်ဂျီလည်း တိတိကျကျမဖြေနိုင်သဖြင့် ဇော်ဂျီမရှိခိုက် မိဘကိုစုံစမ်းရန် ဂူမှထွက်ခဲ့သည်။ နန်းကေခိုင်လည်း မဏိမေခလာနတ်သမီး၏ အကူအညီဖြင့် နဂါးတန်ဆာဒွါဒယာကိုရယူခဲ့ပြီး နေပြည်တော်သို့အပြန် ညောင်ညိုပင်စခန်းတွင် နားနေခိုက် ဝံသကုမ္ဘာနှင့် တွေ့ကြသည်။ သွေးက ပြောသဖြင့် နန်းကေခိုင်သားအဖတို့ တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်မိကြကာ နန်းကေခိုင် ဝံသကုမ္ဘာကို နန်းတော်သို့ လိုက်ခဲ့ရန်ခေါ်သည်။

ထိုအခိုက်တွင်ပင် မြေးတော်ပျောက်ရှာသော ဇော်ဂျီနှင့် ဆုံကြပြန်သည်။ သုံးဦးသား ပန်းရွှေမြိုင်အကြောင်း စကားစပေါ်ရာက ပန်းရွှေမြိုင်ကို တမ်းတငိုယိုကြရာ

နတ်သူတော်စင် ပန်းရွှေမြိုင် ကိုယ်ထင်ပြ၊ ဖြစ်ကြောင်းကုန်စင် နတ်သံနှောပြောပြပြီး ရာဇညဘုရင်ကိုတိုက်ရန် ဖခင်၊ လင်၊ သားဖြစ်သူတို့အား တိုက်တွန်းသည်၊နောက်ဆုံး နန်းကေခိုင်တို့ ရာဇညဘုရင်အား တိုက်ခိုက်နှိမ်နင်း။ ဘုရင်ကို ကျွားစာကျွေးသတ်ပြီး နေပြည်တော်ကို သိမ်းပိုက်။ ဝံသကုမ္မာကို အိမ်ရှေ့နှင်းလေသည်။

၂။ ၄။ ဤဝတ္ထုဖြစ်စဉ်သည် ဆရာထွန်း ဝန်ခံထားသည့်အတိုင်း ဆရာသင်၏ ဝတ္ထုဖြစ်သဖြင့် ဆရာထွန်းလောင်းပေးသော သွေးသစ်နှင့် စပ်လျဉ်း၍ စဉ်းစားဖွယ်ရာ မရှိဟု ဆိုရမည်ဖြစ်သော်လည်း ဇာတ်အိမ်အဆောက်အအုံကို ဆရာထွန်းက မည်သည့် အနေအထားဖြင့် သူ့အာဝဇ္ဇန်းကိုသုံး၍ သူ့သာခြင်းတွင် စည်းရုံးထားသည်ကို သုံးသပ် ကြည့်ရန် လိုမည်ထင်ပါသည်။ သာခြင်းကို ဖတ်ကြည့်လျှင် ပထမဆုံး ဆရာထွန်းအား ပုံပြောကောင်းသူတစ်ယောက်အဖြစ် တွေ့ရမည် ဖြစ်ပါသည်။ ဆရာထွန်းသည် သူ့သာ ခြင်းကို ပုံပြောပြသည့် အနေမျိုးဖြင့် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဇာတ်အိမ် တည်ပါသည်။

ထို့ကြောင့် ပန်းရွှေမြိုင်ပုံဝတ္ထုသည် သူ့သာခြင်းတွင် ကာလအစဉ်အတိုင်း တိုးတက် ဖြစ်ထွန်းသွားပါသည်။ ထို့ပြင် ဆရာထွန်းသည် သူ့သာခြင်းကို ပုံပြောကောင်းသူတို့ သဘာဝအတိုင်း ချဲ့သင့်သည့်နေရာတွင် ချဲ့၍ ချုံ့သင့်သည့်နေရာတွင် ချုံ့ထားသည်ကို လည်း တွေ့ရသည်။

၂။ ၅။ ဆရာထွန်း၏ သာခြင်းအရ ပုံပါဇာတ်ဆောင်များအနက် ပန်းရွှေမြိုင်သာ ပဓာနဇာတ်ဆောင်ဖြစ်နေသည်ကို တွေ့ရပါသည်။ ပန်းရွှေမြိုင်ကို ဗဟိုထား၍သာ တခြားဇာတ်ဆောင်များ လှုပ်ရှားကြရသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကာလအစဉ် အလျောက် ရွေ့လျား၍ တစ်ဦးတည်းသော ဇာတ်ဆောင်ကို အတိုပြုထားသော ဆရာ ထွန်း၏ သာခြင်းလာ ဇာတ်အိမ်ကို 'ဖြစ်ရပ်မီ ဇာတ်အိမ်' Episodie plot ဟု ခေါ်ရမည် ဖြစ်ပါသည်၊ အခန်း (၁) ဆုံးခါနီးမှစ၍ ပန်းရွှေမြိုင်၏ စရိုက်ကိုဖော်ပြီး ဖြစ်စဉ်ပြလာ သော ဆရာထွန်း၏သာခြင်းသည် အခန်း (၇) ပန်းရွှေမြိုင်ကို ဆင်နှင့်နင်းသတ်ခန်းတွင် ဖြစ်ရပ်မီ ဇာတ်အိမ်တို့၏ ထုံးတမ်းစဉ်လာအတိုင်း ဇာတ်အထွတ်သို့ ရောက်သွားပါ သည်။ ဤနေရာအထိ ဖြစ်ရပ်အသွယ်သွယ်တို့ကို ပြောပြရာ၌ လည်းကောင်း၊ ဇာတ် ဆောင်တို့၏ စရိုက်ကို ဖော်ပြရာ၌ လည်းကောင်း၊ ဆရာထွန်း၏ ရှင်လှသောအာဝဇ္ဇန်းကို တွေ့ရပါသည်။

အပျိုဖော်ဝင်စ မိန်းမပျိုတို့၏ စိတ်လှုပ်ရှားမှုများ၊ တောတွင်း၌ကြီးပြင်းလာရသော ရိုးသားသည့် မိန်းမငယ်တို့၏ အမူအရာစိတ်ထားများ၊ အဖေတစ်ခု သမီးတစ်ခု ယုယ

တွယ်တာခဲ့သောဘဝတွင် သမီးငယ် ချစ်သူနောက်သို့ လိုက်သွားသောအခါ ကျန်ရစ်သူဖခင်တို့၌ ဖြစ်ပေါ်လာတတ်သော ယေဘုယျသဘောလက္ခဏာ စိတ်အမူအရာများ၊ ပဒေသရာဇ်စသော အထက်တန်းလွှာတို့၏ လိင်ကိစ္စတို့နှင့်ပတ်သက်၍ ဖောက်ပြန်သော အပြုအမူများစသည်တို့ကို ဆရာထွန်းသည် ခေတ်အလိုက် ပယ်ရှား၍မရနိုင်သော မွမ်းမံချက်များမှတပါး ယထာဘူတကျစွာ ဖွဲ့နွဲ့နိုင်ခဲ့ပါသည်။

၂။ ၆။ အခန်း ၈မှ ၁၃ အဆုံးထိသည် ဇာတ်အိမ်တွင် အဆင်းပိုင်း ဖြစ်ပါသည်။ ယင်းအဆင်းပိုင်း၌ အခန်း ၈မှ ၁၁ အဆုံးထိ ဇာတ်ထုံးဖြေခဲ့ပြီး အခန်း ၁၂ နှင့် ၁၃ တွင် ဇာတ်သိမ်းလိုက်ပါသည်။ အထက်တွင် (၂ ၅)သုံးသပ်ခဲ့သကဲ့သို့ 'ပန်းရွှေမြိုင်၏ဖြစ်စဉ်' သည် ပန်းရွှေမြိုင်ကို ဗဟိုပြုထားသော ဖြစ်စဉ်ဖြစ်သဖြင့် ပန်းရွှေမြိုင်သေပြီးနောက်မှ အခန်း ၆ခန်းတိတိဆက်လက်၍ ဇာတ်အိမ်ကိုဖွဲ့စည်းခဲ့ခြင်းသည် ဇာတ်မျောအောင် လုပ်သည်နှင့် မတူပေဘူးလားဟု ဆရာထွန်းကို အပြစ်ဆိုစရာ ရှိမည်ထင်ပါသည်၊ ဤတွင် ဇာတ်အိမ်တည်ရာ၌ အသုံးခံပစ္စည်းဖြစ်သော ပုံဝတ္ထုနှင့်ဇာတ်ကွက်၏ အတက်အဆင်းပမာဏတို့ကိုစဉ်းစားရန် လိုမည်ထင်ပါသည်။

၂။ ၇။ ဇာတ်အိမ်တည်ရာ၌ သုံးသော ပုံဝတ္ထုသည် ဆရာထွန်း၏ ပုံဝတ္ထုမဟုတ်ကြောင်းကို ဆိုခဲ့ပြီးပါပြီ။ သို့သော် ဆရာထွန်းသည် စာဖတ်သူစာနာသူတို့၏ အလိုကျဖြစ်အောင် ဇာတ်အိမ်တည်ရမည်ဖြစ်သောကြောင့် ပုံဝတ္ထုထဲမှ ဆရာရွေးနုတ်၍ လည်းကောင်း၊ ပုံဝတ္ထုကို လှည့်ပတ်ပြုပြင်၍ လည်းကောင်း ဇာတ်အိမ်တည်နိုင်ခွင့် ရှိပါသည်။ သို့သော် ဆရာသည် မူလပုံဝတ္ထုကို သူ့အတိုင်းပင်ထား၍ ဇာတ်အိမ်တည်ခဲ့ဟန်တူပါသည်။ ထိုသို့ မူလပုံဝတ္ထုအတိုင်းထားခြင်းကြောင့် ဆရာ့တွင် စိတ်ကူးဉာဏ် မရှိဟုဆိုခြင်းထက် ခေတ်အကြိုက်ကို ဆရာလိုက်ခဲ့သည်ဟု ဆိုခြင်းက ပိုမှန်မည် ထင်ပါသည်။ ဆရာထွန်း၏သာခြင်းအရ ပန်းရွှေမြိုင်ပုံဝတ္ထု၏ သဘာဝကို ဆင်ခြင်သော ဇာတ်အထွတ်ထိပ်အတတ်ပိုင်းသည် ခေတ်ကာလအလျောက် ထည့်သွင်းတတ်သော အသေးအဖွဲ့ကလေးများမှ တစ်ပါး သဘာဝယုတ္တိနှင့် ပြည့်စုံသောအပိုင်းဖြစ်သည်ဟု ဆိုနိုင်ပြီး ဇာတ်ထုံးဖြေလာသော အပိုင်းမှာမူ သဘာဝယုတ္တိမတန်ဘဲ လွန်ကဲသောအချက် များပါဝင်သည့် အပိုင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

သဘာဝယုတ္တိမတန်သောအပိုင်းကို ဆရာသည် အဘယ့်ကြောင့် ပြုပြင်မပစ်သနည်း။ ဤမေးခွန်းအတွက် အဖြေကို ဆရာထွန်းတို့ ခေတ်က ပေးပါသည်။ မြန်မာစာပေသုတေသီအချို့က ၁၈၇၅ မှ ၁၉၂၂ အတွင်း ပြဇာတ်စာပေတွင် သဘာဝလွန်အဖြစ်အပျက်အကြောင်းအရာ အခြေအနေများကို အများဆုံး ဖော်ပြရေးသားသည်ဟုဆိုကြပါသည်။ ထိုသို့ ထိုခေတ်က ရေးသားခြင်းသည် ပရိသတ်အကြိုက်ကို လိုက်၍ရေး

သွားခဲ့သော ဆရာသင်၏ ပြဇာတ်လာ ပုံဝတ္ထုကို ဆရာထွန်းကလည်း ပရိသတ်အကြိုက်ကို လိုက်၍ ရေးသားခြင်းဖြစ်တန်ရာပေသည်။ သို့ဖြစ်လျှင် ပရိသတ်အကြိုက် လိုက်၍ ရေးခဲ့သော ဆရာသင်၏ ပြဇာတ်လာပုံဝတ္ထုကို ဆရာထွန်းလည်း ပရိသတ်အကြိုက် လိုက်၍ ရေးသားခြင်းသာ ဖြစ်တန်ရာသည်။ သို့ဖြစ်လျှင် ပရိသတ်အကြိုက် လိုက်၍ ရေးခဲ့သော ဆရာသင်၏ပြဇာတ်လာ ပုံဝတ္ထုကို ဆရာထွန်းလည်း ပရိသတ်အကြိုက်ကို လိုက်၍ မပြုမပြင်ဘဲ ထားရမည်သာ ဖြစ်ပါသည်။

၂။ ၈။ ဆရာထွန်းသည် မူလပုံဝတ္ထုကို သူ့အတိုင်းထား၍ ဇာတ်အိမ်တည်ခဲ့သော်လည်း ပရိသတ်အလိုကျ (အထူးသဖြင့် ရခိုင်ပရိသတ်အလိုကျ) ဖြစ်စေရေးအတွက် ပြုပြင်ခဲ့ဦးမည်ဟုကား ယူဆစရာရှိပါသည်။ ရခိုင်အပါအဝင် မြန်မာပရိသတ်တစ်ရပ်လုံးသည် ဝတ္ထု၊ ဇာတ်အစရှိသော အနုပညာဆိုင်ရာ အာရုံခံစားမှု အတွေ့အကြုံတွင် ယေဘုယျအားဖြင့် စိတ်ကိုလေးလံစေသော အလွမ်းနက်နက်ကို မနှစ်သက်။ စိတ်အာရုံ အပြောင်းအလဲ ရစေနိုင်သော အလွမ်းပေါ့ပေါ့ကိုသာ နှစ်သက်သဖြင့် အလွမ်းအသေ စုံလင်သော ဇာတ်ရှင်ကိုပိုမိုလိုလားသည်ဟု ဆိုနိုင်မည် ထင်ပါသည်။

ထို့ပြင် မိမိတို့ ကြင်နာနှစ်သက်ခြင်းကို ခံယူရသော ဇာတ်ကောင်တစ်ဦးဦး နိမ့်ကျသွားခြင်း၊ ပျက်စီးပျောက်ကွယ်သွားခြင်းတို့ကိုလည်း ယေဘုယျအားဖြင့် မလိုလားကြပါ။ ပန်းရွှေမြိုင်ဖြစ်စဉ်တွင် 'ပန်းရွှေမြိုင်' သည် ပရိသတ်၏ကြင်နာမှုကို ရာနှုန်းပြည့် ရယူသော ပဓာနဇာတ်ဆောင် ဖြစ်ပါသည်။ ယခုပန်းရွှေမြိုင်သေပြီ။ ပဓာနဇာတ်ဆောင်သေပြီ ဖြစ်သဖြင့် ပန်းရွှေမြိုင်ဇာတ်အကြောင်းသည် လွမ်းဇာတ်ဖြစ်သင့်သည်။ အလွမ်းဇာတ်အဖြစ် အထွတ်တင်လာသောဇာတ်ကို နက်ရှိုင်းသော အလွမ်းဇာတ်အဖြစ်အဆုံးသတ်မည်လော၊ ပရိသတ်ကြိုက်မည် မဟုတ်။ ထိုကြောင့် ဆရာသင်ရော၊ ဆရာထွန်းပါ ပန်းရွှေမြိုင်ကို ဘဝပြောင်းစေကာ ဇာတ်ရှင်အဖြစ်ကို လက်ခံလိုက်ကြဟန် တူပါသည်။

ဇာတ်ရှင်အဖြစ် ဇာတ်ရည်လည်စေရန် ဆရာထွန်းသည် သူ့သာခြင်းတွင် အဆင်းပိုင်းကို အခန်း ၆ ခန်း ဖွဲ့ရပါတော့သည်။ သို့သော် ဇာတ်မျောမနေစေရန် အတက်ပိုင်းတွင် အလွမ်းသယ်၍ ဇာချဲ့ခဲ့သလောက် အဆင်းပိုင်းကို ချုံးလိုက်ပါတော့သည်။ ဤအချက်ကို အောက်ပါဇယားက ထင်ရှားစေပါလိမ့်မည်။

က။ ဇာတ်ပန္နက် (၁ ခန်း)၊ ၂။ ၃(က)ရှု၊ သာခြင်း ပုဒ်ရေ ၄။

ခ။ အတက်ပိုင်း ၅ ခန်း ၂။ ၃ (ခ-ဂ)ရှု။

ဂ။ အထွတ် ၁ခန်း သာခြင်းပိုဒ်ရေ ၄၊ ၅

ဃ။ အဆင်းပိုင်းဇာတ်ထုံးဖြေ ၂။ ၃ (ဃ) ရှု၊ ၄ ခန်း သာခြင်း ၂၁

င။ ဇာတ်သိမ်းပိုင်း ၂၈ခန်း ပိုဒ်ရေ ၅

၂။ ၉။ ဆရာထွန်းသည် ဆရာသင်၏ 'ပန်းရွှေမြိုင်' ဇာတ်ကြောင်းကို မိမိအာဝဇ္ဇန်းဖြင့် ချဲ့သင့်သည့်နေရာတွင် ချဲ့ကာ ချုံ့သင့်သည့်နေရာချုံ့၍ ဇာတ်အိမ်ဖွဲ့စည်းခဲ့ပုံကို အကြမ်းမျှလေ့လာကြည့်ပြီးနောက် သူ၏သာခြင်းကို ဇာတ်ရှင်ဖြစ်စေမည့် 'လိပ်ပြာ' ကို မည်သည့်နေရာတွင် ဆရာထွန်း ထည့်ခဲ့သည်ကို ရှာကြည့်ကြရပါမည်။ ဤနေရာတွင် ရခိုင်ပြည်နေ လူထု၏အကြိုက်ကို လိုက်ခဲ့ဟန် တူပေသည်။ ရခိုင်သည် မြစ်ချောင်းတောတောင်ထူထပ်သည့် အရပ်ဖြစ်သည်။ ဤအရပ်မျိုး၌ အသက်မွေးရသူတို့၏ အသက်မွေးမှုမှာ ကြမ်းတမ်းခက်ခဲသည်။ နေ့စဉ်နှင့်အမျှ ခက်မာသောသြကာသနှင့် ထိတွေ့နေရပြီး ခက်ခဲစွာ အသက်မွေးကြရသော ရခိုင်ပြည်သူတို့မှာ စိတ်၏ပေါ့ပါးရွှင်လန်းစရာ ဟာသကို ဆီအပေါက်ရှာသလို ရှာမိကြသည်။ ထိုအချက်ကို သတိရဟန်တူသော ဆရာထွန်းသည် သူ့သာခြင်းတွင် ရတတ်သမျှနေရာကလေးကို ရှာကြံ၍ ဟာသထည့်ပေးသည်။ ကြည့်ပါ။

၂။ ၉ (က)။ ပန်းရွှေမြိုင်နှင့် နန်းကေခိုင်တို့ စတွေ့တွေ့ချင်း နန်းကေခိုင်က ချစ်ရေးဆိုသည်။ ပန်းရွှေမြိုင်က စိတ်တွင်လိုလားနှစ်သက်သော်လည်း အပျိုရိုင်းပီပီ နန်းကေခိုင်ကို အကပ်မခံရဲ။ နန်းကေခိုင်က တစ်စတစ်စ ချဉ်းကပ်သွားကာ ဖြန်းခနဲ ပန်းရွှေမြိုင်၏ ရင်သားကို တို့လိုက်သည်။ ထိုအခါ နှစ်သက်လိုလားခြင်း၊ ရှက်ရွံ့ထိတ်လန့်ခြင်း၊ အပျိုတန်ဖိုးကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်လိုခြင်းစသော စိတ်များရောယှက် ရှုပ်ထွေးနေသလို စိတ်အဖွဲ့အစည်းရှိနေသူ ပန်းရွှေမြိုင်ကား

'မေ့ကိုတစ်မူ၊ တို့လာသူနှင့်၊ အတူညားလို့၊ သားငါးယောက်ပင် ဖွားမြောက်မြင်' ဟု ရုတ်တရက် လန့်ဖျပ်ယောင်ယမ်းကာ ပြောစေခိုင်းလိုက်သည်။

ဤသို့ပြောလိုက်သော ပန်းရွှေမြိုင်ကို နန်းကေခိုင်သာမက သာခြင်းကို ကြားနာရသူတိုင်း သဘောကျကြပေလိမ့်မည်။ နောက် သာဓကတစ်ခုပြပါမည်။

၂။ ၉ (ခ)။ သားဖွားမြင်ပြီးသော ပန်းရွှေမြိုင်အား ခဲအိုဘုရင်က အခေါ်ခိုင်းပြီး သူ့မိဖုရားလုပ်ရန် တိုက်တွန်းသည်။ ထိုသို့တိုက်တွန်းရန်အတွက် ဘုရင်သည် ပန်းရွှေမြိုင်အား ပျူငှာကြင်နာစွာ နှုတ်ဆက်ခဲ့ပြီး ညီတော်သည် တောတွင်း၌ 'နဂါးဟောက်ကျားပေါက်သေ' ကြောင်း သတင်းရသည်ဟု လိမ်သည်။ ပန်းရွှေမြိုင်က

'နဂါးဟောက်တေ၊ ကျားပေါက်သေဟု၊ ဘိုးအေလက်ထက်၊ အဆက်ဆက်က၊

ဆက်လက်ပြီးထွေ၊ သင်မင်းဖျားမှာ၊ ကြားဖူးရေလား၊ မသေမချာ၊ ရယ်စရာ'

ဟု ပြောချလိုက်သည်။

မှန်ပါသည်။ ဘုရင်၏စကားသည် သာခြင်းသံကြားရသူ ပရိသတ်အား တဝါးဝါး ပွဲကျစေမည့်စကား ဖြစ်ပေသည်။ အမှန်အားဖြင့် ပန်းရွှေမြိုင်ကို ဘုရင်က လူပျိုစကား ပြောသော ဤအခန်းသည် ပန်းရွှေမြိုင်အတွက် အရေးကြီးသကဲ့သို့ ဘုရင်အတွက်လည်း အရေးကြီးပေသည်။ ဇာတ်ကွက်ကို နောက်ဆုံးမြှင့်တင်သောအခန်းလည်းဖြစ်ရာ ကရုဏာရသ၊ ဘယာနကရသ၊ ရုဒ္ဒရသစသော အရသာတို့ကို ရင်တဖိုဖိုခံစားရသည့် လေးမျိုး ဖြစ်သင့်သည်။ သို့သော် ဆရာထွန်းသည် ထိုအရသာတို့ကို ဖော့၍ဟာသရသ လေဖြင့် ဇာတ်ရှင်၏ဝန်းကျင်အခြေအနေကို ဖန်ဆင်းလိုက်ခြင်းသည် ရခိုင်ပြည်သူတို့ အကြိုက်ကို လိုက်ပေးခြင်းပင် ဖြစ်ပေသည်။ ထို့ပြင် ဤနေရာသည် သူ့သာခြင်းကို ဇာတ်ရှင်ဖြစ်စေမည့် 'လိပ်ပြာ' ကို ဆရာထွန်းစတင်မြှုပ်နှံသောနေရာဟု ယူဆလျှင် လည်း ရနိုင်မည် ထင်ပါသည်။

၂။ ၉ (ဂ)။ ဆရာထွန်းသည် ပရိသတ်အကြိုက်ကိုလိုက်၍ ဇာတ်အိမ်တည်ပြီး ပရိသတ်သဘောကျမည့် လေကိုသုံးကာ သူ့သာခြင်းကို အသက်သွင်းပေးရုံမျှမက ပန်းရွှေမြိုင်၏စရိုက်ကို ဖော်ရာတွင်လည်း ရခိုင်ပြည်သူတို့၏ စိတ်နေစိတ်ထားတစ်ရပ် ကို ထင်ဟပ်ပြလျက် သာခြင်းတွင် သွေးသစ်လောင်းပေးခဲ့သည်ဟု ဆိုနိုင်မည် ထင်ပါ သည်။ သို့သော် ပန်းရွှေမြိုင်၏ စရိုက်ကို ဤနေရာတွင် ဆွေးနွေးရန်အခွင့်မသာသေး ၍ ပေယျာလကန်ပြုခဲ့ပါရစေ။

၂။ ၁၀။ သတ္တုချသော် ဆရာထွန်းသည် ဆင်ဖြူကျွန်း ဆရာသင်၏ 'ပန်းရွှေမြိုင် နှင့် နန်းကေခိုင်' ပြဇာတ်ကို သာခြင်းပုံသဏ္ဍာန်သို့ သွေးသစ်ပြောင်းရာတွင် ဆရာ သာအောင်နှင့်အတူ ပါဝင်ခဲ့၏။ ထို့ပြင် သူ့သာခြင်းကို ဖွဲ့စည်းရာတွင် ပရိသတ်အလို ကျလည်း ဖြစ်စေ၊ ဇာတ်လည်း မမျောစေရအောင် သူ့အာဝဇ္ဇန်းဖြင့် ချဲ့ခြင်း၊ ချုံ့ခြင်း ပြု၍ ဇာတ်အိမ်တည်ကာ သွေးသစ်လောင်းခဲ့၏။ ထိုမျှမက ပရိသတ်ကြိုက်မည့် (အထူး သဖြင့် ရခိုင်ပရိသတ်ကြိုက်မည့်) လေကိုလည်း သုံးခဲ့သည်ဟု ဆိုနိုင်မည် ထင်ပါသည်။

၃။ အာဝဇ္ဇန်းရှင်သော ဆရာထွန်းသည် မှတ်ဉာဏ်လည်း ကောင်း၍ ရခိုင်ဒေသိ ယစကား၊ ဒေသအလိုက်စကားသံအမျိုးမျိုးကိုလည်း နားပါးပါးဖြင့် ဖမ်းယူနိုင်စွမ်းရှိပုံ ရသည်။ ထို့ကြောင့်ပင် သူ၏ ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာခြင်းကို

(၁) သူ၏မှတ်ဉာဏ်မှ ထုတ်နုတ်သည်ဟု ဆိုနိုင်သော

(၂) သူ၏စိတ်ကူးဉာဏ်ဖြင့် ထုတ်နုတ်သည်ဟု ယူဆရသော
(၃) သူ၏ဒေသစကားသံ၊ ကာရံတို့ဖြင့် ဖန်တီးယူသောစကားတန်ဆာအမျိုးမျိုး တို့ဖြင့် ကြွယ်ကြွယ်ဝဝတန်ဆာပေးခဲ့ပါသည်။

ဤနေရာတွင် သူ၏စကားတန်ဆာများကို အစုံအစေ့ ရေတွက်ပြရန်မဖြစ်နိုင်သေးသဖြင့် သိသာရုံမျှသာ တင်ပြပါမည်။

၃။ ၁။ ဆရာထွန်းသည် လောကီလောကုတ္တရာစာပေအရပ်ရပ်ကို အတော်ပင် နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာဖူးဟန်တူပါ၏။ မနှံ့စပ်စေဦးတော့ ဖတ်ဖူးသမျှကို မှတ်နိုင်စွမ်း ရှိပုံရပါသည်။ ထိုကြောင့်လည်း အကြောင်းဆိုက်လာတိုင်း သူအကျွမ်းဝင်ခဲ့သော၊ သူ အမှတ်အသား ပြုဖူးခဲ့သော စာပေတည်းမှ စာတို့ကို သင့်နိုးရာရာထုတ်ယူ၍ သူ့အတိုင်း လည်းကောင်း၊ ပြုပြင်၍လည်းကောင်း ညက်ညက်ညောညော သုံးသွားနိုင်သည်ကို တွေ့ ရပါသည်။ ပုံစံအချို့ပြပါမည်။

၃။ ၁ (က)။ ပန်းရွှေမြိုင်နှင့် နန်းကေခိုင်မင်းသားတို့ စတွေ့ကြသော အခန်းကို ကြည့်ကြပါစို့။ ။ မျက်စိလည်လမ်းမှားလာသော နန်းကေခိုင်မင်းသားနှင့် လက်စွဲတော် ငရွှေလော့်တို့သည် မဥ္စပဗ္ဗတတောင်သို့ရောက်၍ တောင်ပေါ်ရှိဂူကိုမြင်ကြသည်။ ဂူမှာ ရှိမည်အထင်နှင့် ရေတောင်းသောက်ရန် လာခဲ့ကြရာ ဂူဝတွင်ထိုင်ကာ ငေးမျှော်နေသော ပန်းရွှေမြိုင်ကို မင်းသားမြင်သဖြင့်

'ရုပ်ရည်လှပ၊ ဤလိုဏ်ဂူမှာ၊ လူမိန်းမလျှင်၊ မုချဧကန်၊ မဟုတ်တန်' ဟု ငယ်ကျွန်အား ပြော၏။ ငရွှေလော့်က ယောကျ်ားနှင့်မိန်းမတွေ့နေကြမှ လူလောနတ်လော စဉ်းစားမနေပါနှင့်'

'ကိုယ်တော်ထွတ်ဖျား၊ မင်းယောကျ်ားမှာ၊ ရက်ထားပက္ကလာ၊ မိုးရွာသည်နှင့်၊ အစာ တင်ကေ၊ အဆင်သင့်' လှသည်။ အခွင့်သာခိုက်မှာ ချစ်ရအောင် ကြိုးစားပါဟု တိုက် တွန်းလိုက်သည်။ ဤနေရာတွင် ဆရာထွန်းသည် 'တိုင်း၍ ရက်သည့် ပက္ကလာမိုးရွာ သည်နှင့်အခန့်သင့်' ဟူသော ဦးပုည၏ ရေသည်ပြဇာတ်မှစကားကို ငရွှေလော့်၏ ပါးစပ်သို့ ကူးပြောင်းပေးလိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ထိုနည်းတူ လူပျိုရိုင်းဖြစ်၍ မငုံ့မရဲ ဖြစ်နေသော မင်းသားအား ငရွှေလော့်က ထပ်မံတိုက်တွန်းရာတွင်လည်း ဆရာထွန်း သည် ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ

'ခံတွင်းအပါး၊ မုတ်ဆိတ်ကြားမှာ၊ ပျားလာ၍စွဲချေမှ၊ မခဲမငြို၊ မြိန်ရုံသာလိုတော့

သည်' ဟူသော သောနုတ္တိုရ်၏ စကားကိုယူ၍

'ကိုယ်တော်မှန်ကန်း၊ ကျွန့်ထိပ်တင်ကော၊ အရှင်မင်းလေ၊ ခံတွင်းအပါး၊ မုတ်ဆိတ်ဆိတ်ကြားမှာ၊ မျှားစွာသဲသဲ၊ စားစရာလေ၊ ပျားလာစွဲမှ၊ မခဲမပြို၊ လျှာနှင့်လိုမ့်ပျာ၊ မြိန်ရုံသာ လိုတော့သည်' ဟု ငရွှေလှော်အား ပြောစေခိုင်းလိုက်ပါသည်။ ငရွှေလှော်၏ အားပေးအားမြှောက်ပြုမှု၊ လူသူမနီးသော တောကြီးစုံမြိုင်ခန်းဂူလိုဏ်တွင် မိန်းမပျိုတစ်ဦးနှင့် ရင်ဆိုင်တွေ့ရမှု၊ တွေ့နေရသော မိန်းမပျိုမှာလည်း မိုးနတ်သူဇာလောဟု တွေးတောယုံမှားဖြစ်စဖွယ် တင့်တယ်ချောမောမှုတို့ကြောင့် မင်းသားသည် ပန်းရွှေမြိုင်ထံ ချစ်ခွင့်ပန်လေတော့သည်။ ပန်းရွှေမြိုင်ကလည်း မင်းသားကို သဘောကျ၏။ သို့သော် အပျိုစင်ဖြစ်သဖြင့် ဣန္ဒြေဆည်ကာ 'မျက်နှာထားပုံခပ်မှုန်မှုန်နှင့်' နေသည်ကို

'ပုံဥပမာ၊ ထုတ်စရာက၊ သူတော်အယောင်၊ တူစွာဆောင်၍၊ ကြောင်သီတင်းသုံး၊ ကြွက်ကိုမြင်ကော၊ ရွှင်ပြုံးပြုံးသို့' အတွင်းစိတ်က ဖြစ်နေသည်ဟု ဆရာထွန်း ပုံခိုင်းလိုက်ခြင်းမှာလည်း ကျီးသဲလေးထပ်ဆရာတော်၏ 'ပုရာမ်ဓမ္မခန်ဖတ်စာ' လာ သူတော်အယောင်၊ ကြောင်သီတင်းသုံး၊ ကြွက်ကိုမြင်သော် ရွှင်ပြုံးပြုံး ဟူသောစကားဖြစ်နေသည်ကို တွေ့ရပါသည်။

၃။ ၁ (ခ)။ တစ်ဖန် နန်းကေခိုင်မင်းသား၏ နောက်သို့ ပန်းရွှေမြိုင်လိုက်သွားရာ ခရီးတစ်လျှောက် တောလားကို ဆရာထွန်း ဖွဲ့ပါသည်။ ဆရာထွန်း၏ တောလားပါပန်းများကို ဤသို့တွေ့ရပါသည်။

'ပိတောက်ရွှေဝါ၊ ထပ်တစ်ရာနှင့်၊ ခတ္တာအင်ကြင်း၊ ဆိတ်ဖလူးဝေလှိုင်၊
စမွေ(စံပယ်)ခိုင်'

'ပင်ပေါ်ထက်မှာ၊ ဖက်ဆွတ်သရဖီ၊ ခိုင်ရွှေစီနှင့်၊ ကက္ကရိမြင်တိုင်း၊ နော်ဇာမိုးစွေ၊
လက်တံရှည်ကော၊ ဓဝယ်မှိုင်း'

'ဂေါ်သဇင်က၊ ခေါ်တွင်နာရီ၊ ပန်းမိုးဇီကော၊ ရိုးနီသန္တာ၊ ပန်းမာလာ'

ဤတွင်ဖက်ဆွတ်၊ မိုးစွေ၊ လက်တံရှည်စသော ရခိုင်မြေတွင် မရှိသော်လည်း တောလားရတုစသော စာပေများတွင် သူတွေ့ဖူးဟန်တူသော ပန်းများနှင့် နာရီမိုးဇီရိုးနီသန္တာ (ရိုးလှသန္တာ)စသော ရခိုင်ပြည်တွင် သူတွေ့နေကျ ပန်းများကို ရောနှော၍ ဆရာထွန်းက သူ့စိတ်ကူးပန်းဥယျာဉ်တွင် ဖူးပွင့်စေခဲ့သည်ကို တွေ့ရပါသည်။

၃။ ၁ (ဂ)။ ဤသို့ ဆရာထွန်းသည် ဦးပုညစာ၊ ကျီးသဲစာ၊ တောလားရတု စသည်

တို့နှင့် အကျွမ်းဝင်ပုံရသကဲ့သို့ ဦးကြော့၏ ရှာပုံတော်ကြီးနှင့်တကွ ထိုစဉ်က ခေတ်စားသည်ဟု သိရသော လင်ပျောက်ရှာ၊ မယားပျောက်ရှာ၊ ရှာပုံတော်များနှင့်လည်း ရင်းနှီးပုံရပါသည်။ ထိုကြောင့်လည်း ဝံသကုမ္မာမိဘအရှာထွက်ခန်းနှင့် ဝံသကုမ္မာ ပျောက်၍ ဇော်ဂျီလိုက်ရှာခန်းတို့တွင် ယင်းရှာပုံတော်များ၏ ဖွဲ့နွဲ့နည်းကို ယူထားသည်တို့ တွေ့ရပါသည်။ ထို့မှုမက ဇာတ်စကားအစ၊ ဆေးကျမ်းစကားအလယ်၊ တရားဓမ္မစကားအဆုံး ကျမ်းဂန်စာပေသုံးဝေါဟာရတို့မှာလည်း ဆရာထွန်းထံ စကားတန်ဆာများအဖြစ်အသုံးခံရန် ဆရာထွန်း၏ မှတ်ဉာဏ်မှ သင့်လျော်သင့်သည့်အချိန်တိုင်းတွင် ထွက်လာကြသည်ကို တွေ့ရပါသေးသည်။

၃။ ၂။ ကျမ်းဂန်စာပေမှရရှိသော စကားများကိုသာမက မိမိပတ်ဝန်းကျင်တွင် မြင်နေရ၊ ကြားနေရ၊ တွေ့နေရသော အခြင်းအရာ၊ အဖြစ်အပျက်စသည်တို့မှ ထွက်ပေါ်လာသော ဝေါဟာရများကို ယူ၍လည်း ဆရာထွန်းသည် သူ့သာခြင်းတွင် ဆီလျော်ရာရာ၌ တန်ဆာဆင်ပေးခဲ့ပါသည်။

၃။ ၂ (က)။ နန်းကေခိုင်မင်းသားနောက်သို့ ပန်းရွှေမြိုင်လိုက်ခဲ့ရာ လမ်းတစ်လျှောက် ဆရာထွန်းဖွဲ့ခဲ့သော တောလားကို ပြန်ကြည့်ကြပါစို့။ ဆရာထွန်းသည် ပန်းများကို ဖွဲ့ရာ၌ မိမိ၏ပတ်ဝန်းကျင်တွင်မြင်တွေ့ရသော ပန်းများကို စာထဲပေထဲမှ ပန်းများနှင့် ရောနှောဖွဲ့ခဲ့ပုံကို မြင်ခဲ့ရပါပြီ။ သစ်သီးဝလံများကို ဖွဲ့ရာတွင်ကား

'ဖလံသစ်သီး၊ သုံးမငြီးအောင်၊ လုံးကြီးလုံးငယ်၊ နားကုတ်ကေနှင့်၊ သပြေထောက်ရှာ၊ မာလကာကေ၊ ပဒကာသဘော်၊ သရက်လိန်ကရာ၊ သီးသြဇာကေ၊ နော်နာများနှင့်၊ ငှက်ပျောမကူလီ (မဂလီ)၊ မှယင်းနီက၊ သုတီသုထွတ်၊ တပွတ်ကနစိုး' စသည်ဖြင့် မိမိပတ်ဝန်းကျင်မှ နားကုတ်သီး၊ ထောက်ရှာသီး၊ ပဒကာသီး၊ လိန်ကရာသီး၊ နော်နာသီး၊ မဂလီသီး၊ မှယင်း (မညင်း)သီး၊ သတွတ်သီးစသော သစ်သီးများကို ဦးစားပေး၍ ဖွဲ့နွဲ့ခဲ့ပါသည်။ ပုံစံအနည်းငယ်ပြရလျှင် အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) မိဘတရစ်၊ အမွေးထူလေ၊ နားထူကြီးကေ၊ ခွေးထက်မိုက်လို့ (အပိုဒ် ၂၁)
(၂) မသက်မသာ၊ တက်တက်ခေါ်၍၊ မာန်ပါဒေါသ၊ ပယောဂနှင့် (အပိုဒ် ၂၂)
(၃) ညအခါက၊ ဆက်သလှာသည်၊ ဒက်စာအုပ် (အပိုဒ် ၄၂)
(၄) ဖျားဆီးနာတာ၊ အရာရာမှာ၊ ငါစီးစစ်မည် (အပိုဒ် ၄၃)
(၅) ငါ့နှယ်မိန်းမ၊ ကွတ္တိယကို၊ မလလှာကေ့ (အပိုဒ် ၄၄)

(၆) ဗရုဗွက်ဆူ၊ သင်နှင့်မူလျှင်၊ မချူရသား (အပိုဒ် ၄၅)
(၇) တောမှာလည်းနီ၊ မပြောရီကော၊ ဇော်ဂျီသမီး၊ ပြင်းမျက်မာန်နှင့်၊ လင်းပြန်ကြီး (အပိုဒ် ၄၇)
(၈) ကြောက်မက်ဖွယ်သာ၊ ဘရဝါလေ၊ အာဏာသား (အပိုဒ် ၅၀)
(၉) စိတ်မှာမချိ၊ လိပ်ပြင်သာသို့၊ မေတ္တာပို့

အထက်တွင်ပုံစံပြထားသော ရခိုင်ဒေသသုံးဝေါဟာရများ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ခြူ = ရှုပ်ရှုပ်ပွေပွေလုပ်သည်။
စီးစစ် (ရခိုင်အသံ စီးစိုက်) = အရေးတယူ လုပ်သည်၊ ဂရုစိုက်သည်။
တရစ် (ရခိုင်အသံ တရိုက်) = ပြစ်မှားသည်၊ ပုတ်ခတ်သည်။
တက်တက်ခေါ် = တောက်ခေါက်သည်။
ဒက်-စာတိုက် (ဒက်ရုံး-စာတိုက်ရုံး) = ဒက်စာ၊ ချောစာ။
ဖျားဆီးနာတာ = ဖျားရေးနာတာ၊ မကျန်းရေး၊ မမာရေး။
ဘရဝါ = လူသတ်သမား။
မပြောရီ (ပြောရီကျမ) = အစုပ်အနုတ်မိန်းမ။
မာန်ပါ = စိတ်ဆိုးသည်၊ ဒေါသထွက်သည်။
လင်းပြန် (လင်းပြန်မ) = ပြည့်တန်ဆာမ၊ မိန်းမရွှင်။
လိပ်ပြင်သာ (ပြင်သာလိပ်) = လိပ်သတ္တဝါအမျိုးအစားတစ်ခု။
လွ (ပုံမှန်အသံထွက် လော့/လော) = ဣန္ဒြေသိက္ခာမရှိ၊ ပျံတံတံနန့်တန့်တန့် ဖြစ်သည်၊ လုပ်သည်။ ပရောပရီလုပ်သည်။

၃။ ၂ (ဂ)။ ဆရာထွန်းသည် ဒေသသုံးဝေါဟာရတို့ကို ယူ၍ သူ့သာခြင်းကို တန်ဆာဆင်ရုံမျှ မကသေး၊ ဒေသအလိုက်အမှတ်အသားပြပြုသော ရှေးသူဟောင်း စကားများ၊ ပုံပြင်ဒဏ္ဍာရီလာစကားများကိုလည်း သူ့သာခြင်းတွင် ကြိုကြားကြိုကြားထည့်ကာ တန်ဆာဆင်သွားသည်ကို တွေ့နိုင်ပါသေးသည်။ ရာဇညဘုရင်က ပန်းရွှေမြိုင်ကို လူပျို စကား ပြောခန်းတွင် ပန်းရွှေမြိုင်သဘောကျစေရန် ဘုရင်သည် ပန်းရွှေမြိုင်ကို ပွတ်သီးပွတ်သတ်လုပ်လိုက် သားငယ်ကိုချီမည်ပြုလိုက် လုပ်ပါသည်။ ထိုအခါ ပန်းရွှေမြိုင်က သူဟောင်းတို့စကားတွင် 'ရေပင်နစ်ငြား၊ ထုံးတန္တိမှာ၊ ညီမယားကို၊ ဝါးမကမ်းအပ်'

ဟု ရှိသဖြင့် ခယ်မကို ခဲအိုက မရိုးမသားစိတ်ဖြင့် အရောဝင်လုပ်ခြင်းသည် ရှက်ဖွယ်ကောင်းကြောင်း၊ မအပ်မရာသော အပြုအမူဖြစ်ကြောင်း ပြောပါသည်။ ထို 'ရေပင်နစ်ပြား၊ ထုံးတန္တီမှာ၊ ညီမယားကို ဝါးမကမ်းအပ်' ဟူသောစကားမှာ 'မရိုးနှင့်မတ်ကြမ်းတစ်ချောင်းမှာ မထိုင်အပ်' ဟူသောစကားကဲ့သို့ ရခိုင်ရှေးသူဟောင်းတို့က ခယ်မနှင့် ခဲအို နီးနီးကပ်ကပ် မနေသင့်၊ ဆင်ခြင်သင့်ကြောင်း ဆုံးမခဲ့သော စကားတစ်ရပ် ဖြစ်ပါသည်။ တစ်ဖန် ပန်းရွှေမြိုင် သားချော့သံကို နားထောင်ကြည့်လျှင်လည်း

'ကြည့်ပသက်စီ၊ လဇနီ (စန္ဒီ)၌၊ မှိုင်းရီညိုလွင်၊ ထိုညောင်ပင်ကို၊ မြင်ပါ၏လော၊ အဘိုးအိုတွင်၊ ဒါဘောင်ရှင်လေ၊ လင်မယားတို့၊ စပါးလည်းထောင်း၊ သွားဟောင်းလောင်းနှင့်၊ မောင်းမှာဆန်ဖွပ်၊ ခွေးတစ်ကောင်လျှင်၊ ဟောင်ကာဝပ်' ဟု ကြားရပါသည်။ ထိုသားချော့တေးသံမှာ 'ရွှေလမှာ ယုန်ဝပ်လို့၊ ဆန်ဖွပ်သည့်အဘိုးအို၊ ဟောကြည့်ပဆို' ဟူသော ကလေးချော့ တေးကဗျာနှင့်မတူ တစ်မူထူးခြားသော ဒေသသုံးဒဏ္ဍာရီလာ တေးကဗျာဖြင့် ဆရာထွန်းသည် ပန်းရွှေမြိုင်အား သားချော့ခိုင်းသည်ဟု ဆိုနိုင်စရာ ရှိပါသည်။

၃။ ၃။ ဆရာထွန်းသည် မိမိကြီးပြင်းနေထိုင်ရာ ကျင်လည်ကျက်စားရာနယ်ပယ်ဒေသတို့တွင် သုံးသော လိန်ကရာသီ၊ နော်နာသီ၊ ပြင်သာလိပ်၊ ဒါဘောင်ရှင် စသောနာမ်များ၊ တရစ်သည်၊ တက်တက်ခေါ်သည်၊ မာန်ပါသည်စသော ကြိယာများကဲ့သို့ များစွာသော ရခိုင်ဒေသဝေါဟာရများကို ၂၀ရာစုဦး ရခိုင်ပြည်ဘက်မှ စာပေလယ်ယာတွင် စိုက်ပျိုးခဲ့သူ ဖြစ်ပါပေသည်။ ယင်းအချက်ကို သူ၏သာခြင်း အားလုံးကပင်ထောက်ခံကြပါသည်။ ထို့ပြင် ရခိုင်ဒေသိယစကားသံဖြင့် မြန်မာစာပေတွင် စံအဖြစ်တည်ပြီဖြစ်သော စံကျမြန်မာစကားသံနှစ်မျိုးစလုံးကို သူ့သာခြင်းများတွင် အသုံးပြုရေးသားသဖြင့် သူသုံးသောစကားတို့ကို ကာရန်စည် ကဗျာစည်မလွတ်စေဘဲ ကြွယ်ကြွယ်ဝဝနိုင်နင်းစွာ သုံးနိုင်သည်ကိုလည်း တွေ့ရပါသေးသည်။ ယင်းသို့ နိုင်နင်းစွာသုံးနိုင်သောကြောင့်လည်း သူ့သာခြင်းများကို အချို့အချို့သောနေရာများ၌ ရခိုင်သံနှင့်ဖတ်ကြည့်နိုင်ခဲ့လျှင် ချောပြေပျံ့ပျူးသော ရေစီးတွင် ငှက်သမ္ဗာန်ကလေးကို တငြိမ့်ငြိမ့်စီးနေသကဲ့သို့သော အရသာမျိုးကို ခံစားနိုင်ပါသည်။

၃။ ၃(က)။ ဆရာထွန်း၏ သာခြင်းများကို ဖတ်ကြည့်လျှင် ပျံ့ပျူးသာယာသောရေပြင်တွင် ငှက်သမ္ဗာန်ကလေးကို ငြိမ့်ငြိမ့်အေးအေး စီးနေရသည်နှင့် တူပေသည်။ ဤသို့ ကျွန်တော်တင်ပြသောအရသာကို ခံစားလိုသဖြင့် ရခိုင်ဒေသိယစကားနှင့် အကျွမ်း

မဝင်သော စာဖတ်သူတစ်ဦးက ဆရာထွန်း၏ သာခြင်းတစ်ပုဒ်ပုဒ်ကို ဖြုန်းခနဲ ကောက်ဖတ်ကြည့်လိုက်လျှင်မူ ခရီးမဝေးမီပင် သောင်ပေါ်တင်လိုက်၊ ဗေဒါပင်အုပ်ကြီးနှင့် တိုးလိုက်၊ ဒိုက်သရောဖောင်ကြီးနှင့် ညှားလိုက်ဖြစ်ရသကဲ့သို့ တုံ့ခနဲ တုံ့ခနဲ ဖြစ်ရမည်မှာ သေချာပေသည်။ အဘယ်ကြောင့်ဆိုသော ဆရာထွန်း၏သာခြင်းကဗျာများမှာ 'ကာရန်လွတ်' နေသကဲ့သို့ ဖြစ်နေသောကြောင့်ပင်တည်း။ စင်စစ်ဆရာထွန်းမှာ ကာရန်အလွန်နိုင်သူဖြစ်ကြောင်း တွေ့ရပါသည်။ သို့ပါလျက် ဤသို့ဖြစ်ရခြင်းမှာ သူသည်ရခိုင်ရိုးမ၏ အနောက်ဖက်မှစကားသံနှင့် အရှေ့ဘက်မှစကားသံနှစ်မျိုးစလုံးကို ရောစပ်သုံးနှုန်းထားသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်လည်း 'အချို့သောနေရာများတွင် ရခိုင်သံနှင့် ဖတ်ကြည့်လျှင်' ဟူသောစကားဖြင့် ကျွန်တော်ပဏာမ ပျိုးခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်ဒေသီယစကားသံနှင့် စံကျမြန်မာစကားသံနှစ်မျိုးစလုံးကို သမစွာရောစပ်စီကုံးနိုင်သောကြောင့်လည်း ဆရာထွန်းသည် 'ဉာဏ်ပဒေသာထွန်းဆရာ' ဟု သူ့ကိုယ်သူ ဂုဏ်တင်နိုင်လောက်အောင် ကာရန်ကြွယ်ဝလာရပုံကို ပန်းရွှေမြိုင်မှ ပုံစံအနည်းငယ်ထုတ်၍ သက်သေထူပါမည်။

၃။ ၃ (ခ)။ ဒေသစကားသံကြောင့် ဆရာထွန်းကာရန်ကြွယ်ဝလာပုံကို ပြောရမည်ဆိုလျှင် ရခိုင်ဒေသီယစကားသံနှင့် ပတ်သက်၍ ဘာသာဗေဒပညာရှင်တစ်ဦးဖြစ်သူ ပါမောက္ခဘာနို၏ 'ရခိုင်နှင့်ထားဝယ်စကားတို့၏ သရစနစ်' ဟူသောစာတန်းပါ အချက်အလက်တချို့ကို လမ်းညွှန်အဖြစ်ဦးစွာ တင်ပြထားချင်ပါသည်။ ပါမောက္ခဘာနိုသည် ဒေသီယစကားသံတစ်ခုနှင့်တစ်ခု စကားသံအသီးသီးနှင့် အရေးအသားစသည်တို့၏ ဟပ်စပ်ဆက်သွယ်မှုကို အကျဉ်းမှုယှဉ်ပြိုင်ပြခဲ့ရာတွင် ဤသို့ဆိုခဲ့ပါသည်။

(၁) အဖွင့်ဝဏ္ဏများတွင် i, e, E ဟူသော မြန်မာသရများနှင့် ဟပ်စပ်သော ရခိုင်စကားသံ၏ ရှေ့သရများမှာ နှစ်လုံးသာရှိသည်။ x x x ရခိုင် i (အသံသည်) 'အိ' ဟုရေးသော မြန်မာ e အပြင် အများအားဖြင့် 'အေ' ဟုရေးသော မြန်မာ e (အသံထွက်) နှစ်မျိုးလုံး၏ နယ်ပယ်ကိုလွှမ်းခြုံ၍ (အသံထွက်)သည်။ ရခိုင် e သည် 'အဲ' သို့မဟုတ် 'အယ်' ဟု ရေးသော မြန်မာ E နှင့်တကွ တစ်ခါတစ်ရံ 'အည်' ဟု ရေးသော မြန်မာ i တို့နှင့် ဟပ်စပ်မိသည်။

(၂) အချို့သော ရခိုင်စကား အသံစဉ်တို့တွင် i နောက်၌ နာထိကဗျည်းသံကို တွေ့ရသည်။ ဤနေရာတွင် အထူးသဖြင့် ကျွန်ုပ်တို့နှင့် သက်ဆိုင်သည်မှာ နောက်ပါဝဏ္ဏနှင့် အပိတ်စပ်စပ်သော အပွင့်ဝဏ္ဏ၌ပါသည့် i ကို အသံထွက်ရာတွင် အမြဲလိုလိုကြားရပုံပင် ဖြစ်သည်။ ဤအခြင်းအရာကို ယင်းသရ i အလျှင် ŋ(အသံ) သို့မဟုတ်

n (အသံ) သို့မဟုတ် m(အသံ) လာသောအခါ တွေ့ရတတ်သည်။ သို့သော် အပြောင်း အလဲမရှိကား မဟုတ်ပေ။

ပါမောက္ခဘာနိ၏ စာတန်းပါ ရခိုင်ဒေသီယစကားနှင့် ဆိုင်သော အချက်များ အနက်မှ အထက်ပါအချက်နှစ်ချက်နှင့် 'ပန်းရွှေမြိုင်' တွင်ပါဝင်သော 'ကာရန်လွတ်' ဟုထင်ရသည့် ဆရာထွန်း၏ 'ကာရန်ပွား' စကားအချို့ကို ညှိနှိုင်းကြည့်ပါမည်။

၃။ ၃ (ဂ)။ အထက်တွင် လမ်းညွှန်အဖြစ် တင်ခဲ့သော ပါမောက္ခဘာနိ၏ အဆို များအနက် (၁) အချက်မှာ ရခိုင်ဒေသစကားကို လေ့လာသူတိုင်း သိကြသော အချက် ဖြစ်ပါသည်။

စံကျမြန်မာစကား၏ i (အိ) ကာရန်နှင့် e (အေ) ကာရန် နှစ်မျိုးစဆုံးကို ရခိုင်က i (အိ) တစ်မျိုးတည်း အသံထွက်ပါသည်။ ထိုနည်းတူစံကျစကား E (အဲ၊ အယ်) စသည် နှင့် i (အသံ အည်၊ အည်းစသည့်) အတွက် ရခိုင်က e (အေ) တစ်လုံးတည်းကို သုံးပါ သည်။ ဆရာထွန်းသည် စံကျစကားအတိုင်းလည်း ကာရန်ယူ၍ ရခိုင်သံအရလည်း ကာရန်ယူပါသည်။ ထိုအခါ ဆရာထွန်းမှာ မိမိပြောလိုသောဝေါဟာရအတွက် ကာရန် မဟပ်မိမည်ကို ပူပန်စရာ မလိုတော့ပါ။ ပုံစံပြပါမည်။

(i) ကာရန်။

ပုံစံ (၁) အချွဲအပလီ၊ နန်းဒေဝီတို့၊ တီတီတာတာ (အပိုဒ်-၁၂)
(၍တွင် စံကျစကားသံအတိုင်း ကာရန်ယူထားပါသည်။ ရခိုင်အသံလည်း အတူ တူပင် ဖြစ်ပါ၏)

ပုံစံ (၂) ဇော်အိုရင်သွေး၊ ငါသခင်၏၊ ကြင်ဇနီးကေ၊ သမီးကိုမူ (အပိုဒ်-၂၂)။
(ရခိုင်စကားသံအတိုင်း ဖတ်ရပါမည်။ ၍သို့ဖြစ်ပါသည်။
'ဇော်အိုရင်သွီး၊ ငါသခင်၏၊ ကြင်ဇနီးကေ၊ သမီးကိုမူ)

(e) ကာရန်

ပုံစံ (၁) မဟာမျိုးနွယ်၊ သတိုးဆွေမှာ၊ မဟေညာတောင် (အပိုဒ်-၁၃)
(ရခိုင်သံနှင့်ဖတ်လျှင် 'မဟာမျိုးနွေ၊ သတိုးဆွေမှာ၊ မဟေညာတောင်' ဖြစ်ပါသည်။)

ပုံစံ (၂) မောင်ကနန်းနွယ်၊ ပန်းတွင်တည်ကေ၊ နှမေနတ်မျိုး
(ရခိုင်သံနှင့်ဖတ်လျှင် 'မောင်ကနန်းနွေ၊ ပန်းတွင်တေကေ၊ နှမေနတ်မျိုး' ဟူ၏)

ဤပုံစံများကိုကြည့်ခြင်းဖြင့် စံကျမြန်မာစကားသံနှင့်ကာရန်ယူလျှင် ကာရန်ကျိုး၊ ကာရန်ပျက်ဟု ထင်ရသောစကားသံများသည် ရခိုင်အသံတွင် ချောပြေသောကာရန်များ ဖြစ်နေသည်ကို တွေ့နိုင်ပါသည်။

၃-၃ (ဃ)။ အထက်တွင် အမှတ် (၂) အဖြစ် ဖော်ပြခဲ့သော ပါမောက္ခဘာနို၏ အဆိုနှင့်ပတ်သက်၍မူ ယခင်က ရခိုင်ဒေသစကားကို လေ့လာခဲ့ကြသော ပညာရှင်များသည် အများအားဖြင့် သတိပြုမိခဲ့ကြဟန်မတူ။ သတိပြုမိခဲ့လျှင်လည်း လျစ်လျူရှုမိခဲ့ကြဟန်တူ၏။ အဘယ်ကြောင့်ဆိုလျှင် ယင်းအခြင်းအရာကို တွေ့ကြုံနည်း၍ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် ယင်းအခြင်းအရာမှာ ရခိုင်စကားသံတွင် အမှန်တကယ်ရှိနေသော အခြင်းအရာတစ်ခု ဖြစ်ပါသည်။ ယင်းအသံကို ဖမ်းယူကာ ဆရာထွန်းသည် သူ့သာခြင်း 'ပန်းရွှေမြိုင်' ၏ နေရာအများအပြားတွင် အသုံးပြုခဲ့ပါသည်။ ဤတွင် ဘာနို၏ အဆို ဆိုလိုရင်းကို ထပ်မံဖော်ပြပါမည်။ သူက ရခိုင်တို့ စကားပြောနေသောအသံစဉ်ကို နားထောင်ကြည့်လျှင် n,m (အသံ) တို့ နောက်နား၌ i သရကပ်လျက်ဆုံးသော အဖွင့်ဝဏ္ဏအချို့ကို နာသိကဗျည်း n (အသံ)ဖြင့်ပိတ်၍ 'in' ဟု ကြားရသည်ဟူ၏။ သူပြသောပုံစံများမှာ (အမိအဖ)ကို စကားပြောအသံစဉ်တွင် (အမိန့်အဖ) 'Pamin' Papha ဟုလည်းကောင်း၊ (အနည်းငယ်)ကို (အနိန်းငယ်) 'a nin ne' ဟုလည်းကောင်း အသံထွက်ခြင်းကိုပင် ဖြစ်၏။ မှန်ပါသည်။ ဆရာထွန်း၏ သာခြင်းတွင်လည်း ယင်းပုံစံများကို တွေ့နိုင်ပါသည်။ ပုံစံအချို့ပြပါမည်။ ပုံစံတစ်ခုစီအတွက် သာခြင်းလာမူရင်းကို (က) စံကျမြန်မာစကားသံဖြင့် အသံထွက်ပုံကို (ခ) ဟု ခွဲခြား၍ ပြပါမည်။

ပုံစံ (၁) (က) မြိန်းလှလူပျို၊ အလိုလိုလေ၊ ဇာကိုမိန်းလေ၊ ငြိမ်းငြိမ်းနေလေ။ (အပိုဒ်-၁၀)

(ခ) မြေးလှလူပျို၊ အလိုလိုလေ၊ ဇာ (ဘာ)ကို မေးလဲ၊ ငြိမ်းငြိမ်း (တိတ်တိတ်) နေလေ။

ပုံစံ (၂) (က) မခဲမငြိ၊ လျှာနှင့်လိမ့်ပျာ၊ မြိန်ရုံလိုသို့၊ (အပိုဒ်-၉)

(ခ) မခဲမငြိ၊ လျှာနှင့်လိမ့်ပျာ၊ (ပြီး) မြည်းရုံလိုသို့၊

ပုံစံ (၃) (က) အတောင်စိမ်းစိမ်း၊ ရောင်ညီးညီးနှင့်၊ နှုတ်သီးရဲရဲ (အပိုဒ်-၅၈)

(ခ) 'ဤစကား ကောက်နုတ်ချက်မှာ မြန်မာအသံအတိုင်း ရေးထားသော ကောက်နုတ်ချက် ဖြစ်ပါသည်။'

ပုံစံ ၁တွင် သားမြေးမှ မြေးကို ရခိုင်က မြီး 'mri' ဟု အသံထွက်ပြီး မေးသည်မှ

မေးကို 'မီး' mi ဟု အသံထွက်ပါသည်။ 'မီး' မှ 'မိန်း' သို့ ပြောင်း၍ ဆရာထွန်းက ကာရန်ယူခဲ့ခြင်းသည် ပါမောက္ခဘာနို တွေ့ရှိခဲ့ချက်နှင့် တစ်ထပ်တည်း ကျပါသည်။ သို့သော် 'မြီး' မှ 'မြိန်း' သို့ ပြောင်းရာတွင်ကား ဘာနို၏ တွေ့ရှိချက်နှင့် အနည်းငယ် ကွဲလွဲသယောင် ထင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းစကားသံတွင် i ရှေ့မှ အလျင်လာသော အသံမှာ m သက်သက် မဟုတ်ဘဲ mr ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ပုံစံ ၂ တွင် ဆားမြည်းသည်မှ 'မြည်း' ကို ရခိုင်က 'မြေး' mri ဟု အသံထွက်ပါသည်။ သို့သော် ဆရာထွန်းသည် ဤနေရာတွင် 'မြေး' ဟူသော အသံအစား စံကျမြန်မာအသံ မြည်း mri အတိုင်းထား၍ ပုံစံ (၁)တွင် 'မြီး' မှ 'မြိန်း' သို့ ပြောင်းပုံအတိုင်းပင် ဤပုံစံတွင်လည်း မြည်း mri ကို 'မြိန်း၊ မြိန့်' သို့ပြောင်း၍ ကာရန်ယူခဲ့ရပုံ ဖြစ်ပါသည်။ ဤတွင်လည်း ပုံစံ (၁) ပါ 'မြိန်း' ကဲ့သို့ပင် ဘာနို၏စကားနှင့် အနည်းငယ် ကွဲလွဲသယောင် ထင်ရပါသည်။ ပုံစံ (၃) ကို ကြည့်ကြပါဦးမည်။

ပုံစံ (၃) မှာ စာဖတ်သူများ တော်တော်စိတ်ရှုပ်မည့် ပုံစံတစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုလျှင် (စိမ်း)နှင့် ဟပ်ထားသော ကာရန်များမှာ (ညီး၊ သီး) ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သို့သော် ရခိုင်သံနှင့်ဖတ်လျှင် ကာရန်ကိုက်သည်ကို အောက်တွင် တွေ့နိုင်ပါသည်။

ပုံစံ (၃)။ (ရခိုင် အသံ)၊ အတောင်စစိမ်း၊ ရောင်ညညိန်းနဲ့၊ နသွိန်းရရေး။

မှတ်ချက်။ ။ ရခိုင်က နှုတ်သီးကို နှသွီး၊ နသွီးဟု တစ်လုံးချင်းအနေဖြင့် ပြောတတ်ကြပါသည်။

ဤတွင်လည်း ညိန်း pin / nyein နှင့် သွိန်း Owein တို့ကို ကြည့်လျှင် ဘာနိုတွေ့ရှိခဲ့ချက်နှင့် ကွဲလွဲနေပြန်ပါသည်။ သို့သော် အထက်ပါပုံစံများပါ 'မြိန့်၊ မိန်း၊ မြိန့်၊ ညိန်း၊ သွိန်း' ဟူသောအသံများမှာ ရခိုင်တို့ပြောဆိုနေကြသော စကားစဉ်အသံများတွင် အမှန်တကယ် ကြားနေရသော အသံများ ဖြစ်ကြပါသည်။ ဤအခြင်းအရာနှင့်ပတ်သက်၍ ဘာနိုကတချို့ အခြင်းအရာများတွင် ဤသို့ပြောင်းခြင်းဖြစ်ပေါ်ပြီး တခြားအလားတူ အချင်းအရာများတွင် အဘယ်ကြောင့် မဖြစ်ပေါ်သည်ကို သူမပြောနိုင်သော်လည်း ဤသို့ဖြစ်ရခြင်းမှာ နောက်ကလိုက်ပါလာသောဝဏ္ဏ၏ ဦးဆောင်ဗျည်းကြောင့် ဖြစ်ရသည်ဟူသောစကားကိုမူ သူ မယုံကြည်ဟု ဆိုခဲ့ပါသည်။ မှန်ပါသည်။ ဤအခြင်းအရာသည် အသံထွက်အချို့တွင် ဖြစ်ပေါ်ပြီး တချို့တွင် မဖြစ်ပေါ်ပါ။ ဤပြခဲ့သော ပုံစံများ

သာမက 'အကျိုးငြိနေပြီ၊ မီးညှိသည်' စသည့်စကားတို့ကို အသံထွက်ပြောဆိုရာတွင် 'အန်းဂျိုငြိန့်နီဗျာ၊ မိန်းညှိရေ' စသည်ဖြင့် အသံထွက်ပြောင်းသွားသံတို့လည်း မကြာခဏ ကြားရပါသည်။ ဤတွင် 'သို့န်း' ကို ဖယ်၍ ကြည့်မည်ဆိုလျှင် 'မြိန်း၊ မိန်း၊ မြိန့်၊ ညိန်း၊ ငြိန့်၊ ညိန့်' အားလုံးသော ဝဏ္ဏတို့သည် နာသိကဗျည်းက ဦးဆောင်သော ဝဏ္ဏချည်းဖြစ်နေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဤအခြင်းအရာ i ဆုံးအဖွင့် ဝဏ္ဏသံအချို့ကို အသံထွက်ပြောသော စကားစဉ်တွင် နာသိကဗျည်း ဂ သံဖြင့်ပိတ်၍ ပြောခြင်း' သည် ၁။ နာသိကဦးဆောင်သော ဝဏ္ဏတို့တွင် ဖြစ်တတ်သလော၊ ၂။ ဤသို့ဖြစ်ရခြင်းမှာလည်း နာသိက ဦးဆောင်ဗျည်းကို အလေးထားပြောခြင်းကြောင့် ဝဏ္ဏတွင်ပါသော တခြားအသံများအတွက် အသံထုတ်အင်္ဂါများ၏ အားထုတ်မှုလျော့ပါးသွားကာ ဦးဆောင်ဗျည်းအတွက် အားထုတ်ခဲ့သော အရှိန်က ဝဏ္ဏအဆုံးတွင် ကပ်ကျန်နေသဖြင့် ဝဏ္ဏကို နာသိကဗျည်းနှင့် ပိတ်လိုက်သကဲ့သို့ ဖြစ်သွားလေသလားဟု စဉ်းစားဖွယ်ပင် ဖြစ်ပါသည်။ ဤစဉ်းစားချက်မှာ အတ္တနောမတိမျှသာ ဖြစ်ပါ၏။ စနစ်တကျသုတေသန လုပ်မှသာ အမှန်ကို သိနိုင်မည် ဖြစ်ပေသည်။ ထို့ပြင် ပုံစံ ၃ပါ နှုတ်သီး 'နသွီး' တွင် 'သွီး' မှ 'သွိန်း' သို့ ပြောင်းရပုံကိုလည်း စနစ်တကျ သုတေသနလုပ်ကြည့်ရန် အတော်ပင် လိုဦးမည်သာ ဖြစ်ပါသည်။ သို့သော် ဆင်ခြင်ရာတွင် နှီးနွှယ်ဆက်စပ်၍ စဉ်းစားနိုင်မည် ထင်ရသောအချက်တစ်ချက်ကိုကား ဦးကြော့၏ရှာပုံတော်ကြီးတွင် တွေ့နိုင်ပါသည်။ ယင်းမှာ 'တောမှော်ရုံပြန်၊ မြကြက်သိန်းငယ်၊ တဖျိန်းဖျိန်းခန့်တာမို့' ဟူသောစကားတွင် ကြက်သီးကို ကြက်သိန်းဟု ပြောင်းသုံးထားခြင်းပင် ဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြောဆိုနေကြသည်ကိုလည်း ကျွန်တော်တို့သည် ရိုးနေအောင်ပင် ကြားနိုင်ပါသည်။ ဤလည်း 'သီး' မှ 'သိန်း' သို့ ပြောင်းခြင်းတစ်ရပ်ပင် ဖြစ်နေပါသည်။ ထို့ပြင် ရခိုင်မြေတွင် 'မလုပ်သေး၊ မလုပ်သီး' ကို 'အလုပ်သိန်း'၊ 'ရှိသည်၊ ဟိရေ'ကို 'ဟိန့်ရေ' စသည်ဖြင့် အသံထွက်သံများကိုလည်း မကြာခဏကြားရတတ်သဖြင့် နောင်သုတေသနပြုမည့်သူများသည် ယင်းအချက်တို့ကို ထည့်သွင်းသင့်သည်ဟု ထင်ပါသည်။

ဤသို့ i သရသံဆုံး စကားများကို ရခိုင်ဒေသီယစကားသံအတိုင်း မကြာခဏ ကာရန်ယူခြင်းဖြင့် ဆရာထွန်းအတွက် စကားတန်ဆာများ တိုးပွားလာသည်ကို လေ့လာတွေ့ရှိရပြီးနောက် ဆရာထွန်း ထူးထူးခြားခြား ကာရန်ယူထားသောအခြားအချက်တစ်ချက်၊ နှစ်ချက်ကို ဆက်လက်ဆွေးနွေးကြပါမည်။

၃၊ ၃ (င)။ ဆရာထွန်းသည် သူ့သာခြင်း၏နေရာအတော်များများတွင် i သရဆုံး အပွင့်ဝဏ္ဏတို့ကိုသာမက u သရဆုံး အပွင့်ဝဏ္ဏအချို့ကိုလည်း နာသိကဌာန်ဖြင့် ပိတ်

သည်ကို တွေ့ရပါသည်။ အောက်ပါပုံစံများကို ကြည့်ပါ။

၁။ မောင်ကပြောတုံ၊ မေတမူလျှင်၊ ယုံနိုင်မည်လား။ (အပိုဒ်-၁၀)

၂။ ယောကျ်ားကိုမုံ၊ မေမယုံကေ၊ ကြုံသူအများ။ (အပိုဒ်-၁၂)

၃။ ညာဆွေနှမ၊ မောင်နှင့်မူလေ၊ တူတကွလျှင်။ (အပိုဒ်-၁၅)

ဤပုံစံများအနက် ပုံစံ ၃တွင် စံကျမြန်မာအသံဖြင့် 'မူ၊ တူ' ဖြင့် ကာရန်ယူထားသော်လည်း ပုံစံ ၁တွင်မူ 'မူ mu ကို ရခိုင်သံအတိုင်း 'မုံ' mun ဟု ကာရန်ယူထားသည်ကို တွေ့ရပါသည်။ ပုံစံ ၂ နှင့် ယှဉ်ကြည့်ပါ။ ဤကာရန်မျိုးကို 'ပန်းရွှေမြိုင်' တစ်အုပ်လုံးတွင် များစွာတွေ့နိုင်ပါသည်။ ကျွန်တော့်ပတ်ဝန်းကျင်တွင် ပြောဆိုနေကြသော စကားသံစဉ်များ၌လည်း 'ငူ'ကို 'ငုံ' ၊ 'အငူရွာ၊ အငုံရွာ'၊ 'နု' ကို 'နုံ'၊ 'ရွှက်နုထွက်ပြီ၊ ရွှက်နုံ့ထွက်ပျာ' စသော အသံများကို မကြာခဏ ကြားရတတ်ပါသည်။ ထို့ကြောင့် ဤတွင်လည်း ဘာနီက 'ရခိုင်ဒေသီယစကားသံ၌ တချို့ i သရဆုံး အဖွင့်ဝဏ္ဏတို့ကို နာသိက n ဖြင့် ပိတ်သံကြားရသည်ဟု ဆိုခဲ့သကဲ့သို့ ကျွန်တော်ကလည်း i သရဆုံးဝဏ္ဏသာမဟုတ်၊ u သရနှင့်ဆုံးသော အလားတူဝဏ္ဏအချို့ကိုလည်း နာသိက n ဖြင့် ပိတ်သံကို ရခိုင်အသံထွက်သံစဉ်များတွင် ကြားရသည်ဟု ဆိုချင်ပါသည်။ ဤအချက်သည် မည်သည့်အတိုင်းအတာထိ ကျယ်ပြန့်သည်။ မှန်သည်ကိုမူ စနစ်တကျ သုတေသနပြုရန် လိုပါလေဦးမည်။ သို့ရာတွင် ဆရာထွန်းသုံးလိုသောစကားလုံးများ ဝင်ဆံ့နိုင်သည့် ကာရန်နယ်ပယ်ကျယ်ဝန်းလာသည်မှာကား ထင်ရှားနေပြီ ဖြစ်ပါသည်။

၃။ ၃ (စ)။ နောက်တစ်ချက် တင်ပြလိုသည်မှာ ဆရာထွန်းသည် ရခိုင်သံသို့လိုက်၍ 'ဩ' ၁၊ ကာရန်ကို 'အ' (အွဟု ကြားရသည်) a (wa) ကာရန်သို့ ပြောင်းယူခြင်းပင် ဖြစ်ပါသည်။ ပုံစံအချို့ ပြပါရစေ။

၁။ ငါ့နှယ်မိန်းမ၊ ကုတ္တိယကို၊ မလွလာကေ့။ (အပိုဒ်-၄၄)

၂။ တတောင်ကျော်နင်း၊ မြေးတော်မောင်မှာ၊ တတောင်ဆင်း၍။ (အပိုဒ်-၆၉)

၃။ ဇော်ဆရာမှာ၊ ကျွာမရောက်ဘဲ (အပိုဒ်-၂၉)

၄။ ပျိုမေချောတို့၊ စိတ်ထားစိတ်နေ (အပိုဒ်- ၇)

၅။ မသက်မသာ၊ တက်တက်ခေါ်၍၊ မာန်ပါဒေါသ (အပိုဒ်-၂၂)

အမှတ် ၁၊ ၂၊ ၃၊ ပုံစံတို့မှာ ကာရန်ညီကြောင်း တွေ့ရပြီး ၄နှင့် ၅ပုံစံတို့မှာ ကာရန်ကျိုးပျက်နေသည်ကို တွေ့ရပါမည်။ သို့သော် စံကျမြန်မာအသံဖြင့် ရေးခြင်း၊

ဖတ်ခြင်းပြုလျှင် ပုံစံ ၂မှ တစ်ပါး အားလုံးပင် ကာရန်ပျက်ပါသည်။ အဘယ်ကြောင့် ဆိုလျှင် ပုံစံ ၁၏ စံကျအသံမှာ 'ငါ့နှယ်မိန်းမ၊ ဣတ္ထိယကို၊ မလေ့လာကေ့' ဟု ဖြစ်လာမည် ဖြစ်ပါသည်။ ဤတွင်ပါသော လေ့ 'လွ' ၏အဓိပ္ပာယ်ကို ၃၊ ၂ ခ။ တွင် ဖော်ပြခဲ့ပါပြီ၊ ပုံစံ ၁၏ စံကျအသံမှာ 'ဖော်ဆရာမှာ၊ ကျော်မရောက်ဘဲ' ဟုဖြစ်ပြီး 'ကျော်မရောက်' မှ 'ကျော်' မှာ ပုံစံ ၂ပါကျော်နှင့် အတူတူပင် ဖြစ်ပါသည်။ ယင်းပုံစံများကို ရခိုင်သံနှင့် ရွတ်ဆိုသောအခါ-

၁။ ငါ့နှယ်မိန်းမ၊ ဣတ္ထိယကို၊ မလွလှာကေ့---

၂။ ဖော်ဆရာမှာ၊ ကျွာမရောက်ဘဲ ----

၃။ မေပျို့ချွားတို့၊ စိတ်ထား စိတ်နေ ----

၄။ မသက်မသာ၊ တက်တက်ခွာ၍၊ မာန်ပါဒေါသ ----

စသည်ဖြင့် ဖြစ်လာပါသည်။ ဤတွင်လည်း ဆရာထွန်း၏ ကာရန်နယ်ပယ်ချဲ့ထွင်မှုကို တွေ့နိုင်ပါသည်။

၃၊ ၃ (ဆ)။ နောက်ဆုံး တစ်ချက်တင်ပြလိုသည်မှာ ရခိုင်စကားသံတွင် တစ်ခါတစ်ရံ 'ကစားမည်' ကို 'ကစပ်မေ' 'သွားကြမည်' ကို 'လားကြတ်၊ ဂတ်မေ'၊ ဟု a-a စသည်တို့မှ a p သို့ တက်ကျသံပြောင်းသွားတတ်သည်ကို လျှောက်ပြောနေသော စကားစဉ်အသံထွက်များတွင် ကြားရတတ်ပါသည်။ ဤအချက်ကိုလည်း ဆရာထွန်းသည် မလွတ်တမ်းဖမ်းယူ၍ သူ၏ 'ပန်းရွှေမြိုင်' တွင် ကာရန်တန်ဆာဆင်ပေးသည်ကို အောက်ပါပုံစံများ၌ တွေ့နိုင်ပါသည်။

၁။ ကျောက်လှိုဏ်ဂူမှာ၊ ယူမွေးဇတ် 'မွေးစား' ကေ၊ လေးမြတ်ကြင်နာ။ (အပိုဒ်၉)

၂။ တောမြိုင်ခြေကို လယ်ကြက်မေ' လယ်ကြမည်' လေ ။ (အပိုဒ် ၆၁)

၃-၄။ ဤသို့လျှင် ဆရာထွန်းသည် စံကျမြန်မာစကာသံနှင့် ရခိုင်ဒေသီယစကားသံတည်းဟူသော ကိရိယာတန်ဆာပလာအစုံအလင်တို့ဖြင့် သူဆင်ပေးလိုသော စကားတန်ဆာများကို ထုလုပ်ဖန်တီး၍ သူ၏ 'ပန်းရွှေမြိုင်' အား တန်ဆာဆင်ပေးခဲ့ပါလေသည်။

**မှတ်ချက်များ**

၁။ ဗြိတိသျှဘားမား ပြန်တမ်းအပိုင်း ၁၊ (၁၃၊ ဇန္နဝါရီ၊ ၁၈၈၃)၊ ကိုမောင်မောင်ကြီး၏ 'မြန်မာပြဇာတ် ရေစီးကြောင်း' နောက်ဆက်တွဲ 'ခ' တွင် ကိုးကားချက်။ တက္ကသိုလ်ပညာဒေသာ စာစောင်အတွဲ ၄ အပိုင်း ၁။

၂။ Soeiolinguisties.

၃။ ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာခြင်း၊ အပိုဒ် ၇၇။

၄။ ကိုမောင်မောင်ကြီး 'မြန်မာပြဇာတ် ရေစီးကြောင်း' တက္ကသိုလ်ပညာပဒေသာ စာစောင်' အတွဲ ၄၊ အပိုင်း ၁၊ စာမျက်နှာ ၂၅၂။

၅။ ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာခြင်း (အပိုဒ်-၁၁)

၆။ ယင်းအပိုဒ် ၄၂

၇။ Arakanese dialeet

၈။ ပန်းရွှေမြိုင်နှင့် နန်းကေခိုင်သာခြင်း (အပိုဒ်-၈)

၉။ ယင်း (အပိုဒ်-၉)

၁၀။ ။ (အပိုဒ်၁၀)

၁၁။ ။ (အပိုဒ် ၁၆)

၁၂။ ။ ။

၁၃။ ။ ။

၁၄။ ။ (အပိုဒ် ၁၇)

၁၅။ ပန်းရွှေမြိုင်နှင့် နန်းလေခိုင်သာခြင်း။ (အပိုဒ် ၄၃)

၁၆။ ။ (အပိုဒ် ၄၁)

၁၇။ Standard Burmese Pronunciation.

၁၈။ Bernot, Denise,: The Vowel Systems Arakanese and Tavoyan; Lin gua 15 (1965) pp 463-474; North Holland Publishing Co. amsterdam.

၁၉။ In Arakanese, there are in open syllables only two front vowels cor responding to three, viz. i,eg, in Burmese.

Arakanese 'i' covers both the domain of Burmese e written i, and , in the majority of nases, of Burmese 'e' written e. Arakanese e, corresponds to Burmese E when spelt e or ay, and occasionally to Burmese i, when the latter is represented by they spelling an.

**(Bernot:464)**

၂၀။ In Arakanese a nasal consonant is found after 'i' in certain phonetic contexts. We are concerned here with a particular realization of i, in open syllables, heard, usually, when the syllable, concerned is in

closed juncture with the following syllable, this phenomenon is encountered when an n or an m precedes the vowel, but not invariably so. (Bernot, 462)

၂၁။ ဤတွင် 'အိ-ကာရန်' ဟု ဆိုသည်မှာ 'အိ၊ အီ၊ အီး' ဟူသော အိသရ၏ တက်ကျသံသုံးမျိုးစလုံးကို ဆိုလိုပါသည်။ နောက်ပါစကားစဉ်တို့တွင် ပါသော 'အိ၊ အေ၊ အယ်၊ အည်' စသည်တို့မှာလည်း ယင်းနည်းပင် ဆိုလိုပါသည်။

၂၂။ initial consonant

၂၃။ Although I am unable to account for tthe fact that this realization (in) takes place in certain cases and not in others, I do not believe that it is dependent upon the nature of the initial cosonant of the following syllable.

(Bornot: 469)

၂၄။ a, ကို ဤတွင် 'အွ' ဟု ဝဆွဲသံဖြင့် ကြားရသော်လည်း 'ဝ' ပါသည်ဟု ဆိုခြင်း ထက် သရအမျိုးအစားကြောင့် ဤအသံကို ကြားရသည်ဟု ဆိုချင်ပါသည်။ အထက်အမှတ် ၁၈တွင် ဖော်ပြခဲ့သော သူ့စာတန်း၌ ပါမောက္ခ ဘာနိုက 'ရွေး' မြန်မာအသံထွက်' 'ယွေး' yue, ကို ရခိုင်က 'ရွေး' rue, rwe ဟု အသံထွက်ခြင်းသည် ဝသံပါခြင်းထက် သရအရည်အသွေးကြောင့် ဖြစ်ကြောင်း ဆိုခဲ့သောစကား (Bernot: 469) နှင့် ချိန်ထိုးကြည့်သင့်ပါသည်။ ထို့ကြောင့် ဤအသံထွက်သည် ဝသံကြားရသော်လည်း u a ဖြစ်သည်ဟု ဆိုချင်ပါသည်။ စနစ်တကျ သုတေသနပြုရန် လိုပါလေဦးမည်။

၂၅။ tone စင်စစ် ဤအခြင်းအရာမှာမူ ဘာသာစကားတို့တွင် ဖြစ်လေ့ရှိသော သဘာဝတစ်ခုပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ပန်ကြားချက်။ ။ ဤစာတန်းတွင် ပါရှိသော သတ်ပုံအမှားအယွင်းများသည် စာတန်းရှင် ဆရာဦးစံဖော်၏ ချွတ်ယွင်းချက်မဟုတ်ဘဲ ရိုက်နှိပ်ရန်စီစဉ်သူ ကျွန်တော်တို့၏ အပြစ်သာဖြစ်ကြောင်း မှတ်ယူကြစေလိုပါသည်။

# ရခိုင်ရာဇဝင်စစ်တမ်း အကျဉ်း

ရှုပ်ပိုင်းရှုမြင်ချက်

'ကျွန်ုပ်တို့သည် အတိတ်ကိုသိရပေမည်၊ ဗဟုသုတ ကင်းမဲ့သောသူသည် သူ၏ ရှင်လန်းချမ်းမြေ့သော အနာဂတ်သို့ ရှေ့ရှုသည့်လမ်းပေါ်တွင် ရောက်နေသော ဘဝမှ သူ၏ဘဝတည်မြဲစေမည့် အထောက်အကူများကို ဆုံးရှုံးရပြီးလျှင် သွေးမည်းရွှံ့ပုတ်တို့ ဖြင့် ပြည့်လျှမ်းနေသော နွံနစ်အတွင်းသို့ ပြန်လည်ရောက်ရှိမည်မှာ သေချာပေသည်'

(ဂေါ်ကီ)

ရာဇဝင်ဟူသည်ကား လူတန်းစားတို့၏ တိုက်ပွဲသာတည်း။ ဤစကားသည် မှန်ပါ၏။ ကမ္ဘာ့ရာဇဝင်၏ ခေတ်အသီးသီးကို လေ့လာလိုက်ပါလျှင် တစ်ပြည်နှင့်တစ်ပြည်သည် လည်းကောင်း၊ တစ်မင်းနှင့်တစ်မင်းသည် လည်းကောင်း အစဉ်မပြတ် ကြီးစွာသော စစ်ပွဲများကို ခင်းလျက် ရှိခဲ့ကြသည်ကို တွေ့ရပေမည်။ နိုင်ငံအသီးသီး၊ တိုင်းပြည်အသီးသီးတို့ အတွင်း၌ပင်လျှင် ပြည်တွင်းစစ်များ၊ ပုန်ကန်တော်လှန်မှုများ၊ ဆူပူသောင်းကျန်းမှုများနှင့် ပြည့်နှက်လျက် ရှိ၏။ ဤစစ်များ၊ တော်လှန်မှုများ၊ သောင်းကျန်းမှုများသည်ပင် ရာဇဝင်သည် လူတန်းစားတို့၏ တိုက်ပွဲပေတည်း ဟူသော အမြင်သစ်ကို သင်ပေးသော စာအုပ်များ ဖြစ်ပေသည်။

တစ်ရံရောအခါက ဤလူ့လောကသည် အာဒံနှင့် ဧဝမှဆင်းသက်ခဲ့သည်ဟူ၍ လည်းကောင်း၊ မြေဆီကြိုက်သော ဗြဟ္မာတစ်သိုက်က ဆင်းသက်ခဲ့သည်ဟူ၍ လည်းကောင်း၊ နေနတ်သမီးမှ ဆင်းသက်ခဲ့သည်ဟူ၍ လည်းကောင်း အမျိုးမျိုး တွေးထင်ယူဆခဲ့ကြသော်လည်း ယနေ့အဖို့၌ကား ကမ္ဘာ့ဓာတ်သဘာဝရုပ်အစုတို့၏ တွန်းလှန်မှု၊ လှုပ်ရှားမှုတို့ကြောင့် လူ့လောကကြီးအဖြစ်သို့ တိုးတက်လာခဲ့ကြောင်းကို လောကဓာတ်ပညာက ဖော်ထုတ်ပြသခဲ့လေသည်။ ဤအယူအဆကို တစ်ယူသန်ရိုးရာစွဲသမားတစ်ချို့က လက်မခံနိုင်ဘဲ ရှိကြဦးမည်ဖြစ်သော်လည်း ကမ္ဘာ့လူဦးရေ၏ အများဆုံး အပိုင်းမှုကား လက်ခံခဲ့ကြလေပြီ။ မည်သို့ပင်ဖြစ်စေ၊ လူ့လောကကြီးအား အယူအဆအမျိုး မျိုးကို မွေးထုတ်လျက် အသွင်အမျိုးမျိုးပြောင်းလွဲခဲ့ပြီး ဖြစ်၏။ ဤကဲ့သို့ ပြောင်းလဲခဲ့ ကြခြင်းမှာလည်း စစ်များ၊ တော်လှန်ပုန်ကန်မှုများ စသည်တို့ကြောင့် ပြောင်းလွဲခဲ့ရသည် ဟူသော အချက်မှာ မငြင်းကွယ်နိုင်ပေ။

လွန်လေပြီးသောအခါက ဂုဏ်ယူခဲ့ကြသော ခေါမ၊ ရောမ၊ လူ့အဖွဲ့အစည်းများ၊ မောရိယ နိုင်ငံကဲ့သို့သော နိုင်ငံကြီးများသည် ကြီးကျယ်လှသော စစ်ပွဲကြီးများကြောင့် ပျက်သုဉ်းခဲ့ကြရလေပြီ။ တစ်ဦးတည်း အာဏာဖြင့် အုပ်ချုပ်သော ဧကရာဇ်စနစ်၊ ပြည်နယ်၊ တိုင်းငယ်ဖြင့် ကံကျွေးချအပ်သော ပဒေသရာဇ်စနစ်၊ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်သော လူတစ်စုအုပ်စိုးသည့် သမ္မတစနစ်စသော နိုင်ငံရေးစနစ် အသီးသီးတို့ကိုလည်း ဤစစ်နှင့် တော်လှန်မှုများကပင် ဖန်တီးပေးခဲ့လေသည်။

ထိုကြောင့် တချို့က စစ်၊ တော်လှန်မှု၊ သောင်းကျန်းမှုတို့သည် တိုင်းပြည်၏ ပျက်စီးရာ ပျက်စီးကြောင်းဟု ယူဆကြ၏။ တချို့ကလည်း စစ်၊ တော်လှန်မှု၊ သောင်းကျန်းမှုစသော ပဋိပက္ခများ အကြားမှသာ ဤလူ့လောကကြီး တိုးတက်လာသည်ဟု ယူဆကြ၏။ သို့သော်လည်း မည်သည့်အရာကိုပင်ဖြစ်စေ တစ်ယူသန်စွဲထား၍ ကောင်းသည်မဟုတ်ပေ။ လူ့လောကကြီးကို ဖျက်ဆီးခဲ့သော စစ်သည်လည်း ရှိ၏။ လူ့အဖွဲ့အစည်းကို တိုးတက်စေခဲ့သော တော်လှန်ပုန်ကန်မှုများလည်း ရှိခဲ့၏။ အကြမ်းချုံးကြည့်မည်ဆိုလျှင် လူတစ်စု၏ အာဏာရမှုအတွက် ဖန်တီးသော စစ်သည်ဆုတ်ယုတ်မှုကို ဖြစ်စေ၍ လူအများ၏ မခံမရပ်နိုင်မှုကြောင့် တက်ကြွစွာ တော်လှန်ပုန်ကန်သော စစ်သည်ကား အများအားဖြင့် တိုးတက်မှုကို ပေးလေသည်။

ရာဇဝင်အစောင်စောင်ကို လှန်လှောကြည့်ပါလျှင် လူတန်းစားတိုက်ပွဲများ၏ အကြောင်းခြင်းတတို့ကို အရိပ်အမြွက်ဖြစ်စေ တစ်ဝက်တစ်ပျက်ဖြစ်စေ ဖော်ကျူးထားသော ရာဇဝင်တို့ကိုလည်း တွေ့ရ၏။ လူတန်းစားတိုက်ပွဲကို ထိန်ချန်ခဲ့လျှင် ဘုရင်မင်းအချင်းချင်း၊ သို့မဟုတ် မင်းဆွေမျိုးများ အချင်းချင်း ထီးနန်းနိုင်ငံလုမှုများကိုသာ

ဖော်ပြသော ရာဇဝင်တို့သည်လည်း ရှိ၏။ ဤအမျိုးအစားများအနက် ကျွန်တော်တို့ ဘိုးဘွား ဘီဘင်များ မှတ်တမ်းတင်ခဲ့သော မြန်မာရာဇဝင်၊ ရခိုင်ရာဇဝင်များသည်ကား 'ရာဇဝံသ' ဟူသော စကားကို စွဲမြဲစေလျက် မင်းနှင့်ဆွေမျိုးတစ်စုတို့၏ ဖန်တီးမှု၊ ခြယ်လှယ်မှု၊ တိုက်ခိုက်မှုတို့ကိုသာ ဖော်ပြခဲ့လေသည်။

ရာဇဝံသဟူသော စကားနှင့်အညီ ကျွန်တော်တို့၏ ရှေးရခိုင်ရာဇဝင်များတွင် လည်း မင်းနှင့်ဆွေစဉ်မျိုးဆက်တို့၏ လှုပ်ရှားမှုများကိုသာ မှတ်တမ်းတင်ခဲ့ပေသည်။ သို့သော် မျက်မှောက်လူ့အဖွဲ့အစည်းတွင် ဘုရင်ခေတ်ကုန်ဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့ လေပြီ။ လူ့အဖွဲ့အစည်းသည် ခေတ်တစ်ခုနှစ်ခုကိုပင် ကျော်လွန်ခဲ့ပေပြီ။ လူ့အဖွဲ့ အစည်း၏ တန်ဆာပလာများဖြစ်ကြသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ယဉ်ကျေး မှု စသည်တို့သည်လည်း အမြစ်ကပင် ပြောင်းလဲရွေ့လျောစပြုနေ၏။ နိုင်ငံတစ်ခု၏ အရေးသည် နန်းတော်တွင်းမှ လယ်ကွင်းနှင့်အလုပ်ရုံများသို့ ပြောင်းရွှေ့လာခဲ့သော အချိန်မှာ အတန်ပြောင်းခဲ့လေပြီ။

ကျွန်တော်တို့သည် ဆန်းသစ်ရန် လိုလာပြီ။ အတိတ်၏ အရည်အချင်းအဟောင်း များကို ပစ္စုပ္ပန်အရည်အချင်းသစ်များအဖြစ်သို့ ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲရန် လိုအပ်လာသည်။ ဤပြန်လည်ဆန်းသစ်ရေး အချိန်သမယတွင် ကျွန်တော်တို့၏ ပစ္စုပ္ပန် အနာဂတ်ရေးများအတွက် ကျွန်တော်တို့၏ အတိတ်ကိုလေ့လာရပေမည်။

ကျွန်တော်တို့၏ရခိုင်ရာဇဝင်ကို လေ့လာမှုစကြပါစို့။ ရခိုင်ရာဇဝင်မှတ်တမ်းများကို ရှေးရိုးနည်းအတိုင်း ကြည့်လိုက်ပါလျှင် ၁။ ဒွါရာဝတီနှင့် ဝေသာလီခေတ်၊ ၂။ ပထမ ဓညဝတီခေတ်၊ ၃။ ကျောက်ပန်းတောင်းခေတ်၊ ၄။ ဒုတိယဓညဝတီခေတ်၊ ၅။ ကျောက် လှေကားခေတ်၊ ၆။ ပဉ္စာခေတ်။ ၇။ ပထမပရိန်ခေတ်၊ ၈။ ဒုတိယပရိန်ခေတ်၊ ၉။ လောင်းကြက်ခေတ်၊ ၁၀။ ပထမမြောက်ဦးခေတ်၊ ၁၁။ ဒုတိယမြောက်ဦးခေတ်၊ ၁၂။ တတိယမြောက်ဦးခေတ်၊ ၁၃။ ပထမလက်အောက်ခံခေတ်၊ ၁၄။ ဒုတိယလက်အောက် ခံခေတ်ဟူ၍ တွေ့ရပေသည်။

ဤခေတ်များကို ရုပ်ပိုင်းသဘောအရ လူ့အဖွဲ့အစည်းတို့၏ နေထိုင်လှုပ်ရှားမှု တို့ကို လေ့လာမှ ထိုခေတ်၏ အဆက်အစပ်တို့ကို မှတ်သားရန် လိုလာလိမ့်မည်။

စနစ်ကျသော ကမ္ဘာ့ရာဇဝင်တို့ကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀၀ ခန့်မှ စ၍ ထိုအချိန်ထက်စောသော ရာဇဝင်၏ရှေ့ပိုင်းခေတ်ဟု သတ်မှတ်ပေသည်။ ထိုရာဇ ဝင်မတိုင်မီက လူ့အဖွဲ့အစည်းများ အကြောင်းကို သက်သေအထောက်အထား မည်သို့ မျှ မရနိုင်သေးဘဲ ထိုခေတ်တွင် ဖြစ်လေမည်လားဟူသော တွေးထင်ချက်ဖြင့် ဂရိတ် နတ်ဘုရားတို့၏ အဖြစ်အပျက်များ၊ ယူလစ်ဆီကဲ့သို့သော လူစွမ်းကောင်းတို့၏ အဖြစ်

အပျက်များစသော ဒုက္ခာရိပုံပြင်များ ပေါ်ပေါက်ခဲ့လေသည်။ ထိုနည်းတူစွာ ကျွန်တော်တို့၏ ရခိုင်ရာဇဝင်မှတ်တမ်းများကိုလည်း ခေတ်အဆက်အစပ် မှန်မှန်ကန်ကန်နှင့် ရနိုင်သည်မှာ မြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်း ၂၈၀၀ခန့် (ဘီစီ- ၃၃၀၀)ခန့်မှသာ ရနိုင်လျက် ၎င်း၏ရှေ့ပိုင်းတွင် ဗုဒ္ဓ၏နိပါတ်များနှင့် ရောပြွမ်းကာ ဒုက္ခာရီဆန်လျက်ရှိပေသည်။ ထိုခေတ်ကား ဒွါရာဝတီနှင့် ဝေသာလီခေတ်ပေတည်း။ရာဇဝင်ဟောင်းများအရ ဥတ္တရာပထတိုင်း အသိတဥ္စနမြို့မှ 'ဝါသုဒေဝ' အမှူးရှိသော ညီနောင်တစ်ကျိပ်တို့သည် ဒွါရာဝတီမည်သောမြို့ကို ပထမဆုံး လုပ်ကြသည်ဟူ၏။ ထိုမြို့သည် ရန်သူလာလျှင် အာကာယံတွင် ပျံတက်နေတတ်၍ သံဖြင့်မြို့ခြေလက်တို့ကို ချိတ်တွဲပြီး လုပ်ကြံရသဖြင့် သံတွဲတွင်ရကြောင်း ဆိုသည်။ ထိုဒွါရာဝတီသံတွဲမြို့ကို စိုးစံရင်း အချင်းချင်းသတ်ဖြတ်၍ နောက်ဆုံး ဝါသုဒေဝ၊ ဗလဒေဝနှင့် နှမတော် အဥ္စနဒေဝီနှင့် ပုရောဟိတ်ပုဏ္ဏားတို့သည် မြို့မှထွက်ပြေးကြောင်း၊ လမ်းတွင် ဝါသုဒေဝနှင့် ဗလဒေဝ တို့ ကံကုန်ပြီး ကျန်အဥ္စနဒေဝီနှင့် ပုရောဟိတ်တို့သည် ဝေသာလီပြည်သို့ရောက်ရာ မင်းမရှိခိုက်နှင့်ကြုံသဖြင့် မင်းပြုကြကြောင်း ဖော်ပြကြလေသည်။ သို့သော် ဒွါရာဝတီနှင့် ဝေသာလီခေတ်တွင် မင်းပြုကြသော မင်း ၂၃ဆက်တို့အကြောင်းမှာ ခေတ်ဆက် စပ်ယူ၍ မရနိုင်သဖြင့် ကလေးများအတွက် ရာဇဝင်ပုံပြင်ခေတ်အဖြစ် ချန်လှပ်ခဲ့သင့်ပေသည်။

မြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်း ၂၇၇၀ခန့် (ဘီစီ-၃၃၀၀)က မြို့သင်းကြီး ငအောင်လာ မွေးမြူသော 'မာရယု' သတို့သားသည် ဓညဝတီပြည်ကို တည်ထောင်လေသည်။ ထိုမင်း၏ အဆက်အနွယ်များနှင့် သူပုန်မင်း သုံးဦးတို့စိုးစံသောခေတ်ကား မြို့သူရဲကောင်းခေတ်တည်း။ ဤခေတ်၏နောက်တွင် ကျောက်ပန်းတောင်းမြို့ကို တည်ထောင်သော တကောင်းမင်းရိုး ကံရာဇာကြီးအစရှိသော မင်း ၂၈ ဆက်တို့ စိုးမိုးကြ၏။ ထိုခေတ်ကား သာကီဝင်ခေတ်ပေတည်း။

တစ်နည်းအားဖြင့် ဧကရာဇ်ခေတ်ကို တက်လှမ်းစပြုသော အချိန်ဖြစ်လေသည်။

ဤခေတ်နှင့် မဟာမုနိရုပ်ပွားတော်၏ ဒကာစန္ဒသူရိယမင်းမှစ၍ မင်း၂၅ ဆက်စိုးစံသော ဒုတိယဓညဝတီခေတ်တို့ကား ဧကရာဇ်ခေတ်၏ အုတ်မြစ်များပေတည်း။ ထိုခေတ်များ၏နောက် ဝေသာလီကျောက်လှေကားခေတ်၏ အလယ်လောက်ခန့်မှ လောင်းကြက်ခေတ်၏အလယ်ခန့်ထိကား ဧကရာဇ်ခေတ်၏ အထွတ်အထိပ်ဖြစ်သော နယ်ချဲ့ခေတ်များ ဖြစ်ပေ၏။ လောင်းကြက်ခေတ်အဆုံးပိုင်းတွင်ကား ဧကရာဇ်စနစ်၏ မကောင်းမှုများသည် အကြီးအကျယ်ပေါ်လာပြီ ဖြစ်၏။ ထိုခေတ်မှစ၍ ဒုတိယမြောက်ဦးခေတ် အလယ်အထိအချိန်ကား ဧကရာဇ်စနစ်ကို ပျက်သုဉ်းစေမည့် အရိပ်အရောင်များ တစ်စတစ်စပေါ်လာသော ခေတ်ဖြစ်၏။ ထိုခေတ်များတွင် မှူးမတ်လူစွမ်းကောင်းများ

၏ ပုန်ကန်မှုများကို အတော်အတန် တွေ့ရ၏။ ကံကျွေးချစနစ်ဟု ခေါ်ဆိုအပ်သော ပဒေသရာဇ်ခေတ်သို့ ရောက်သည့်အရိပ်နိမိတ်များလည်း တစ်စတစ်စ ထင်လာချေပြီ။

ဒုတိယမြောက်ဦးခေတ်၏ အလယ်ပိုင်းမှစ၍ တတိယမြောက်ဦးခေတ် အဆုံးထိ အချိန်ကား ကံကျွေးချစနစ်ကို မွမ်းမံထားသော ပဒေသရာဇ်ခေတ်ပေတည်း။ ဤခေတ်တွင် ပုန်ကန်မှုများ ထူထပ်လာ၏။ တစ်ခေတ်ပြောင်းလု ပြန်ပြီတကား။

သက္ကရာဇ် ၁၁၄၆ ခု၊ ပြာသိုလဆုတ် ၇ ရက် စနေနေ့ (အေဒီ ၁၇၈၄)တွင် အမရပူရဘုရင် ဘိုးတော်၏သား အိမ်ရှေ့မင်းမောင်ပေါ်သည် မြောက်ဦးမြို့ကို တိုက်ခိုက်သိမ်းယူရရှိလေသည်။ ထိုနေ့မှစ၍ လက်အောက်ခံခေတ်၊ သို့မဟုတ် ကိုလိုနီခေတ် အတွင်းသို့ ရောက်ရှိလာပြီး အရှေ့အိန္ဒိယကုမ္ပဏီက ပထမအင်္ဂလိပ်မြန်မာစစ်ဖြင့် ရခိုင်ပြည်ကို သိမ်းပိုက်လိုက်သောအချိန် အေဒီ-၁၈၂၆-၌ကား မနေရှင်ခေတ်၏ လောင်းရိပ်သည် ရခိုင်မြေပေါ်သို့ ဖုံးလွှမ်းစပြုလာပြီဟု ဆိုရပေမည်။ ရခိုင်ပြည်ကား ပစ္စုပ္ပန်ခေတ်၏ အရှက်ဦးကို ထိုအချိန်တွင် ရောက်ရှိလေပြီ။

ဒွါရာဝတီမှ ဝေသာလီထိ ဝါသုဒေဝအစ ဗြဟ္မသိဒ္ဓိမင်းအဆုံးရှိသောမင်းတို့ စိုးစံကြသော ရခိုင်ရာဇဝင်အကြောင်းခြင်းရာတို့ကား စင်စစ်နိပါတ်ပုံပြင်မျှသာဖြစ်ကြောင်းကို ရခိုင်ရာဇဝင်သစ်ကျမ်းကို ပြုစုသော ရမ်းဗြဲတောင်ကျောင်းဆရာတော်စသော ရာဇဝင်ကျော်ပုဂ္ဂိုလ်တို့ကပင် ယူဆခဲ့ကြပေသည်။ အကယ်၍ထိုမင်းများ စိုးစံကြသော ထိုခေတ်များ ကြီးကျယ်စည်ကားခဲ့လျှင်လည်း ဘီစီ-၅၀၀၀ခန့်ထက် မလျော့သော အချိန်က ဖြစ်ပေလိမ့်မည်။ သို့သော်လည်း ထိုအချိန်၌ ရခိုင်ပြည်တွင် အိန္ဒိယပြည်မှ ဒရာဗိဒီယံတို့ကဲ့သို့ အမျိုးအမည် မမှည့်နိုင်သော တိုင်းရင်းသား အိမ်ထောင်စု၊ ဇာတ်တူစု Clans တို့ရှိကြမည်ဟု ယူဆသင့်ပေသည်။

ရခိုင်၏ ခေတ်ဦးလူတို့မှာ မြို၊ မြုံ၊ ချင်းစသော အနွယ်များပင် ဖြစ်ပေသည်။ ယခုအခါ ထိုအနွယ်များ အတန်ပင်များပါသည်။ သို့သော် ဓလေ့ထုံးစံများကို လေ့လာလျှင် တစ်နွယ်နှင့်တစ်နွယ်တို့ များစွာမကွာခြားလှသည်ကို တွေ့ရပေသည်။ အမှန်အားဖြင့် အမျိုးတူတစ်စု (သို့မဟုတ်) နှစ်စုမှ ရောယှက်ပြန့်ပွားပြီး နေရာထိုင်ကွက် အလိုက် အနွယ်ပြားသွားပုံ ရပေသည်။ ဥပမာ ချင်းအမျိုးသားချင်းပင် တူသော်လည်း တစ်တောင်နှင့်တစ်တောင် နေရာကွဲသည်နှင့်အမျှ စကား၊ ဓလေ့စသည်တို့မှာလည်း အနည်းငယ်ကွဲပြားပြီး လေးဒူး၊ ဇိုင်တောင်စသည်ဖြင့် အနွယ်ကွဲပြားသွားသကဲ့သို့ပင်တည်း။

ထိုအနွယ်တို့ကိုကြည့်၍ တစ်ဖက်တွင် တိဘက်ကဲ့သို့ အာရှအလယ်ပိုင်းလူစုက ဆင်းသက်ခဲ့သည်ဟု ယူဆစရာရှိသကဲ့သို့ပင် တစ်ဖက်တွင်လည်း ဘင်္ဂါပြည်နယ်၏ ခေတ်ဦးလူများ ဆင်းသက်ခဲ့သည်ဟု 'ဒိုင်းနက်' ကဲ့သို့သော အနွယ်တို့ကိုကြည့်၍ ယူဆ

နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ ထိုအနွယ်များအနက် ဘီစီ-၃၅၀၀ခန့်က မြို့အနွယ်တို့သည် အတော်အတန်အသိုက်အဝန်းများသော ဇာတ်တူစုတစ်ခု ဖြစ်ခဲ့ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘီစီ-၃၂၉၀ ခန့်က 'မာရယု' အမှူးရှိသော မြို့သူရဲကောင်းမျိုးတို့သည် နှစ်ပေါင်း ၁၈၁၈ နှစ်တိုင် ဓညဝတီအမည်ရှိသော မြောက်ပိုင်းရခိုင်ပြည်ကို စိုးစံခဲ့ကြသောကြောင့်ပင်တည်း။

ဤခေတ်၌ ကြေးစသောသတ္တုလက်နက်များကို သုံးစွဲစပြုနေပုံရ၏။ လူအုပ်စုတို့သည် အနီးအနားတစ်တောင်မှ တစ်တောင်သို့ ရေကြည်ရာ မြက်နုရာ ကူးလူးနေခြင်းမှ မြို့ပြတည်ထောင်စ ပြုပုံရ၏။ လူတန်းစားအနေနှင့်ကား အုပ်စိုးသူနှင့် အုပ်ချုပ်ခံသူဟူ၍သာ ကွဲပြားခြားနားပုံရလျက် ကျေးပိုင်ကျွန်ပိုင်ခေတ်သို့ ရောက်လုမျှသာ ရှိသေးသည်ဟု ဆိုရပေမည်။ ကမ္ဘာဦး ဘုံစနစ်လျော့စပြုသော အချိန်ဖြစ်၍ ရေမြေကို သူပိုင်ငါပိုင်လုသော ပုန်ကန်မှုများကိုကား တစ်ခါတစ်ရံ တွေ့ရပေသည်။ သို့သော် မြေဩဇာကောင်း၍ ပြန့်ပြောလှသော ရခိုင်မြေအပြင်သည် ထိုဇာတ်တူလူစု အနည်းငယ်တို့အား လူတန်းစားများအဖြစ် ခိုင်ခိုင်မြဲမြဲ မပေါ်ပေါက်စေနိုင်သေးပေ။

ကမ္ဘာဦးဘုံစနစ်မှ ကြေးပိုင်ကျွန်ပိုင်စနစ်ဟု ဆိုအပ်သော ဧကရာဇ်ခေတ်သို့ တက်လှမ်းရန်အတွက် တစ်ခါတစ်ရံ ပေါ်ပေါက်သောပုန်ကန်မှုများတွင် မာရယုမင်းဆက် ၁၈၁၈ နှစ်စိုးစံပြီး ဘီစီ-၁၅၇၀ ခန့်တွင် ဧကရာဇ်စနစ်ကို အုတ်မြစ်ချပေးမည့် ပုန်ကန်မှုကြီး ပေါ်ပေါက်လာလေသည်။ ထိုပုန်ကန်မှုကြီးကြောင့် ထိုအချိန်ကား မြို့သူရဲကောင်းများ မတည်မတံ့ဖြစ်နေသည့် ကူးပြောင်းရေးကာလ ဖြစ်ပေသတည်း။

> '---ပြည်သူ့အာဏာကိုပိုင်ဆိုင်လျက် အခွန်အတုပ် မှန်မှန်ကန်ကန် ကောက်ခံနိုင်သော အခွင့်ရေးများကို ရရှိလာသောအခါ အရာရှိများသည် လူ့အဖွဲ့အစည်း၏အထက်မှ အုပ်စိုးသူလူစုအစိတ်အပိုင်း ဖြစ်လာသည်ဟု အိန်ဂျဲလ်စ်က ရေးခဲ့ပေသည်။'
>
> (လီနင်)

ဤအချိန်၌ တကောင်းအဘိရာဇာ၏သားကြီး ကံရာဇာကြီးသည် ညက်ရည်ပြိုင်ပွဲတွင် ညီတော်အား ရှုံးနိမ့်သဖြင့် ကလေးကျေးတောင်ညိုကြောင်းချီ၍ ပါလာသော သင်းပင်းခြွေရံများနှင့် 'ကျောက်ပန်းတောင်းမြို့' ကို တည်လှာသည်။ ယင်းနှင့်အတူ ပါလာသူများမှာ မြန်မာတို့၏ ခေတ်ဦးလူများဖြစ်သော တိဘက်အနွယ်များ ဖြစ်ပေလိမ့်မည်။ ယခင်ရခိုင်ပြည် ရှိရင်းစွဲလူများမှာ ဗြာမင်း (ဗြဟ္မဏ)အဆက်ပါကောင်းပါမည် ဖြစ်သော ဘင်္ဂါပြည်နယ်မှ လူအုပ်စုများသာ ဖြစ်ဟန်တူ၍ ယခုကား တိဘက်သွေး

ပါသော မြန်မာခေတ်ဦးလူအုပ်စုများဖြင့် ရောနှောခြင်းဖြင့် ပစ္စက္ခရခိုင်လူမျိုး၏ ဗီဇကို ပေါ်ပေါက်လာစေပေသည်။ လူဦးရေလည်း တိုးပွားခဲ့၏။ ကျောက်ပန်းတောင်းမြို့သည်လည်း အရှေ့အနွယ်လူအုပ်စုများနှင့် အနောက်အနွယ်လူအုပ်စုများကို လူမျိုးကြီးတစ်ခုအဖြစ် ပူးပေါင်းပေးသောဌာနကြီးတစ်ခု ဖြစ်ခဲ့လေသည်။

ပြန့်ပြောသောလူဦးရေနှင့် လူမျိုးတစ်ခုအဖြစ် ခိုင်မြဲခဲ့ပြီးဖြစ်သော်လည်း ပြည်နယ်၏ အဝှမ်းမှာ နေပြည်တော် City State မျှသာ ဖြစ်သေး၏။ များပြားလှသော လူဦးရေတို့သည် လယ်ယာအတည်တကျ ထွန်ယက်၍ ဘုရင်ကို အခွန်အတုတ်မှန်မှန်ဆောင်လာကြရ၏။ အုပ်စိုးသောအိမ်ထောင်းစုသည်လည်း လက်အောက်ခံများပြားလာသည်နှင့်အမျှ စည်းစိမ်တိုးတက်လာကြသည်။ လူဦးရေများပြားသည်နှင့်အမျှ ပြည်နယ်အဝှမ်းကိုဖြတ်၍လာကြသည်။

ယဉ်ကျေးမှုကွဲပြားသော လူအချင်းချင်းနှီးနှောခြင်းဖြင့် လည်းကောင်း၊ ဒေသန္တရဗဟုသုတများပြားသောလူများ တိုးပွားလာခြင်းကြောင့်လည်းကောင်း အရှေ့ခြမ်းကမ္ဘာတွင် ထွန်းပနေပြီဖြစ်သော ဓကေရာဇ်စနစ်ကို မိမိဗဟုသုတများမှ ကောင်းနိုးရာရာ ထုတ်နုတ်တည်ထောင်ကြလေသည်။ ရခိုင်ပြည်ကား ထိုအချိန်တွင် ကျေးပိုင်ကျွန်ပိုင်ခေတ်ဟု ဆိုအပ်သော ဓကေရာဇ်ခေတ်ဦးသို့ ရောက်ရှိခဲ့ပြီဟု ဆိုရပေမည်။

ဤကျောက်ပန်းတောင်းခေတ်မှ ဒုတိယဓညဝတီခေတ်ဆုံးအထိ (ဘီစီ ၁၄၇၀မှ အေဒီ ၃၆၃)နှစ်ပေါင်း ၁၈၄၀ခန့်သည်ကား ဓကေရာဇ်ခေတ်၏ တစ်ပြောင်ပြောင်ထွန်းတောက်သောခေတ် ဖြစ်ပေ၏။ ကျေးပိုင်ကျွန်ပိုင်ခေတ်၏ အထွတ်အထိပ်သို့ ရောက်ခဲ့ပြီ။

များပြားသောလူဦးရေတို့၏ ဝမ်းစာအတွက် လူအပေါင်းတို့မှာ တောကြီးမျက်မည်းများကို ရှင်းလင်းခုတ်ထွင်၍ လယ်ယာမြေတည်ထွင်နေကြရသဖြင့် အလုပ်နှင့်လက်မပြတ်မလတ် ရှိနေ၏။ လူဦးရေများပြားလာသော်လည်း ရခိုင်ပြည်၏ပြန့်ပြော၍ မြေသြဇာကြွယ်ဝသော မြေလပ်များက အလွန့်အလွန် ပိုမိုနေသေးသဖြင့် စီးပွားပျက်ကပ်များမှာ ဝေးသေး၏။ မိမိတို့ဝမ်းစာအတွက် မြေကြီးကို ပြုပြင်နိုင်သည်နှင့်အမျှ ရရှိမည်ဖြစ်သော လူအပေါင်းတို့ကား တခြားအရေးထက် လယ်ရေးယာရေးကိုသာ ဂရုပြုကြရ၏။ ငြိမ်းချမ်းစွာနှင့် ထွန်ယက်နိုင်ရန် အရေးကြီးပေသည်။ တစ်ဖက်တွင်လည်း အုပ်စိုးသူလူတန်းစာမှာ ဗဟုသုတနှင့်ပြည့်စုံ၍ ယဉ်ကျေးပြီးသော တိုင်းကြီးပြည်ကြီးမှ ရွှေ့လျောလာခဲ့သည်နှင့်အညီ မိမိတို့ လူတန်းစားတည်မြဲရေးအတွက် အကြံသစ်ဉာဏ်သစ်များ ပြည့်ဝလျက် ရှိ၏။ ကျေးပိုင်ခေတ်ကား ထွန်းကားခဲ့လေပြီ။

ဤခေတ်များ၏ နှောင်းကာလတွင် ငွေကြေးစနစ် ပေါ်ပေါက်ပြီဖြစ်ကြောင်းကို တူးဖော်ရရှိသည့် ဒင်္ဂါးများက သက်သေခံနေ၏။

စကားချပ်။ ။ (ယခုခေတ် ပညာရှင်များ သုတေသနပြုချက်အရ အစောဆုံး ရခိုင်ဒင်္ဂါးကို အေဒီ ၄၀၀ခန့်က တွေ့ရပြီး ဘုရင် အမည်ပါ အစောဆုံး ရခိုင်ဒင်္ဂါးမှာ အေဒီ ၄၈၃ တွင် သွန်းလုပ်သော ဒင်္ဂါးဖြစ်ကြောင်း မိန့်ဆိုကြပါသည်။ စာရေးသူ။)

ငွေကြေးစနစ်ပေါ်ပေါက်ခြင်းကို ထောက်ရှု၍ ထိုခေတ်ကပင် ရခိုင်ပြည်သည် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်လျက် ရှိပေလိမ့်မည်။ ဂီတစသော အနုပညာများတွင်လည်း ဘီစီ ၃၃၄ လောက်ကပင် အတော်အတန်ပြည့်ဖြိုးလျက်ရှိသည်ကို တွေ့ရပေသည်။

ဤမျှယဉ်ကျေးမှုနှင့် ပြည့်စုံနေပြီဖြစ်သော ခေတ်တွင် ဧကရာဇ်စနစ်ကို ကြိုးကိုင်နေသော အုပ်စိုးသူလူတန်းစားသည် အခွန်အတုတ်အတွက် နယ်ချဲ့လာရမည်ဖြစ်သည့်အတိုင်း ဝေသာလီကျောက်လှေကားမြို့ကိုတည်သော မဟာစန္ဒရားမင်း၏အဆက်အနွယ်များအစ လောင်းကြက်မြို့တည် အလောမာဖြူမင်း၏ အဆက်အနွယ်များဖြစ်သော နန်းကျကြီးအဆုံးရှိသော မင်းတို့လက်ထက်တွင် နိုင်ငံချဲ့စစ်များကို တိုက်ခိုက်လာကြလေတော့၏။ နယ်ချဲ့ခေတ်ကား အေဒီ ၇ ရာစုနှစ် အဆုံးပိုင်းခန့်က အစပြုပြီးလျှင် ၁၄ ရာစု၏ အစပိုင်းခန့်အထိ တည်မြဲခဲ့လေသည်။ ဤခေတ်၌ ပြည်သူတို့၏ အလုပ်အကိုင် ဖွံ့ဖြိုးသည်နှင့် အတုတ်အခွန်အများအပြားရရှိလာသည့်အလျောက် မိမိတို့၏ တန်ခိုးအာဏာကြီးမားရေးအတွက် ရေတပ်၊ ကြည်းတပ်များ တိုးချဲ့ပြီးလျှင် အနောက်ဘက်၌ မောက်သူဇာ၊ ဘင်္ဂါလီစသော နယ်များထိ၊ အရှေ့ဘက်တွင် မောရှမ်းစသောနယ်များထိ ချီတက်တိုက်ခိုက်ခဲ့လေသည်။

(အေဒီ ၇၀၇ခန့်)က ပေါ်ပေါက်သော သုဝဏ္ဏဒေဝီ၏ 'သိန်ကန်မိန်တွင်' ချိုလွှမ်းစာခွေမှာတမ်းရတုကိုကြည့်ခြင်းဖြင့် ယဉ်ကျေးမှု၏အရေးအကြီးဆုံးဖြစ်သော စာပေမှာ ပြည့်ဖြိုးကြွယ်ဝလျက် ရှိသည်ကို တွေ့ရပေသည်။

မည်သည့်အမှုအခင်း၌မဆို အတုံ့အပြန်သဘောသည် ရှိစမြဲဖြစ်သည့်အတိုင်း သူတစ်ပါးနိုင်ငံကို ထိပါးလေသော ထိုခေတ်တွင် ထိပါးခံရသော နိုင်ငံများ၏ တန်ပြန်နယ်ချဲ့စစ်ကို တွေ့ရပေသည်။ အနောက်ဘက်မှ သူရတန်၊ ပဆာကုလားတို့၏ တိုက်ခိုက်ခြင်းကိုလည်းကောင်း၊ အရှေ့စွန်မှ ရှမ်း၊ မြန်မာ၊ တလိုင်းတို့၏ တိုက်ခိုက်ခြင်းကိုလည်းကောင်း ခံရပေသည်။ ဤနယ်ချဲ့စစ်နှင့် တန်ပြန်နယ်ချဲ့စစ်တို့ကား အုပ်စိုးသူလူတန်း

စားတစ်စုက မိမိတို့တန်ခိုးအာဏာရမှုအတွက် ဖန်တီးရာမှဖြစ်ပွားသောစစ်များဖြစ်၍ ကောင်းသည်ဟု မဆိုသာပေ။

ကေရာဇ်ခေတ်မှ အမြစ်တွယ်ခဲ့သော လူတန်းစားခွဲခြားမှုသည် ဤနယ်ချဲ့ခေတ်၌ အသည်မျိုး၊ သူကောင်းမျိုး၊ မင်းမျိုးဟူသော လူတန်းစားများအဖြစ် အကြမ်းအားဖြင့် သိသိသာသာ ထင်ရှားလာခဲ့လေသည်။ အသည်မျိုးနှင့် သူကောင်းမျိုးတို့ကြားတွင် လူတန်းစားဖြစ်သော မှူထမ်းရာထမ်း၊ စို့သားများလည်း ရှိသေး၏။ ဤလူတန်းစားများ အနက် အသည်မျိုးနှင့် စို့သားများမှာ ကျွန်လူတန်းစားများဖြစ်ကြလျက် လူဦးရေအများ ဆုံးအပိုင်းကို ဆောင်သူများပေတည်း။ ဤသူများကား ဤအချိန်မှစ၍ နောင်တွင် တဖြည်းဖြည်း ဆွေးမြေ့လာတော့မည့် ကေရာဇ်စနစ်ဟောင်းကြီးကို ပုန်ကန်တော်လှန် ၍ ပိုမိုကောင်းမွန်သော စနစ်သစ်တစ်ရပ်ကို ဖန်တီးမည့်သူများ ဖြစ်လာပေလိမ့်မည်။

နယ်ချဲ့ခေတ်ထိ ကြီးပြင်းခဲ့သော ကေရာဇ်စနစ်ကား ဇရာပိုင်းသို့ ရောက်ခဲ့လေ ပြီ။ အိုမင်းဆွေးမြေ့ပြီဖြစ်သော ကေရာဇ်စနစ်သည် သေခါနီးပရမ်းပတာ ဖြစ်သည့် ပမာ အေဒီ ၁၂၈၂ ခုနှစ်ခန့်တွင် နန်းတက်သော 'နန်းကျကြီးမင်း' လက်ထက်တွင် လူ့လောက၏ အဆိုးသွမ်းဆုံး အမှုဖြစ်သော မုဒိမ်းမှုများကို အုပ်စိုးသူလူတန်းစားက ပြုလုပ်လာကြ၏။ ဖိနှိပ်သူလူတန်းစား၏ ဒုစရိုက်များဖြစ်သော လူထုငွလုပ်အားကို မိမိတို့စည်းစိမ်အတွက်မျှသာ သုံးမှု၊ လုယက်မှု၊ ကြာခိုမှုတို့သည် အားလုံးပြည့်စုံလေပြီ။ ဤမကောင်းမှုတို့ဖြင့် ပြည့်လျှမ်းနေသော ကေရာဇ်စနစ်ကို 'စည်သဘင်' အမတ်ကြီး ခေါင်းဆောင်သော မခံမရပ်နိုင်ဖြစ်နေကြသည့် ပြည်သူတို့က အေဒီ ၁၃၀၂ ခန့်တွင် ပထမဆုံးအကြိမ် တော်လှန်ခဲ့ကြလေသည်။

ဤပြည်သူ့တော်လှန်မှုကြီးကား ကေရာဇ်စနစ်ဆွေးကို ယိမ်းယိုင်ရွေ့လျားစေခဲ့ သော တော်လှန်မှုကြီးဖြစ်၏။ ဤတော်လှန်မှုကြီးမှစ၍ ဒုတိယမြောက်ဦးခေတ်အဆုံး ပိုင်းခန့် အေဒီ ၁၆၅၀ခန့်အချိန်ထိ ကေရာဇ်စနစ်ပုန်ကန်မှုများသည် မကြာခဏ ပေါ်ပေါက်လာ၏။ ယင်းပုန်ကန်တော်လှန်မှုများ၏ ခေါင်းဆောင်ပိုင်းကာ တိုးတက် သော သူကောင်းမျိုးများဖြစ်သည်ကို တွေ့ရပေသည်။ စို့သားခေါ် ကျွန်လူတန်းစား သည်လည်း တည်တံ့တိုးတက်၍ အင်အားကြီးမားသော လူတန်းစားတစ်ရပ် ဖြစ်လာလေ ပြီ။

လူဦးရေများသည်ထက် များလာ၏။ အခွန်အတုတ်လည်း ပိုမိုလာ၏။ ဟမ်မူရာဘီ ၏ လက်စားချေ ဥပဒေကဲ့သို့ 'သားမကောင်းလျှင် သားကိုသတ်ရမည်' ဟူသော မင်းထီး ၏ ဥပဒေငါးရပ်သည်လည်း နှိပ်ကွက်ရေး ကိရိယာတစ်ခုအဖြစ် ပေါ်ပေါက်ခဲ့၏။ အုပ်စိုး သူလူတန်းစားက မကြာခဏ ဖန်တီးနေသော နယ်ချဲ့စစ်များကြောင့် အသည်၊ မှူထမ်း၊

ရာထမ်း၊ အစိုးသားစသော ဖိနှိပ်ခံပြည်သူလူထု တစ်ရပ်လုံးမှာလည်း ကုန်သွယ်လယ်လုပ်စသော လုပ်ငန်းများကို ပစ်ပယ်ထားရတော့သည်။ လက်အောက်ခံပြည်နယ်များ ရှိလာခြင်းကြောင့် လက်အောက်ခံပြည်နယ်သားတို့၏ အမျိုးသားရေး လှုပ်ရှားမှုများလည်း ရှိလာ၏။ ပြည်တွင်း၌လည်း ရှိလာ၏။ ပြည်တွင်း၌ စီးပွားရေးပျက်ကပ် ချဉ်းနင်းလျက်လည်း ရှိလေပြီ။ ထိုအချိန်၌ အနီးကပ်ဆုံးဖြစ်သော အရှေ့ဘက်မှ မြန်မာပြည်မတွင်လည်း ဓကေရာဇ်စနစ် တိုးတက်စပြုနေပြီဖြစ်၍ နယ်ချဲ့ရန် ပြည်သစ်ရှာစပြုချိန်ဖြစ်သဖြင့် အေဒီ ၁၃၂၀ ကျော်တွင် နန်းစံသော မင်းထီးလက်ထက်မှစ၍ မြန်မာတို့၏ စတင်ထိပါးလာမှုကို တွေ့ရလေ၏။ ဓကေရာဇ်စနစ်ဟောင်းကား ယိုင်၍လာလေပြီ။

'ပြည်သူတို့သည် သူတို့၏ရာဇဝင်ကို သိရပေမည်၊
သူတို့၏လွန်လေပြီးသော ကာလ၏ ရာဇဝင်အစစ်
အမှန်သည် သူတို့ကို မည်သို့ကြားသိစေသနည်း'

(ဂေါ်ကီ)

ဓကေရာဇ်စနစ်မှ ပဒေသရာဇ်စနစ်သို့ ကူးပြောင်းသောအချိန်သည် နှစ်ပေါင်း ၃၆၀ခန့် (အေဒီ ၁၄ ရာစုအစမှ ၁၇ ရာစု အဆုံးခန့်)ထိ ရှည်လျားခဲ့၏။

ဤအချိန်အတွင်း၌ အိန္ဒိယပြည်၌ ပြန့်ပွားနေသော မူဆလင်အယူဝါဒသည် ရခိုင်ပြည်နယ်အတွင်း ချဉ်းနင်းဝင်ရောက်လာ၏။ ဘုရင်များသည်ပင်လျှင်လည်း မူဆလင်ဘွဲ့နာမယူကြသည်ကို တွေ့ရပေသည်။ ကမ်စသော မူဆလင်မှုထမ်းရာထမ်းများ၊ မူဆလင် စိုးသားများ၊ အသည်များ အတန်ပင်များပြားနေပြီဖြစ်၍ အဖိနှိပ်ခံလူတန်းစားထဲတွင် ဦးရေတိုးလာလေသည်။ ပြည်နယ်ကျယ်ပြန့်၍ ဖိနှိပ်ခံလူတန်းစားဦးရေ များလာသည်နှင့်အမျှ ဆူပူပုန်ကန်မှုများမှာလည်း နေရာအသီးသီးမှ ပေါ်ပေါက်လာသည်။ အုပ်စိုးသူ လူတန်းစားကား ဖရိုဖရဲဖြစ်လာလေပြီ။ သံတွဲစား၊ သံတောင်းစား၊ ရမ်းပြည့်စား၊ စစ်တကောင်းစားစသော သူကောင်းမျိုး ခေါင်းဆောင်လူတန်းစားတစ်ရပ်လည်း ဖြစ်ထွန်းလာ၏။ ဤလူတန်းစားကား နောင်တစ်ခေတ်တွင် အုပ်ချုပ်သူလူတန်းစား ဖြစ်လာပေလိမ့်မည်။ မြို့စားရွာစားများဖြင့် ကံကျေးချသောစနစ် မျိုးစေ့ကို စတင်ပျိုးစပြုလေပြီ။

ဤကံကျေးချစနစ်၏ အုတ်မြစ်စတင်ခိုင်မြဲသော အချိန်မှာ ယေဘုယျအားဖြင့် ပေါ်တူဂီလူမျိုး ဇဇ်ဂီ (ရခိုင်အခေါ် ငဇင်ဂါ) အား မင်းရာဇာကြီး သံလျင်မြို့ကို အပ်နှင်းသောအချိန်ပင် ဖြစ်၏။ ဤအချိန်ဝယ် နိုင်ငံခြားသင်္ဘောများ ဥဒဟိုရောက်ပေါ်လာ

ပြီဖြစ်၍ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုတိုးတက်လာသည်။ သို့သော် ကုန်စည်ကူးသန်းမှုမှာ ဘုရင်ဦးစီးသော မြို့စားရွာစားများ၏ လက်တွင်း၌သာ ရှိပေသည်။

ဤခေတ်၌ မဟာပညာကျော်စသော တရားသူကြီးကောင်းများ၊ ဥက္ကာပျံစသော စာဆိုကျော်များ ပေါ်ထွန်းသဖြင့် တရားဥပဒေနှင့် စာပေဘက်တွင်လည်း တိုးတက်လာ၏။ ဤပညာတတ်များကား တွေဝေရေးသမားများ မဟုတ်ဘဲ တိုးတက်သောအစိတ်အပိုင်းတွင် ပါဝင်ကြောင်းကို

'---ကျွန်ကို အရှင်စီရင်ရ၍ ကျေးကျွန်ကုန်ပါမည်၊ ငပေါင်တိုကို ဘုရင်မင်းမြတ် အမြောက်လွန်၍ ငပေါင်တို မာန်လွန်သည့်အမှုသာ ဖြစ်ပါသည်။'

**မဟာပညာကျော်(ငပေါင်တိုအမှု)**

'---ဥဒေါင်းကြိုးကြာ၊ ရွှေဟင်္သာကို၊ မတာညှဉ်းဆဲ၊ ကလူမဲ၍၊ စွန်ရဲကျီးနက်၊ ခင်ပုပ် ငှက်ကို၊ နှစ်သက်ရွှင်ပျ၊ မွေးယုယသို့---၊ ပမာပြုအပ်၊ ထိုအရပ်သို့၊ လျှပ်လျှပ်လျင်စွာ၊ စွန့်အပ်ရာ'

**(ဥက္ကါပျံ)**

ဟူသည်များကိုကြည့်၍ သိနိုင်ပေသည်။

ထို့ပြင် အချို့ရာဇဝင်များတွင် စာဆိုကျော်ဥက္ကါပျံသည် တစ်ချိန်သောအခါက ဧကရာဇ်စနစ်ကို တော်လှန်ရာ၌ ပါဝင်၍ လက်ဖြတ်ခံရကြောင်း ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ ထိုစဉ်က ရခိုင်ပညာတတ်များမှာ ဖိနှိပ်ခံပြည်သူလူထုနှင့် တစ်သွေးတည်းဖြစ်ကြောင်းကို နောင်ပေါ်ထွန်းလာသော သိုက်တက်လေက်ရုံး၊ ဂုဏမဥ္ဇူဆရာတော်စသော ပုဂ္ဂိုလ်များ၏ အပြုအမူတို့ကလည်း ထောက်ခံခဲ့ပေသည်။

ကံကျေးချစနစ်ဟု ဆိုအပ်သော မြို့စားရွာစားခေတ်ကား သီရိသုဓမ္မရာဇာမင်း၏ သား မင်းစနေကိုလုပ်ကြံ၍ လောင်းကြက်စား ငကုသလထီးနန်းကို သိမ်းပိုက်စဉ်က စသော တတိယမြောက်ဦးခေတ် (အေဒီ ၁၆၆၀ ခန့်) ကစ၍ အထွတ်အထိပ်သို့ ရောက်ပေသည်။ ဤခေတ်တစ်လျှောက်လုံးတွင် ဧကရာဇ်စနစ်၏ နှိပ်ကွပ်မှုကို အခွန့်ရှည်စွာ ခံစားနေရ၍ တက်ကြွသောပြည်သူတို့သည် မြို့စားရွာစားတို့၏ နယ်မြေလုရေးတွင် ခဏခဏပါဝင်လျက် အုပ်စိုးသူလူတန်းစားကို တော်လှန်ပုန်ကန်လျက်ရှိသည်ကို တွေ့ရပေသည်။ ဤတော်လှန်မှုတို့က အဓိကအင်အားဖြစ်သော အသည်၊ မှုထမ်းရာထမ်း၊ စို့သားစသော အဖိနှိပ်ခံလူတန်းစားတို့အတွင်း၌ ခေတ်မီသဘောတရား၏ အလင်း

ရောင်မထွန်းပသေးသော အချိန်ဖြစ်၍လည်းကောင်း၊ တော်လှန်မှုများကို ခေါင်းဆောင်သူများမှာ တက်ကြွသော လူတန်းစားသစ်တစ်ရပ်ဖြစ်သော သူကောင်းမျိုးများဖြစ်ခြင်းကြောင့်လည်းကောင်းအုပ်ချုပ်မှုတွင် ဧကရာဇ်စနစ်ဆွေးကို ပြန်လည်မွမ်းမံလိုသော အရိပ်အရောင်ကို တွေ့ရပေသည်။ သို့သော် ရာဇဝင်လှေကားကိုခုန်ကျော်တက်ရန်လည်းကောင်း၊ ပြန်လည်ဆင်းရန်လည်းကောင်း မဖြစ်နိုင်သည့်အတွက် ဤခေတ်ကား အမှောင်ခေတ်ဟု ခေါ်အပ်သောဥရောပခေတ်လယ်နှင့် သဘောသွားတူညီသောခေတ်တွင် ခိုင်မြဲစွာ ရပ်တည်မိပေပြီဖြစ်၏။ နိုင်ငံရေးအာဏာသည်လည်း ဘုရင်တစ်ဦးတည်း၏ လက်တွင်မရှိတော့ပေ။ မြို့စားရွာစားများ၏ လက်တွင်းသို့ ကျရောက်လျက်ရှိနေတော့၏။ အဖိနှိပ်ခံ ပြည်သူလူထုတစ်ရပ်လုံးသည် တစ်စထက်တစ်စ တက်ကြွလျက်ရှိနေတော့၏။

ဤခေတ်တွင် နိုင်ငံခြားသဘော်ကုန်သည်ဦးရေ ပိုမိုများပြားလာ၏။ အနောက်ဘက်မှ နယ်ချဲ့လာသောအင်္ဂလိပ်နှင့် အရှေ့ဘက်မှ နယ်ချဲ့လာသော မြန်မာတို့လည်း ရခိုင်ပြည်၏ တံခါးဝအသီးသီးတွင် ရောက်ရှိလာလေပြီ။ နယ်ချဲ့လက်ပါးစေသူလျှိုတို့လည်း ရခိုင်မြေပေါ်တွင် ခြေချင်းလိမ်မျှ အလုပ်ရှုပ်လျက်ရှိကြ၏။ နယ်ချဲ့လက်ပါးစေတို့၏ တို့မီးရှို့မီးကြောင့် ရခိုင်ပြည်သည် အကွဲကွဲအပြားပြား ဖြစ်စပြုလာ၏။ ရခိုင်ပြည်ကား အချုပ်အခြာအာဏာဆုံးရှုံးသည့်ဘဝသို့ ကျရောက်ရမည့် အရိပ်နိမိတ်တို့ ထင်လေပြီ။

အေဒီ ၁၇၇၀ ကျော်တွင် မင်းရပ်ဗိုလ်အောင်စုံ ခေါင်းဆောင်သောပြည်သူတို့သည် သူကောင်းမျိုးအုပ်စီးသော ပဒေသရာဇ်စနစ်ကို စတင်တော်လှန်ကြလေသည်။ ဤအချိန်မှစ၍ ဘိုးတော်ဘုရား ရခိုင်ပြည်ကို သိမ်းပိုက်လိုက်သောအချိန်အထိသည်ကား ပဒေသရာဇ်ချုပ်ငြိမ်းသောအချိန်ပေတည်း။ ပြည်သူ့တော်လှန်မှုကား အဆက်မပြတ်ဖြစ်လာ၏။ နယ်ချဲ့သွေးခွဲမှုလည်း အတော်ပင်အရာရောက်လာသည်။

ခရစ်သက္ကရာဇ် ၁၇၈၄ ခုနှစ်တွင် အမရပူရဘုရင် ဘိုးတော်ဘုရင်က ရခိုင်ပြည်ကို သိမ်းပိုက်လိုက်လေသည်။ တစ်ချိန်ကကိုယ်တိုင် နယ်ချဲ့ခဲ့ဖူးသော ရခိုင်ပြည်သည် ယခု နယ်ချဲ့စနစ်၏ လွှမ်းမိုးမှုကို ပထမအကြိမ် ခံစားရလေသည်။ မြန်မာတို့၏အုပ်စိုးခြင်းနှင့်အတူ အရာရှိကြီးစနစ်သည်လည်း တစ်ပါတည်းပါရှိလာလေသည်။ ရခိုင်ပြည်ကား လက်အောက်ခံ ကိုလိုနီဘဝသို့ ရောက်ရှိခဲ့လေပြီ။

ထိုအချိန်မှစ၍ အင်္ဂလိပ်မြန်မာ ပထမစစ်ဖြင့် အင်္ဂလိပ်သိမ်းပိုက်လိုက်ချိန်အထိကား ပထမကိုလိုနီခေတ်ဟု သတ်မှတ်သင့်ပြီး ဗြိတိသျှတို့ အုပ်ချုပ်သောခေတ်ကိုကား ဒုတိယကိုလိုနီခေတ်ဟု သတ်မှတ်သင့်ပေသည်။

မြန်မာမြို့ဝန်တို့အုပ်ချုပ်သော ပထမကိုလိုနီခေတ်အတွင်း၌ အမျိုးသားရေးလှုပ်ရှားမှုများအင်အားကြီးမားလာပေသည်။ မြန်မာတို့၏ အုပ်ချုပ်မှုမှာလည်း ကံကျွေးချစနစ်ဖြစ်သော ပဒေသရာဇ်စနစ်သာဖြစ်သဖြင့် ထိုစနစ်၏ဒဏ်ကြောင့် တကက်ကြွနေသော ရခိုင်ပြည်သူလူထုမှာ အမျိုးသားရေးက စွတ်ဖက်လာပြန်သဖြင့် မြန်မာအုပ်စိုးသော ခေတ်တစ်လျှောက်လုံးတွင် တော်လှန်မှုများဖြင့် ပြည့်နှက်လျက်ရှိ၏။ သို့သော်ကူးသန်းရောင်းဝယ်မှုရှိသလောက် ကုန်စည်ထုတ်လုပ်ရေးမှာ မဖွံ့ဖြိုးသေးသဖြင့် ထိုတော်လှန်မှုများသည် မနရှင်ခေတ်တော်လှန်မှုအသွင်ကို ဆောင်ရမည့်အစား အမျိုးသားတော်လှန်မှုအသွင်ကိုသာ ဆောင်ခဲ့လေသည်။ ဤတော်လှန်မှုများအနက် အပြင်းထန်ဆုံးတော်လှန်မှုမှာ သက္ကရာဇ် ၁၇၉၀ ကျော်မှစတင်ပေါ်ပေါက်သော 'ချင်းပြန်ပုန်ကန်မှု' ပင်တည်း။

ချင်းပြန်ပုန်ကန်မှုမှာ အမျိုးသားတော်လှန်ရေးပင် ဖြစ်၏။ ဤတော်လှန်ရေးသည် ၁၅နှစ်နီးပါးမျှ သက်တန်းရှည်လျက် လက်ရုံးဗိုလ်၊ မျက်တောင်ရှည်ဗိုလ်စသော ပြည်သူ့သားကောင်းများ ပေါ်ပေါက်ခဲ့၏။ မင်းသားဦးရွှေပန်းကဲ့သို့ တိုးတက်သောသူကောင်းမျိုး အစိတ်အပိုင်းကိုလည်း တွေ့ရှိရ၏။ တော်လှန်ရေးအင်အားစုမှာ ရခိုင်ပြည်သူတစ်ရပ်လုံးဖြစ်ပြီး ထိုလူထု၏အဓိကအင်အားစုမှာ လယ်သမားနှင့်တောနေ ဆင်းရဲသားလူတန်းစားများ ဖြစ်လေသည်။ ခေါင်းဆောင်လူတန်းစားထဲတွင်လည်း သူကောင်းမျိုးမျှသာမကဘဲ ချမ်းသာသောအသည်မျိုးများလည်း ပါဝင်ခဲ့လေသည်။ တော်လှန်ရေး၏ဦးတည်ရည်ရွယ်ချက်မှာ အမျိုးသားရေးပင် ဖြစ်၏။ သို့သော်လည်း တော်လှန်ရေးကြီးမှာ ခေတ်မီသဘောတရားဖြင့် မပြည့်ဝသဖြင့် နယ်ချဲ့သမားတစ်ဦးဖြစ်သော အင်္ဂလိပ်တို့၏အကာအကွယ်ယူရေးအတွက်သာ ဖြစ်သည့်အခါ ဖြစ်ခဲ့လေသည်။

တော်လှန်ရေး၏ ခေါင်းဆောင်များမှာ အင်္ဂလိပ်နယ်ချဲ့၏ရန်ကို မသိ၍ကားမဟုတ်။ သိသဖြင့်လည်း တော်လှန်ရေး၏အတတ်ကြွဆုံးအချိန်များတွင် အင်္ဂလိပ် နယ်ချဲ့သမားကိုပါ တိုက်ခိုက်ခဲ့သည်ကို တွေ့ရလေသည်။

ဗြိတိသျှနယ်ချဲ့စနစ်ကား သွေးခွဲပေးခြင်းစသော ပရိယာယ်တွင် ကျွမ်းကျင်သည်။ ထို့ပြင် ထိုအချိန်ကဆိုလျှင် ဗြိတိသျှအုပ်စိုးသူလူတန်းစားများမှာ မနရှင်စနစ် လေ့ကားထစ်တွင်ရောက်နေပြီဖြစ်၍ တစ်ဖက်နယ်ချဲ့သမားမြန်မာများထက် တိုးတက်သောအဆင့်တွင် ရှိပေသည်။ ဗြိတိသျှတို့သည် အရှေ့အိန္ဒိယကုမ္ပဏီဖြင့် ရခိုင်ပြည်သူလူထုအား မနရှင်စနစ်၏ အရသာကို မြီးစမ်းစေလေသည်။ သို့ဖြင့် နယ်ချဲ့ပရိယာယ်တွင်လည်းကောင်း၊ ကုန်စည်ထုတ်လုပ်ရေးတွင် လည်းကောင်း မြန်မာတို့ထက် ပိုမိုသာလွန်သော အင်္ဂလိပ်တို့သည် ပထမအင်္ဂလိပ်မြန်မာစစ်ဖြင့် ရခိုင်ပြည်ကို ဒုတိယလက်အောက်

ခံခေတ်ဟု ဆိုအပ်သော ဗြိတိသျှကိုလိုနီခေတ်တွင်းသို့ သွတ်သွင်းလိုက်နိုင်လေသည်။ ရခိုင်ပြည်ကား မနုရှင်ခေတ်ဦးသို့ ရောက်ရှိလာလေပြီ။

မကြာမီပင် ဒုတိယ၊ တတိယ အင်္ဂလိပ်-မြန်မာစစ်တို့ဖြင့် မြန်မာပြည်အားလုံးကို အင်္ဂလိပ်တို့သိမ်းပိုက်လိုက်သဖြင့် ရခိုင်ပြည်နှင့် မြန်မာပြည်မမှာ တစ်ခုတည်းသော မြန်မာပြည်အဖြစ်သို့ ရောက်ရှိလာသည်။ ယခင်ကပင် အမျိုးအနွယ်တူတို့မှ ရောယှက်ပြန့်ပွားခဲ့ကြသော ရခိုင်မြန်မာတို့မှာလည်း တစ်မျိုးတည်းအဖြစ် စည်းရုံးမိကြလေပြီ။ တစ်ခါက တစ်ဦးကိုတစ်ဦး နယ်ချဲ့ပိုင်စိုးရန် အားထုတ်ခဲ့ကြသော်လည်း ယခုအခါကား ဗြိတိသျှတို့၏ မြေရှင်တစ်ပိုင်းမနုရှင်တစ်ပိုင်း ကိုလိုနီစနစ်၏လက်အောက်တွင် ဘဝတူအဖြစ်သို့ ရောက်ရှိလာလေပြီ။ ဗြိတိသျှတို့၏ ကိုလိုနီစနစ်ကို တစ်သွေးတည်း တစ်သားတည်း တွန်းလှန်ကြရပေတော့မည်။

ဗြိတိသျှတို့၏ ဆွေးမြေ့လာသော ကိုလိုနီစနစ်နှင့် သွေးခွဲမှုမှိုင်းတို့ကိုကား အသျှင်ဥတ္တမကိုယ်တော်က စတင်အလင်းပြပြီး ရခိုင့်မြေတွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းရုံးဖြင့် ဦးစိန္တာနှင့် ဦးပညာသီဟတို့ တပ်လှန့်နှိုးလိုက်သောအချိန်တွင် စတင်လွင့်ပါးစ ပြုလေသတည်း။

'လိုဏ်ဥမင်နှယ်၊ ငါ့တွင်ကွယ်သား
လကွယ်သန်းခေါင်၊ ဤမိုက်မှောင်မှ
နိုင်အောင်ကွပ်နှိပ်၊ ချိုးမညိတ်သည့်
ငါ့စိတ်ဓာတ်ကား၊ ဖန်တီးပြောကြ
နတ်ဆိုမျှကို၊ ဖွင့်ဟငါလျှင်
ကျေးဇူးတင်၏'

## (ဟဲင်နလီ)

ကျွန်ုပ်တို့သည် ပစ္စက္ခဘဝတွင်းသို့ ရောက်ရှိလာကြပြီး ပစ္စုပ္ပန်ဒုတိယကမ္ဘာစစ်အလျင် ဗြိတိသျှခေတ်မှ ဖဆပလခေတ်ထိ အခြေအနေများကို လေ့လာရန် မှတ်တမ်းများကား ပေါလှစွာ၏။ သို့သော် ပထမညေဝတီခေတ်မှစ၍ ယနေ့ထိ ရခိုင်ရာဇဝင်ကို ရုပ်ပိုင်းအရ လေ့လာလျှင်ကား အုပ်စိုးသူလူတန်းစားကို အဖိနှိပ်ခံလူတန်းစားက တော်လှန်ပုန်ကန်မှုများဖြင့် တင်းကြမ်းပြည့်လျက် ရှိသည်ကို တွေ့ရ၏။ ယနေ့သည်ပင်လည်း ရခိုင်ရိုးမ၏ အနောက်ဘက်မှ ခေတ်ပြောင်းတော်လှန်ရေးတွင် ပါဝင်နေကြသော ပြည်သူတို့၏ သေနတ်သံများကို ကျွန်ုပ်တို့ကြားနေရပေသည်။

ရခိုင့်မြေကား အနိုင်မခံ အရှုံးမပေးတတ်သော ဘူမိနက်သန်ဖြစ်ပေသည်တကား။

စာကိုး
ရမ်းပြည်မြို့၊ တောင်ကျောင်းဆရာတော်၏
ရခိုင်ရာဇဝင်သစ်ကျမ်း (ပ-ဒု)။

**မှတ်ချက်။** ။ ၁၉၅၂-ခု၊ ဇန်နဝါရီလထုတ် ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ အတွဲ-၁၊ အမှတ် -၂တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

# မဲဇာရွှေလီ

## (၁)

ငါ့အား အကျဉ်းအကျပ်တည်းတွင် တည်းခိုစရာ အရိပ်အာဝါသ ပေးခဲ့ဖူးသော တောင်ကုတ်မြို့ကလေးသို့---

'ငွေသောင်ယံကမ်းခြေ လွမ်းဖွယ်စေ၊
တည့်မွန်း နေခြည်ဖြာမှ နွေးတဲ့
မဲဇာမြိုင်တောခြေ'

ရေဒီယိုမှ မေရှင်၏ချိုနွဲ့သောတေးသံသည် တစိမ့်စိမ့် သွန်းနေသော မိုးစက်တို့၏ ကျဆင်းသံကို ဖောက်ထွင်း၍ ပေါ်လာသည်။

ကိုပန်းအောင်သည် ကွပ်ပျစ်ပေါ်တွင် ပက်လက်လျောင်းနေရာမှ တစောင်းမှောက်လိုက်၏။ မျက်နှာကို မော့၍လည်း ကြည့်လိုက်သည်။ မေရှင်၏တေးသံသည်လည်း တစိမ့်စိမ့်လွင့်မြလွင့်လျက် မိုးစက်ကလေးတို့သည်လည်း မြေကြီးသို့ ကြွေဆင်းမြဲကြွေဆင်းလျက်ရှိသည်။

သူ၏ရှေ့ဝယ် အိမ်တံစက်မြိတ်မှ ခနိစွန်းရှိပါသည်။ သည်ကလွန်၍ကြည့်လိုက်လျှင် ဝေမှိုင်းရီသည့် မိုးလဟာပြင်၏ အောက်မှာတော့ စိမ်းစိုသည့် ခင်တန်းနောက်ခံရှိသော ဟိုတစ်အိမ်၊ သည်တစ်အိမ်။ သည့်ထက်သည် အဝေးကိုသာ မျှော်မှန်းလိုက်ပါလျှင် တောင်ငွေ့တွေ တဝေဝေဆိုင်းနေသည့် တောင်တံတိုင်းကြီးကို မြင်ရပါလိမ့်မည်။

ဟော ယခုမရှေ့ရှင်က 'မဲဇာမြိုင်' ကို ဖွဲ့နွဲ့နေပါသည်။ သူ အမှတ်ရမိသည်။ ဟို ၁၁၄ နှစ်သော ပရိစ္ဆေဒ၏ နောက်ကွယ်တွင် လက်ဝဲသုန္ဒရ အမတ်ကြီးက

'မဲဇာတောခြေ စီးတွေတွေတည့်
မြစ်ရေဝန်းလည် မြိုင်တောဆီက
ရွှေပြည်ကိုသာ တရှာတော့မိ' ဟု တမ်းတခဲ့လေသည်။

* * * * *

(၂)

နေပြည်တော်ကို တမ်းတမိရှာသော လက်ဝဲသုန္ဒရသည် ထိုစဉ်က မင်းပြစ်မင်းဒဏ်ကြောင့် တစ်ကျွန်းလောက်ပင် ဝေးမည်ထင်ရသော

'စီးသွင်ညိုရစ် မဲဇာမြစ်လည်း
ထစ်ထစ်ထွန်းဘိ ချုံအတိနှင့်
တောကြီးဆိတ်ညံ ဆည်းကျုံကျုံဝယ်

ရောက်နေရလေသည်။ အမတ်ကြီးသည် ချုံစေးပျစ်တွေ ပိတ်ယှက်နေသော မဲဇာမြစ်၏ နံဘေးမှ သဲသာသောင်မြေရှိသော အကြေဒေသကို တလျှလျှလွမ်း၍ တသသ တမ်းခဲ့ရှာ၏။

'ခူဝံမပေါ် မမြော်ပါရ
နေကိုတလည်း ဘယ်ကရှေ့နောက်
ဘယ်တောင်မြောက်ဟု တွေးထောက်မမှန်
ဖန်ဖန်အုံ့သြ ကြိုတိုင်းမောစွ
ဘယ်တောဘယ်မြိုင် မသိနိုင်၍
မခိုင်စိတ်ဝမ်း နေ့တိုင်းလွမ်းရှင့်-----'

နေ့တိုင်းလွမ်းရသော အမတ်ကြီးခမျာကား နေခြည်လည်း မပေါက်၊ တောင်မြောက်ကိုပင် မမှန်းဆနိုင်အောင် မှိုင်းမှိုင်းအုပ်အုပ်နှင့် တောရှုပ်လှသော မဲဇာရွှေလီဝယ် အထီးတည်းမောခဲ့ရရှာပေလိမ့်မည်။ တင်းစမ်းတောင်မှ လေဦးလေရှည်တို့ကလည်း ဖော်မဲ့သူအမတ်ကြီး၏ ဝေရီသောနှလုံးကို ယူကျုံးမရဖြစ်ရရှာလေအောင် စိမ့်၍စိမ့်၍ ချမ်းစေပြီး ချမ်း၍ချမ်း၍စိမ့်စေလျက် လှောင်ရက်ပြောင်ရက်ကြပေ၏။

မဲဇာရွှေလီ၏ တောရိပ်တောင်ရိပ်။ သည်စိမ်းမြိုင်ကြီးထဲဝယ် ချုံစေးပျစ်များကို ဖြတ်ပြီး ကွေ့ကောက်ကျဉ်းမြောင်းသော ကမ်းနှစ်သွယ်ကြားမှ နက်ရှိုင်းသန်မာသော ရေစီးဖြင့် စီးဆင်းနေသော မဲဇာမြစ်။ မဲဇာမြစ်၏ မလှမ်းမကမ်းမှာမူ မဲဇာတောင်ခြေ။ မဲဇာတောင်၏ ခြေရင်းတောင်ဝှမ်းတွင် တောင်ငွေ့ဖြင့်ပိတ်ဆီးနေသော မဲဇာရွာ။ ရွာဆိုသော်လည်း စင်စစ်ကျိုးတိုးကျဲတဲနှင့် နည်းစွာသော အိမ်ခေါင်းကလေးတို့ကိုသာ ချုံပုတ်တို့ကြားမှ မြင်ရပေလိမ့်မည်။ သည်အိမ်လေးတို့၏ ခပ်လှမ်းလှမ်းအစွန်အဖျား မြစ်နံ့ဘေး၌မူ တဲကုပ်ကုပ်ကလေးတစ်ခုကို မြင်ရပေမည်။ တဲကုပ်ကုပ်၏ရှေ့ခန်းမှ မီးလင်းဖိုကလေး အနီးမှာကား လက်ဝဲသုန္ဒရအမတ်ကြီးနှင့် ဘေးပတ်လည်တွင် ပြန့်ကျဲနေသော လွမ်းသူ့စာခွေများ။

မီးလင်းဖိုကလေးပေါ်ရှိ မြေလက်ဖက်ရည် ကရား၏ထိပ်မှ ထွက်လာသော မီးခိုးတန်းကလေးသည် အလွန့်လွန် ဈာန်ယာဉ်စီးလျက် တဲခေါင်မိုး၏အထက်သို့ ပျံတက်သွားလေသည်။ ရီဝေသော မျက်လုံးများဖြင့် ရှေ့တည့်တည့်ရှိ မဲဇာရွှေလီ၏ တောရိပ်တောင်ရိပ်ကို ရှုစားနေသော အမတ်ကြီးသည် ဟင်းခနဲသက်ပြင်းလွှတ်ကာ သူ၏စိတ်သန္တာန်ကို စာလုံးကလေးများအဖြစ်သို့ ကူးပြောင်းလိုက်ပြန်လေသည်။

'---မိုးမြင့်သီခေါင်၊ မဲဇာချောင်က
တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်
ထောင့်တိုင်းယှက်၍၊ ဝန်းကာဝေ့သည်
တောင်ငွေ့ဝေဝေ---'

(၃)

ဟုတ်ပါသည်။ ယခုလည်း တောင်ငွေ့တွေ ဝေနေပါသည်။

ကိုပန်းအောင်သည် မေရှင်၏ 'မဲဇာမြိုင်' က ဆွဲဆောင်မှုကြောင့် မဲဇာရွှေလီ၏ တောရိပ်တောင်ရိပ်ကြားမှ လက်ဝဲသုန္ဒရအမတ်ကြီးကို မှန်း၍မှန်း၍ တွေးမိရာက အမတ်ကြီး၏ကျော်စောလှသော လွမ်းရတုသည် သူ၏လက်ရှိဘဝနှင့် ရောက်ရှိနေရသော ဩကာသလောကကို တစ်ဖန်တွေး၍တွေး၍ မှန်းမိစေပြန်လေသည်။

သူ၏ဘဝသည် အမတ်ကြီး၏ အဖြစ်နှင့် များစွာမခြားနားလှသကဲ့သို့ သူ၏ရောက်နေရသော နေရာသည်လည်း မဲဇာရွှေလီနှင့် တစ်ထပ်တည်း မဟုတ်စေကာမူ တစ်ရပ်တစ်ကျေးခေါင်လှသော ရိုးမတောင်၏ ဘေးတွင်ပင် ဖြစ်ပါသည်။

* * * * *

(၄)

သူသည် ယခုတောင်၏နံဘေးတွင် ရောက်နေရပါသည်။ ဘာ့ကြောင့်သည်လို ရောက်နေရသနည်းဆိုသော သူ၏ဘဝဖြစ်စဉ်ကိုလည်း ကြည့်ပါဦး။

လယ်သမားနှင့်လုပ်သားလူထုသည် ဝေတ်မွတ်မွဲတေနေကြပြီ။ လယ်သမားနှင့် လုပ်သားလူထုသည် တိုင်းပြည်ပင် ဖြစ်ပါသည်။ သူ့ကိုဗဟုသုတအဖြာဖြာမှပေးလိုက်သော အသိဉာဏ်ကလေးသည် တိုင်းပြည်၏မွဲတေနေခြင်းကို ကြည့်နေရန်မဟုတ်။ တိုင်းပြည်တွင် မှီခိုနေသောသူသည် ပြည်သူပြည်သားကောင်းတစ်ယောက် ဖြစ်ရပေမည်။ ထို့ကြောင့်ပင် သူသည် ရရာကိုစား၍ တွေ့ရာတွင်အိပ်လျက်။

'ငါခင်တွယ်သော ဘဝအစဉ်ကိုသာ ငါ့အား မစပါ၊

သံယောဇဉ်ကြိုးကွင်း ဟူသမျှကို ငါ့ထံမှ ဝေးစေလို၊

ရှင်ကြည်သော မိုးကောင်းကင်အောက်ဝယ်

ငါ့အားပို့ပါ လမ်းကျဉ်း၏အလယ်--'

ဟူသောတေးကို တမြမြသီကာ ခြေသလုံးအိမ်တိုင်ဘဝဖြင့် နိုင်ငံရေးသမားဟူသော ဘွဲ့ကိုခံယူခဲ့လေသည်။

သည်လိုနိုင်ငံရေးသမားဟူသောအဖြစ်ဖြင့် နှစ်ပရိစ္ဆေဒအတန်ညောင်းလေသောအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ပြင်းထန်သော ဝါဒတိုက်ပွဲများ ပေါ်ပေါက်လာ၏။ သူ၏တိုင်းပြည်မှလည်း သည်အတိုင်းပင်ဖြစ်ပါ၏။

သူသည် ခြေသလုံးအိမ်တိုင်ဘဝဖြင့် လမ်းကျဉ်း၏ အလယ်တွင် လျှောက်နေရာမှ ဆူပွက်သောအသံဗလံများကြောင့် ဟိုဟိုသည်သည်ရမ်းရော်၍ကြည့်ရာတွင် အရှေ့ဘက်မှ သမ်းလာသောရောင်နီကို သူ့ဘေးပတ်လည်ရှိ အမှောင်တိုက်ထဲမှ လယ်သမားနှင့်လုပ်သားလူထုသည် သူတို့၏ တူနှင့်တံစဉ်များကို ဝှေ့ရမ်းလျက် ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။ သည်အချိန်မှာပင် နယ်ချဲ့အမှောင်တိုက်မှ ကောင်းကင်သည် ပြင်းထန်သော မိုးကြိုးလျှပ်နွယ်တို့ဖြင့် ထစ်ချုန်းကာ မိုးရိပ်ဆင်လျက် အရှေ့ဘက်မှ တက်လာသောရောင်နီကို ဖုံးလွှမ်းရန် ကြိုးစားပြသည်။

လယ်သမားနှင့် လုပ်သားထု၏ အသံဗလံ၊ မိုးကြိုးလျှပ်နွယ်တို့၏ အသံဗလံတို့သည် သူ့နားမှာ လျှံနေပြီ။ သူသည်တိုင်းပြည်ကို ချစ်၏။ လယ်သမားနှင့် လုပ်သားလူထုသည် တိုင်းပြည်ပင်ဖြစ်သည်။ ထိုကြောင့် သူသည်မည်သည့်နည်းနှင့်မဆို လယ်သမားနှင့်

လုပ်သားလူထု၏ကြားသို့ ဝင်ရောက်ရပေလိမ့်မည်။

'လုပ်သားလူထု ကောင်းစားမှုတွက်
ပြုပြင်မရ ဖျက်ဖျော်ကြမှ
ဘဝသစ်တည် ငြိမ်းလေမည် ဟု
ကြယ်နီမိုးဝ လမ်းညွှန်ပြ၍
ထပြီးငါလျှင် တော်လှန်သည်း'

သည်ဆောင်ပုဒ်ကို ရွတ်ပြီး လူထုထဲသို့ သူဝင်လိုက်သည်။ သူသည်သူ၏လမ်းကျဉ်းမှ 'ရောင်နီ' ကို မြင်ခဲ့ရသော်လည်း ယခုကား သူနှင့်လူထု၏ပတ်လည်ဝယ် ထူထပ်စွာသော ဆူးချုံနွယ်များနှင့် တခဲနက်တက်လာသော မိုးရိပ်မိုးသားများ၏ မြူငွေ့တို့သည် ပိတ်ဆီးကာသန်း၍ နေလေပြီ။ ဘယ်ဝယ်မြောက်တောင် မမှန်းဆနိုင်သဖြင့် လူထုထဲတွင်ပင် လူတစ်အုပ်နှင့် အခြားတစ်အုပ်သည် အချင်းချင်းမျက်နှာချင်းဆိုင်၍ အက်ငေ့ဖိကြိတ်နေမိကြသည်။

မည်သို့ပင်ဖြစ်စေ သူကားသူ့လမ်းကျဉ်းတွင် ရှိစဉ်က မြင်ခဲ့မိသော ရောင်နီရှိရာဘက်သို့မှန်းဆ၍ သွားနေသည်။ သူ၏ပါးစပ်မှလည်း 'လာကြ၊ ငါ့နောက်သို့ လိုက်ကြလော့၊ ငါကားရောင်နီကို မြင်ခဲ့သူ' ဟု စေတနာကောင်းစွာဖြင့် ခေါ်ရှာလေသည်။ သို့သော် ခရီးလက်စရှည်ပြီဖြစ်သော လယ်သမားနှင့် လုပ်သားထုကို သူ့လိုယခုမှ ခရီးကို စဝင်သူတစ်ဦးက လမ်းပြမည်ဆိုခြင်းမှာ သရော်ပြောင်လှောင်ဖွယ် အခြင်းအရာတစ်ရပ်သာ ဖြစ်နေခဲ့ပေပြီ။ သည်လိုသွားနေတုန်းမှာပင် သူသည်ပြင်းထန်စွာ အက်ငေ့မိကြသော လူအုပ်နှစ်ခုကြားသို့ ရောက်သွားပြီး တုတ်စဉ်တို့၏ ဒဏ်ရာဒဏ်ချက်ဖြင့် သတိမေ့လျက် လွင့်စဉ်သွားရှာလေသည်။ သူ၏ ရဲဘော်အချို့မှာလည်း အတုံးအရုံးကျဆုံးကြရရှာလေသည်။

သူသတိရလာသည်။ သူကား သူ၏လမ်းကျဉ်းကလေးကိုပင် ပြန်ရောက်နေပါသည်။ သို့သော် သူယခင်စွန့်ခဲ့သော နေရာဟောင်းတော့ မဟုတ်။ သူသည် ကောင်းကင်ကို မော့ကြည့်လိုက်ပြန်၏။ 'မိုးသောက် ရောင်နီ' နှင့် အမှောင်၏မိုးရိပ်မိုးသားတို့သည် တိုက်တုန်းခိုက်တုန်းပင် ရှိပါသေးသည်။ အို ပို၍တောင်မှပင် ပြင်းထန်နေပါသေးသည်။ မိုးရိပ်နှင့်မြူထုသည် ပူးပေါင်း၍ အားကုန်ကြနေသဖြင့် သူ၏လမ်းကျဉ်းကလေးအပေါ်မှာပင် တစ်ဝက်တစ်ပျက် ဖုံးလွှမ်းနေပါပြီ။

သူသည် ရောင်နီ၏အရိပ်ကို မှတ်သား၏။ တုတ်စဉ်တို့ကြားကိုဝင်ရန် ကြိုးစားပြန်သည်။ သို့သော် လယ်သမားနှင့်လုပ်သားလူထု၏ အသံဗလံများကား ယခင်ကလို

မနီးကပ်။ သည်ထက်ဆိုးသည်မှာ သူ၏ခန္ဓာဝယ် ထိရှထားသော ဒဏ်တွေကလည်း ပြင်းလှ၏။ မတ်မတ်တောင်မှ ထမရပ်နိုင်တော့ရှာ။ သူ၏ဘဝကတော့ သည်လိုပင် ဖြစ်ပါသည်။

အမှန်ကတော့ နဂိုကပင်လည်း သူသည် သန်စွမ်းလှသော သူမဟုတ်ပါ။ ခက်ထရော်သော ကန္တာရဆူးရုံသည် သူနှင့် ထိုက်တန်မည်လို့ မထင်။ သို့သော် သူသည် အားလျော့ရန် ဝန်လေးနေ၏။

'လူ့ဘဝ၏
ဒုက္ခဝဲဆိုင်၊ မလွှဲနိုင်ဘဲ
ငြိမ့်မြိုင်ပြောသံ၊ လှိုက်ဆူညံစဉ်
စီးလျှံမျက်ရည်၊ မှိုင်းချင်းသီ၍
လောကီမမွှ၊ ငါမှတ်ရ၏'

သည်လို စိတ်ကိုတင်း၍ ဖြေပြီး လေးဘက်တွားလျက်ပင် သူသည် လယ်သမားနှင့် လုပ်သားထုရှိရာသို့ သွားရန် ကြိုးစား၏။ သို့သော် တူ တံစဉ်ကား သူနှင့်မနီးကပ်တော့ပြီ။

သူသည် မချင့်မရဲစွာဖြင့် စဉ်းစားခန်းဝင်ရှာသည်။ ဘာလုပ်ရမည်နည်း။ သူနှင့် ထိုက်တန်သည်မှာတော့ လမ်းကျဉ်းသာပင်။ ယခု သူရောက်နေသော နေရာ၏ မနီးမဝေးမှာတော့ ပညာတောင်ကြီး ရှိပါသည်။ အရှေ့ ဒီမိုကရေစီမှာပင် ဖြစ်ဖြစ်၊ အနောက်ဒီမိုကရေစီမှာပင် ဖြစ်ဖြစ် လူထုကိုပညာပေးရေး၊ လူထုတွင် ပညာရရှိရေးသည် အရေးအကြီးဆုံး မဟုတ်ပါလော။ သည်ရိုးမတောင်ကြီးပေါ်ကနေ ကြည့်ပါက ရောင်နီရှိရာသို့ သူနှင့်တကွ သူမြတ်နိုးစွာသော တူတံစဉ်တို့ သွားရမည့်လမ်းစဉ် တစ်လျှောက်ကို ထင်လင်းစွာ မြင်ရကောင်း မြင်ရပေလိမ့်မည်။ သည်တောင်ကြီးကိုကျော်ရန် အလုပ်တစ်ခုသာ ရှိပါတော့သည်။ သည်တောင်ကြီးထံသို့ သွားရန်ပင် သူ၏လမ်းကျဉ်းကလေးမှာ မြူငွေ့များပိတ်လုလု ဖြစ်နေလေပြီ။

ရှိစေတော့။ မြူငွေ့များကို ကွင်းတန်လျှင် ကွင်း၍ ရှင်းတန်လျှင် ရှင်း၍ သည်ရိုးမကြီးကို ကျော်ရပေတော့မည်။

* * * * *

(၅)

မြူငွေ့တွေဝေနေသည်။ မိုးစက်ကလေးတွေကလည်း တဖြောက်ဖြောက်နှင့်။

ယခုအခါ မိဘဆွေမျိုးများလည်း ဝေးရာမှာသာ ရှိပါသည်။ သူယခင်က ကျွမ်းကျင်

ခဲ့သော ဒေသသည်လည်း သူနှင့်တစ်ကျွန်းစီအနေနှင့် ရေမြေခြား၍ နေလေပြီ။ သူ့အား ရိုးမတောင်ငွေ့တို့သည် ယုယစွာထွေးပိုက်နှစ်သိမ့်လျက် ရှိ၏။ သို့သော် သူကား များစွာသော သူစိမ်းပြင်ပြင်တို့ကြားဝယ် လွင့်ပါလာသောသစ်ရွက်ကလေးတစ်ရွက်ပမာ သူမြတ်နိုးလှစွာသော နိုင်ငံရေး၏ဒဏ်ခတ်မှုကြောင့် ရောက်ရှိနေရပေပြီတကား။

လက်ဝဲသုန္ဒရအမတ်ကြီးသည် မင်းပြစ်ဒဏ်ကြောင့် မဲဇာရွှေလီသို့ ရောက်ခဲ့ရရှာ၏။ သူလည်း နိုင်ငံရေးဒဏ်ကြောင့် ရိုးမခြေရင်းဝယ် ဝပ်တွား၍ နေရလေပြီ။

မြေကြီးပေါ်တွင် ခုန်ပေါက်နေကြသော မိုးစက်ကလေးများကြားဝယ် စိမ်းစိမ်းစိုနေသည့် တောချုံသစ်ပင်အုပ်များ၏ ဟိုတစ်အိမ် သည်တစ်အိမ် ရပ်တည်နေသော ခနိခေါင်မိုးကလေးများ။ တစ်ဖက်ဆီးမှာက တောင်ကျချောင်း။ သည့်ထက်သည် အဝေးမှာတော့ တောင်ငွေ့တွေ ဝေယှက်ဆိုင်းနေသော ရိုးမတံတိုင်းကြီး။ ရာသီဥတုကလည်း သူကျွမ်းကျင်ရာ နေပြည်နှင့် မတူဘဲ သူ့အားချမ်း၍စိမ့်ပြီး စိမ့်၍ ချမ်းစေသည်။

အို မဲဇာရွှေလီ မဲဇာရွှေလီ တကယ့်ကိုပဲ မဲဇာရွှေလီ ဖြစ်ပါသည်။ သည်ထက် မဲဇာရွှေလီနှင့်တူသောနေရာသည် သူ့အတွက် ဘယ်အချိန် ဘယ်မှာဖြစ်နိုင်ပါတော့မည်နည်း။ နားထောင်စမ်း မရှေ့ရှင်ကလည်း သူ၏အဖွဲ့အနွဲ့ အဆုံးသတ်နေဟန် တူပါသည်။

'ငွေသောင်ယံကမ်းခြေ လွမ်းဖွယ်စေ<br>
တည့်မွန်း နေခြည်ဖြာမှ နွေးတဲ့<br>
မဲဇာမြိုင်တောခြေ'

တေးသံသည် လွင့်မြလွင့်လာပြီး မိုးစက်ကလေးတွေကလည်း မြေကြီးပေါ်သို့ ကြွေဆင်းမြဲ ကြွေဆင်းနေကြလေသည်။

**မှတ်ချက်။ ။ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၅၇-၅၈ တွင် ဖော်ပြပြီး ဖြစ်သည်။**

# ပိုးဝါဝတ္ထု

မေပိုးဝါ ချောသမျှ ပြောမပြနိုင်ပြီ။
ပဲယာသူ ထွေးမယ်အလှတို့ ညို့ကြတစ်လီ။
သူ့ရှိ့ပြည်၊ ပိုးထည်က မြေသား။
ဖွားကြွယ်အို ရင်ခိုလျက်က၊
ရွှင်မက်ငို ရင်ဖိုလွှား၊ ရောက်ခဲ့ရပြား။ ။

'အဘောင်ဝတ္ထုတစ်ပုဒ်ပြောပါ' ဤသို့လျှင် ကျွန်တော်ငယ်စဉ်က အဘွားထံတွင် မကြာခဏ 'ပုံ' တောင်းလေ့ရှိခဲ့ပါသည်။ ရခိုင်ဒေသမှ ကလေးသူငယ်များသည် 'ပုံ' ကို မသိကြပါ။ ဝတ္ထုကိုသာ သိကြပါသည်။

အဘွား၏ရင်ခွင်မှာ မှီလျက် မျက်စိမှိတ်ရင်း ပိုးဝါဝတ္ထုထဲက မေပိုးဝါ၏ တိုင်းပြည်၊ ပဲယာသူဝတ္ထုထဲက ပဲယာသူ၏ ပဲယာခင်း၊ မယ်ထွေးဝတ္ထုထဲက မယ်ထွေး၏ အိမ်တို့သို့ ကျွန်တော်သည်ငယ်စဉ်တောင်ကျေး ကလေးဘဝက မကြာခဏအလည်အပတ် ရောက်ခဲ့ရပါသည်။ ရွှင်လိုက်၊ ပြုံးလိုက်၊ ငိုလိုက်၊ မဲ့လိုက်နှင့်လည်း တမက်မောမော ကြည်နူးခဲ့ရပါသည်။

အချိန်ကာလရထားကြီးသည် အဘွားနှင့်ဝေးရာ စခန်းများသို့ ကျွန်တော့်အား သယ်ယူလာခဲ့သောအခါ မေပိုးဝါတို့သည်လည်း အဘွားနှင့်အတူ နောက်နားတွင် တရိပ်

ရိပ်ဝေး၍ဝေး၍ ကျန်ခဲ့ပါသည်။ သို့သော် အဘွားပြောခဲ့ဖူးသော မေပိုးဝါချောအလှ၏ အချစ်ဇာတ်လမ်းအစအနများမှာမူ ကျွန်တော့်နှလုံးသားတွင် စွဲထင်လျက်ပင် ရှိပါသေးသည်။

မေပိုးဝါသည် အလွန်ချောသည်။ ယင်းသို့လျှင် ကျွန်တော်ငယ်စဉ်က အဘွားပြောသည်ကို မှတ်ရဖူးပါသည်။ မေပိုးဝါသည် မင်းသမီးတစ်ပါး ဖြစ်သည်ဟုလည်း ဆိုပါသည်။ မေပိုးဝါသည် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကဲ့သို့ နန်းမသုံးဆောင်တွင် စံစား၍ နတ်မင်းအလား ဘုန်းလျှံတောက်ပသော ဘုရင်တစ်ပါးဖြစ်သည်ဟု သိခဲ့ရသော်လည်း မည်သည့်တိုင်းပြည်ရှင် ဖြစ်သည်ကိုမူ ကောင်းစွာ အမှတ်မထားမိခဲ့ပါ။ မင်းမသိ ဗြဟ္မဒတ်၊ ပြည်မသိ ဗာရာဏသီဆိုသောစကားကဲ့သို့ မေပိုးဝါတို့၏ တိုင်းပြည်အမည်ကို ဗာရာဏသီပြည်ဟုသာ သာမန်အားဖြင့် ကျွန်တော်မှတ်ယူမိခဲ့ပါသည်။

မေပိုးဝါကို ခမည်းတော်မယ်တော်တို့သည် အလွန်လျှင်ချစ်ခင်ကြင်နာပြီး အလိုလိုက်တော်မူကြပါသည်။ သမီးတော်ပိုးဝါအလှကို တစ်ပင်တိုင်ယာဉ်ပြာသာဒ်နှင့် ထားတော်မူကြ၏။ သိန်းခေါင်မ အမှုးပြုသောရံရွေတော်များစွာတို့ကို အလုပ်အကျွေးပြုစေ၏။ ပိုးဝါလုပ်ချင်ရာ လုပ်ပိုင်ခွင့်၊ စားချင်ရာ စားပိုင်ခွင့်၊ ဝတ်ချင်ရာ ဝတ်ပိုင်ခွင့်ကိုလည်း ပေးသနားတော်မူထားကြ၏။

မေပိုးဝါသည် အသက်အရွယ် ငယ်နုသည်နှင့်အမျှ ခမည်းတော်မယ်တော်တို့အပေါ်တွင် နွဲ့တတ် ဆိုးတတ်သူလည်း ဖြစ်ပုံရ၏။ ထို့ကြောင့် အချိန်အခါ နေရာမရွေး၊ အပျိုအရွယ်ဖြစ်သည်ကို မထောက်ထား၊ သွားလိုသည်ဆိုလျှင် ချက်ချင်းသွားရအောင် နွဲ့ဆိုး ဆိုးတတ်၏။ ထိုအခါမျိုးတွင်လည်း မယ်တော်ခမည်းတော်တို့မှာ 'အလှ ပိုးဝါ၊ နင်ရာ(နင်သာ)တစ်ယောက်၊ အမြီ(ခြေထောက်) ပေါက်တေ၊ ထိန်းလို့မနိုင်' ဟု ညည်းညည်းညူညူနှင့် ခွင့်ပြုတော်မူတတ်ကြလေသည်။

သို့ရာတွင် မေပိုးဝါမှာ ခမည်းတော် မယ်တော်တို့ကို ချစ်ကြောက်ရိုသေသူကား မှန်ပါပေ၏။ ထို့ကြောင့်လည်း စောင်းလုလင်မင်းသား ပန်းဒိုးအောင်၏အကြောင်းကို အထိန်းတော်ကြီး သိန်းခေါင်မက ဗွေဆော်ဦးစပြောသောအခါ ဆင်နားရွက်မှာ ဝက်နားတပ်သကဲ့သို့ မစီးမစပ်သောစကားကို မပြောသင့်ကြောင့်၊ ခမည်းတော်ကြားလျှင် အထိန်းတော်ကြီးကို အပြစ်တင်တော်မူလိမ့်မည် ဖြစ်ကြောင်းဖြင့် ကြောက်လန့်တကြား ဟန့်တားပိတ်ပင်တော်မူလေသည်။

မေပိုးဝါသည် လှ၏၊ ချော၏၊ ပျိုနု၏။ မယ်တော်ခမည်းတော်တို့၏ ဘုန်းရိပ်ကံရိပ်၊ မေတ္တာရိပ်တွင် စိတ်စေတိုင်း ကိုယ်ပါကာ ချမ်းသာစွာ နေနိုင်သူကလေးလည်း ဖြစ်၏။ သို့သော် ရတနာကြေးမုံပုံပြင်ထဲက ပတ္တမြားနန်းသူ ဝေဠုမြတ်စွာတို့ကဲ့သို့

လည်းကောင်း၊ သံလျှင်ကျွန်းက မယ်နွန်းတို့ကဲ့သို့ လည်းကောင်း ဖော့ရုပ်ကယ်ညံ့စိ ပျော့အိအိနှင့် နေထိမခံ၊ ညောင်စောင်း သဠ္ဍာလီတွင် ကတ္တီပါမှိုအုံးနှင့် တစ်ချိန်လုံး စံနေတတ်သော မင်းသမီးကား မဟုတ်ပါ။ တောက်တိုမယ်ရအစစတွင် ထိန်းယန္တြ ဘော်တို့ကိုချည်း အားကိုးတစ်ခုခိုင်းစေမှုပြုနေတတ်သော မင်းသမီးလည်း မဟုတ်ပါ။ အမျိုးသမီး တတ်အပ်ရာရာ ဝါဖတ်ဗိုင်းငင်မှုအစုစုကို တတ်လည်းတတ်၏။ စည်းစိမ် ရှင်ဟူ၍ စည်းစိမ်ခံစားကာ အအားမနေ၊ လုပ်လည်းလုပ်နေတတ်၏။ ထိုကြောင့်ပင် ကျွန်တော်တို့၏ ရိုးရာတေးများတွင်

---အလှပိုးဝါ
မှောက်တော်ရှင်မ
တောင်တန်းပျင်းမှာ ဝါဂွမ်းဆွလို့---

ဟု မပိုးဝါ၏ဂုဏ်ကို ထည့်သွင်းဖွဲ့သီခဲ့ကြသည်ကို တွေ့ရှိရပါသည်။

မပိုးဝါ၏အကြောင်းကိုပြောလျှင် စောင်းလုလင်ပန်းဒိုးအောင်၏ အကြောင်းကို ချန်ထား၍ ရမည်မထင်ပါ။ ပန်းဒိုးအောင်သည် မင်းသားတစ်ပါးဖြစ်၏။ မင်းညီ မင်းသားသူဌေးသား၊ သူကြွယ်သားတို့ ပညာသင်ယူရာ ဖြစ်သော မင်းဆရာ ဆရာတော် ဘုရားကြီး၏ ကျောင်းဝိဟာတွင် လက်စွဲတော်စံရဲဖော်နှင့်အတူ ပညာသင်ယူနေ၏။ မင်းသားပန်းဒိုးအောင်သည် စံရဲဖော်၏ တိုက်တွန်းချက်အရ စောင်းတော်လုံးကိုရှာကြံ ရယူပြီးနောက် အားလပ်ချိန်များတွင် စောင်းတီး၍ အညည်းဖြေလေ့ ရှိလေသည်။ မင်းသား၏စောင်းသံကို ကျောင်းတော်အနီးရှိ ရေကန်တွင် ရေခပ်လာသော သိန်းခေါင် မ ကြားရသဖြင့် တပင်တိုင်နန်းသို့ ပြန်အရောက်တွင်

--အခါများစွာ
ကျောင်းကန်ပေါင်မှာ၊ ရီ (ရေ) ခပ်လာရေ
တခါတေရံထူး၊ သျှင်ပင်ကျောင်းက၊
စောင်းတီးသံကို၊ မကြားဘူးပါ၊
တထူးတလေ၊ သျှင်ပင်ကျောင်းက၊
စောင်းတီးသံကို၊ ကြားခီရေကား၊
ဇာပြေဇာရွှာ၊ ဇာကျွန်းချာက၊
ရောက်လှာ ယောကျာ်း၊ စောင်းသမားလေး မသိပါ။

ဟု မပိုးဝါကို လျှောက်ထားလေသည်။ ပိုးဝါက မယုံ ။ မယုံသည့်အပြင် အထီးဆို ယင်ဖို မသန်းသင့်သော တစ်ပင်တိုင်မြနန်းတွင် ယောကျာ်းအကြောင်း ပြောလှာသည့်

အတွက် ခမည်းတော်ဘုရား၏ အပြစ်တင်ခြင်းကို ခံရမည်ကိုလည်း စိုးရိမ်တော်မူရှာသည်။

တစ်ပင်တိုင်မြနန်းသူ မေပိုးဝါ၏စိတ်အစဉ်တွင် မယ်တော်ခမည်းတော်တို့နှင့် ထိန်းယရွှေဘော်တို့၏အကြောင်းမှတစ်ပါး စဉ်းစားတွေးတောဖွယ်မရှိ။ ပကတိ လှိုင်းလေကင်းသော မြရေပြင်ကဲ့သို့ ကြည်လင်ငြိမ်သက်လှပေသည်။ သိန်းခေါင်မထံမှ စောင်းလုလင်မင်းသားအကြောင်းကို ကြားရရာတွင်လည်း မည်သို့မျှ မလှုပ်မချောက်ခဲ့။ စောင်းလုလင်နှင့် စောင်းသံအကြောင်းသည် ပိုးဝါ၏နှလုံးသားမြလိုဏ်ဂူသို့ မဝင်ရောက်နိုင်ခဲ့ပါချေ။ သို့သော် အထိန်းတော်ကြီး သိန်းခေါင်မ၏ စိတ်သန္တာန်ကိုမူ ကြည်လင်ချမ်းမြသော စိတ်နှလုံးပိုင်ရှင် သခင်မပိုးဝါ၏ ရုပ်ပုံလွှာနှင့် ကြည်လင်ချမ်းမြသော စောင်းသံရှင်မင်းသား၏ မှုန်ဝါးဝါးသဏ္ဍာန်တို့သည် ယှဉ်လျက် ယှဉ်လျက် မကြာမကြာ ဆွဲငင်ကိုင်လှုပ်နေချေပြီ။ မှုန်မှုင်ရီဝါးဖြစ်နေသော စောင်းသံရှင်၏ ဇစ်မြစ်နှင့် ရုပ်သွင်ကို သိလိုမြင်လိုသော သိန်းခေါင်မသည် ဆရာတော်ဘုရားကျောင်းတော်သို့ မိမိဘာသာမိမိအထောက်တော်စေ၍ စုံစမ်းချေသောအခါ၌ကား

----ရွှေစင်တေ အပြုံး၊
ပန်းဒိုးအောင်ကား၊ ဆရာကျောင်းမှာ၊
စောင်းတစ်လုံးနှင့်၊ မျက်မွေးမျက်တောင်၊
ပန်းဒိုးအောင်မှာ၊ ကင်းတွားယောင်လေ၊
မျက်မှောင်ရစ်ဝန်း၊ ပန်းဒိုးအောင်ကား၊
တစ်ပင်ခြေကို၊ ပြေ၍တန်းယောင်၊
ထူးဆန်းအံ့ဖွေ၊ ရုပ်ရည်လှပ၊
ပန်းဒိုးအောင်ကို၊ ကြည့်မဝ

ဖြစ်ရလေတော့သည်။ သိန်းခေါင်မသည် မင်းသား ပန်းဒိုးအောင်၏ ဇစ်မြစ်ကိုလည်း သိရပြီ။ ပန်းဒိုးအောင်၏ရုပ်သွင်ကိုလည်း မြင်ရပြီ။ သိန်းခေါင်မ၏ စိတ်မျက်စိထဲတွင် လှထိပ်တင် မေပိုးဝါနှင့် လူခန့်လူချော ပန်းဒိုးအောင်၏ ပုံသဏ္ဍာန်နှစ်ခုကို ခွဲခွာ၍ မရနိုင်တော့။ သူ၏စိတ်နားတွင်လည်း မိမိသခင်မ၏ ရယ်ဟရယ်ရွှင်ချိုလွင်သောအသံကလေးကို မင်းသား၏ကြည်လင်သောစောင်းသံနှင့် ခွဲခြား၍ မရနိုင်တော့။ ထိုအခါ အထိန်းတော်ကြီးသည် သခင်မပိုးဝါနှင့် မင်းသားပန်းဒိုးအောင်တို့၏ နှလုံးသားနှစ်ခုကို မေတ္တာပေါင်းကူးတံတားဖြင့် ဆက်ပေးမည့်စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်လေတော့၏။ သိန်းခေါင်မက ဘုရင့်ရာဇဒဏ်ကို မမှုနိုင်တော့ပြီ။ သူ့စီမံ

ကိန်းအရ မင်းသားသည်

---စောင်းကိုရင်ခွင်၊ အသာတင်ပြီ

ကြိုးသုံးပင်ကို၊ ညီအောင်ညှိကေ၊

မင်းသားသံချို၊ ဆရာကျောင်းမှာ၊

စောင်းခြင်းဆိုရေ၊

ထက်ကနီ (နေ)ရေ၊ စုံစီတည့်နတ်များ။

သျှင်သိကြားလဲ၊ နတ်များမနီ (နေ)၊

မောင့်စောင်းသံကို၊ ပို့စီသောလေ။

ဤသို့သံချို

သျှင်မင်းသားမှာ၊ စောင်းခြင်းဆိုရေ---

သျှင်သိကြားနှင့် နတ်များဒေဝါ ကူညီဝိုင်း၍ မှီးမပါသဖြင့် အလှပိုးဝါ၏ နားသို့ 'ဝါဂွမ်းဆွဆိုက် (ဆစ်)၊ စုန်လီ (လေ)တိုက်လို့၊ အလိုက်သင့်စွာ၊ သျှင်ပင့်ကျောင်းက၊ မောင့်စောင်းသံသာ'----သည် ဝင်ရောက်နိုင်ခဲ့လေပြီ။ ကြည်လင်ချိုမြသောစောင်းသံသည် စိတ်မြန်ကိုယ်မြန်စိတ်လိုက်မာန်ပါ လုပ်တတ်သူ လှပိုးဝါအား ဆွနေသည့်ဂွမ်းကို လွှင့်ပစ်လိုက်စေ၏။ နန်းတံပျင်းသို့ အပြေးကလေး ထွက်လာစေ၏။ နန်းတော်လှေကားခုံတွင် ခြေစုံရပ်၍ နန်းတံပျင်တိုင်ကိုမှီကာ စောင်းသံလာရာသို့ ငေးမျှော်တမ်းတစေ၏။ မပိုးဝါ၏ စိတ်နှလုံးမြရေပြင်သည် မကြည်လင်နိုင်တော့ပြီ။ မငြိမ်သက်နိုင်တော့ပြီ။

---ယင်းနေ့ကပင်၊ နှလုံးပူဆာ၊

တင်းတိမ်တွင်းမှာ၊ လှပိုးဝါလေး (လည်း)၊

ဖျားယောင် နာယောင်၊ ခေါင်းမွှဲ့ယောင်ကေ၊

ပဇောင်တေမသိ၊ ပိုးဝါစံရေ၊

သလွန်ထက်မှာ၊ မောလို့ဟိရေ၊

စောင်းသံသည် မပိုးဝါအား ပန်းဒိုးအောင်ရှိရာ ဆရာတော့်ကျောင်းဝိဟာသို့ ညို့၍ညို့၍ခေါ်နေချေပြီ။ အစာလည်း မစားချင်၊ ရေကိုပင် မသောက်ချင်တော့ဘဲ သိန်းခေါင်မ အပြောဖြင့် လွမ်းနေရသော မပိုးဝါမှာ မောင်စောင်းသည်ကို မြင်လိုဇောနှင့် တမောမောတလှုပ်လှုပ် ရွှေရင်အုံ လှိုင်းခတ်ခဲ့ချေပြီ။

လုပ်ချင်ရာကို တာရှည်လေးဖင့် မဆိုင်းတွတတ်သော လှပိုးဝါသည် ခမည်းတော် မယ်တော်တို့ ရှေ့မှောက်သို့ ဝေါယာဉ်တိုကိုပင် စောင့်စီးမနေတော့ဘဲ ဝင်ရောက်ကာ 'သစ်ကိုထုပဟန်၊ ကျေးကိုမံကေ၊ ရွှေကျံဘုရား၊ ကျောင်းစည်တိုက်မှာ၊ တည်လို့ထား'

သော ဗုဒ္ဓရုပ်ပွားတော်များကို သွားရောက်ဖူးမြော်ရန် ခွင့်ပန်၏။ မယ်တော် ခမည်းတော်တို့မှာလည်း ထုံးစံအတိုင်း တညည်းညည်းတညူညူခွင့်ပေးတော် မူရပြန်ချေတော့သည်။

ဘုရားလက်ဆောင်၊ များမြောင်ဆီမီး၊
မုလေးဖွားကော၊ ကုက္ကားထီးနန်း၊
ကြက်သျှာဒက်ခွန်၊ တံခွန်လိပ်လက်၊
ပြာသာဒ်ပျင်ပျာ၊ စွန်းတင်ကြက်လို့၊
သကျမဥ္ဇူ ဆုထူးယူလေ၊
ကောင်းမှုလုပ်မေ၊ ဆင်းဗုဒ္ဓေကို၊
အညီမေရို့၊ ဖူးကပ်မေလေး။

မေပိုးဝါသည် ဘုရားလက်ဆောင်ပန်းများ ထည့်ထားသည့် ပန်းခံကို ခေါင်းပေါ်တင်၍ သိန်းခေါင်မ အမှုးရှိသော ရံရွေတော်များနှင့် ဘုရားရှိရာ ကျောင်းတော်သာသို့ တို့တိတို့တွ ဟသ်ာမငယ်တို့ လှမ်းဟန်ဖြင့် လှပတင့်တယ်စွာ လှမ်းထွက်ခဲ့၏။ ကျောင်းတော်ခရီးကြောင်းတစ်လျှောက်ရှိ သစ်သီးချိုချဉ်ပန်းသစ်ပင်တို့သည် လှပိုးဝါအား ညွတ်ကာညွတ်ကာ နှုတ်ဆက်ရှာကြ၏။ မြိုင်ဆိုင်သော သစ်ရိပ်များသည် လှပိုးဝါအား မိုးလျက် မိုးလျက် အားပေးရှာကြ၏။ ကျောင်းတော်သို့ ရောက်၍ ဆရာတော်ဘုရားအား ကန်တော့ကြသောအခါ ဆရာတော်ဘုရားသည် တခါရံထူး မမြင်ဘူးသော ဒကာမငယ်၏ အကြောင်းအခြင်းကို စူးစမ်းတော်မူ၍ ဘုရင့်သမီးတော်မှန်းသိရလျှင် တပည့်ကြီး ပန်းဒိုးအောင်အား ခေါ်တော်မူပြီး စောင်းဖြင့်ဧည့်ခံစေတော်မူသည်။ ဆရာတော်ဘုရားလည်း အနာဂတံသဉာဏ်ဖြင့် လှမ်းမြင်တော်မူမိဟန် ရှိပေသည်တကား။

မောင်မယ်နှစ်ဦးတို့၏ ရွှေမျက်နှာတို့ကို ပက်ပင်းဇီတည့်ဖြစ်အောင်ဖန်ဆင်းခဲ့သော စောင်းသံသည် ယခုမောင်နှင့်မယ်တို့ မျက်နှာချင်းဆုံမိကြသောအခါ ရှင်မြူးစွာ ကခုန်လျက်ရှိတော့၏။ မောင့်မှာ မယ့်မျက်နှာကို ရှုမဝ။ မယ်လည်းမောင့်မျက်နှာကို ရှုမဝ။ စောင်းသံသာသည် မောင်နှင့်မယ်တို့၏ နှလုံးသည်းပွတ်များအား သံသရာဆုံးသော်လည်း ဆုံးနိုင်မည်မဟုတ်သော မေတ္တာတေးသံများကို အသံမထွက်စေဘဲ သီကျူးစေခိုင်းလေတော့သည်။ မေပိုးဝါသည် မျက်လွှာကို ချလိုက်၏ ဘုရားရှင် ရုပ်ပွားတော်များရှိရာ သိမ်တော်သို့သွားရန် ဆရာတော်ဘုရားအား ကန်တော့ဝတ်ပြုပြီးနောက် ကျောင်းတော်မှ သက်ခဲ့လေသည်။

ဤတွင် မငြိမ်မသက်ဖြစ်ရသူမှာ ပန်းဒိုးအောင် ပေတည်း။ ပန်းဒိုးအောင်သည် ပိုးဝါနောက်မှ လိုက်ဆင်းခဲ့၍ ကျောင်းတလင်းတွင် ပိုးဝါရှေ့မှဆီးလျက် 'စောင်းကို တီးရေ၊ စောင်းခတေနှမ၊ စောင်းသည်မောင်ကို၊ ခုပီးခလေ' ဟု စောင်းတီးခတောင်း လေတော့၏။ ယောကျ်ားတို့ ပရိယာယ်ကို နားဝယ်မလည်ရှာသော အရိုးခံမေပိုးဝါမှာ မြကိုယ်ရံ မြတဘက်၊ နဝရတ်လက်စွပ်၊ မြနားတောင်း စသည်တို့ကို ချွတ်၍ချွတ်၍ စောင်းခအဖြစ် ပေးရှာ၏။ ပရိယာယ်ကြွယ်ဝသော ပန်းဒိုးအောင်ကား ကင်းခြေမျှားကဲ့ သို့ တရွေ့ရွေ့ ရှေ့သို့တိုး၍ မေပိုးဝါ၏ ရင်ဝနားသို့ကပ်ကာ မေပိုးဝါ၏ ဒန်းနီလက်ဖျား ကလေးကို အသာအယာဆွဲကိုင်လျက် ချစ်မေတ္တာတည်းဟူသော စောင်းတီးခကို တောင်း ပြန်လေတော့သည်။

လှပိုးဝါ အခက်ကြုံလေပြီ။ နောက်တော်ပါ လက်စွဲအပျိုတော်ငယ် လှန္တိမ့်တပါး အားလုံးသော ရံရွေတော်တို့လည်း ကျောင်းတလင်း၊ သိမ်တလင်းမှတစ်ဆင့် သိမ်တော် အတွင်းသို့ ဝင်သွားနေကြလေပြီ။ နားလည်းထောင်ချင်၊ နားထောင်ရန်လည်း မဝံ့မရဲ သော လှပိုးဝါ၏ နားမှသည်ရင်တွင်းသို့ စောင်းသည်မင်းသား၏ စကားသံသည် ဝင် ရောက်၍ လှပိုးဝါ၏ နှလုံးသားကို ပြင်းထန်စွာ ဆွဲကိုင်လှုပ်ယမ်းနေချေတော့၏။ သာ ယာခြင်း၊ ထိတ်လန့်ခြင်းတို့က တစ်ပြိုင်နက်တည်း မေပိုးဝါအား ပန်းဒိုးအောင်လက်မှ ရုန်းထွက်စေ၍ ကျောင်းတလင်းမှအဆောတလျင် ထွက်ပြေးစေအောင် ခြောက်လှန့် လိုက်ကြတော့သည်။ ချစ်မေတ္တာစိတ် ယိုဖိတ်ဆွတ်လွှတ်နေသူ မင်းသားလည်း သိမ်တော် ပြင်သို့ မေပိုးဝါအဝင်တွင် ရှေ့မှဆီး၍ စောင်းခတောင်းပြန်လေတော့၏။ မတတ်သာ တော့ပြီဖြစ်သော မေပိုးဝါမှာ နှုတ်ခမ်းလွှာကလေးနှစ်ခုကို ဖွင့်သည်ဆိုရုံမျှဖွင့်၍ 'စောင်း ခ' ပေးလိုက်ရပြီး သခင်မငယ်၏ လျင်ခြင်းဖြင့် သိမ်တော်တွင်းသို့ သုတ်ခနဲ ဝင်ပြေး ရှာတော့၏။

ရင်တခုန်ခုန် တုန်တလှိုက်လှိုက်ဖြစ်နေရှာသော မေပိုးဝါမှာ ရံရွေတော်များနှင့် အတူ သျှစ်သောင်းသိမ်တော်ကြီးအတွင်း၌ တုန်တုန်ယင်ယင်ပင်ဘုရားကို ပူဇော် ကန်တော့ရှာသည်။ သာယာခြင်းစိတ်က စောင်းသည်မင်းသား၏မျက်နှာကို တရေးရေး မြင်ယောင် စေလျက်၊ စောင်းသည်မင်းသား၏အသံကို တစိမ့်စိမ့်ကြားယောင်စေပြီးလျှင်

လင်ရာရလည်း၊ မောင်စောင်းသည်ကို ရပါစီသား။

သားရာရကေ၊ သားရာရလည်း

တူရိဒတ်နှင့်၊ တရောတတ်ကို ရပါစီလေ

ဟု စိတ်တွင်းက တိတ်တခိုး ဆုတောင်းစေတော့၏။ သို့သော်ထိတ်လန့်ခြင်းစိတ် ကမူ

----- သိမ်တလင်းမှာ၊ ကြည့်ခိုသော်လည်း၊
ခြသေ့်နှစ်ကောင်၊ မဒုံးထောင်ကေ၊
ကျားယောင်ထင်မှတ်----
---
သစ်ပင်ထက်မှာ၊ သျှဥ့်ကိုမြင်သော်

ကျားယောင် ထင်မှတ်ကာ- ချောက်ချောက်ချားချားနှင့် မြင်မြင်သမျှ ကျားချည်းဖြစ်နေစေတော့၏။ အထိန်းတော်ကြီး သိန်းခေါင်မမှာ သိမ်တလင်းတွင် ကျားမရှိ၊ ခြသေ့်ရုပ်သာရှိကြောင်း၊ သစ်ပင်ထက်တွင်လည်း ကျားမရှိ၊ ရှဥ့်သာရှိကြောင်း ညင်းပျောင်းသာယာချော့မော့ကာ မေပိုးဝါ၏ ကြောက်စိတ်ကို ဖြေပေးနေရပေတော့သည်။ သို့ရာတွင် ငယ်ရွယ်သူလည်းဖြစ် မေပိုးဝါ၏လက်စွဲတော်အဖြစ် နောက်တော်မှါရ၍ လှပိုးဝါ၏ချစ်ဇာတ်လမ်းကို မျက်မြင်ကိုယ်တွေ့ကြုံရသူ လည်းဖြစ်သော ရှင်လှရွှီကမူ မင်းသားပုံဖမ်းကာ သခင်မအနီးကိုကပ်လျက် သခင်မ ပိုးဝါ ပွတ်သီးပွတ်သက်စ၍ နောက်၍ မဆုံးနိုင်ရှိချေတော့၏။ ရှင်လှရွှီ၏ နောက်ပြောင် မှုကြောင့် မေပိုးဝါမှာ နားကနားတောင်းပင် ကျွတ်ကျကွဲစိတ်ရရှာတော့၏။ သို့သော် အရောတဝင်ရှိလှသော လက်စွဲတော်ရှင်လှရွှီအပေါ်၌ သခင်မပိုးဝါက အမျက်တော် ပွား၍ အပြစ်တော်ထားကြောင်း ဆိုသည်ကိုမူ မတွေ့ရပါ။

ဤတွင် လက်ပါးစေ ရံရွေတော်များပင်ဖြစ်လင့်ကစား သူငယ်ချင်းမိတ်ဆွေပမာ ဆက်ဆံခွင့်ပေး၍ မိမိကလည်း သခင်မတစ်ပါးအဖြစ် သွေးကြီးမွေးကြီး နေထိုင်ပြုမူခြင်းမရှိသော မေပိုးဝါ၏ ချစ်စရာစိတ်ထားကလေးကို တစ်စွန်းတစ်စ ထပ်မံတွေ့ရပြန်ပါသေးသည်။

မေပိုးဝါဝင်ရောက်ဖူးမြော်သော သိမ်တော်မှာ သျှစ်သောင်းသိမ်တော်ဟုဆိုသဖြင့် မေပိုးဝါတို့၏နေပြည်တော်မှာ 'ရခိုင်ညွန့်ဖူးမြောက်ဦး နေပြည်တော်' ဖြစ်သည်ဟု ဆိုလိုရိပ်ရှိကြောင်းကို ဒေသန္တရဗဟုသုတပြည့်စုံလာသော ယနေ့တွင် ကျွန်တော်သဘောပေါက်မိပါသည်။ ထို့ကြောင့်ပင်ဖြစ်ပေမည်။ ၁၉၇၆-ခုနှစ် ၂၉-ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် မြို့ဟောင်းမြို့နယ် ယဉ်ကျေးမှုအဖွဲ့မှ တင်ဆက်သော 'ပိုးဝါဖွဲ့' အကသရုပ်ဖော်စာတမ်း၌ မေပိုးဝါကို မြောက်ဦးရွှေနန်းရှင် မင်းဗာဘုရင်နှင့် သံတွဲမင်းသမီးတို့ သင့်မြတ်၍မြင်သော သမီးတော်ဟု ဖော်ပြထားပါသည်။ ယခုအခါ မေပိုးဝါကို ရခိုင်ပြည်နယ်တွင် သံတွဲမင်းသမီးဟု အသိအမှတ်ပြုထားကြပါသတည်း။

(မေပိုးဝါသည် မင်းဗာဘုရင်၏သမီးတော် ဖြစ်သည်၊ သံတွဲမင်းသမီးဖြစ်သည် စသော ထိုအဆိုများကို စီစစ်ဆင်ခြင်ရန်ကား လိုပေလိမ့်ဦးမည်။ အကြောင်းမူကား

ဤသို့ ဖြစ်ပါ၏။ ကျွန်တော်စစ်တွေကောလိပ်တွင် အမှုထမ်းနေစဉ်က စစ်တွေမြို့ အထက ၁ ကျောင်းဆရာ ဦးဗသိန်းထံမှ 'ပိုးဝါဖွဲ့' စာမူတစ်ခုရ၍ ဖတ်ကြည့်ဖူးပါသည်။ ယင်းမူတွင် မေပိုးဝါ၏ နေပြည်ကိုသံဒေါင်ပြည်ဟု လည်းကောင်း၊ သံဒည်မြို့ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။ သံဒည်မြို့မှာ သံတွဲမြို့ဖြစ်နိုင်သကဲ့သို့ သတေးမြို့၊ သင်းတွဲမြို့လည်း ဖြစ်နိုင်ပါသည်။ သံဒေါင်ပြည်မှာကား ကုလားတန်မြစ်ဝဲယာ ၉၉မြို့တွင် အပါအဝင်ဖြစ်သော သံတောင်မြို့ဖြစ်နိုင်စရာ အလားအလာများစွာ ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့မှတ်သားဖူးသည်မှာ 'မေပိုးဝါ' သည် ဝတ္ထုထဲက၊ တစ်နည်းအားဖြင့် ပုံပြင်ဒဏ္ဍာရီထဲက မင်းသမီးတစ်ပါးသာ ဖြစ်ပါ၏။ ။ ဤကား စကားချပ်)

ရှမဝ၊ ၁၉၇၆

# ဝိုးဝါဘွဲ့

အလေ---- ကျွန်းဇမ္ဗူသာ၊ ဤလူ့ရွာတွင်၊ ဖြစ်ဝေများစွာ၊ အဖြာဖြာကို၊ ဘုရားဖြစ်ကြောင်း၊ ဗုဒ္ဓလောင်းက၊ အပေါင်းလူရွှာ၊ ဇမ္ဗူချာတွင်၊ ဖြစ်ထတုံဟန်၊ အတန်တန်ကို၊ အကျွန်ုပ်က၊ လင်္ကာစစ်ကို ဆိုလိုက်မည်လေ။

အလေ---- ရှိသရောခါ၊ ဗာရာဏသီ၊ ခေါ်ညီတွင်သည်၊ ထိုရွှေပြည်မှာ၊ သူဌေးသူကြွယ်၊ ရှိသည်မရှား၊ အပြည်ပြည်မှာ၊ ဆင်းရဲသားလေး၊ ပျော်ပါးသည် မရှင်၊ နေချင်သည်သလှာ၊ သောင်းသောင်းသဲသဲ၊ တိုင်းလဲအလေမှာ၊ ညာဇာပူရို ညှိလှတရော၊ ကစားပျော်ရွှင်၊ ဆရာကျောင်းမှာ၊ နေစည်တွင်လည်း၊ တစ်ရွာကေတစ်ယောက်၊ လက်ရှိုးကောက်၍၊ ကြောင်းလျှောက်ကမ်းပါး၊ စီးဒုက္ခံမှာ၊ ပြောသံကြားလို့၊ မနောကြီးစွာ၊ အဘမဲ့ရေ စံရဲဘော်ကေ၊ ထံတော်ဝပ်စင်း၊ နန်းစည်ရှင်ကို၊ လျှောက်လတ်ခြင်းကား၊ အပြည်ပြည်နှင့်၊ အမြို့မြို့မှာ၊ စောင်းကိုမင်းသား၊ အစည်ပြောကေ၊ ကြားဖူးရေကား၊ စောင်းကိုရကြောင်း၊ ရှင်မင်းသားမှာ၊ ရအောင်ချောင်းပါ၊ ပဇောင်ရာဖြစ်ကေ၊ ရွှေမိကျောင်းကို၊ ဇာအရပ်မှာ၊ ရခိမေရုံ၊ မနေကြီးစွာ၊ အဘမဲ့ရေ စံရဲဘော်ကား။ ထံတော်ဝပ်စင်း၊ နန်းစည်ရှင်ကို၊ လျှောက်လတ်ခြင်းကား၊ ယူဇနာခြောက်ဆယ်၊ ဝိထိကျယ်ကေ၊ လင်္ကာဒီပ၊ မေရတွင်ဆို၊ အလွန်ဝီးကေ၊ ပြည်သိယိုမှာ၊ ရောင်းဝယ်ဖောက်ကား၊ ကုန်သည်သားမှာ၊ မယားကိုတမ်း၊ ပြည်သိယိုကို၊ နိုတိုင်းလွမ်းရေ သားကိုလည်းတမ်း၊ ပြည်သိယိုကို၊ ဆွတ်ပျာလွမ်းရေ စိတ်မှတ်စွာကား၊ လားရာရပ်မှာ၊ ရွှေမညောင်းကို၊ ထပ်ကပ်ပါလို့၊ မမွတ်တင့်တယ်၊ ရွှေမီးကျောင်းကို၊ တီးချင်သည်လည်း၊ ယဇောင်ရာဖြစ်ကေ၊ တစ်ရာငွေကို၊

ယူလေသည် တစ်ရပ်၊ မနောကျွန်ကို၊ ယူဇောင်လွှတ်ကော၊ မနောကျွန်မှာ၊ လာပြန်လတ်မြောက်၊ လောင်းသင်္ဘောမှာ၊ ချက်ချင်းရောက်တော၊ မနောကျွန်မှာ၊ တစ်တန်ချည်းကပ်၊ စကားပြန်ကို၊ ပါးချင်းဟပ်လို့၊ စကားပြန်မှာ၊ တစ်တန်ချည်းကပ်၊ ကို့အရှင်ကို၊ ပါးချင်းဟပ်လို့၊ မချစ်ချင်ကော၊ ချစ်ချင်ရေနန့်၊ သင်္ဘောသျှင်ကို၊ ပါးကိုတန်းလို့၊ မမွတ်တင့်တယ်၊ လောင်းသင်္ဘောမှာ၊ လျှောက်လယ်ရေကား၊ စကြာသခင်၊ အရှင်မင်းသား၊ သက်ကိုပိုင်ရေ၊ သျှင်မင်းသားလေ။ ဤပြည်မင်းသား၊ သနားလျစ်လျူ၊ ရွှေမညောင်းကို၊ ဝယ်ဖို့လိုရေ၊ တစ်ရာဒင်္ဂါး၊ သနားတိတ်တို့၊ သင်္ဘောရှင်မှာ၊ ကျွန်ကားယူလာ၊ ဤသို့ဆိုသံ၊ တစ်ရံထင်ရှား၊ လောင်းသင်္ဘောမှာ တစ်တပ်ကြားလို့၊ သိန်းခိုကုလား၊ တစ်ပြည်သားမှာ၊ ယောကျ်ားစိတ်တို၊ လောင်းသင်္ဘောမှာ၊ ငေါက်လို့ဆိုကော၊ ရောင်းဝယ်ဖောက်ကား၊ ကုန်သည်သားမှာ၊ လာငြားကေပင်၊ ဤပြည်သားမှာ၊ တောဇာထင်ရေ၊ တစ်ရာထက်က၊ တစ်ထောင်ပင်ပီး၊ ရွှေမညောင်းကို၊ မရောင်းသိလေ၊ မရောင်းတစ်ဖန်၊ မနောကျွန်မှာ၊ လာပြန်လတ်မြောက်၊ ကိုယ့်အရှင်ကို၊ တင်ပြီးလျှောက်ကော။ မောင့်လျှောက်သံကို၊ တစ်ရံမင်းသား၊ နား၌ကြားကော၊ မင်းသားသံချို၊ မနောကျွန်ကို၊ ဤသို့ဆိုရေ၊ ယဇောင်ဖြစ်ကော။ ပဇောင်ကြီလို့၊ ရွှေမညောင်းကို၊ ရခီမေရုံ၊ ဇောင်ဇာဖြစ်ကော၊ လိုချင်ပါသော်၊ သျှင်မင်းသားမှာ၊ လောင်းသင်္ဘောမှာ၊ ကိုယ်တိုင်ကြွလာ၊ စကားငါးခွန်း၊ မသကာဆို၊ ရွှေမညောင်းကို ရမေလေ၊ အငယ်ကပင်၊ တစ်မိဝမ်းတွင်၊ ညီ၍ဝင်သည်၊ တစ်ရင်တည်းနို့၊ မိရင်ခွင်မှာ၊ ဝီလို့စို့သည်၊ ကျွန်ထက်ကြီးသည်၊ နောက်ကြီးတစ်ဖန်၊ ထက်နိဗ္ဗာန်မှာ၊ လွှန်ခရေလေး၊ ငွေကိုရုပ်တု၊ သွန်းပုံပြု၍၊ ဖြစ်ဖို့သူပင်၊ ဇမ္ဗူကျွန်းမှာ၊ လူမမြင်ပါ၊ အလွန်ကြင်သည်၊ နောင်ရင်းသည်နည်းတူ၊ သင်္ဘောရှင်ကို၊ ရုပ်ပုံထုကော၊ စွပ်လို့ထားယောင်၊ နူနူနွဲ့နွဲ့၊ ဆိုဖွေမပဟိ၊ ဖြစ်ဘိတုံလတ်၊ လောင်းသင်္ဘောမှာ၊ ဘဲကြော့သတ်လို့၊ မမွတ်တင့်တယ်၊ လောင်းသင်္ဘောမှာ၊ လျှောက်လတ်တေလေ၊ ကုလားငရုပ်၊ မျက်စိထောင့်မှာ၊ တစ်ဖွေသုတ်လို့၊ သျှင်မင်းသားမှာ၊ ငိုရုပ်ပြင်ရေ၊ ယဇောင်ရာဖြစ်ကော၊ မနေသေးဟန်၊ သည်အကြံလျှင်၊ ကောင်းမေဟန်ဟန်သင့်၊ လောင်းသင်္ဘောမှာ၊ ငါလားမေလေ၊ ကုလားရွှေသာ၊ ကြိုးကားကမူ၊ ကိုကျွန်ကွန်ရွက်၊ ဉာဏ်သလှာစွာ၊ ကမ္ဗလာကို၊ မြင်းကျောက်ထက်တွင်၊ လွှဲကာတင်ရေ၊ ဘယ်ကကြည့်လည်း၊ ဘယ်ကန္တန်ရွှန်၊ တံကြိမ်လုံးနှင့်၊ ညာကအကြည့်၊ ရှင်မင်းသားမှာ၊ မြင်းဇက်ဆွဲလို့၊ မင်းသားသူငယ်၊ ဇင်းခါကြောင်းကို၊ ယောင်ခရေလေ။ လွှားလေတုံမြောက်၊ လောင်းသင်္ဘောမှာ၊ လျှင်စွာရောက်သည်။ ရောက်လတ်တေခါ၊ မနောကျွန်မှာ၊ တစ်ဖန်ချည်းကပ်၊ စကားပြန်ကို၊ လာရင်းဟပ်လို့၊ စကားပြန်မာ၊ တစ်တန်တည်းချည်းကပ်၊ သင်္ဘောရှင်ကို၊ လာရင်းဟပ်လို့၊ မမွတ်တင့်တယ်၊ လောင်းသင်္ဘောမှာ၊ သင်္ဘောရှင်ကို၊ လျှောက်လတ်တည်ကား၊ တစ်ထူးတလေ၊

တစ်ခါရံဖူး၊ ရှင်မင်းသားမှာ၊ လောင်းသင်္ဘော်ပ၊ ရောက်လှာသည်လည်း၊ အဘယ်ကိုဇာ၊ သျှင်မင်းသားကို၊ မသိရလို့၊ ဤသို့ဆိုသံ၊ တစ်ရံဆွတ်မှား၊ သျှင်မင်းသား မှာ၊ နားဝေကြားကော၊ မင်းသားသံချို၊ လောင်းသင်္ဘော်မှာ၊ ဤသို့ဆိုရေ၊ မပြောချင်ရေ၊ သိချင်ဘနန်း၊ သင်္ဘော်ရှင်ကို၊ ဆိုလတ်တည်ကား၊ အငယ်ကပင်၊ တစ်မိဝမ်းတွင်း၊ ညီ ၍ဝင်သည်၊ တစ်ရင်တည်းနို့၊ မိရင်ခွင်မှာ၊ ဝီ၍စို့သော၊ တို့ထက်ကြီးသည်၊ နောင်ကြီး တစ်ဖန်၊ ထက်နိဗ္ဗာန်မှာ၊ လွန်ခရေလည်း၊ ငွေကိုရုပ်တု၊ သွန်းပုံပြု၍၊ ဖြစ်ဖို့လူပင်၊ ဇမ္ဗူကျွန်းမာ၊ လူမမြင်ပါ၊ ရွှေကိုရုပ်တု၊ သွန်းပုံပြု၍၊ တူဖို့သူပင်၊ ဇမ္ဗူကျွန်းမှာ၊ လူမမြင် ပါ၊ အလွန်ကြင်သည်၊ နောင်ရင်းနှင့်သာ၊ သင်္ဘော်ရှင်ကို၊ ရုပ်ပုံထုကော၊ စွပ်လို့ထား ယောင်၊ နူနူနေနေ၊ ဆိုဖွေမဟီ၊ ဖြစ်ဘိတုံလတ်၊ လောင်းသင်္ဘော်မှာ၊ ဘေးကြော့သတ်လို့၊ မမွတ်တင့်တယ်၊ လောင်းသင်္ဘော်မှာ၊ သောက်ပွဲတည်ရေ၊ ကုလားငရုပ်၊ မျက်တောင် ကြားမှာ၊ တသွေသုတ်လို့၊ ငိုရုပ်ပြင်ရေ၊ နေ့စည်နေ့စည်၊ သျှင်မင်းသားမှာ၊ နေ့ပြောစည် တွင်၊ နီလည်းကျလတ်၊ သုံးပိုရ်ကတ်တွင်၊ ဝတ်စသိန်းပျင်၊ နန်းစည်သျှင်မှာ၊ လာရုပ်ပြင် ရေ၊ ဝတ်စားသိန်းပြင်၊ နန်စည်သျှင်မာ၊ လောင်းကိုပြင်ရေ၊ သိန်းခိုကုလား၊ တစ်ပြည် သားမှာ၊ ထွက်သော်တစ်ချက်၊ လောင်းသင်္ဘော်မှာ၊ စိစိထွက်သော်၊ သူကတည်တစ်ခါ၊ မျိုးဆက်လာသည်၊ ခုမပြောကော။ လာသည်လမ်းမှာ၊ ကုလားမစ်ဇာ၊ ဆိုခမေလေ။ ယဇောင်းရာထွက်ကော၊ လက်မာဝတ်တယ်၊ နဝရတ်မျက်ရံ၊ အဘာပီးရေ၊ သိန်းသောင်း တန်ကို၊ ဒေကိုဇာညီထွီး၊ ယူကောင်းပါဘိ၊ လောင်းသင်္ဘော်မာ၊ ထုတ်လို့ပီးရေ၊ မင်းသား လွေ့ကူ၊ မယူပါလို့၊ လောင်းသင်္ဘော်မာ၊ ငြင်းခုံဆိုရေ၊ ယဇောင်းရာဖြစ်ကော၊ နားမာ ဝတ်တော၊ ကိုယ်ရိုပ်လည်းမြင်၊ စိန်ရောင် လိပ်လက်၊ အဘာပီးရေ၊ မြနတက်ကို၊ ဒေကိုရာ ညီထွီး၊ ယူကောင်းပါဘိ၊ လောင်းသင်္ဘော်မာ၊ ငြင်းခုံဆိုရေ၊ ဇောင်ဥစ္စာကို၊ သွေကာတည် မသျှား၊ ခရုံရဇောင်ရာဖြစ်ကော၊ မင်းသား မာလေ၊ မင်းသားဘာသာ၊ ဆရာကျောင်းမာ၊ တီးစရာလေ။ မင်းသားမာလည်း၊ မင်းသား ဘာသာ၊ ဆရာကျောင်းမာ၊ တီးစရာလေ။ မင်းသားမာလည်း၊ မင်းသားဘာသာ၊ ဆရာကျောင်းမာ၊ ပျော်ရပါသည်၊ ထင်ရာတော မရှောင်၊ ငါတွင်ပါးရေ၊ ရွှေမညောင်းကို၊ ယူကောင်းဘိလေ၊ လောင်းသင်္ဘော်မာ၊ ထုတ်လို့ပီးရေ၊ မင်းသားလွေ့ကူ၊ မယူပါလို့၊ လောင်းသင်္ဘော်မာ၊ ငြင်းခုံဆိုရေ၊ ဇောင်ဥစ္စာကို၊ သွေကာတည်မသျှား၊ ခရုံရဇောင်ရာဖြစ်ကော၊ မင်းသားမာလေ၊ မင်းသားဘာသာ၊ ဆရာကျောင်းမာ၊ တီးစရာလေ။ မင်းသားမာလည်း၊ မင်းသားဘာသာ၊ ဆရာကျောင်းမာ၊ ပျော်ရပါသည်၊ ထင်ရာတောမရှောင်၊ ငါတွင်ပါးရေ၊ ရွှေမညောင်းကို၊ ယူကောင်းဘိလေ၊ လောင်းသင်္ဘော်မာ၊ ထုတ်လို့ပီးခါ၊ စောင်းကိုရလျှင်၊ ရေပြုံးရေသွင်၊ လောင်းသင်္ဘော်မာ၊ လွှားကာသတ်လို့၊ လာငြားလတ်မုံ၊ လမ်းစပ်ကြားမာ၊ မာနေဘယူ

ရေ၊ သွားလေတုံမြောက်၊ ဆရာကျောင်းမှာ၊ ရှည်ဒည်းရောက်လို့၊ ရောက်လတ်သော အခါ၊ သျှင်မင်းသားမှာ၊ ကြံလတ်တေလေ။ တီးမည်တီးမည်၊ အရှေ့ပြည်က၊ ပိုးကြိုးဝယ် ရေ၊ ငွေသုံးဆယ်လေ၊ တီးမယ်တီးမယ်၊ ပညာသခင်၊ ဆရာသျှင်ကို၊ လျှောက်တုံလေပြီး၊ တစ်ကြိမ်စောင်းကို၊ ညှိဗျာတီးရေ၊ တီးစည်တီးစည်၊ တီးငြားစည်တွင်၊ လက်ကျွမ်း လည်းဝင်၊ သျှင်မင်းသားမှာ၊ နားလည်းတင်ရေ၊ လုလင်မင်းသား၊ ကျောင်းစည်တိုင်မှာ၊ တတ်လတ်ငြားကာ၊ မင်းသားလူပျို၊ ဆရာကျောင်းမှာ၊ စောင်းနှင့်ပျော်ရေ၊ မတီးချင်၊ သခင်မင်းသား၊ ကျောင်းစည်တိုင်မှာ၊ ရွှေမညောင်းကို၊ တင်လို့ထားရေ၊ ဆေရီးရုံခါ၊ စိတ်ကို ဖျော်ကေ၊တီးစရာလေ၊ ပိုးချည်နှစ်ပင်၊ ကြီးတစ်ပင်လေ၊ စွေရှင်လေးချောင်း၊ စိတ်ကိုဖျော်ရေ၊ ရွှေမညောင်းကို၊ တီးစရာလေ၊ မင်းသားလူပျို၊ ဆရာကျောင်းမှာ၊ စောင်းနန့် ပျော်ရေ၊ ပိုးချည်နှစ်ပင်၊ ကြိုးတစ်ပင်ရေ၊ စွေရှင်လေးချောင်း၊ ရွှေမညောင်းကို၊ တင်ကြောင်းတည်ရင်ခွင်၊ အသာတည်တင်ပြီး၊ သုံးပင်ကြိုးကို၊ ညီအောင်ညှိရေ၊ တိုးကို ကငင်၊ ကျားကိုသင်၊ မှန်ကြီးကိုခတ်လို့၊ လက်သန်းလက်လယ်၊ လက်ကြွယ်လက်မ၊ စောင်း ဆေစိတ်မှာ၊ လျှောက်လို့ချရေ၊ ညာဘက်လက်ညှိုး၊ မချောင်းလိုင်မှာ၊ စီလို့တိုးရေ။ ခြင်းမျိုး လည်းပေါ်၊ ဆရာကျောင်းမှာ၊ တီးလတ်တေကား၊ မတီးချင်ကေ၊ လုလင်ဒေ မင်းသား၊ ကျောင်းစည်တိုင်မှာ၊ ရွှေမညောင်းကို၊ တင်လို့ထားရေ၊ ဆေးရီးရန်ခါ၊ စိတ်ကိုဖျော်ကေ၊ တီးစရာလေ။ မတီးချင်ကေ လုလင်ဒေမင်းသား၊ ရွှေကြိမ်စင်မှာ၊ တင်လို့ထားကေ၊ နိ စည်နိစည်၊ နိငြားစည်တွင်၊ တစ်ပြေနှစ်ပြေ၊ သံတောင်းပြေမှာ၊ ဘုန်းတော်ကြီးလျှံ၊ ထွန်း ရောင်တောက်ပ၊ ရွှေနန်းရှင်ရဲ၊ နတ်အလားသို့၊ နန်းကြီးဒေသုံးဆောင်၊ အိမ်မြောင်ဒေ ခေါင်ဆစ်၊ သံဒည်းမြို့မှာ၊ စတုရစ်နှင့်။ နဂရာဇ်ကေဆင်ဝင်၊ သုံးဆင့်တင်သည်၊ ယခု သာခြေ၊ သုံးဆောင်နန်းမှာ၊ ပျော်လတ်တေကား၊ ဆင်ဇွေဆင်ဖြူ၊ ပြော့ဆေဒေါင်မှာ၊ အုံးသုံးလုံးနှင့်၊ စက္ကူယပ်နန့်၊ ရွှေယပ်ပျောက်တုံ၊ တစ်ဆူကိုထား၊ တဆူရှားလို့၊ နန်းအိမ် သာကေ၊ ဇာမသျှားရုံ။ ပျော်စည် ပျော်စည်၊ ပျော်ငြားစည်တွင်၊ သံဒေါင်ရာဇာ၊ မေဇာ တွင်ပြီး မင်း၏သမီးသား၊ မိဖုရားမှာ၊ သန္ဓေဝမ်းတွင်၊ နေတုံလျှင်၍၊ သွားဘုံလျှင်ပင်၊ မျက်နှာမြင်၍၊ ပုခက်လည်းတင်၊ မေရေထုငြား၊ မေ့တစ်ခေါ်လတ်၊ သံဒေါင်းရာဇာ၊ မေဇာတွင်ပြီး၊ မင်း၏ရင်သွီး၊ ထွန်းညီလှစွာ၊ သံဒည်မြို့မှာ၊ ထွင်းပိုးဝါလည်း၊ နိစည်နေ စည်၊ နေငြားစည်တွင်၊ တစ်ထဲပျော်ရေ။ မမေ့ဒေမန်၊ လှပိုးဝါမှာ၊ ဝါကြိတ်တေလေး။ လက်ဝဲတစ်ခွင်၊ ညဦဘယ်၊ လှပိုးဝါမှာ၊ ဗိုင်းငင်သံနှင့်၊ သလွန်ပျော်ပျား၊ နန်းရွှေတောင် မှာ၊ နေစည်ငြားခါ၊ ဆင်ဇွေဒေယင်းဖြူ၊ ပျော့ဆေဒေါင်မှာ၊ အုံးသုံးလုံးနှင့်၊ စက္ကူယပ် နှင့်၊ ရွှေယပ်ရှာထုံ၊ နန်းရွှေမမှာ၊ တစ်ဆူရှားရေ၊ တစ်ဆူကိုကား၊ နန်းရွှေတောင်မှာ၊ တစ်ဆူရှားလို့၊ ပျော်စည်ပျော်စည်၊ ပျော်ငြားစည်တွင်၊ ပိုးဝါဒေဝီ၊ ကျွန်ခြွေရံဒေသျှား၊

ချိန်ထိန်းယရို့၊ လက်တံ့ရှည်သည်၊ ဟံလေကောင်းစွာ၊ အိမ်လုံးပိုင်သည်၊ သိန်းခေါင်မရို့၊ အခါများစွာ၊ ကျောင်းကန်ပေါင်မာ၊ ရီခတ်လားရေ တစ်ခါဒေတစ်ရုံ ခါရုံတစ်ထူး၊ ရှစ်ပင်ကျောင်းက၊ စောင်းတီးသံကို၊ မကြားဘူးချေ၊ တစ်ထူးတလေ၊ စောင်းတီးသံကို၊ ကြားခီရေလေ။ လက်တံ့ရှည်သည်၊ ဟန်သည်ကောင်းစွာ၊ အိမ်လုံးပိုင်သည်၊ သိန်းခေါင်မကား၊ သွားလည်တုံမြောက်၊ မယ့်အိမ်ကြီးမာ၊ လျှင်ဆောအရောက်တေ။ အံ့လောင်ဒေစိန်မြ၊ ရေအိုးခွက်ကို၊ ကြမ်းမာချလို့၊ အလုံးစုံပင်။ ရှင်မထံပါး၊ ပြိုင်လို့ဝင်ရေ၊ ယဇောင်သခြေ၊ မေပိုးဝါကိုး၊ လျှောက်လတ်သည်ကား၊ အခါများစွာ၊ ကျောင်းကန်ပေါင်မှာ၊ ရီခတ်လာရေ၊ တစ်ခါတေရုံထူး၊ ရှင်ပင်ကျောင်းမာ၊ စောင်းတီးသံကို၊ ကြားခီရေကား။ ဇာပြည်ဇာရွာ၊ ဇာကျွန်းချာက၊ ရောက်လှာယောကျာ်း၊ စောင်းသမားလည်း၊ လက်တံ့ရှည်ကေ၊ ဟန်လေကောင်းစွာ၊ အိမ်လုံးပိုင်ရေ သိန်းခေါင်မကား၊ လက်ကောင်းရုံးစု၊ ကြာမုံအသွင်၊ ဆေချောင်းလက်ကို၊ ဦးထိပ်တင်လို့၊ ကြောင်းလျှင်စိပ်ရိပ်၊ လက်တံ့ရှည်က၊ ယန်လေကောင်းစွာ၊ သိန်းခေါင်းမမာ၊ လျှောက်လတ်သောခါ၊ လျှောက်သည်စကား၊ မယုံပါလို့၊ မေပိုးဝါမာ၊ ဤသို့ဆိုရေ မစီးမစပ်၊ ခရမ်းသီးမာ၊ မုံ့ခါးခတ်ယောင်၊ မစီးမစပ်၊ ဆင်နားရွက်မာ၊ ဝက်နားတပ်ယောင်၊ အကြားဒေ အသျှောင်၊ နင်ကျွန်မမာ၊ နန်းတို့သျှင်အသျှင်ကြားကေ၊ ဒေရှောင်ဒေရာ၊ အကြားလာရပ်မာ၊ မျက်စီကျလို့၊ စည်ယောင်သည်၊ နင်ကျွန်မကို၊ ပြစ်တင်မေပျာ၊ စကားဥပဒေ၊ မေပိုးဝါက၊ သိန်းခေါင်မကို၊ ပြောလတ်တေကား၊ နောက်ခြေစုစု၊ ရွှေခြေထုရှ်၊ ယင်းနိကပင်၊ လှပိုးဝါမာ၊ နေပြောခါဝေ၊ မေလေလေးကေ၊ မေလေနေဆိုက်၊ မိဘအိမ်မာ၊ ဗိုင်းငင်ဆိုက်ကေ၊ မောင်လေလေကေ၊ မောင်လေပျော်တုန်း၊ ဆရာကျောင်းမာ၊ စောင်းတစ်လုံးနန့်။ မောင်လေလေ့ကေ၊ မောင်လေလှကေ၊ ဆရာကျောင်းမာ၊ စောင်းတီးထားရေ စောင်းကိုရင်ခွင်၊ အသာတင်ပြီး၊ ကြိုးသုံးပင်ကို၊ ညီအောင်ညှိကေ၊ မင်းသားသံချို ဆရာကျောင်းမာ၊ စောင်းခြင်းဆိုရေ။ ထုတ်ကနေသည်၊ ကုန်ဒီ ဒေနတ်များ၊ သျှင်သိကြားလည်း၊ နတ်များမနီ၊ မောင့်စောင်းသံကို၊ ပို့စီသောလေ။ ဤ သို့သံချို သျှင်မင်းသားမာ၊ စောင်းခြင်းဆိုရေ မေလေလေကေ၊ မေလေလှုံ့လှ၊ သန်း ခေါင်ညဥ့်မာ၊ ဗိုင်းငင်ထရယ်။ ဇူးဝေရဟပ်၊ မြနန်းသာမှာ၊ ခြေသုံးပတ်ကို၊ လက်ဖျား ညီစွာ၊ ကိုင်ကာတည်ညီညွတ်၊ သုံးဆောင်နန်းမာ၊ ဝါဂွမ်းဆွရေ။ ဝါဂွမ်းဆွဆစ်၊ စုံလီတိုက်လို့၊ အလိုက်သင့်စွာ၊ သျှင်ပင်ကျောင်းက၊ မောင့်စောင်းသံကို၊ ပိုးဝါနားမာ၊ ကြား သင့်ပါရေ။ နတ်ရုပ်ဆင်းဝါ၊ ပိုးဝါသွေရစ်၊ ဆွရေဂွမ်းကို၊ ချ၍ပစ်ကေ ပြီး၍ခုပင်၊ အရင်ဒေစစ်စစ်၊ လှပိုးဝါကား၊ လွန်တံပျင်းမာ၊ ထွက်လို့လိုက်တေ။ ကျောက်နှင့်ရေယည်၊ တမျက်တိုင်ကို၊ လက်ကိုင်စွဲမှတ်၊ လေှကားခုံမာ၊ ခြေစုံရပ်လို့၊ အကြောင်းစိစိ၊ မေပိုးဝါမာ၊ ထွက်ခီမိသော်၊ မြင်းမိုရ်တောင်ရေ အလွန်ကြီးခြင်း၊ ဘရင်းကြားကေ၊ ငါတဲသူကို၊

ဖြစ်တင်မေဟု၊ ကြောက်စွာလုံလတ်၊ ရှိခြုံရှုနှ၍၊ မဟုတ်ပါဘိ၊ လှပိုးဝါမှာ၊ နေလေရာတွင်၊ ယင်းနိကပင်၊ နှလုံးပူဆာ၊ တစ်အိမ်တွင်းမှာ၊ လှပိုးဝါလေ၊ ဖျားယောင်းနာအောင်၊ ခေါင်းမွှဲ့ယောင်သည်၊ ပဇောင်ဒေမသိ၊ ပိုးဝါစံရေ၊ သလွန်ခက်မှာ၊ မောလို့ဟိရေ၊ ထမင်းကိုပင်၊ မစားချင်ရေ၊ ရေလျှင်မသောက်၊ လှပိုးဝါမှာ၊ ဝမ်းမကောက်လို့၊ ပဇောင်ကြီစည်၊ မောင်စောင်းသည်ကို၊ မြင်ရမေရုံ၊ ကာလဒေမြင့်ရှည်၊ နှစ်များဒေလကျူး၊ မောင်စောင်းသည်ကို၊ မတွေ့ဘူးကေ၊ ရူးစွမေလေး။ စကားဥပဒေ၊ လှပိုးဝါကား၊ သိန်းခေါင်မမှာ၊ ကြားလတ်ငြားကေ၊ ကြားသူတဖန်၊ သိန်းခေါင်မကား၊ လာမေဖို့ကို၊ အာမခံရေ။ ဆေးလိပ်ကွမ်းယာ၊ ပေးစရာကေ၊ ပဝါအပြည့်၊ လှပိုးဝါက၊ လားမေသူကို၊ လက်မှာထည့်လို့၊ အောင်သွေတမန်၊ လှပိုးဝါမှာ၊ ကိုယ့်စေကျွန်ကို၊ လျင်မြန်ကေ လွတ်မြောက်၊ သိန်းခေါင်မကား၊ ကျောင်းစည်တိုက်မှာ၊ လျင်ဆောရောက်တေ။ လက်တေဆေချောင်း၊ စုံစွာပေါင်းကေ၊ လက်ပေါင်းရုံးစု၊ ကြာမုံအသွင်၊ ဆေးချောင်းလက်ကို၊ ဦးထိပ်တင်လို့၊ ကြောင်းလျှင်စိတ်ရိပ်၊ သိန်းခေါင်မမှာ၊ လျှောက်လတ်ပြီးသော်၊ စကားဥပဒေ၊ ရှင်မင်းသားမှာ၊ သိန်းခေါင်မကို၊ ပြောလတ်တေကား၊ ပိုးဝါရှင်မ၊ လူကိုဆောင်းပါး၊ စကားမတူ၊ သျှင်ပင်ကျောင်းမှာ၊ ဝါမကျူးပါ၊ ပါရမိသွာရ၊ နန်းတော်မှာသို့၊ နဖူးစာရေ၊ ကြမ္မာကောင်းကေ၊ နန်းစည်သျှင်မှာ၊ ပြောလတ်တေလေး။ ပြောသည်စကား၊ ကြားလတ်သောခါ၊ သွားလေတုံမြောက်၊ ပိုးဝါနေသည်၊ နန်းအိမ်မကို၊ လျင်ဆောရောက်ကာ၊ စကားဥပဒေ၊ မေပိုးဝါကို လျှောက်လတ်တေကာ၊ လျှောက်သည့်အသံ၊ တရုံဆွတ်ဖျား၊ မေပိုးဝါလေ၊ အပျိုနားမှာ၊ တတက်ကြားတေ၊ ယင်းနေ့ကပင်၊ နှလုံးပူဆာ၊ စိတ်ပူဆာသတ်၊ ဗျာယကင်း ပျောက်၊ ပိုးဝါမယ်မှာ ချမ်းသာရောက်လို့၊ ဘုရားဖူးမေ၊ လှပိုးဝါမှာ၊ ကြံလတ်တေလေ။ သစ်ကိုထုရန်၊ ကြိုးကိုမှန်ကေ၊ ရွှေကျန်တေဘုရား၊ ကျောင်းစည်တိုက်မှာ၊ တည်လို့ထားရေ၊ ကျွန်လည်းသခြေ၊ မြတ်ရှင်ပင်ကို၊ ဖူးခ်ိမေလေ။ ငါ့မှာစေကျွန်၊ ခြွေရံမရှုား၊ မိနှင့် ဘမှာ၊ ချစ်လို့ ပီးသည်၊ ချီထိန်းယတို့၊ လက်တံရှည်သည်၊ ဟန်လေကောင်းစွာ၊ အိမ်လုံးပိုင်ရေ၊ သန်းခေါင်မရို့၊ ဘုရားလက်ဆောင်၊ များမြောင်လှုထွန်း၊ တံခွန်ဆီမီး၊ ပြာသာဒ်ထီးနှင့်၊ မုန့်ဆင်းတု၊ ကောင်းမှုရို့ကို၊ အညီမေတို့၊ ဖူးခ်ိမေလား၊ ငါ့မှာစေကျွန်၊ ခြွေရံမရှုား၊ သြော်မေများတို့၊ အနီတင့်သူ၊ အနီမေတို့၊ တင့်ရာရာကို၊ ဆင်တတ်တုံလေ၊ အဖြူတင်သူ၊ အဖြူမေရို့၊ တင့်ရာရာကို၊ ဆင်ကတ်လီလေ၊ အညိုတင်သူ၊ အညိုမေတို့၊ တင့်ရာရာကို၊ ဆင်ကတ်လီလေ၊ အနီတင်သူ အနီမေရို့၊ တင့်ရာရာကို၊ ဆင်ကတ်လီလေ။

အရှပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်လတ်ပါရေ၊ ဘောင်းနက်ကေထမိန်၊ သုံးနှစ်လုံးပင်၊ ဝတ်မကြီကေ၊ အောက်ခြီတစ်ဆင့်၊ လှပိုးဝါမှာ၊ မန်ကျည်း ပွင့်နှင့်၊ လှတင့်ဆင်ယင်၊ မေပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ခါးတွင်ကြည့်လည်း၊ ခါးကြိုးဒွါဒ ယာ၊ မျက်ငါးဖြာကေ၊

စုံစွာသိသတ်၊ လှပိုးဝါမှာ၊ နောက်စချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ။ ရင်မှာမာကေ၊ ရင်မာကြည့်လည်း၊ ကန်စွန်းရွက် အရောင်၊ လှပိုးဝါမှာ၊ ပန်းပွင့်ရောင်လည်း၊ ခြာရာဆီသတ် မမေရင်မှာ၊ မမွတ်ချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလည်း၊ ကိုယ်မာမှာရေ၊ ကိုယ်မာကြည့် လည်း၊ ကိုယ်မှာဘာဇူ၊ ရွှေတူပန်းခက်၊ မေ့ဘာဇူမှာ၊ ခြိုးဆက်ရက်နှင့်၊ လှိုင်ယှဉ်ဥဒေါင်း၊ ရုပ်ပေါင်းများစွာ၊ မေ့ဘာဇူမှာ၊ သာလိကာနှင့်၊ စတုပါလာ၊ နတ်သား လေးယောက်၊ ကပ်တုံပြီးကေ၊ ကြိမ်လုံးပြောက်နှင့်၊ ထောက်လို့ကြည့်ဟန်၊ မေဘာဇူမာ၊ ခြသေ့်ရုံလို့၊ အထောင့်လေးထောင့်၊ မေဘာဇူမာ၊ နတ်သားစောင့်လို့၊ ရုပ်တုံသန်သန်၊ လှပိုးဝါကို၊ မိနှင့်ဘမာ၊ ချစ်၍ပေးသော်၊ သိန်းသောင်းတန်ကို၊ တင့်ကြောင်းတယ်သခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ။ ခေါင်းမာမာရေ၊ ခေါင်းမာကြည့်လည်း၊ ခေါင်းမာ ကြက်ခြေ၊ မြပန်းကုံးမာ ရွှေပွင့်စီလို့၊ ဦးရစ်ကေဆံထုံး၊ မြအိုးလုံးနှေ၊ ပိုးဝါခေါင်းမာ၊ထင် မိရေလေ၊ လက်မာ မာရေ၊ လက်မာကြည့်လည်း၊ နဝရတ်မျက်ရုံ၊ လှပိုးဝါမှာ၊ အဘာပီး ကေ၊ သိန်းသောင်းတန်လို့။ နှစ်ချောင်းကိုရွက်၊ ရှစ်ချောင်းလက်မာ၊ အပြည့်စွပ်လို့၊ ဆင်ဝတ်တေလေ။ နားမာမာရေ၊ နားမာကြည့်လဲ၊ ကိုယ်ရိပ်လည်းမြင်၊ စိန်ရှင် ဒေလိပ်လက်၊ လှပိုးဝါမှာ၊ မြနဘက်ကို၊ တင့်ကြောင်းသခြေ၊ ပိုးဝါနားမာ၊ ဆင်ဝတ်တေလေ။ တစ်ကြောင်းလှစွာ၊ လှပိုးဝါမှာ၊ ဆင်ပြီးမှလျှင်၊ အုအောင်ထမ်းစင်၊ ယဉ်ရှင်တေမစီး၊ လှပိုးဝါမှာ၊ ခြေကျင်ပြီးလို့၊ ပြီးပြီခုပင်၊ အလျဉ်တေခဏ၊ မွေးရေမိနှင့်၊ ဘခင်---မှာ၊ သွားလေငြားလို့၊ ပုဆစ်တုပ်ကေ ကွကွ၊ လှပိုးဝါမှာ၊ ရှိတွင်ချလို့၊ လက်ကေဆယ်ချောင်း၊ စုံစွာပေါင်း၍၊ လက်ပေါင်းရုံးစု၊ ကြာမုံအသွင်၊ ဆယ်ချောင်းလက်ကို၊ ဦးထိပ်တင်၍၊ ကြောင်းလျှင်တင့်တယ်၊ လှပိုးဝါမှာ၊ လျှောက်လတ်တေလည်း၊ လကိုတစ်ခါ၊ မမြင်ပါဘူး၊ တစ်ပင်တိုင်ရေ၊ ယာဉ်ပြာသာဒ်မှာ၊ စံလို့နီသည်၊ ဘကျေးဇူးလည်း၊ သစ်ကိုထုတ်ဟန်၊ ကြေးကိုမံကေ၊ ရွှေကျုံ ဘုရား၊ ကျောင်းစာတိုက်မှာ၊ တည်လို့ထားကေ၊ ကျွန်လဲသခြယ်၊ မြတ်ရှင်ပင်ကို၊ ဖူးခီမေလည်း၊ လွန်လို့ကြင်ကေ၊ မွေးရေဘနှင့်၊ ဘခင်ခွင့်လမ်း၊ ကျွန်ဒေသူကို၊ ရွှတ်ပါလတ်လေ၊ ပိုးဝါဆိုသံ၊ တစ်ရုံဆွတ်ဖျား၊ ဘခင်နားမှာ၊ တစ်တပ် ကြားလို့၊ သီဗျာဆိုငြား၊ ဆိုလတ်တေကား။ ပိုးဝါဆိုရေ၊ အောင်ဘသရောက်၊ စပါးစရည်၊ တောဆာလီမှာ၊ တိကိုနီရေ၊ အလှပိုးဝါ၊ နင်ဇာတစ်ယောက်၊ အခြေပေါက်တော၊ ထိန်းလို့မနိုင်၊ ဟန့်စီးမနှာ၊ လှပိုးဝါမှာ၊ သွားလေရာတွင်၊ ငါသာမွေးသည်၊ သမီးလှစွာ၊ ပိုးဝါမနီ၊ မြတ်သျှင်ပင်ကို၊ ဖူးလျှင်လေသည်၊ အလှပိုးဝါ၊ မေဇာအလှ၊ မွေးရေဘနှင့်၊ မွေးရေမိအား၊ ခွင့်ပန်ရလို့၊ ဝမ်းသောင့်ဝမ်းသာ၊ လှပိုးဝါမှာ၊ လာပါလတ်မြောက်၊ မိအိမ်ကြီးမှာ၊ လျှဉ်ဆောရောက်လို့၊ မနက်ကေမိုးသောက်၊ နေထွက်မြောက်ခါ၊ ငါလျှင်သခြေ၊ မြတ်ရှင်ပင်ကို၊

ဖူးခိမေလေ၊ ငါ့မှာစေကျွန်၊ ခြွေရံမရှား၊ မိနှင့်ဘမှာ၊ ချစ်လို့ပီးသည့်၊ ချိုထိန်းယတို့၊ ဘုရားလက်ဆောင်၊ မျှားမြောင်ဆီမီး၊ ပြာသာဒ်ထီးနှင့်၊ အညီဆင်းတု၊ ကောင်းမှုရုပ်ကို၊ အညီမေရို ဖူးကပ်မေ။ ပန်းခံ့ယူငင်၊ လှပိုးဝါမှာ၊ ခေါင်းထက်တင်၍၊ တိုဒိတိုဒွါ၊ ယုယစံပေ၊ လှပိုးဝါကား၊ ကြောင်းဇင်းခါကို၊ လားခရေလေ၊ အညာရီရော၊ ဖျားဦးတစ်စိတ်၊ စွပ်လာခြေမ၊ ဖိနပ်စွပ်လို၊ လားလီသော်လည်း၊ တိုဒိတိုထွာ၊ ဘဲဟသ်ာကို၊ မြေမှာချယောင်၊ အလှပိုးဝါ၊ မယ်ဇာတင့်တယ်၊ ကြောင်းဇင်းခါကို၊ လားခရေလည်း။ သွားလေသော်လည်း။ တိုဒိတိုထွာ၊ ကြက်တေကျင်ကို၊ မြေမာချယောင်၊ လှကြောင်းတင့်တယ်၊ မေပိုးဝါကား၊ ဇင်း ခါကြောင်းကို၊ သွားခရေလည်း။ လက်ဝဲကြည့်လည်း၊ သရက်ချိုချဉ်၊ ရွှေမနိုင်ကေ၊ ပင်စည်ကေမပြတ်၊ ညွှတ်ကာရပ်လို့၊ တွဲလတ်တေလေ။ လက်ယာကြည့်လည်း၊ မညင်း ချိုချဉ်၊ ရွှေမနိုင်သည်၊ ပင်စည်ဒေမပြတ်၊ ညွှတ်ကာရပ်လို့၊ တွဲလတ်ကေလေ၊ ယင်းက တစ်ဖန်၊ လွန်လို့ခဏ၊ လှပိုးဝါမှာ၊ သွားလေပြားသော်၊ လက်ဝဲကြည့်လည်း၊ လက်ဝဲ ကျောင်းစည်၊ သံယာနေသည်၊ ရွှေမနိုင်ကေ၊ ကျောင်းစည်တည်မပြတ်၊ ညွှတ် ကာရပ်လို့၊ တွေ့လတ်တေလည်း၊ လက်ယာကြည့်လည်း၊ လက်လာတေကျောင်းစည်၊ သံယာနေသည်၊ ရွှေမနိုင်သည်၊ ကျောင်းစည်ကေမပြတ်၊ ညွှတ်ကာရပ်ကို၊ တွေ့လတ်တေလေ။ ကျောင်း စည်တေအကြား၊ လှပိုးဝါမှာ၊ စေကျွန်များနှင့်၊ သွားလေပြားသော်၊ ယင်းကတစ်တန်၊ လွန်လို့တေခဏ၊ လှပိုးဝါမှာ၊ သွားလေပြား။ ဆရာတော်ကြီး၊ ဗောင်းနတ်သီးလျှင်၊ ကျောင်းခြေတစ်ထောင်၊ ပြင်ဆင်ခုပြီး၊ ဆရာတော်ကြီး၊ ဗောင်းနတ်သီးကို၊ ဘုန်း ကြီးသခင်၊ မြတ်ရာဝင်သည်၊ အသျှင်စံအား၊ တစ်တောရေမြေ၊ ရွှေကျောင်းအတွင်း၊ အတောင်ရှစ်ဆယ်၊ တလင်းရွှေ့မှာ၊ ရောက်လေပြားသော်၊ ကျောင်းထက်တက်၍၊ ယခု သခြေ၊ မြတ်သျှင်ပင်ကို၊ ဖူးကတ်မေလေ၊ ပိုးဝါစေကျွန်၊ ခြွေရံရံမရှား၊ ငါ့တွင်ပါရေ၊ သြော်စေများရို့၊ ဘုရားတည့်လက်ဆောင်၊ မျှားမြောင်လှလွန်၊ တံခွန်ဆီမီး၊ ပြာသာဒ် ထီးနှင့်၊ ပါကတ်စီလေ၊ ပါကတ်စီလေ။ ဘုရားလက်ဆောင်၊ မြှားမြောင်လှလွန်း၊ တံခွန် ဆီမီး၊ ပြာသာဒ်ထီးကို၊ အယင်လိုမှ၊ ယူပြီးမှလျှင်၊ အလှပိုးဝါ၊ မေဇာသခြေ၊ ကျောင်းစည် တိုက်မှာ၊ တက်ခရေလည်း၊ မတတ်ချင်ရေ တက်ချင်စဖွယ်။ ကျောင်းတော်ရှိက၊ ထို အများနှင့်၊ လှပိုးဝါမှာ၊ ဝင်ခရေလည်း၊ မတက်ချင်ကေ၊ တက်ချင်ဘနန်း၊ လှပိုးဝါမှာ၊ ကွေ့လိုတက်ရေ တက်စီတက်စီ၊ လှပိုးဝါမှာ၊ တက်ပြား စီတွင်၊ ယခုသခြေ၊ လှပိုးဝါက၊ အတောင်ရှစ်ဆေ၊ ကျောင်းပြင်သာမှာ၊ ရောက်လီရေလေ၊ ကျောင်းတော်ထက်မှာ၊ တက်လေသောခါ၊ လှပိုးဝါကို၊ ကြည့်ခီသော် ကား၊ ရေပြုံးရေသွင်၊ ပိုးဝါမေကား၊ ပိုးပဝါကို၊ ယူငင်တိ၍၊ ရေပြုံးရေသွင်၊ ပိုးဝါမေမှာ၊ ဝတ်စားပြင်လို့၊ ခပြုံးခရေ၊ ကျောင်းကြီးသခင်၊ မြတ်ရာဝင်သည်၊ အရှင်စံအား၊ တစ်တောရေမြေ၊ ရွှေကျောင်းအတွင်း၊ အတောင်ရှစ်

ဆယ်၊ တလင်းရှေ့မှာ၊ ရောက်လေပြောသော်၊ ကျောင်းထက်တက်၍၊ ယစုသခြေ၊ မြတ်ရှင်ပင်ကို၊ ဖူးကပ်မေလေ၊ ပိုးဝါစေကျွန်၊ ခြွေရုံမသျှား၊ ငါ့တွင်ပါရေ၊ ညြော် မေမျှားရို့။ ရုံမသျှား၊ ငါ့တွင်ပါရေ၊ ညြော် မေမျှားရို့။ ဘုရားတည့်လက်ဆောင်၊ မျှားမြောင်လှလွန်၊ တံခွန်ဆီမီး၊ ပြာသာဒ်ထီးနှင့်၊ ပါကတ်စီလေ၊ ပါကတ်စီလေ၊ ဘုရားလက်ဆောင်၊ မြှား မြောင်လှလွန်၊ တံခွန်ဆီမီး၊ ပြာသာဒ်ထီးကို၊ အရင်လိုမှ၊ ယူပြီးမှလျှင်၊ အလှပိုးဝါ၊ မေဇာသခြေ၊ ကျောင်းစည်တိုက်မှာ၊ တက်ခရေလဲ၊ မတက်ချင်ရေ၊ တက်ချင်စဘွယ်၊ ကျောင်းတော်ရှိက၊ ထိုအမျှားနှင့်၊ လှပိုးဝါမှာ၊ ဝင်ခရေလဲ၊ မတက်ချင်ကေ၊ တက်ချင်ဘနန်း၊ လှပိုးဝါမှာ၊ ကွေ့လို့တက်ရေ၊ တက်စီတည်စီ၊ လှပိုးဝါမှာ၊ တက်ပြောစီတွင်၊ ယခုသခြေ၊ လှပိုးဝါက၊ အတောင်ရှစ်ဆေ၊ ကျောင်းပြင်သာမှာ၊ ရောက်လီရေလေ၊ ကျောင်းတော်ဆက်မှာ၊ တက်လေသောခါ၊ လှပိုးဝါကို၊ ကြည့်ခီသော်ကား ပြုံးရေသွင်၊ ပိုးဝါမေကား၊ ပိုးပုဝါကို ယူငင်တ၍၊ ရေပြုံးရေသွင်၊ ပိုးဝါမေမှာ၊ ဝတ်စားပြင်လို့၊ ခပြုံးခရေ ကျောင်းတံခါးကို၊ ဝင်ခရေလေ၊ ဝင်ချေသောခါ၊ လှပိုးဝါကား၊ ပုဆစ်ထုပ်ကေကွကွ၊ လှပိုးဝါမှာ၊ ရှိတွင်ချလို့၊ လက်ကေဆယ်ချောင်း၊ စုံစွာပေါင်းကေ၊ လက်ကောင်းရုံးစု၊ ကြာမုံအသွင်၊ ဆေချောင်းလက်ကို၊ ဦးထိပ်တင်လို့၊ ချောမွတ်လှစွာ၊ ပိုးဝါရုပ်သီး၊ မြတ်ရှင်ပင်ကို၊ ကန်တော့ပြီးမှ၊ ဆရာတော်ကြီး၊ ဘုန်းကြီးသခင်၊ အရှင်ရှိကေ၊ လှပိုးဝါကို၊ မေးလတ်တေကား၊ တကာမ လူငယ်၊ ချစ်ကောင်းဖွယ်ကား၊တစ်ခါတေရုံထူး၊ ငါ၏ထံမှာ၊ မရောက်ဖူးလေ၊ ထူးဆန်းအံ့ဖွယ်၊ ငါ၏ထံမှာ၊ ခုရောက်လှာရေကား၊ အဗေကိစ္စ၊ တကာမကို၊ မသိရလည်း။ ဤသို့ဆိုသံ၊ တစ်ရုံဆွတ်မျှား၊ လှပိုးဝါမှာ၊ တစ်တပ်ကြားကေ၊ အလှပိုးဝါ၊ မေဇာသံချို၊ ဆရာတော်ကို၊ ဤသို့ဆို။ နေကိုတစ်ခါ၊ မမြင်ပါဖူး၊ တစ်ပင်တိုင်လေ၊ ယဉ်ပြာသာဒ်မှာ၊ စံ၍နေသည်၊ ဘကျေးဇူးလည်း။ သစ်ကိုထုတံ၊ ကြီးကိုမံကေ၊ ရွှေကို ရွှေတု၊ ရွှေကျောင်းစည်မှာ၊ သဗ္ဗညုကို၊ ကျွန်လျှင်ဖူးမေ၊ ဆရာတော်လေ၊ ခြေတော်ရင်းမှာ၊ ခုရောက်တေလည်း။ ပိုးဝါဆိုသံ တစ်တန်ထင်ရှား ဆရာတော်တစ်ထပ်ကြားကေ အလှဒေပိုးဝါ နင်ဇာမနေ မြတ်ရှင်ပင်ကို ဖူးလျှင်လေလည်း ငါသာချစ်သည် သားကြီးကျော်ခေါင် ပန်းဒိုးအောင်ကို အမောင်လာလတ် တစ်ကြိမ်စောင်းကို တီးခလှည့်လေ မောင်လဲလဲကေ မောင်လဲပျော်တုံး ဆရာကျောင်းမှာ စောင်းတစ်လုံးနှင့်။ မောက်ကာ ဒေလက်ဖွဲ့ ပန်းဒိုးအောင်မှာ ထိုယမေနှင့် ခေချေကကိုပြင် ရွှေစင်တေအပြုံး ပန်းဒိုးအောင်ကား ဆရာကျောင်းမှာ စောင်းတစ်လုံးနှင့်။ မျက်မွေးမျက်တောင် ပန်းဒိုးအောင်မှာ ကင်းတွား ယောင်လေ မျက်မှောင်ရစ်ဝန်း ပန်းဒိုးအောင်ကား တစ်ပင်ခြေကို ရှေ့၍တမ်းယောင် ထူးဆန်းအံ့ဖွယ် ရုပ်ရည်လှပ ပန်းဒိုးအောင်ကို ကြည့်မဝလေ။ စောင်းကိုတေရင်ခွင် အသာတင်ပြီး ကြိုးသုံးပင်ကို ညီအောင်ညှိလို့ ထုံးကိုကငင် ကျားကိုသင်ကေ မှန်ကြီး

ကိုခတ်လို့ ခြင်မျိုးလည်းပေါ် ဆရာကျောင်းမှာ တီးလတ်တေကား စောင်းကိုတီးသံ တစ်ထောင်တန်လေ မှန်စွာပီးသည် တစ်ထောင်တန်လေ။ တစ်ထောင်ဒင်္ဂါး၊ နှမပီးရာ၊ လှုပိုးဝါမှာ၊ ခုမပါလေ။ နှမသက်ရှင်၊ မေပါကြင်ကေ၊ မောင်ပင်လာလေ၊ မေ့အိမ်ကြီးမှာ၊ ယူခလိုက်လေ၊ ဘုရားဖူးမေ၊ လှုပိုးဝါကား၊ ပုဆစ်တုတ်ကေကွကွ၊ လှုပိုးဝါမှာ၊ ရှိတွင်ချလို့၊ ဦးညွှတ်ရိုသေ၊ ဆရာတော်ကို၊ ကန်တော့ပြီးမှ၊ ကျောင်းကတေသက်လို့၊ ကျောင်းတလင်းမှာ၊ ရောက်လေသောခါ၊ ပန်းဒိုးအောင်လေ၊ အမောင်ရှိတေ၊ ကျောင်းစည်တိုက်က၊ သက်လတ်တေလေ၊ ကျောင်းတလင်းမှာ၊ ရောက်လတ်သောခါ၊ အမောင်သခြေ၊ လှုပိုးဝါကို၊ ဆိုလက်တေကား၊ စောင်းကိုတီးရေ စောင်းခတေနှမ၊ စောင်းသေမောင်ကို၊ ခုပီးခလေ။ ယဇောင်ရာဖြစ်ကေ၊ ကိုမာရုံကေ၊ ကိုရုံကိုပင်၊ လိုချင်သလား၊ ဟူလဲမတ်မောင်၊ မေမာချစ်တေ၊ ပန်းဒိုးအောင်လေ၊ ကိုမာရုံကေ၊ ကိုရုံကိုပီး၊ မလွယ်သိလေ၊ မေ့လက်စွန်ကို၊ ဆွဲကာကိုင်လို့၊ ယဇောင်ရာဖြစ်ကေ၊ ခေါင်းမျာပေါင်းရေ ခေါင်းပေါင်းကိုပင်၊ လိုသလောလေ၊ ယူလဲ မတ်မောင်၊ မေမာချစ်ကေ၊ ပန်းဒိုးအောင်လေ၊ ခေါင်းမှာပေါင်းကေ၊ ခေါင်းပေါင်းကိုပီး၊ မလွှတ်သီးလည်၊ မေ့လက်ဖျားကို၊ စေ့စေ့ကိုင်လို့၊ စောင်းကိုတီးကေ၊ စောင်းခတေ နှမ၊ ပိုးဝါမေမာ၊ ခုပေးခလေ၊ ယဇောင်ရာဖြစ်ကေ၊ လက်မာဝတ်တေ၊ နဝရတ်မျက်ရုံ မိနှင့်ဘမာ၊ ချစ်လို့ပီးသည်၊ သိန်းသောင်းတန်ကို၊ ဒေကိုမောင်ဇာ၊ လိုချင်တေလော၊ ယူလေမတ်မောင်၊ မေမာချစ်ကေ၊ ပန်းဒိုးအောင်လေ၊ လက်မှာဝတ်တေ၊ လက်စွပ်ကိုပီး၊ မလွှတ်သီးလေ၊ မေ့လက်ဖျားကို စေ့စေ့ကိုင်လို့ ယဇောင်ရာဖြစ်ကေ နားမှာဝတ်တေ နဝရတ်မျက်ရုံ မိနှင့်ဘမာ ချစ်လို့ပီးသည် သိန်းသောင်းတန်ကို တေကိုဇာမောင်ပင် လိုချင်လောလေ ယူလေမတ်မောင်၊ မေမာချစ်တေ ပန်းဒိုးအောင်လေ နားမှာဝတ်ကေ နားတောင်းကိုပီ မလွှတ်သီးလေ မေလက်ဖျားကို ဆွဲကာကိုင်လို့ ပန်းဒိုးအောင်မှာ အမောင်စိတ်ရှိ ပိုးဝါမေကို ချစ်သမျှားလေ ကင်းယောင်တွားတုံ မဆုတ်စီချင် ပိုးဝါရင်မှာ တိုးလို့ဝင်ကေ ကျောင်းတလင်းမှာ သက်၍ဆောလျှင် လှုပိုးဝါမှာ သွားလေပါသည်။ သိမ်တော်ပြင်မှာ ဝင်လေပါသည်။ ရှင်ပင်ရှေ့ဝင်း သိမ်တလင်းမှာ တက်ပက်ကွေ့ အရင်ရှာမှာ မြင်ရေရင်းသမီး လှုပိုးဝါသည် ချစ်မရလေ ချစ်ကြိုက်မေတ္တာ ကရုဏာသည် မေတ္တာသည် ဆွတ်ဆွတ်ရှင်ပင်ရှေ့မှာ နောက်ကလာရေ သိမ်မာဝင်လို့ သိမ်တော်ပြင်မှာ ဘုရားဖူးမေရို့ ဖူးကတ်သေလေ ဘုရားလက်ဆောင်များမြောင်ဆီမီး ပြာသာဒ်ဝထီးကို မုန်ဆင်းတုကောင်းမှုရုပ်ကို အညီမေရို့ စေကြပ်ကုန်လို့ ရွှေပပေါက်ပေါက်ကို မြှောက်၍သံကြ သိမ်တော်ပြင်မှာ သာခုခေါ်သည်။ မည့်မစဲနှင့် သစ်ကိုတေထုဟန် ကြီးကိုမ်ကေ ရွှေကျုံဘုရား ဂူတော်တိုက်မာတေလို့ထားကေ ကျွန်လေးသခြေ မြတ်ရှင် ပင်ကို ဖူးကတ်တေလေ အလှုပိုးဝါ

မေဇာဆုတောင်း သျှစ်သောင်းသိမ်မာ သားဆုတောင်းလို့ သျှစ်သောင်းသိမ်မာ လင်ဆုတောင်းလို့ လင်ရာရကေ လင်ရာရလဲ မောင်စောင်းသေကို ရပါစီသား သားရာရတေသားရာရလဲ ဘူရိဒတ်နှင့် တရောတတ်ကို ရပါစီလည်း အလှပိုးဝါ မေဇာသံချိုသိမ်တလင်းမှာ ဤသို့ဆိုရေ သိမ်တလင်းမာ ကြည့်ခီသော်လည်း ခြသေ့်နှစ်ကောင်ပဒုံးထောင်ကေ ကျားယောင်ထင်မှတ် လှပိုးဝါကား သိန်းခေါင်မကို ပတ်လို့ပြီးရေ ကျားမဟုတ်ပါ ခြသေ့်ဇာကေ မြီးတုံးဖျားကို လှုပ်၍ပြကေ အမွေးစုတ်စုတ် ပါးအုပ်အုပ်နှင့်ကြောက်ရုပ်ကြောက်သွင် သစ်ပင်ထက်မာ ရှဉ့်ကိုမြင်ကေ ကျားယောင်ထင်မှတ် လှပိုးဝါမှာ ထွက်လို့ပြီးကေ ကျားမဟုတ်ပါ ရှဉ့်ရုပ်သာလျှင် ပိုးဝါကျွန်မ သိန်းခေါင်မကားသျှစ်မတုံးကို ကိုင်၍ပြောရေ သိမ်ကထွက်လို့ ပိုးဝါလားရာ သိန်တလင်းမာ နောက်ကပါရေ သျှင်ပင်လှ္ဍီ ကြစည်ကြစဲ ဒေါင်းဒက်စွန်ကိုငင် လတ်တေလေ ရှောင်လေလှ္ဍီကျောင်းကလူရှင် မျှားဖြင့်ဟိရေ ရှက်တေမရှိ ဒေါင်းဒက်စွန်ကို လွှတ်လို့ပီးရေ ဒါလောက်ဆိုကျင် မနာပါဘိ ရှင်လှ္ဍီကေ ပိုးဝါမေလေ သည်းချာလှကို ဒေနမလွှတ်ရှင်လှ္ဍီမှာ အသဲပြတ်လို့ လက်ကိုဆွဲငင် နေပူပြင်မာ ပါးပြင်ညီညွတ် ရှင်လှကို ကိုကိုပွတ်ခါ ကိုရုပ်လဲမြင် စိန်ရှင်လိပ်လတ် အဒါပီးရေ မြနဘက်ကိုစိန်စိန်သျှင်သျှင်လှပိုးဝါမာ နားကကျွတ်လို့ မြတလင်မာ ရှစ်ဖြာစိတ်ကေ သျှစ်ဖြာစိတ်ဟန် နွေချိုကြိုးနန့်သျှစ်တန် စွဲလို့ ဆင်စွေနားတောင်း အသင့်ပါလာ ဘုရားသိမ်မာ သျှစ်စိတ်စိတ်တေသည်းချာဆုံး ဗျာ ဆုံးလိရေကား။

**မှတ်ချက် ။ ။ ဦးဘစံပါးက ရသော လက်ရှိုးမူကို ယင်းအတိုင်း ကူးယူထားစွာဖြစ်တေ အင်္ဂလိပ်ခေတ်က ကူးခိုင်းသောမူ ဆို၏။**

**ဤစာမူကို ဆရာဗသိန်းထံမှ ပေးပို့သဖြင့် (၃၀-၉-၉၄) သောကြာနေ့ နံနက် (၁၀)နာရီအချိန်တွင် ကူးယူရရှိပါသည်။**

**ရခိုင်သားကြီးစာပေ**

# စာေယာဥ္မိ

တန်ဆောင်မုန်းလေ၊
ဟေမန္တသည်းချမ်းစပေါ်၊
လူ့ရွာပွဲသဘင်၊
သိကြားပျော်ရာ၊ ဝတီသာဝယ်၊
စူဠာမုနိရှင်ကို၊
ဖူးမြော်ကျင်ဆုယူမြောက်၊
အတောင်ခြောက်ဆယ် မြင့်ဖူးသွယ်အောက်
တန်ဆောင်မုန်တိုင်ဆောက်၏။

(ဥက္ကာပျံ)

သက္ကရာဇ် ၇၉၉ခု၊ တန်ဆောင်မုန်းလ၊ ဒွါရာဝတီ နေပြည်တော်သားတို့သည် ဘုရင်မကြီး စောယဉ်မိအား အမှူးထား၍ မီးမြင်းမိုရ်ပွဲ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကြပုံကို ယခုတိုင် မှတ်မိနေကြသေး၏။ ယခုတဖန် တန်ဆောင်တိုင်ပွဲတော်ကြီး နီးကပ်၍လာ ပြန်ချေပြီ။ တန်ဆောင်တိုင်ပွဲတော်ကြီးကို သီတင်းကျွတ်ပွဲတော်ထက်ပင် စည်ကားသိုက် မြိုက်စွာ ကျင်းပနိုင်ရန် အားခဲ့ထားကြလေသည်။

ဘုရင်မကြီးကိုယ်တိုင်ကလည်း ပွဲတော်ကြီးအတွက် ပြင်ဆင်စရာများကို လ၏အစ ကပင် ဆော်ဩမိန့်မှတ်၍ ပြင်ဆင်စေခဲ့၏။ နေပြည်တော်၏ အိမ်တိုင်းစေ့တို့တွင် ပွဲတော် ကြီးအတွက် ပျားဖယောင်းတိုင်ကြီးများ လှူဒွယ်ဝတ္ထုများကို စီမံလျက် လှုပ်လှုပ်ရှရှ ဖြစ်နေကြ၏။ ပွဲတော်တွင် ဆင်နွှဲကြမည့် တူရိယာဝိုင်းများ၊ ယိမ်းဝိုင်းများမှ စည်သံ ဗုံသံ ဂီတသံတို့သည် ကောဇ္ဖျံဌေ့ရမ်းလျက်ရှိသော လေအယဉ်ဝယ် တလွင့်လွင့်ငြိမ့်လျက် ရှိလေသည်။

နန်းတော်၏အနီးပတ်ဝန်းကျင်တွင်လည်း သဘင်ခံမည့် အခမ်းအနားများသည် နေရောင်ခြည်ဦးတွင် ပြိုးပြိုးပြက်လျက် ဆောက်လုပ်ဆဲဖြစ်သော တန်ဆောင်မုန်း တိုင်ကြီးသည်လည်း အတော်အတန် မားမတ်နေလေပြီ။ အမှုတော်ထမ်းတို့သည် ရွှင် လန်းအားရစွာ လှုပ်ရှားလုပ်ကိုင်လျက် ရှိကြ၏။ နေပြည်တော်ပတ်ပတ်လည်ရှိ တောင် ထွတ်များတို့အပေါ်မှ တရား၏အရိပ်ဖြစ်သော မွေ့သရီတို့သည်လည်း ခံ့တည်သော သမာဓိနှင့် ပြည်ကြီးသူတို့၏ ရွှင်မောခြင်းတို့ကို ဆိတ်ငြိမ်စွာ ကသိုဏ်းရှုတော်မူကြလေ သည်။

ဘုရင်မကြီးသည် နံနက်စောစော မှန်တင်တော်သပြီးစဉ်ကစ၍ ကျက်သရေရှိ သော သလွန်ဆောင်၏ မှန်ပြတင်းဆီမှ သိမ့်သိမ့်သဲသဲ လှုပ်ရှားနေသော နေပြည်တော် တစွန်းတစကို လည်းကောင်း၊ နန်းတော်ပတ်လည်တွင် ဖျတ်လပ်သွက်လက်စွာ လှုပ်ရှား နေသော နန်းတော်အမှုထမ်းတို့နှင့် သဘင်အခမ်းအနားတို့ကို လည်းကောင်း၊ ခပ်လှမ်း လှမ်းရှိ တောင်ထွတ်များပေါ်မှ မွေ့သရီများကို လည်းကောင်း၊ တလှည့်စီရှုစားလျက် တစိမ့်စိမ့်ကြည်နူးတော်မူနေရာမှ နံနက်ညီလာသဘင် အချိန်နီးပြီဖြစ်၍ လက်စွဲတော် များကို အမှာတော်ထားကာ ရေချိုးအိမ်သို့ ဝင်တော်မူခဲ့၏။ ရေချိုးရင်း တလွင်လွင် ကြားနေသော ဂီတသံတငြိမ့်ငြိမ့်တို့ကို နားတော်တင်ရင်း ပီတိလျှံတအိမ့်အိမ့်ပွာလျက် ရှိသည်။ ထိုခဏတွင်ပင် သန့်သန့်ကြားနေရသော ဂီတသံများ၊ အပျိုများ၏ ရယ်သံမော သံများ၊ နန်းတွင်းတာဝန်မှူးတို့၏ စီမံခန့်ခွဲသံများသည် တပြိုင်နက် သဲသဲအသံများကို ကြားရသည်။ လက်စွဲတော်များ၏ 'တော်ဘုရား၊ တော်ဘုရား' ဟု ထိတ်လန့်တုန်လှုပ် စွာ ခေါ်လိုက်သောအသံများ ပေါ်ထွက်လာသည်။

ဘုရင်မကြီးသည် ဝတ်လဲတော် စိုစိုရွှမ်းရွှမ်းနှင့်ပင် ရေချိုးအိမ်ကို ဖွင့်လိုက်၏။ ဝိုင်းဝိုင်းလည်နေသော အပျိုတော်များကြားဝယ် သားတော်ငယ် ဘယမင်းရဲ၏ အထိန်းတော်ကြီးသည် တုန်လှုပ်စွာ ရပ်လျက်ရှိ၏။ လူတိုင်းလူတိုင်းတို့၏ မျက်နှာတို့ကိုလည်း စိုးရွံ့ထိတ်လန့်ခြင်းက ဖုံးလွှမ်းလျက် ရှိလေသည်။

'လျှောက်တင်ရန် အကြောင်းထူးများ ပါသလား အထိန်းတော်ကြီး' ဘုရင်မကြီးသည် အံ့ဩတဝက် စိုးရိမ်စွက်ကာ မြန်မြန်ထက်ထက်ပင် မေးတော်မူလိုက်၏။

'မှန်လှပါ' အထိန်းတော်ကြီးသည် စိတ်၏တုန်လှုပ်ခြင်း ချုပ်တည်းလျက် တုန်တုန်ရီရီနှင့် လျှောက်တင်ရန် စလိုက်၏။ 'ယနေ့နံနက် ကိုယ်တော်ကလေးအား နောင်တော်ဘုရားက အခေါ်တော် ရောက်ပါသည်ဘုရား၊ ဘုရားကျွန်တော်မျိုးကြီးနှင့်အတူ ကိုယ်တော်ကလေး၊ နောင်တော်ထံ လိုက်သွားရာ နောင်တော်ဘုရားကို မြို့လယ်ကြက်ဝိုင်းတွင် စံနေသည်ကို တွေ့ရသည်'

'သည် စောရန္တမိတ် ကြက်တိုက်နေတာပဲ ထူးဆန်းသလား အထိန်းတော်ရဲ'

စိတ်မရှည်နိုင်သော ဘုရင်မကြီးသည် အထိန်းတော်ကြီး၏ စကားကို ဖြတ်ထိုးဝင်လိုက်၏။ စင်စစ်သားတော်ကြီး စောရန္တမိတ်၏ ဆိုးသွမ်းကြောင်းကို ဘုရင်မကြီး သိပြီးဖြစ်၏။ ကြွေအံ၊ ကြက်နှင့် သေရက်တို့တွင် ဝါသနာထုံသော သားတော်ကြီးအဖြစ်ကို ဘုရင်မကြီး မကြားလို၊ မိမိမှာ မိန်းမသားဖြစ်၍ သားတော်များသာ အားထားစရာ ရှိသောကြောင့် သင်းကို အဆောင်အယောင် ပေးထားရသည်။ အမှန်တော့ သင်းမျက်နှာကိုပင် မကြည့်လို၊ ပြည်သူတို့ကို ညှင်းပန်းလေ့ရှိသော သားတော်ကြီးအတွက် ခဏခဏ စိတ်ဒုက္ခရောက်လှပေသည်။ စင်စစ်မိမိတို့မှာ ရိုးမတောင်၏အရှေ့ဖက်မှ မြို့စားမျိုးသာဖြစ်ပြီး၊ ဤရိုးမတောင်၏ အနောက်ဖက်ရှိ တောင်စဉ်ခရိုင်၌ မင်းပြုတ်လတ်ခိုက် ကြုံနေ၍ လာရောက်ထီးနန်းစိုက်ထူနေခြင်း ဖြစ်ရကား၊ ပြည်သူတို့၏ အငြိုအငြင်ကို မခံလိုပေ၊ ပြည်သူတို့ကလည်း နတ်ရွာလားလေပြီးသော ဘုရင်ကြီးနှင့် မိမိကိုလေးစားရိုသေကြကုန်၏။ ပြည်သူတို့၏ မေတ္တာကို ရယူတတ်သောသားတော်ငယ် ဘယမင်းရဲကိုလည်း ချစ်ခင်နှစ်သက်ကြကုန်၏။ သို့သော် စောရန္တမိတ်သာလျှင် ဆိုးသွမ်းတေပေလှတော့သည်။ ခမည်းတော် မယ်တော်တို့၏ မျက်နှာကိုမျှ မထောက်ထား သွေးဆိုးသွေးယုတ်များလှသည်ထင့်။

အထိန်းတော်ကြီးသည် ဘုရင်မကြီး၏မျက်နှာကို အကဲခတ်လိုက်၏။ မည်သို့ပင်ဖြစ်စေ ပြောရပေဦးမည်။ 'မှန်ပါ၊ ဆက်လက်နားဆင်တော်မူပါဘုရား၊ ကျွန်တော်မျိုးကြီးများ ကိုယ်တော်ကြီးထံ အရောက်သွားပြီး ကိုယ်တော်ကလေးက နောင်တော်၏ ရှေ့မှောက်တွင် ဦးတိုက်ခစားရာ' ဖြစ်ကြောင်းကုန်စင်ကို မတင်ဝံ့ဝံ့ဖြစ်နေရှာသော

အထိန်းတော်ကြီးက ဖွတ်မှိတ်ပြီး လျှောက်ပြန်၏။ 'ကိုယ်တော်ကြီးက ကိုက်တော်ကြီးက မျက်မာန်တော်ထန်သီးစွာဖြင့် နင့်ကြောင့် ငါထီးနန်းနှင့် ဝေးနေရသည်။ မယ်တော်ချစ်တဲ့သား သွားရောလဟက်' ဟု လက်သုံးတော်ဓားနှင့် ပိုင်းသတ်ပါသဖြင့်---

'ဟင်' ဟူသောအသံသည် ဘုရင်မကြီး၏ နှုတ်ဖျားမှ အံ့သြခြင်း၊ ကြေကွဲခြင်း၊ ဒေါသထွက်ခြင်းတို့ဖြင့် တစ်ပြိုင်နက်တည်း ရောစွက်ပေါ်ပေါက်လာလေသည်။ အထိန်းတော်ကြီး၏စကားကိုပင် ဆုံးအောင်နားမဆင်နိုင်တော့၊ အသည်းနှလုံးပမာ မြတ်နိုးစွာသော သားတော်ငယ်၏ အဖြစ်ဆိုးသည် ဘုရင်မကြီး၏ နှုတ်၊ နား၊ မျက်စိတို့ကို တစ်ပြိုင်နက်တည်း ပိတ်လိုက်၏။ ရာဇဏ္ဍကြွေကိုလည်း သတိမရနိုင်တော့ပြီ။ ဝတ်လဲတော်စိုးရွှမ်းနှင့်ပင် မြို့လည်သဘင်ခံရာ မြေကွက်လပ်သို့ ပြေးတော်မူလေသည်။

သဘင်ခံရာ မြေကွက်လပ်တွင်ကား စောရွန္တမိတ်နှင့် သူ့ကျွန်များ မရှိတော့ပေ။ တဖွဲဖွဲ အပြေးရောက်လာကြသော ဘယမင်းရဲ၏ လူပျိုတော်သားတို့သည်သာ ရှိကြ၏။ လက်နှစ်ဖက်စုံပြတ်ကာ သွေးအိုင်ထဲတွင် မချိတင်ကဲ လူးလှိမ့်နေသော မင်းသားကို ထူမထမ်းဆောင်ရန် ပြင်ဆင်နေကြ၏။ ပြေးလာသော ဘုရင်မကြီးသည် ထမ်းဆောင်သယ်ပိုးရန် ပြင်ဆင်နေသော လူပျိုတော်သားများ လက်တွင်းမှ သားတော်ကို အတင်းဝင်ရောက် ပွေ့ဖက်လိုက်၏။ 'သားတော် သားတော်' ဟူသော မိခင်၏ မေတ္တာသံ၊ သောကသံတို့သည်လည်း ဘုရင်မ၏ နှုတ်ဖျားမှ ငိုကြီးချက်မနှင့် အပြေးကလေး ထွက်လာကြလေသည်။

ပြင်းပြသောဝေဒနာကို အံကြိတ်ကာခံစားနေရသော မင်းသားသည် မယ်တော်၏ မျက်နှာကို မြင်လိုက်ရသည်နှင့် တပြိုင်နက် 'သားတော်၏ ဖြစ်အင်ကို မြင်ဝံ့သေးရဲ့လား မယ်မယ်ဘုရား၊ နောင်တော် နောင်တော်၊ တောက် ရိုင်းလေခြင်း၊ ရက်စက်လေခြင်း၊ ကျွန်မိုက်တို့ စကားကို ယုံမှားလေခြင်း' ဟု အထစ်အငေါ့အထပ်ထပ်နှင့် စီးလာရသော စမ်းရေပမာ မိခင်အား ငိုယိုတိုင်ကြားလေ၏။ အံကြိတ်ကာ တင်းထားခဲ့သော ဒေါသစိတ်၊ နာကြည်းစိတ်တို့သည်လည်း မိခင်၏ရှေ့မှောက်ဝယ် ကြေကွဲဝမ်းနည်းခြင်းသို့ ပြောင်းလဲခဲ့လေသည်။

ဘုရင်မင်ကြီး၏ မျက်နှာသည် သားတော်ကို ပွေ့ပိုက်ထားရင်း တမုဟုတ်ချင်း နီမြန်းလာ၏။ တစ်ကိုယ်လုံးသည်လည်း ပယောဂဝင်ပူးသည့်ပမာ တုန်ရီလာလေသည်။ ဒေါသနှင့်ကြေကွဲခြင်းတို့သည် ဘုရင်မကြီး၏ သတိကို တစ်ခဏမျှဖုံးလွှမ်းထားလိုက်၏။ မွန်ထူနေသော ဘုရင်မကြီးသည် မည်သည်ကစ၍ မည်သည်ကိုလုပ်ရမည်ဟု မသိတော့ပြီ။ 'သည်အတိုင်းနေ၍ အရေးတော်မသင့်ပါဘုရား' ဟူသောနောက်ပါးမှ ထက်ချပ်ပါလာသူ အထိန်းတော်ကြီး၏ လျှောက်တင်သံကို ကြားမှ စိမ်စရာတို့ကို အမိန့်တော်မှတ်

ကာ သားတော်အား အားပေးနှစ်သိမ့်ပြီး နန်းတော်သို့ ဝင်ခဲ့လေ၏။

နန်းတော်သို့ရောက်၍ ဝတ်လဲတော်များလဲလှယ်ပြီးသော်လည်း မှန်တင်တော်မသနိုင်။ ညီလာခံရန်လည်း သတိမရ၊ ပွဲတော်တည်ရန်လည်း စိတ်မကူး။ သလွန်ဆောင်အတွင်းတွင်သာ လူးလာခေါက်ပြန် လမ်းသလားတော်မူလျက် နှုတ်တော်မှလည်း 'တောက် ရိုင်းလေခြင်း၊ ရိုင်းလေခြင်း' ဟု တစ်ခွန်းတည်းသောစကားတို့ကိုသာ မချိမဆန့် မကြာခဏညည်းညူတော်မူလေ၏။ မည်သူကမျှ ပွဲတော်တည်ရန် လည်းကောင်း၊ ညီလာခံရန်လည်းကောင်း သတိမပေးဝံ့ကြ။ နန်းတော်တစ်ခုလုံး ဆိတ်သုဉ်းသွားသလောက် ဘုရင်မကြီး၏ နှလုံးသည်းပွတ်ကား မီးဟုန်းဟုန်းတောက်လျက် ရှိလေသည်။

ဤသားတော်နှစ်ပါးကို အားထား၍ ပြည်ကြီးဝန်ကို မိမိထမ်းဆောင်နေခဲ့၏။ သားတော်ကြီး၏ မိုက်မဲမှုကိုလည်း အစကပင် သိခဲ့ပါ၏။ သို့သော် ဤမျှရက်စက်ရိုင်းပြလိမ့်မည်ဟု မထင်မိ။ ယခုအချစ်ဆုံးသော ပြည်ရေးပြည်ရာ အဖြာဖြာကို လိမ်မာစွာ ခန့်ခွဲနိုင်သောသားတော်ငယ်သည် သေလောက်သောဒဏ်ရာဒဏ်ချက်ဖြင့် လဲလေပြီ။ အသက်ပင် ကံမမှ ရှင်ပေမည်။ မိမိမည်သူ့ကို အားကိုးရပါမည်နည်း။ မိမိမှာ သာမန်မိန်းမမျှပင်ဖြစ်က အရေးရှိလှမည် မဟုတ်သေး။ ဝန်မရှိ၊ ယခုမူ ကြီးလေးသောပြည်ကြီးဝန်ကို ထမ်းဆောင်နေရ၏။ တိုင်းရေးပြည်ရေးကား ပေါက်နှင့်ကျေးသာတည်း။

ဘုရင်မကြီးသည် မိမိအစွမ်းကို ယုံကြည်ပါ၏။ သို့သော် ပြည်သူတို့အားငယ်လေတော့မည်။ စောစောပိုင်းက ဒေါသဖြင့် မွန်ထူနေသော ဘုရင်မကြီးသည် သားတော်ငယ်အတွက်မျှသာ ပူပန်စိုးရိမ်မိခဲ့၏။ သို့သော် တဖြည်းဖြည်း သတိတမံပြန်လည်တွက်၍ ပညာချွန်းဖြင့် ဒေါသစိတ်ကို အုပ်မိသည်နှင့်တစ်ပြိုင်နက် ကြီးကျယ်သော တာဝန်ကို သတိရလာ၏။ တိုင်းတော်ပြည်တော်တစ်ခုလုံးအတွက် ပူပန်စိုးရိမ်လာရတော့၏။ ယခင်က သားတော်နှစ်ပါးကြောင့် 'ဘယ်တိုင်းခြား ဝံ့မတုန်း' ဟု တင်းမာကင်းရှင်းနိုင်ခဲ့သော်လည်း ယခုအထီးကျန်သောမိမိကို မည်သူခန့်ညားပါဦးမည်နည်း။

ဘုရင်မကြီးသည် လမ်းသလားနေရာမှ မှန်ပြတင်းတွင်ရပ်၍ နေပြည်တော်ကို ချစ်ခင်တွယ်တာစွာ ရှုစားမိ၏။ စောစောပိုင်းက ပျော်ရွှင်လှုပ်ရှားနေသော မြို့တော်အလုံးသည် လန့်စိုးဖွယ်ရာ ဆိတ်သုဉ်းလျက် ရှိ၏။ ကြည်လင်သော မြစ်ရေယာဉ်သည်သာ မြို့တော်ကိုခွေပတ်လျက် တလွန့်လွန့်စီးမြဲစီးနေလေသည်။ ညို့ညို့ဆိုင်းဆိုင်းနှင့် ရှုတိုင်းသာလှသော ဤဒွါရာဝတီနေပြည်တော်ကား နှယ်နှယ်ရရမဟုတ်။ တစ်ခါကဆိုလျှင် အာကာမှာ ဝဲပျံ၍ တိမ်ယံဝယ်တွဲခဲ့ဖူး၏။ ဘုန်းကြီးသော နေရာပင်တည်း။ ယခုအခါမူ လက်ဝဲဘယ်ညာ တွယ်စရာကင်းသော မိမိသည် ပြည်ကြီး၏ အသရေကို ဆောင်နိုင်ချိမ့်မည်လော။

တမောတကောဖြစ်နေသော ဘုရင်မကြီးသည် မှိုခိုရာရှာ၏။ တွေး၏။ မြို့ပတ်လည်မှ ဆံတော်၊ နံတော်၊ အံတော်၊ တန့်တော်စသော မွေသရီတို့သည်ကား 'ချစ်သမီး ဤသို့လာလှည့်' ဟု ဖိတ်ခေါ်နေသည်သို့ မားမားမတ်မတ်ချမ်းငြိမ်းစွာ တည်တော်မူနေကြ၏။ နက်ရှိုင်းသော အနာဂတ်ကို ပြည့်နက်လျက် တရားတည်းဟူသော ရေစင်ဖြင့် ဘုရင်မကြီး၏ ပရိဒေဝမီးကို ငြိမ်းသတ်တော်မူနေကြ၏။ သို့သော် ဘုရင်မကြီးကား ပုထုဇဉ်မျှသာ ဖြစ်သည်တကား။ ရင်တွင်း၌ တဟုန်းဟုန်းတောက်နေသော ပရိဒေဝမီးလျှံများကြားဝယ်သားတော်များ၊ မှူးကြီးမတ်ရာများ၊ တိုင်းသူပြည်သားများ၊ နတ်ရွာလားပြီးသော ချစ်လင်နှင့်တကွ မကြာခဏရတနာလက်ဆောင်များနှင့် မေတ္တာသဝဏ်များပါပို့လေ့ရှိသော မြောက်ဦးရွှေနန်းရှင်တို့သည် တဝဲလည်လည် ပေါ်ပေါက်လာကြကုန်၏။

တရား၏အရိပ်ကိုရှုမြော်၍ ပရိဒေဝမီးကို အားခဲငြိမ်းသတ်နေသော ဘုရင်မကြီး၏ ရှေ့ဝယ် ဖြူဖွေးသော စေတီတော်တို့သည် မှုန်မှိုင်း၍လာလေပြီ။ လူတို့၏ အဆောက်အအုံဖြစ်သော အိမ်ရာတို့မှ အလင်းရောင်တို့သည်ပင် ကွက်ကြားကွက်ကြားပေါ်ပေါက်လာခဲ့လေပြီ။ ညအမိုက် နီးလာသည်နှင့်အမျှ ဘုရင်မကြီး၏ဉာဏ်အလင်းသည် ကြည်လင်လာ၏။ နန်းတော်တွင်းရှိ ရွှေတိုင်တော်တို့လည်း ထိန်လင်းလာခဲ့၏။ ဘုရင်မကြီးသည် အကြံတော်ရသည့်ပမာ သလွန်တော်သို့ လာရောက်ထိုင်ပြီးလျှင် လက်စွဲတော်တစ်ဦးအား ကံ့ကူနှင့် ပုရပိုဒ်ကို ယူခိုင်းလိုက်ကာ သလွန်တော်ပေါ်မှာ ထိုင်လျက်ကပင် တစ်စုံတစ်ခု ရေးတော်မူ၏။ ဘုရင်မကြီး၏ အသည်းနှလုံးကြားမှ အကြံအစည်တို့သည် ဝိုင်းစက်သော စာလုံးလေးများအဖြစ်ဖြင့် ပုရပိုက်ပေါ်၌ တစ်ကြောင်းပြီးတစ်ကြောင်း ထွက်ပေါ်လာလေသည်။

'တောင်ညိုဗွေချာ၊ ကျွန်းလက်ယာထက်၊ သီတာရစ်ခွေ၊ သံတွဲမြေဝယ်၊ အုတ်တွေ ဖျင်ပေါင်း၊၊ မများတောင်းသည်၊ ဆွေပေါင်းမျိုးလယ်၊ ကောင်းကင်ကြယ်သို့၊ နေဖွယ်ကစ၊ သာမောလှရှင့်။ နှမဟူပြီး၊ မတ်ကြီးကျော်သူ၊ အလှူဒါန၊ ပေးဖူးကလည်း၊ ဘုရားလှကျော်၊ ဉာဏ်တော်ဝင်းမော၊ တန့်တောတစ်သီး၊ ဂူကြီးဂူငယ်၊ သိမ်လည်ရိပ်သွင်း၊ ရုပ်ဆင်းနှစ်ဆူ၊ အတူရှေ့ဆိုင်၊ ဘုရားပြိုင်၍၊ လေးတိုင်ပြုပြား၊ တည်ထားတင့်စွာ၊ လေးမျက်နှာလည်း၊ ရွှေသာရွှေပြောင်း၊ လုံတမောင်းနှင့်၊ ညှိုးတောင်းဗျာပါ၊ ညိုကင်းမာတို့၊ ဥဂ္ဂါကောင်းမှု၊ ရုပ်တုနှစ်ဆူ၊ ညီနောင်တူသို့၊ ဆုယူဆုပြည့်၊ တောင်းကုန်လှည့်ဟု၊ ခေါ်ကြည့်သောအား၊ ရှင်မင်းများလည်း၊ ညွတ်တွားဝတ်ရှိ၊ နိဗ္ဗာန်ဘုံကို၊ ရောက်တုံတစ်ညီ၊ မယ်နှင့်ဆီသည်လောကီမိဋ္ဌာန် စံရစေ။

‘မောင်တို့နေရာ၊ ရွှေပြည်သာသို့၊ လိုက်ပါဟုလည်း၊ မတူရာလော၊
မသိမောခဲ့၊ မင်းစောဒသ၊ ဘာသိကတို့၊ ဒီပဇမ္ဗူ၊ လုံးလုံးချုံ၍၊ ခွန်ယူ
သိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဒွါရာဝတီ၊ သိင်္ဂီရောင်
လျှမ်၊ မြို့ရှင်ပျံ့ဝယ်၊ ပတ်ရံသုံးတောင်၊ သုံးဆူနောင်လည်း၊ ရှုသောင်
ရှုသာ၊ အာကာထက်လင်း၊ ဘဝင်ချဉ်းမျှ၊ ခပင်းနတ်လူ၊ ရှိရာမူသား၊
မျိုးတူဇနီး၊ မကြီးဘုန်းသစ်၊ ချစ်လို့သနား၊ နောင်အားမေတ္တာ၊ သက်
တို့ပါ၍၊ သရကာပွင့်၊ ပန်းသုံးဆင့်ကို၊ မောင်နှင့်မိဋ္ဌာန် ပန်ရစေ’

ဘုရင်မကြီးသည် ရေးပြီးသောစာကို တစ်ခေါက်ပြန်ဖတ်ကာ တတိယအပိုဒ်ကို ဆက်ရေးရန်ပြင်ပြီးမှ ရေးပြီးအဖြည့်ခံ အတိုင်းပင် ရပ်တန့်ထားလိုက်ပြန်၏။ တစ်ဖန်ပြန်ဖတ်လျက် မှိုင်တွေငေးမောကာ စဉ်းစားတော်မူပြန်၏။ ချီတုံချတုံဖြစ်နေသော စိတ်ထားသည် ဘုရင်မကြီး၏ မျက်နှာပေါ်၌ ထင်ရှားပေါ်လွင်လျက် ရှိလေသည်။ နောက်ဆုံး၌ကား အားတင်း၍ ဆုံးဖြတ်လိုက်ဟန်တူသော ဘုရင်မကြီးသည် လက်ပါးစေများကို ကတ္တီပါအိတ်နှင့် တံဆိပ်တော်များ ယူလာရန်နှင့် မြင်းစေကျော်ခေါင်ကို ရှေ့တော်သို့ သွင်းရန် မိန့်ကြားလိုက်လေသည်။

ပုရပိုက်စာကို ကတ္တီပါအိတ်တွင် သွတ်ကာ တံဆိပ်လက်ရာတော်များ ခတ်နှိပ်တော်မူပြီးလေပြီ။ ကျော်ခေါင်လည်း ရှေ့တော်တွင် ခစားလျက်ရှိလေပြီ။ ဘုရင်မကြီးသည် ကတ္တီပါအိတ်ကို ကျော်ခေါင်သို့ လှမ်းအပ်တော်မူလျက် မြောက်ဦးရွှေနန်းရှင် အလီခင်မင်းတရားထံ အမြန်ဆုံးသွားရောက်ဆက်သရမည့်အကြောင်းကို လေးတွဲ့စွာ အမိန့်ချမှတ်တော်မူလေ၏။

ယခင်အခါများက စူးရှတောက်ပခဲ့သော ဘုရင်မကြီး၏ မျက်လုံးတို့သည် ယခုမှေးမှိန်ရီဝေခဲ့လေပြီ။ အမြဲတမ်းမိမိစွမ်းအင်ကို ကိုးစားလျက်ထက်မြက်ခဲ့သော ဘုရင်မကြီး၏မျက်နှာထားတွင် ယခုနွမ်းလျညှိုးငယ်၍ ကိုးကွယ်ရာတောင့်တသော အရိပ်အရောင်များ လွှမ်းမိုးနေလေပြီ။ တိုင်းကြီးပြည်ကြီးကို အုပ်စိုးနေသော ဘုရင်မကြီးပင် ဖြစ်လင့်ကစား မိန်မသည်မိန်းမမျှသာတကား။

ကတ္တီပါအိတ်ကို လှမ်းယူလိုက်သော ကျော်ခေါင်သည် ဤအခြင်းအရာများကို တစေ့တစောင်း ဝမ်းနည်းစွာအကဲခတ်မိပြီးလျှင် ဘုရင်မကြီး၏ ရှေ့တော်မှ ထွက်ခဲ့လေသည်။

**မှတ်ချက်။ ။ ရမ်းပြည့်မြို့၊ တောင်ကျောင်းဆရာတော်ရေး ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ**
**စာမျက်နှာ (၂၀၊ ၂၂) ကို မှီငြမ်းပြုပါသည်။**

# ဥက္ကာဇစ်

'ဥက္ကာဇစ်' သည် မင်းသားဥက္ကာ၏ အကြောင်း၊ ဥက္ကာဇာတ် ဖြစ်ပါသည်။ ဇာတ်ဟု ဆိုသော်လည်း စကားပြေဇာတ်ဝတ္ထုတစ်ခုမဟုတ်ဘဲ အပိုဒ်ပေါင်း ၁၂၁ ပိုဒ်ဖြင့် ဖွဲ့သီထားသော ကဗျာလက်ာကြီးတစ်ခု ဖြစ်ပါသည်။ ကဗျာမှာ ပုံမှန်လေးလုံးစပ် အဖွဲ့ဖြစ်ပြီး အပိုဒ်တိုင်းကို 'လေ' ဖြင့် ချီ၍ 'တည့်လေ' နှင့် အဆုံးသတ်ထား၏။ ထို့ကြောင့် ၎င်းကဗျာကို အချို့က 'ဥက္ကာအဲ' ဟု ခေါ်ကြောင်း သိခဲ့ရပါသည်။

## ၁။ ဥက္ကာဇစ် စာမူ

ဥက္ကာဇစ်တွင် ဖွဲ့ထားသော အကြောင်းအရာကို မပြောမီ 'ဥက္ကာဇစ်' စာမူအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ ဥက္ကာဇစ်သည် လက်ရေးစာမူတစ်ခု ဖြစ်ပါသည်။ ၎င်းစာမူကို စစ်တွေမြို့နေ မိတ်ဆွေဖြစ်သူစာပေသုတေသီဆရာကြီး ဦးဗသိန်းက ကျွန်တော့်အား လေ့လာရန် ပေးခဲ့သည်။ ၎င်းစာမူနှင့်ပတ်သက်၍ ရေးသူစာဆို၊ ရေးခဲ့သောခေတ် စသည်တို့ကို ဆရာကြီးအား ကျွန်တော်မေးမြန်းစုံစမ်းခြင်း မပြုခဲ့မိပါ။

စာမူမှာ ကုလားတန်မြစ်ဖျား၊ လေးမြို့မြစ်ဖျားစသော ရခိုင်အညာဒေသ စကားသံဖြင့် ရေးသားထား၏။ စကားသံအများစု၏ အနက်ကို ဖော်ယူရရှိနိုင်သော်လည်း ထိုဒေသသုံးစကားလုံးအချို့နှင့် အကျွမ်းတဝင် မရှိ၍တစ်ကြောင်း၊ ခင်းကျင်းဖွဲ့ဆိုထားသော အချက်အလက်တစ်ချို့နှင့် စိမ်းနေသေး၍တစ်ကြောင်း စာမူကိုရရှိပြီး စာဖတ်

ကြည့်စဉ်က တစ်ဆယ်ရာခိုင်နှုန်းမျှကိုသာ နားလည်ခဲ့ပါသည်။ စာမူကူးရေးရာတွင် ချွတ်ချော်မှားယွင်းမှုအတော်များများ ရှိလိမ့်မည်ဟုလည်း ထင်မြင်မိပါသည်။

သို့သော်လည်း ဖွဲ့ဆိုရာတွင်ပါဝင်သော သိန်ဇက၊ ဥက္ကာ၊ ဖို့မယ်၊ မေပန်းကုံး၊ မင်းခေါင်စသော ဇာတ်ဆောင်အမည်များအနက် အချို့မှာ မြန်မာ့သမိုင်းတွင် ထင်ရှားသော အမည်များနှင့် ဆင်တူနေ၍ စိတ်ဝင်စားမိပါသည်။ ထို့ပြင် 'တောင်စောင်း၊ တောင်ခိုင်း၊ ဇကိုင်းရွှံ့ပြည်၊ သာသည်ဌာန၊ ပြည်ပင်းယမှ၊ ရွှိဝဟူသည်၊ ဤသုံးပြည်ဝယ်' ဟူ၍လည်းကောင်း၊ 'မိုးဖျင်း မိုးဖွေး ရွှာကသည်း၌' ဟူ၍လည်းကောင်း၊ 'ခုနစ်ခရိုင်၊ တောင်စဉ်အထွတ်၊ ကိုင့်ပါးရပ်မှာ' ဟူ၍လည်းကောင်း ဖွဲ့ဆိုရာတွင် ပါဝင်သောဒေသ အချို့၏အမည်များမှာလည်း စိတ်ဝင်စားစရာဖြစ်ပါသည်။

'မင်းဆက် ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းလည် တင့်သည်သာ'

ဟူသော ကဝိလက္ခဏာသတ်ပုံ သံပေါက်သည် လည်းကောင်း၊ 'ပြည်ပေါ်မှာ ရွှေကြော်ငြာ ထုတ်သံကြားရတာက၊ ဟုတ်မှန်ပါ့မလားနော် ဘဝင်မှာဆို့လှချည်ရဲ့၊ ရှင်ဘို့မယ်အကြောင်း' ဟူသော ငယ်စဉ်က ကြားဖူးနားဝရှိခဲ့သည့် 'ဘို့မယ် ဆင်ကဲ' ဇာတ်လာသီချင်းတစ်ပိုင်းတစ်စသည်လည်းကောင်း ထိုစဉ်ကရှင်းရှင်းလင်းလင်း နားလည်နိုင်ရန် ခက်ခဲလှသော 'ဥက္ကာဇစ်' စာမူကို ဆက်လက်လေ့လာချင်အောင် အဆက်မပြတ် တိုက်တွန်းနေပါသည်။ ထိုကြောင့် ဥက္ကာဇစ်ကို အားလပ်ချိန်ရတိုင်း အကြိမ်ပေါင်းများစွာ ဖတ်ရှုလေ့လာပါသည်။ လက်လှမ်းမီသော သင့်နိုးရာရာ စာအုပ်စာတမ်းများနှင့်လည်း ညှိနှိုင်းဆင်ခြင်ကြည့်ပါသည်။

မှန်နန်းရာဇဝင်တော်ကြီး 'ပထမအုပ်' ဆဋ္ဌမတွဲတွင် ဤသို့ တွေ့ရပါသည်။ 'တောင်တွင်းကြီးမြို့ကိုစားသော ပွင့်လှဦး သီဟပတေ့လည်း ခြားနားမည်ဟူ၍ အကြံရှိ၏။ ထိုအကြောင်းကို တစ်စီးရှင် မင်းကြီးကြားတော်မူသော် တောင်တွင်းခြားနားက တောင်ငူခြားနားအံ့သည် မချွတ်ဟူ၍ တောင်တွင်းပွင့်လှဦးသီဟပတေ့ကို မြောက်နန်းမိဖုရားတွင်မြင်သည့် သမီးတော် စောပုလဲနှင့် ဖက်တော်မူသည်။ ထိုနှစ်ပါးစုံဖက်ရာတွင် သားတော် သိင်္ဂသူစောနှောင်းကို မြင်သည်။ သိင်္ဂသူစောနှောင်းနှင့် သရက်မင်းရှင်စောသမီး စောမြတ်ကဲတို့ စုံဖက်၍ သားသိင်္ဂသူငယ်ကို မြင်သည်။ သိင်္ဂသူငယ်နှင့် မင်းကြီးစွာသမီး စောစလာကဒေဝီသင့်ရာတွင် သားတော်မင်းဥဂ္ဂါတစ်ပါး၊ နှမတော် စောဖို့မယ်တစ်ပါး ပေါင်းနှစ်ပါးကိုမြင်သည်' ဟု ဆိုထားပါသည်။

ထို့ပြင် မှန်နန်းပညာရှိများက 'မင်းရာဇပုံတွင် တူမတော်အရင်းဖြစ်သော စောဖို့မယ်ကို မင်းခေါင် ရွှေနန်းတင်သည်ဟု ဆိုသည်ကို ထောက်သဖြင့် မင်းကြီးစွာနှမတော် စောမြတ်နှင့် သိင်္ဂသူစောနှောင်းသင့်ရာ သိင်္ဂသူငယ်ကို မြင်သည်။ သိင်္ဂသူငယ်နှင့်

မင်းကြီးစွာသား မင်းခေါင်လည်း ညီအစ်ကို သမီးယောက်ဖတော်ကြသည်ကို ထောက်သဖြင့် သိင်္ဂသူငယ်သမီး စောဖို့မယ် ဖြစ်၍ မင်းခေါင်တူမတော် အရင်းဟူသော မင်းရာဇပုံစကားနှင့်လည်း ညီသတည်း' ဟု ဆက်လက်ဝေဖန်ထားပါသည်။

စောပို့မယ်ကို မင်းခေါင်မိဖုရားမြှောက်ပုံနှင့် စပ်လျဉ်း၍ ဘိုးရာဇာလျှောက်ထုံးခေါ် မဏိရတနာပုံကျမ်းတွင် ဤသို့ဆိုထားပါသည်။ 'စောပို့မယ်ကား မင်းကြီးမင်းခေါင်၏ တူမရင်းတည်း။ ရှစ်နှစ်ရွယ်ကပင် မင်းကြီးမင်းခေါင်သည် မိဖုရားအဖြစ် ပဆစ်ဒူးမျှလောက်သော ရွှေပုံထက် ရပ်စေလျက် ဘိသိက်မြှောက်၍ သိမ်းပိုက်သတည်း။ ရွှေစင်အချိန်တစ်ရာဖြင့် လုပ်သော မနောလင်ပန်းကို လူတစ်ကျိန်ကိုင်မ၍ မိဖုရားစောပို့မယ်နှင့် ခုနစ်လစာ စားတော်ခေါ်၏။ အတုမရှိသော အလှူတော်ကောင်းမှုကို ပြုဖူးသောကြောင့် ဤရှစ်နှစ်တည်းဟူသော အရွယ်ကပင် မိဖုရားဖြစ်၍ မိဖုရားတကာတို့မစားဘူးသော အချိန်တစ်ရာခုတ်သော မနောလင်ပန်းကို စားရသည်။ နောင်သံသရာလည်း အတုမရှိသော မြတ်သောကိုယ်နှင့် ဖြစ်လိုသောဟု ပုဂံရွှေစည်းခုံ၌ မနောလင်ပန်းကို ထီးပန်းခံပြု၍ လှူလေ၏။'

ဤတွင် 'သိန်ဇကု' မှာ သိင်္ဂသူ (သိခ်သူ)၊ 'ဥဂ္ဂါ' မှာ မင်းဥဂ္ဂါ၊ 'ဖို့မယ်' မှာ စောပို့မယ်၊ 'မင်းခေါင်မှာ' ပထမ မင်းခေါင်တို့ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း သိလာရပါသည်။ စောပို့မယ်၏ ကုသိုလ်ကံ ထူးခြားကြီးမားပုံနှင့် စပ်လျဉ်း၍ မဏိရတနာပုံကျမ်း၌ ဖော်ပြချက်နှင့် ဥက္ကာဇစ်တွင် ဖွဲ့ဆိုချက်တို့မှာ ကွဲပြားခြားနားသော်လည်း သဘောအားဖြင့် တူကြသည်ကို တွေ့ရပါသည်။

လက်လှမ်းမီသမျှ စာပေကျမ်းဂန်တို့၌ စောပို့မယ်နှင့် မင်းခေါင်တို့အကြောင်းအတော်များများ ဖော်ပြထားချက်တို့ကို တွေ့ရပါ၏။ သို့ရာတွင် မင်းဥက္ကာ၏အကြောင်းကိုမူ သိခ်သူ၏သားဖြစ်ကြောင်း ဖော်ပြသည်မှလွဲ၍ မတွေ့ရပါ။ ထိုအခါ မင်းဥဂ္ဂါအကြောင်းကို သိချင်သူအဖို့ ၎င်းအားအဓိကဇာတ်ဆောင်အဖြစ် ဖွဲ့ဆိုထားသော 'ဥက္ကာဇစ်' ကို အတတ်နိုင်ဆုံး လေ့လာကောက်ယူရန် လိုလာပါသည်။

ထို့ကြောင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဥက္ကာဇစ်စာမူကို နားလည်နိုင်သမျှအကြိမ်ကြိမ်အခေါက်ခေါက် ဖတ်ရှုလေ့လာ၍ ကဗျာအဆင်တန်ဆာ အပြောက်အမွှမ်းတို့ကို ဖယ်ရှားကြည့်သောအခါ ကျောရိုးဖြစ်သော ဝတ္ထုဇာတ်လမ်း အကျဉ်းကိုအောက်ပါအတိုင်း တွေ့ရပါသည်။

## ၂။ မင်းဥက္ကာအကြောင်း

အမျိုးအနွယ် မြင့်မြတ်သော ဝရမမွရာဇာသည် တောင်ခေါင်းမြို့၏အရှင်သခင် ဖြစ်၏။ ထိုမင်း၏ သားတော်သည် သိန်ဇကူ (သိဂ်သူ)ဖြစ်၏။ သိန်ဇကူ၏ ကြင်ယာတော် သူဇာတာမှ မြတ်သောသားကြီး၊ ဥက္ကာ (မင်းဥက္ကာ)ကို ဖွားမြင်လေသည်။

ရတနာသုံးပါးကို ရိုညွတ်ကိုးကွယ်ရာ ဤသာယာသောကျွန်းမြေတွင် ဟသ်ာပြည် သည်လည်းကောင်း၊ ရွာကြီးရွာငယ်တို့နှင့် ပြည့်သော စစ်ကိုင်း၊ ပင်းယ၊ အင်းဝတို့သည် လည်းကောင်း အသီးသီးရှိကြ၏။ ထိုသုံးပြည်တို့၌ မြန်မာ၊ မွန်၊ ပျူ ရှမ်းဟူသော အမျိုး လေးပါးတို့သည် ဝပြောသာယာငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်လျက် ရှိကြ၏။

ဘုန်းတန်ခိုး ကြီးမားသော တောင်ခေါင်းမြို့၏ အရှင်သည် စကု၊ စလင်းစသော ကျေးလက်ခရိုင်တို့ကို စိုးပိုင်၍ အခွန်အတုတ်ခံယူရ၏။ ကာမ၊ မင်းတုံး၊ သံပြင်၊ ကသည်း၊ မိုးဖွဲ၊ မိုးဖျင်းစသော အရပ်ရပ်အနယ်နယ် မင်းတို့၏သခင်လည်း ဖြစ်၏။ မြတ်သော မင်းတို့၏ အရှင်ဖြစ်သော ထိုမင်းသည် ကျုံး၊ တံတိုင်း၊ ရဲလောင်း၊ ရင်တား၊ မုခ်၊ တံခါး၊ သူရဲပြေး၊ သူရဲခို တို့ဖြင့် ဗိုလ်ခြေတစ်သိန်းပင် မဖြိုဖျက်နိုင်သော ကျောက်မြို့ ကြီးကို တည်၍ နယ်သစ်ပယ်သစ်များ ချဲ့ထွင်စိုးမိုးလေသည်။

ထိုအချိန်၌ အရှေ့တူရူတွင်နေထိုင်ကြသော ပျူ ရှမ်းစသည့် လူလေးပါးတို့သည် မောဟဖိစီး၍ တရားပျက်ပြားခိုက်ရန်ပွားလာကြလေသည်။ မြတ်သော ဝရမမွာမင်း၏ နယ်ပယ်တွင်ကား မြို့လည်းခိုင်ခံ့၊ ပြည်သူလည်း ညီညွတ်၊ အစားအစာလည်း ပေါများ ၍ စည်ကားလေသည်။ ထို့ပြင် အသီးသီးသော ကျေးလက်များတွင်လည်း လင်း၊ ချင်း၊ ရှမ်းစသည့် လူတို့သည် တစ်ဦး၏စကားကို တစ်ဦးနားမလည်သော်လည်း ပျော်ပါးစွာ နေထိုင်ကြ၏။ တန်းကစားခြင်း ပြုကြ၏။ တန်းကစားခြင်းသည် ရန်သူကို အောင်မြင် အောင် မယောင်မများ လျှဉ်လျားစွာ ကစားရသောအမှုဖြစ်လေသည်။

ရှိဥက္ကာကား ဘေးဘိုးအစဉ်အဆက် တစ်ဆယ့်နှစ်ပြည်ကို ပိုင်စိုးသော မင်းမျိုးမှ ဆင်းသက်လာသော မင်းသားစင်စစ်ဖြစ်သည်။ ရှိဥက္ကာ၏ဘခမည်းတော် မင်းရဲကျော် ထင်ဟု အမည်တွင်သော သိန်ဇကူသည်လည်း မြတ်စွာဘုရားဟောညွှန်ကြားသော တရားတော်ကို လိုက်နာကျင့်သုံးကာ အလှူဒါနကုသိုလ်ကောင်းမှု အမြဲပြုသူဖြစ်၏။ ရှိဥက္ကာကိုဖွားပြီးနောက် မကြာမီ သိန်ဇကူ၏ကြင်ယာတော်သည် ထူးခြားစွာ လှပချော မောသော သမီး ဖို့မယ် (စောပို့မယ်)ကို ဖွားမြင်လေသည်။

ရှိဥက္ကာသည် ပညာသင်ချိန်ရောက်သောအခါ လောကုတ္တရာတရား ကိုးပါး၊ ဆယ် ပါး ပရိယတ္တိများကို ကျင့်ကြံအားထုတ်၍ ပညာနှင့်ပြည့်စုံသော ဆရာတော်ထံ၌ တရားနို့ ရည်ကို သောက်သုံး၏။ လောကသာရကျမ်းစသော လောကီရေးရာတို့ကိုလည်း သင်ယူ

မှတ်သား၏။ ထို့နောက် မင်းသားတို့တတ်အပ်သော ဆင်စီး၊ မြင်းစီး၊ လေးမြှားလွှားကာ စသော အတတ်ပညာတို့ကိုလည်း အပြီးတိုင် သင်ယူ၏။ ပညာများ တတ်မြောက်ပြီးနောက် ခမည်းတော်သည် သားတော်အား မျိုးရိုးစဉ်လာအတိုင်း မိမိအရိုက်အရာကို ဆက်ခံမည့် အိမ်ရှေ့မင်းသားအဖြစ် အပ်နှင်းလေသည်။

ရွှိဥက္ကာသည် ရှေးရှေးသာကီဝင်မင်းတို့၏ အစဉ်အလာအတိုင်း မျိုးရိုးမပျက်စေရန် ဖို့မယ်အား အိမ်ရှေ့မိဖုရားမြှောက်ရမည်ဖြစ်သော်လည်း နှမရင်းအား ကြင်ယာအဖြစ် ပေါင်းသင်းမှုကို သူသည် မလိုလားချေ။ ထိုကြောင့် မိမိဘာသာ ကြင်ယာလောင်းရှာဖွေရာ ဖောင်းခါးပြင်ဒေသ၌ ရွှေစင်ကဲ့သို့လည်းကောင်း၊ နတ်ကလျာကဲ့သို့လည်းကောင်း ချောမောလှပသော အလှမယ်တစ်ဦးကို တွေ့၏။ အမည်မှာ မေပန်းကုံးဖြစ်လေသည်။ ထိုအကြောင်းကို ခမည်းတော်အား လျှောက်ထားရာ ခမည်းတော်က ထိမ်းမြားပေးရန် ကတိပေးသဖြင့် မေပန်းကုံးကို အခမ်းအနားဖြင့် ဆောင်ယူလာကာ ခမည်းတော်အား ခစားရိုကျိုးဂူပုထိုးသို့ မောင်မယ်နှစ်ပါး ကန်တော့ကြ၏။ ခမည်းတော်လည်း သားတော်နှင့်မေပန်းကုံးတို့အား ထိမ်းမြားဆောင်နှင်းပေးလေသည်။

မျှားမကြာမီ ရှေးမဆွ ဘေးဘိုးအစဉ်အဆက်ကပင် ပိုင်စိုးအုပ်ချုပ်လာသော နယ်ပယ်အချို့တွင် သောင်းကျန်းဆူပူမှုများ ပေါ်ပေါက်လာ၏။ မိုးဖျားပြည်စသော တိုင်းဇနပုဒ်တို့မှလည်း အခွန်အတုတ် ပဏ္ဏာကာရအဆက်အသ မရောက်ဖြစ်လာ၏။ ထိုအခါ မင်းရဲကျော်ထင်သည် နှိမ်နင်းရန် စစ်ထွက်ရလေသည်။

မိုးဖျင်း မိုးဖွေးရွာကသည်းတို့၌ စစ်ထိုးခိုက် နယ်ကျွမ်းသော ထိုပြည်သားရဲမက်တို့၏ ဝိုင်းပတ်ပိတ်ဆို့ခြင်းကို ခံရလေသည်။ ထိုကြောင့် ရိက္ခာပြတ်လပ်ကာ စိတ်ဓာတ်ချောက်ချားပျက်ပြားလာကြ၍ နေပြည်တော်သို့ အလျင်အမြန်သတင်းပေးပို့ရလေ၏။ နေပြည်တော်မှ မင်းခေါင်ကို ဗိုလ်မှူးခန့်၍ စစ်ကူစေလွှတ်လိုက်၏။ စစ်ကူလာသော တပ်ကြီးသည် စစ်မြေပြင်ကို လေ့လာခိုအောင်း၍ ရန်သူတို့ကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်နှိမ်နင်းအောင်မြင်ကာ မင်းရဲကျော်ထင်၏တပ်များနှင့်အတူ ပြန်ခဲ့ကြလေသည်။

အကြောင်းစုံကို ရတနာပူရနေပြည်တော်မှ ဘိုးတော်ကြားရသောအခါ အားရတော်မူ၏။ ဖို့မယ်တို့ သားအဖကလည်း မင်းခေါင်အား ကျေးဇူးတင်ကြ၏။

ထို့ကြောင့် ဖို့မယ်အား မင်းခေါင်နှင့် ထိမ်းမြားဆောင်နှင်းပေးကြလေသည်။ ထိုနောက်မင်းခေါင်အား အခွန်တစ်သောင်းထွက်သော စားကျေးမြို့ရွာကို ချီးမြှင့်လေသည်။

မင်ဖိုလ် နိဗ္ဗာန်ကို ရည်ရွယ်သော သိန်ဇကူသည် မိမိထံပါး၌ ခစားသော မင်းခေါင်အား သားတစ်ယောက်အလား ချီးမြှင့်မြှောက်စား၏။ ပြည်မှူးရေးရာကိစ္စတို့၌လည်း တိုင်ပင်၏။ ရဲရင့်သူဖြစ်သည့်အလျောက် ငယ်စဉ်က မင်းခေါင်ဟူသော အမည်ဖြင့်

ကျေးစားရွာစားပေးထားရာ နောက်ပိုင်း၌သူသည် လောဘ၊ မောဟအားကြီးလာ သဖြင့် သစ္စာပျက်ချင်သောသဘော၊ မိမိအကျိုးတစ်ခုတည်းကိုသာ ကြည့်လိုသော သဘောပေါ်ပေါက်လာလေသည်။

သိန်ဇကူသည် ပြည်မှုကိစ္စတို့ကို ငြီးငွေ့၍ နတ်ထီးခိုမည့်အချိန်သို့ ရောက်လာလေသည်။ သိန်ဇကူနတ်ရွာစံသောအခါ မှူးမတ်ဗိုလ်ပါအပေါင်းတို့သည် ကောင်းစွာသဂြိုဟ်ကြပြီး သားတော်ရှိဉက္ကာကို မင်းမြှောက်ရန် တိုင်ပင်စီမံကြ၏။ မြို့ကို တန်ဆာဆင်ကြ၏။ မင်းအား ပြည်သူတို့က ပေးဆပ်ရန်ရှိသော ကြွေးမြီများကို လျှော်ပစ်၏။ လွန်လေပြီးသော ခမည်းတော်အား ရည်စူး၍ ကုသိုလ်ကောင်းမှုပြု၏။ ထိုနောက် ကောင်းမြတ်သော မင်္ဂလာအခါ၌ နတ်ရွာစံပြည့်ရှင်မင်း၏ သားကောင်းရတနာ ရှိဉက္ကာအား မင်းမြှောက်တန်ဆာငါးပါးအပ်နှင်း၍ ဘိသိက်သွန်းကာ မင်းအဖြစ်မြှောက်တင်ကြလေသည်။ ဘိသိက်မြှောက်သောအခါ ဆရာမြတ်၏ဩဝါဒကို ခံယူရ၏။

မင်းဉက္ကာသည် ဘိသိက်ခံယူပြီးနောက် မုဆိုးပြည်ကို အုပ်ချုပ်စဉ်က ဖွားသော သားတော်အား ဥပရာဇာမြှောက်ရန် လျာထားကာ ပခွက်တင်မင်္ဂလာသဘင် ဆင်ယင်လေသည်။ မှူးမတ်၊ ပြည်စိုး၊ ရဲဘော်ရဲဘက်၊ စစ်သူကြီးစသည်တို့အား ချီးမြှင့်ခြင်း၊ ဆရာသမား ရဟန်းသံဃာများကို ဂုပုထိုးသို့ ဆည်းကပ်ခြင်း၊ ပြည်သူပြည်သားတို့အား အစားဆန်ရေ ရွှေငွေဆုလာဘ်ပေးကမ်းခြင်း အမှုတို့ကိုလည်း ဆောင်ရွက်၏။

သားတော်အား ဥပရာဇာအဖြစ် လျာထားပြီးလျှင် တစ်ညသောအခါ မင်းဉက္ကာသည် စိုးရိမ်ထိတ်လန့်ဖွယ် အိပ်မက်တစ်ခုကို မြင်မက်ပြီး နိုးလာကာ မိဖုရားအား ပြန်ပြောပြ၏။ နောက်နေ့တွင် ပညာရှိအမတ်ကြီးတို့အားလည်း ပြောပြတိုင်ပင်လေ၏။ မင်းဉက္ကာ၏ အိပ်မက်မှာ ဤသို့ဖြစ်၏။

ရန်သူတစ်ယောက်သည် သံဖြင့်ပြီးသော ပိုက်ကွန်ကြီးကို ဖြန့်ကိုင်၍ လာလတ်၏။ မင်းဉက္ကာသည် ထိုရန်သူကို တိုက်ခိုက်ရန် မိမိ၏သန်လျက်ဓားနှင့် ဦးဆောင်တန်ဆာ မောက်လူတို့ကို ယူရန်ကြည့်သောအခါ မတွေ့တော့ချေ။ ထိုရန်သူမှာ မင်းခေါင်ဖြစ်နေ၏။ မင်းခေါင်သည် သံပိုက်ကွန်ကြီးဖြင့် ဖြန့်ချုပ်လိုက်ရာ နန်းသုံးဆောင်ကို အုပ်မိသွားသည် ဟူ၏။ ဤအိပ်မက်အရ ယောက်ဖတော်သည် အပေါ်ယံက ပျားသကာ၊ ဝမ်းထဲမှာ ခါးတမာစိတ်ထားဖြင့် တရားနှင့်မညီ အကောက်ကြံ ဖျက်ဆီးလိမ့်မည်ဟု အမတ်ကြီးနှစ်ပါးက အိပ်မက်ဖတ်ကြလေသည်။

မင်းဉက္ကာကား ယောက်ဖတော် အပေါ်၌ ဦးဦးဖျားဖျား အပြစ်မမြင်နိုင်သေးပေ။ ယောက်ဖတော်အား လူအများက မိမိတို့သခင်၏သားတော်နှင့် ချစ်ကျွမ်းဝင်သူ၊ သမက်တော်ဟု သိမြင်ကြ၏။ ယခု သူသည် ဆောင်းတွင်းရေကဲ့သို့ ဖြစ်ခဲ့သည်မှာ ဖို့မယ်နှင့်

မကြည်ဘဲ ပန်းကုံးမယ်ကိုမြင်၍ ငြူစူခြင်းဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် မည်သူ တရားပျက်ပျက် ကိုယ်ကမပျက်ရန် လိုသည်ဟူသော စိတ်ထားဖြင့် နှလုံးသားဖြူစင်စွာ ဥပုသ်သီလမပြတ်ဆောက်တည်လျက် သတိမထား၊ ပေါ့ပေါ့ဆဆပင် နေလေသည်။ သို့သော် မင်းခေါင်မှုကား မိမိတို့သားချင်းနှစ်ပါးတွင် တစ်ဖက်သားက မိမိထက် အခြေမြင့်၍ အောင်မြင်နေခြင်းကို မရှုဆိတ်နိုင်ဖြစ်ကာ လက်နက်လူသူစုဆောင်းစည်းရုံးခြင်း ရှိလေသည်။

လောကသံသရာနှစ်ဖြာလုံးအတွက် အကျိုးအပြစ်ကို ပြသဆုံးမပေးသော ဆရာကြီး၏ ဆုံးမစကား၊ သင်းပေးလိုက်သော အတတ်ပညာများကို အမြဲတစေသတိရနေသော မင်းဥက္ကာသည် ဆရာသင်ပေးလိုက်သော တန်းကစားမှုကို ပြန်လည်လေ့ကျင့်လိုစိတ်ပေါ်လာ၏။ ထိုကြောင့် မှူးမတ်ဗိုလ်ပါတို့ကို ကြေညာစုရုံး၍ သားတော်နှင့်ခွဲခွာရမည်ကို မချိတင်ကဲဖြစ်လျက်နှင့်ပင် တန်းပွဲသဘင် ကျင်းပကစားမည့်နေရာသို့ ချီတက်လေသည်။ တန်းကစားမည့်နေရာသို့ ရောက်သောအခါ မဏ္ဍပ်ကနားများ ထိုး၍ ပါလာသည့်လူများက ပျော်ပါးစွာ စားသောက်ကြ၏။ ဖို့မယ်မောင်မင်းဥက္ကာသည် ဆေးဒန်းမြင်းသီလာကျောက်ဖျာပေါ်မှ ခြသေ့ကဲ့သို့ ခုန်လွှားကာတန်းကစားခြင်းပြု၏။ ပရိသတ်အားလုံးသည် တန်းကစားခြင်းကို စိတ်ဝင်တစားဖြစ်ကြ၍ မပြန်ဖြစ်ဘဲ ထိုနေရာတွင်ပင် အိပ်စက်နားနေရဦးမည့် အခြေဆိုက်သွားလေသည်။

ထိုအချိန်တွင် စစ်သူကြီးမင်းခေါင်သည် ငယ်ကျွန်များလိုက်ပါလျက် လက်ဆောင်များနှင့် ရောက်လာ၏။ ထွေပြားသော အကြံအစည်၊ ချိုသာသော ပရိယာယ်စကားများဖြင့် ရင်းနှီးခင်မင်စွာပြောဆိုသည်မှာ မိမိအား ယောက်ဖတော်သည်အဘယ်ကြောင့် မခေါ်ခဲ့ပါသနည်း။ နောင်အခါ သွားမည့်နေရာသို့ ခေါ်ပါ။ အရေးကိစ္စရှိလျှင် ခိုင်းစေပါ။ စစ်ရေးမက်ရေးရှိလျှင်လည်း သွားရောက်တိုက်ခိုက်ပါရစေ။ ဤသို့ ယောက်မတော်က မိမိတို့အား တစ်စိမ်းပြင်ပြင်သဘောထားလျှင် နှမတော် (ဖို့မယ်)ဝမ်းနည်းပါလိမ့်မည် စသည်ဖြင့် ဖြစ်၏။ မင်းဥက္ကာကလည်း လက်ဆောင်များ တုံ့ပြန်ပေးကာ ယောက်ဖတော်လာမည်ဟု အကြောင်းမကြားသဖြင့် မခေါ်ရပါကြောင်း ပြန်ပြော၏။

မင်းခေါင်သည် မိမိစားကျေးရပ်မြေသို့ ပြန်ဦးမည့်အကြောင်းနှင့် ခွင့်တောင်းနှုတ်ဆက်ကာ နောင်အခါ မင်းဥက္ကာ၏သားကြီးကိုလည်း အရှည်သဖြင့် ကောင်းစားအောင်စောင့်ရှောက်မည့်အကြောင်းကို ပရိယာယ်ဖြင့် သစ္စာကတိထား ပြောဆိုနေခိုက်တွင်ပင် ညအမှောင် ဖုံးလာလေသည်။

မင်းခေါင်သည် ညအမှောင်ကို အကာအကွယ်ယူ၍ မိမိရပ်ဌာနမပြန်ဘဲ မင်းဥက္ကာ၏နန်းမြို့သို့သွားကာ မင်းဥက္ကာပြန်လာဟန်ဖြင့် မြို့ကိုချဉ်းကပ်လျက် အရှေ့ဘက်

မြို့တံခါးကို ဖွင့်ခိုင်း၍ ဝင်ခဲ့၏။ မြို့တွင်းရှိ အစောင့်အကြပ်၊ မှူးမတ်၊ စစ်ကဲ၊ သူရဲသူခက်တို့အားလည်း စကားပရိယာယ်ဖြင့် လှည့်ပတ်ပြောဆိုကာ နန်းတွင်းသို့ဝင်၍ ဘဏ္ဍာတိုက်တို့ရှိ ဥစ္စာပစ္စည်းများအားလုံးကို မိမိနောက်ပါငယ်ကျွန်များနှင့် မိမိဘက်တွင်ပါဝင်သောင်းကျန်းခြားနားသူများအား ဝေပေး၏။ ထိုနောက် မြို့တံခါးလေးဘက်တွင် မိမိဘက်သားဆင်မြင်း ခြေသည်တော်တို့ကို သင့်ရာသင့်ရာချထားပြီး မြို့သိမ်အထိမ်းအမှတ်အဖြစ် အမြောက်ကြီးကို ပစ်ဖောက်လိုက်လေတော့သည်။

မင်းဥက္ကာနှင့် နောက်ပါတို့သည်လည်း စခန်းချအိပ်စက်နေရာမှ အမြောက်သံကြား၍ နိုးလာကာ စိုးရိမ်ကြောင့်ကြနေကြဆဲတွင်ပင် မိုးလင်းလာလေသည်။ မြို့တွင်း၌ဖြစ်ပျက်နေသော အရေးအခင်း သတင်းလည်း မင်းဥက္ကာထံရောက်လာ၏။ မြို့တွင်း၌ကား ခမည်းတော်က သနားယုံကြည်ခြင်းခံရသူ ဖို့မယ်၏ကြင်ယာဖြစ်သူ မင်းခေါင်သည်ထီးနန်းကို သိမ်းပိုက်လိုက်လေပြီ။

မင်းဥက္ကာ၏ရင်တွင်း သည်းအူ၌ မီးကဲ့သို့ပူပြင်းခဲ့ရပြီ။ နာကျည်းခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းတို့ဖြင့် ဆူပွက်ဝုန်တက်နေတော့၏။ အသက်သေမည်ကို မမှုနိုင်ဘဲ ပြန်၍အရတိုက်ယူရန် မိန့်ဆိုနေလေသည်။

မင်းဥက္ကာနှင့်ပါသော စစ်သည်ဗိုလ်စုမှာ ခြောက်ရာခန့်သာဖြစ်၏။ မြို့တံခါးများကို မင်းခေါင်၏လူများက ပိတ်ဆို့ခုခံကြ၏။ မြို့တွင်းမှ သူ့လူကိုယ့်လူ ရောထွေးတိုက်ခိုက်အော်ဟစ်သံ ပစ်သံ ခတ်သံ အမြောက်သံများ ပွက်ပွက်ညံ ကြားရ၏။ မီးလျှံမီးတောက်များကိုလည်း မြင်နေရ၏။

ကြောက်မက်ဖွယ် စစ်မြေပြင်ကြီးတွင် အမတ်ကြီးလက်ယာသည် မိမိအသျှင် ငယ်ရွယ်သူ မင်းဥက္ကာ၏ ရှေ့မှ ကာကွယ်လျက် ရှိ၏။ ဒေါသ သောကတို့ဖြင့် ပြည့်လျှမ်နေသော မိမိအသျှင်အား သတိခိုင်ခိုင်ထားရန်လည်း တိုက်တွန်းဆော်ဩနေ၏။ နောက်ဆုံးတွင် မိမိတို့နိုင်ခြေမရှိတော့ပြီဟု သိမြင်သောအမတ်ကြီးက ရှမ်းတို့ဒေသဘက်သို့ဆုတ်ခွာရန် အကြံပေးသည့်အတိုင်း ဆုတ်ခွာခဲ့ကြလေသည်။

ဤကား မင်းဥက္ကာ၊ စောပို့မယ်၊ ပန်းကုံးမယ်နှင့်မင်းခေါင်တို့ဇာတ်ဆောင်အဖြစ်ပါဝင်ကြသော 'ဥက္ကာဇစ်' ရှေးပိုင်းအပိုဒ် ၆၀ခန့်တွင် ဖွဲ့ဆိုထားသော ဝတ္ထုဇာတ်လမ်းအကျဉ်းဖြစ်ပါသည်။

(၁) ဤဇာတ်လမ်းသည် အဖြစ်မှန်ကို ဖွဲ့ဆိုထားခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ်

(၂) သမိုင်းအချက်အလက် အချို့တို့ကို အခြေတည်၍စိတ်ကူးဖြင့် ဖွဲ့ဆိုထားခြင်းပင် ဖြစ်လေသလော---- စသည်တို့ကို ကျွန်တော်မသိပါ။ အတိအကျ သိနိုင်

ရန်မှာ သုတေသနပြုနိုင်မှုအပေါ်တွင် အခြေတည်ပါလိမ့်မည်။ ထို့အပြင် မြန်မာသမိုင်း တစ်ကွက်နှင့်စပ်လျဉ်းသော ကဗျာကြီးတစ်ခု မည်သို့မည်ပုံ ရခိုင်ပြည် မြောက်ဖျားတွင် ပေါ်ပေါက်ထွန်းကားခဲ့ကြောင်းမှာလည်း လေ့လာသင့်သောအကြောင်းတစ်ခုဖြစ်သည်ဟု ထင်မြင်မိပါသတည်း။

# မှီဥက္ကာ
# ဥက္ကာဇစ် အဆုံးသတ်ပိုင်း

**အချီစကား**

ဥက္ကာဇစ်အပိုဒ် (၁) မှ (၆၀)အထိတွင် လေ့လာသိရှိရသော ဇာတ်လမ်းအချုပ်ကို ရှေ့ပိုင်းတွင် စာဖတ်သူများအား တင်ပြခဲ့ပါသည်။ ကျန်ရှိနေသေးသော ဥက္ကာဇစ် အပိုဒ် (၆၁)မှ အဆုံးထိကို လေ့လာရာတွင် ဆရာကြီးဦးဗသိန်းထံမှပင် ယင်းအပိုင်း၏ မူကွဲတစ်ခုကို နောက်ထပ်ရရှိသဖြင့် ပထမမူနှင့် ဒုတိယမူကို ညှိနှိုင်းစိစစ်လေ့လာကာ သိရှိရသမျှ ဇာတ်လမ်းအကျဉ်းကို စာဖတ်သူများ ရှေ့မှောက်သို့ ဆက်လက်တင်ပြလိုက်ပါသည်။

ရှေ့ပိုင်း၌ တင်ပြခဲ့သော ဇာတ်လမ်းတွင် မင်းဥက္ကာသည် မိမိ၏နေပြည်တော်ကို မင်းခေါင်က မိမိမရှိခိုက် ဝင်ရောက်သိမ်းယူလိုက်ခြင်းခံရ၍ ရှမ်းတို့နေရာဌာနဘက်သို့ ဦးတည်ဆုတ်ခွာခဲ့ကြကြောင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။

## မင်းဥတ္တာအကြောင်း

ကဝဆွဲနှောင်၊ မင်းခေါင်ဖျက်ရို့
ခုခါပြည်ရွာ၊ ပျက်ခရေလေ
သုံးကြိမ်ဆိုင်လည်း၊ မနိုင်လေ။
တဏှာရန်မင်း၊ ခွင်းလီခြင်းဟု
မင်းညစ်မိစ္ဆာ၊ ဖျက်ဆီးလှာသည်
သုံးကြိမ်ဆိုင်လည်း၊ မနိုင်ခဟု
ငိုရို့ပင့်ရာ၊ မင်းသားကြင်ယာ၊
ရွှေဥတ္တာမှာ၊ နီလတ်တေလေ။

**(ဒုမှူ-အပိုဒ်)**

မင်းဥတ္တာမှာ သားချင်းလည်းဖြစ်၍ ယောက်ဖလည်းတော်သော မင်းခေါင်၏ လှည့်ဖျားဖျက်ဆီးမှုကြောင့် မြို့ပြပြည်ရွာ ပျက်စီးခဲ့ရလေပြီ။ သုံးကြိမ်တိုင်တိုင် ဆိုင်ပြိုင် တိုက်ခိုက်ပါသော်လည်း အင်အားချင်းမမျှ၍ မနိုင်တော့ပြီ။ မြို့ပြည်ထီးနန်းကို လက်လွှတ်လိုက်ရတော့၏။

မင်းဥတ္တာသည် ရိုးသား၍ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်း၏။ လောဘ၊ ဒေါသ နည်းပါးသူလည်း ဖြစ်ရကား စိတ်ထားနူးညံ့သိမ်မွေ့၏။ သို့သော်လည်း စိတ်ဓာတ် အင်အား ပျော့ညံ့လွန်းသည်ဟု ဆိုရမည်ကဲ့သို့ ဖြစ်နေပေသည်။

ယခုကျူးကျော်သူလက်တွင်းသို့ မိမိပိုင်နက်ကျရောက်သွားသောအခါ အသည်း တဆတ်ဆတ်ခါ နာကျည်းရုံမှ တစ်ပါးမည်သို့မျှ မလုပ်တတ်မကိုင်တတ် ဖြစ်နေရှာ၏။ ထို့ထက်ကား တဏှာရမ္မက်ကြီးသော မင်းခေါင်၏သိမ်းယူခြင်းခံလိုက်ရသောမြို့တွင်းရှိ ချစ်စွာသောမိဖုရား ပန်းကုံးမယ်နှင့် ငယ်ရွယ်လှသော သားတော်ဥပရာဇာတို့ ကျန်ခဲ့ ၏။ သူတို့၏ကံကြမ္မာကို မတွေးဝံ့မတွေးရဲလောက်အောင်ဖြစ်ကာ ဆွေးမြေ့ပူပန်ရရှာ သည်။ ထိုနာကျည်းမှု၊ ပူပန်မှု၊ ဆွေးမြေ့မှုတို့သည် မျက်လုံးအစုံမှ မျက်ရေပေါက်ကြီး များအဖြစ် တလိမ့်လိမ့်စိမ့်ယိုကျလာသည်ကို မင်းဥတ္တာသည် မဆည်မိ၊ မတားမိရှာချေ။

ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံပြီးလျှင် သစ္စာရှိလှသော အမတ်ကြီးသည် မင်းဥတ္တာ၏အဖြစ်ကို မရှုရက်၊ မမြင်ရက်ဖြစ်ရ၏။ မရှင်မလန်း ညှိုးနွမ်းစွာသော မျက်နှာ ဖြင့် 'သူ့မှာကားထေ၊ ကိုယ့်မှာကြေ' ဟု မကြာခဏ ညည်းညူမြည်တမ်းကာ ငေးမှိုင် တွေဝေနေသော သူ့သခင်ကို မြင်နေရသော အမတ်ကြီးသည် မင်းဥတ္တာ၏ ပူပန်စိတ်

ကွယ်ပျောက်၍စိတ်ဓာတ်ကြံ့ခိုင်မြင့်မြောက်လာအောင် မည်သို့မည်ပုံ ပြုသင့်သည်ကို ကြံစည်တွေးဆရာ၏။ ချစ်လှစွာသော သားသမီးတို့ကို မမြင်မတွေ့ရ၍ ပူပန်ချောက်ချား ရတက်ပွားနေသော မဒ္ဒီဒေဝီအား မင်းကြီးဝေဿန္တရာသည် ဒေါသဖြစ်စရာ အပြစ် ဆိုစကားဖြင့် စိတ်ဓာတ်ပြောင်းလဲကြံ့ခိုင်အောင် ပြုလုပ်ဖူးသည် မဟုတ်ပါလော။

ထိုကြောင့် ရွှေဖျင်စာသီး အမတ်ကြီးသည် မင်းဥတ္တာအား

'စည်းစိမ်လွန်ကြင်၊ အသျှင်ဇာရှိ၊ ငိုလွန်းတုံ။

လားလီရာရာ၊ ချစ်စွာမယား၊

ချစ်စွာသားဟု၊ ဇာယှားရုံ' ဟု အပြစ်တင်စကားဆိုလိုက်၏။ ထိုနောက် ဤလောက ၌ မည်သူမျှ လွှဲဖယ်ရှောင်တိမ်း၍ မရနိုင်သော အနိစ္စသဘော၊ သခၤါရသဘောတို့ကို ဥပမာ ဥပမေယျတို့ဖြင့် မင်းဥတ္တာအား ညွှန်ပြလျှောက်တင်လေသည်။

လေ---အရှိပြုဗ္ဗ၊ တောင်ကဇမ္ဗူ။
အနောက်မူကား၊ လူသူမတန်၊
ကျွန်းဂေါယန်လည်း၊ နှိုင်းတန်မမြင်၊
ဥဒဂ်ရှ၊ အင်းဗျည်းဇုမှာ၊
ထူးထူးခြားခြား၊ ဖြစ်သည်များကို၊
သျှင့်သားဝမ်းတွင်၊ မှတ်စီချင်၏။

(ပမူ-အပိုဒ် ၆၂)

'အသျှင့်သား၊ ကျွန်းဦး၌ ယူဇနာတစ်ရာမြင့်သော ကုက္ကိုပင်ရောက်ရာ ပြုဗ္ဗဝိဒေ သာ အရှေ့ကျွန်း၊ ကျွန်းဦး၌ သပြေပင်ရောက်ရာ ဇမ္ဗူဒီပါတောင်ကျွန်း၊ ကျွန်းဦး၌ ထိန်ပင်ပေါက်ရာ အပရဂေါယာ အနောက်ကျွန်း၊ ကျွန်းဦး၌ ပဒေသာပင်ပေါက်ရာ ဥတ္တရကုရုမြောက်ကျွန်းဟူ၍ ဤစကြာဝဠာ၌ အံ့သြစဖွယ် ကြီးကျယ်လှသော ကျွန်းကြီး လေးကျွန်းတို့ တည်ရှိကြကုန်၏။ အရှေ့ပြုဗ္ဗာကျွန်းမှ ထွက်လာသောနေမင်းသည် ရောင်ခြည်တလျှပ်လျှပ်တရွှန်းရွှန်းဖြင့် ထိုလေးကျွန်းလုံးရှိ အမိုက်မှောင်တည်းဟူသော ရန်စစ်သည်တို့ကို ရှုံးစေပြေးစေ၍ အလင်းရောင်ပေးပေ၏။ သို့ပါသော်လည်း စကြာဝဠာ ၏ အလယ်၌တည်ရှိသော မြင်းမိုရ်တောင်၏အရိပ်ကျရောက်သောအခါ နေမင်း၏ အလင်းရောင်သည် ကွယ်ပျောက်၍ အမိုက်မှောင်က တစ်ခါအုပ်စိုးပြန်ပါလေသည်။ သခၤါရတရားတို့သည် ဤသို့ပင် ဖြစ်လိုက်ပျက်လိုက် ရှိနေပေ၏။

အံ့ဩစဖွယ် ကြီးကျယ်လှသော စကြာဝဠာ၏ ကျွန်းကြီးလေးကျွန်းတို့၌ ဖြစ်ပျက်နေပုံတို့ကိုလည်း မှတ်သားပါဦး။

မြင်းမိုရ်တောင်၏ မြောက်ဘက်၌ရှိသော ဥတ္တရကုရုကျွန်းသည် အင်ပျဉ်သဏ္ဌာန်ရှိ၏။ ထိုကျွန်းမှ လူတို့၏ မျက်နှာသည်လည်း ကျွန်း၏ပုံသဏ္ဌာန်အတိုင်း ဖြစ်၏။ ရွှေအဆင်းနှင့်တူသော အသားအရေရှိ၏။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည် ယရာဝါသအမှုကိစ္စကို ရှက်စနိုးကြသည်ဖြစ်၍ ယောကျ်ားမိန်းမတို့ ဓမ္မတာအတိုင်း ဆက်ဆံမှုကို လိုလားသောအခါ တခြားသူတို့ ဝေးရာ၌ ပုန်းလျှိုးပြုကြသည်ဟူ၏။ ရလာသော သားငယ်ကို အများသွားလာရာ လမ်းမကြီးအနား၌ ချထားရာ နီးစပ်သော အစုအအုပ်က ကောက်ယူကာ အမိဌာန်ဖြင့် လက်ညှိုးမှထွက်စေသော နို့ရည်ဖြင့် တိုက်ကျွေးမွေးမြူကြ၏။ အသက်တန်းနှစ်ပေါင်း တစ်ထောင်နေရသော ထိုကျွန်းသားတို့ သေလွန်သောအခါ၌ အမျိုးအဆွေတို့က ပဒေသာပင်မှရသော အဝတ်တန်ဆာတို့ဖြင့် ထုပ်ပိုးကာ အပြင်အပသင့်လျော်ရာ၌ထုတ်ထားကြ၏။ ထိုအလောင်းတို့ကို ငှက်ဆင်ကြီးများက ချီယူသွားကြသည်ဟူ၏။ ထိုကျွန်း၌ သားရဲတိရစ္ဆာန်များလည်း မရှိ။ ထိုကျွန်းသူ ကျွန်းသားတို့မှာ အသက်အတိုင်းနေ၍ စုတေသောအခါ ငရဲသို့မသက်။ အထက်နတ်ပြည်သို့သာ ရောက်ကြရ၏။ ဝတ်စားတန်ဆာလိုရာမတ ပဒေသာပင်မှ ရကြသောဟူ၏။

ပြုဗ္ဗဝိဒေသကျွန်းသားတို့ကား ငွေသားပမာ ဖြူစွာသောအသားအရေရှိ၍ လပြည့်ဝန်းပုံသဏ္ဌာန်မျက်နှာရှိကြသည်ဟူ၏။ သမ္မာအာဇီဝအမှုဖြင့် အသက်မွေးကြသော ထိုသူတို့သည် ပါဏာတိပါတကံကို ရှောင်ကြဉ်ကြ၏။ ပုံသုကူအသားကိုသာ စားကြကာ မှန်သောစကားကိုဆို၍ သီတင်းသီလအမြဲစောင့်ထိန်းကြသော ဟူ၏။

ဘုရားအဆူဆူတို့ ဖြစ်ပွင့်တော်မူကြရာ ဇမ္ဗူဒီပါတောင်ကျွန်း၌ကား ကျွန်းသူကျွန်းသားတို့၏ အသားအရောင်သည် ပတ္တမြားညိုအဆင်းရှိ၏။ လှည်းဦးကင်းပုံပမာ မျက်နှာသုံးထောင့်ရှိ၏။ ကောင်းမှုပြုကျင့်သူများလည်း ရှိ၍ မကောင်းမှုပြုကျင့်သူများလည်း ရှိကြ၏။ ရဟန်းသံဃာတို့လည်း ဤကျွန်း၌သာ ဖြစ်ထွန်းကြ၏။

မြင်းမိုရ်တောင်၏ အနောက်အရပ်ရှိ အပရဂေါယာကျွန်းသူကျွန်းသားတို့ကား အသားအရေက ဖန်ရောင်၊ အသံက နွား၏အသံမျိုးရှိ၍ လခြမ်း၏သဏ္ဌာန် မဝန်းမစား အလျားရှည်လျက် မြင်းမျက်နှာနှင့်တူသော မျက်နှာမျိုးရှိ၏။ နွားတပ်သောယာဉ်ဖြင့် လှည့်လည်သွားလာဖောက်ကားရောင်းဝယ်ကြသော ဟူ၏။

ကျွန်းကြီးလေးကျွန်းတို့တည်ရာ ဤစကြာဝဠာကြီးသည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာနှင့် မဟာသမုဒ္ဒရာကြီးတို့ တည်ရာလည်း ဖြစ်၏။ စကြာဝဠာတိုက်ကြီး၏ အထက်

လွှာဖြစ်သော မြေသားထုမှသည် အတွင်းဆုံးအလွှာဖြစ်သော ကျောက်သားထုတိုင်အောင် ယူဇနာပေါင်း သိန်းသောင်းများစွာသော မြေထု၊ ရေထု၊ လေထု၊ မီးထုတို့သည် အစောက်နက်ရှိုင်းစွာ ဖွဲ့လျက် တည်၏။ ငရဲမှတက်လာသော မီးလျှံက မဟာသမုဒ္ဒရာ၌ ကျရောက်ဖောက်ထွင်းကာ ဖြစ်ပေါ်လာစေသော ကြောက်မက်ဖွယ်ရာ ဗလဝါမုခဝဲသမုဒ္ဒရာကြီးသည်လည်း ရှိတုံသေး၏။

ဤသို့လျှင် စကြာဝဠာတိုက်ကြီးသည် မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းလျက် ကမ္ဘာ့နိယာမတရားအရ မစောင်းမလွဲကြီးကျယ်စွာ တည်ရှိပေ၏။ ဤကြီးကျယ်လှသော စကြာဝဠာ၏ အင်္ဂါအစိတ်အပိုင်းများသည်လည်း တစ်ခု၏ အင်အားကိုတစ်ခုက အမှီပြုနေရ၏။ လောက၌ ယောကျ်ားတကာတို့ တွေ့ကြုံခံစားရမြဲဖြစ်သော ဆင်းရဲဒုက္ခနှင့် ကျွန်ုပ်တို့ယခုကဲ့သို့ တွေ့ကြုံရခိုက်တွင် အသျှင့်သားသည် စိတ်နှလုံးနာကျည်း ဆွေးမြေ့နေရုံမျှနှင့် အရေးတော်ပြီးနိုင်မည် မဟုတ်ပါ။ စကြာဝဠာ၏ အင်္ဂါအစိတ်အပိုင်းမျာသည်ပင်လျှင် တစ်ခု၏အင်အားကို တစ်ခုကအမှီပြုနေရလျှင် ကျွန်ုပ်တို့သည်လည်း ရွှေငွေဥစ္စာမျိုးရိက္ခာနှင့်မှီခိုရာကို ရှာကြံသွားရောက်ရမည် ဖြစ်လေသည်။

အရှင့်သား၊ ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းလျက် ဤစကြာဝဠာကြီးစတင်ဖြစ်ထွန်းရာ အာကာသသည် အဆုံးအစမရှိ၊ ထိုအနန္တအာကာသ၌ ဤစကြာဝဠာနှင့် စကြာဝဠာရှိ သတ္တဝါများကဲ့သို့ ဖြစ်တည်လာကြသော စကြာဝဠာများနှင့်သတ္တဝါများသည်လည်း အနန္တပင်။ ထိုအနန္တစကြာဝဠာများမှ သုံးဆယ့်တစ်ဘုံတွင် အတုမရှိသော ဉာဏ်တော်အနန္တရှင် မြတ်စွာဘုရားတို့နှင့် ကြုံကြိုက်ကြ၍ မဗ္ဂအလင်းရောင် ရနိုင်ပါမှကား နိဗ္ဗာန်အမြတ်ဆုမြတ်ကို ပန်ဆင်ကြရကုန်၏။ ဆုမရနိုင်သူများမှာမူ ကပ်ကမ္ဘာတစ်ခုလုံး ရှာချနေသော မိုးစက်မိုးပေါက်များပမာ သုံးဆယ့်တစ်ဘုံတွင် တလုံလဲလဲ ဖြစ်ချည်ပျက်ချည်ကျင်လည်ကျက်စားနေကြရမည်သာ ဖြစ်ပေသည်။

အမြိုက်နိဗ္ဗာန်ဆုကို မရနိုင်ကြသေးသော ကျွန်ုပ်တို့သည်လည်း ရပ်တည်စရာဘဝကောင်း ဘဝမွန်ကို ရှာကြံကြရဦးမည်ဖြစ်၍ ရွှေ ငွေ ဥစ္စာမျိုး ရိက္ခာတို့ရနိုင်မည့်နှမတော်ဖို့မယ်စိုးစံရာ ‘သာလှပေါက္ကံဆယ့်နှစ်တန်’ နှင့် ‘အလွန်သာစည် ခုနစ်ပြည်’ သို့ ရှေးဦးစွာ ဖုံးကွယ်လှည့်ပတ်ချီတက်ကြပါစို့။

ရာမည မင်းမျိုးမင်းနွယ်ဖြစ်သော အမတ်ကြီးလက်ျာသည် နတ်ရွာစံသိန်ဇကုမင်း၏ ဇုန္နတ်ဖြစ်ပြီးလျှင် ရွှိဥက္ကာ၏ဆရာလည်း ဖြစ်သည်။ ရွှိဥက္ကာအား သားအရင်းတမျှချစ်မြတ်နိုးသူ ဖြစ်သဖြင့် အရာရာတွင် ထုံးပုံနည်းနာများ ညွှန်ပြကာ ဦးဆောင်မှုပေးလာသူ ဖြစ်၏။ ရွှိဥက္ကာသည် မိမိ၏ဆရာဖြစ်သော အမတ်ကြီး၏လျှောက်ထားချက်များ

ကို နာယူလျက် အမတ်ကြီး၏ကြပ်မတ်မှုဖြင့် သစ္စာရှိနောက်လိုက်နောက်ပါများနှင့်အတူ ချီတက်ခဲ့ရာ ဖို့မယ်ရှိရာသို့ ရောက်လာကြလေသည်။

မျက်ရည်စမ်းစမ်းနှင့် မိမိ၏အဖြစ်သနစ်ကို ပြောပြသော မောင်တော်ကြီး ရွှီဥက္ကာကို မြင်ရသောအခါ ဖို့မယ်ခမျာလည်း ဝမ်းနည်းပက်လက် ဖြစ်ရရှာ၏။ မောင်ကြီးဥက္ကာအား လိုအပ်သောအကူအညီပေးရန်မှာ မိမိတာဝန် ဖြစ်ပေသည်။ ကြေကွဲဝမ်းနည်းမှု အပူမီးလျှံ လောင်မြိုက်ခြင်းခံနေရသော ရွှီဥက္ကာအား ဖို့မယ်က 'မောင်ကြီးကြင်ရာ၊ ရွှီဥက္ကာနှင့်၊ မင်းခေါင်မာ ဘလည်းမကွဲ၊ တဘတည်းကို၊ အကိုရင်းဖေ၊ ညီရင်းရန်သူ၊ လူ့ဘုံကျွန်းမှာ၊ ဖြစ်လှရေလေ၊ ဒေလျှင်တစ်ကြောင်း၊ ငမင်းခေါင်နှင့်၊ မောင်ကြီးကြင်ရာ၊ ရွှီဥက္ကာမှာ၊ ရှိလောကတွင်၊ ဝိပေါက်ဟောင်း' စသည်ဖြင့် ရှေးကြမ္မာ ဝိပါတ်ဆိုးကြောင့် မောင်ကြီးဥက္ကာနှင့် အင်းဝမင်းခေါင်တို့ ဤသို့ဖြစ်ရဟန်တူပါသည်ဟု တရားပြ၏။ ထို့နောက် ဆက်လက်၍ ဖို့မယ်က မိမိပေးစား၍ ယူထားရသော မင်းခေါင်သည် မိမိ၏လင်ငယ်ဖြစ်သဖြင့် သူ့အကြောင်းကို မိမိအသိဆုံး ဖြစ်ပါကြောင်း။ မင်းခေါင်အကြောင်းကို ပြောပြရပါလျှင် 'မင်းခေါင်သံထိ (သန္ဓေ)၊ ညစ်ရွှန်းရေလေ၊ ကျောင်းတွင်မဝင်၊ သိမ်ပြင်မလား၊ သူ့မယားကို၊ လောဘများ' သူ တစ်ဦးဖြစ်ပါကြောင်း သီတင်းသီလစောင့်ထိန်းသူလည်း မဟုတ်ကြောင်း စသည်ဖြင့် မင်းခေါင်၏ရက်စက်ကြမ်းကြုတ်ပုံ၊ ကောက်ကျစ်စဉ်းလဲပုံတို့ကို ပြောပြကာ မောင်ကြီးဥက္ကာအား နှစ်သိမ့်စကား ဆိုလေသည်။

ဖို့မယ်သည် မိမိချစ်သော မောင်ကြီးရွှီဥက္ကာအား ရွှေ ငွေ ဥစ္စာ မျိုးရိက္ခာတို့ကို လိုသလောက် ပံ့၍ပေး၏။ မင်းဥက္ကာတို့လည်း နှမငယ်ဖို့မယ်ထံမှ 'ရွှေ ငွေ ဥစ္စာ၊ များစွာလက်ဆောင်၊ ကုန်အောင်ရပြီး၊ ရှိမာထင်ရှား၊ ကိုးစော်ဘွားဟု၊ ရှမ်းသားနီဖေ၊ ယင်းရပ်ပြည်' သို့ ဦးတည်ချီတက်ခဲ့ကြလေသည်။

မောင်တော်မင်းဥက္ကာသည် အရှုံးကိုရင်ဝယ်ပိုက်၍ မိမိပြည်ရွာမှ ဝေးရာသို့ ထွက်ခွာသွားရလေပြီဖြစ်ကြောင်းကို မေပန်းကုံးကြားသိရသောအခါ ယူကျုံးမရ စိတ်သောကကြီးစွာဖြင့် ထွက်ပြေးစရာ လမ်းကိုရှာမိ၏။ သို့သော် ပြေးစရာလမ်းပေါက် လမ်းစကို မတွေ့ရတော့

မိမိနန်းဆောင်အနီးအပါးတွင် သွားလာစောင့်ကြပ်နေသူများကို တွေ့ရ၏။ မင်းခေါင်၏ ဘက်တော်သားများ ဖြစ်ဟန်တူသည်။ ဟိုမှသည်မှ အလှမ်းကွာသော နေရာများမှ ဖျက်ဆီးလုယက်နေကြသံများ လုလုကြားမိ၏။ မင်းခေါင်၏ ဘက်တော်သားများပင် ဖြစ်ဟန်တူသည်။ ဤမင်းသည် မိမိတို့၏အသက်စည်းစိမ် အိုးအိမ်ပြည်ရွာဖျက်ဆီးပစ်သောမင်း။ ယခု မိမိ၏ချစ်လင် မင်းဥက္ကာသည် ဘယ်ဆီတွင် ရောက်နေလေ

သည် မသိ။ ချစ်သောသားတော်သည်လည်း ဘယ်သို့ရောက်၍ ဘယ်ပုံနေလေသည်ကို မသိရ။ သား၏ဖခင်သည်လည်းကောင်း၊ သားတော်သည် လည်းကောင်း နတ်ပြည်နတ်နန်းသို့ပင် ကြွမြန်းကြလေပြီလော။ ဆင့်ကာဆင့်ကာဝင်ရောက်လာသော ပူဆွေးခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းတို့ကိုသာ မေပန်းကုံးမှာ အဖော်ပြုနေရရှာလေသည်။

မေပန်းကုံးကား 'ဘုန်းစည်သခင် မေ့ချစ်လင်နှင့်၊ ကိုယ့်တွင်ရန်သူ၊ အယူတဇစ်၊ မင်းသူညစ်လည်း၊ မိုက်မိုက်မဲမဲ၊ ဘုံငရဲတွင်၊ ဖော်လည်းမပေါ်၊ တအော်လဲလဲ၊ ခံရမြဲလို့၊ မင်း၏မယား၊ မင်း၏သားလည်း၊ ငါးပါးရန်သူ၊ ဖျက်ယူမကြွင်း၊ ကိုယ်ထီးကြွင်း၍၊ ဆင်မြင်းခြီမှာ၊ သိစီသောဝ်လေ' သို့ မချိသော နှလုံးသား၏ ကျိန်ဆိုချက်များကိုသာ စဉ်ဆက်မပြတ် ရေရွတ်မြည်တမ်းနေရရှာ၏။ မြစ်ငါးသွယ်မှ လျှံဆင်းလာသော ရေအသွင်ကဲ့သို့သော မျက်ရည်တို့သည်လည်း မေပန်းကုံး၏ မျက်လုံးတို့မှ အဆက်မပြတ် စီးကျနေတော့၏။

သူ့နန်းဆောင်အနီးအပါး၌ ရတုသုံးထွေလုံးပင် သစ်သီးဝလံပန်းမန်အမျိုးမျိုးဖြင့် သာယာတင့်တယ်စွာ တည်ရှိနေသောဥယျာဉ်တော်၊ ရေကန်တော်တို့မှာ ပျော်ရွှင်ကြည်နူးစရာ။ ထိုဥယျာဉ်တော်၊ ရေကန်တော်တို့၌ အခါမလပ် ကျက်စားကြသော ကျေးငှက်အပေါင်းတို့မှာလည်း သောင်းသောင်းသဲသဲဖိုမမောင်နှံတွဲကာ ပျော်ရွှင်မြူးတူးစွာ ကျက်စားမြဲ ကျက်စားလျက် ကျေးငှက်များစွာ အချို့မှာလည်း အခါမလင့် ကြွေးရင့်သံကျော်သားကိုခေါ်၍ မြူးပျော်ဝဲပျံလျက်။ အထီးကျန် မေပန်းကုံးခမျာမှာ ပျော်မြူးနေကြသော ကျေးငှက်တို့ကိုကြည့်ကာ ငေးမှိုင်ငေးမောလိုက်၊ မျက်ရည်တတွေတွေ စီးကျလာလိုက်နှင့် ထိုအခိုက်တွင်ပင် တိုက်စည်တိုက်မောင်းတို့ အသံကိုကြားရ၍ အထိတ်တလန့်လှမ်းကြည့်လိုက်သောအခါ ပြေးလွှားစုရုံးနေကြသော မင်းခေါင်၏တပ်များကို တွေ့ရ၏။ မင်းခေါင်၏ အမတ်တစ်ဦးနှင့် ကိုယ်ရံတော်တပ်သားအချို့တည်း မေပန်းကုံးထံသို့ ရောက်လာကြလေသည်။

မေပန်းကုံး ထိတ်ထိတ်လန့်လန့်ဖြစ်နေပုံကို တွေ့မြင်ရသော တမန်အမတ်သည် 'ဘုရင်မင်းခေါင်ထံ သခင်မ လိုက်စေချင်ပါသည်' ဟု ချိုသာစွာပင် လျှောက်တင်ပြောဆို၏။ မေပန်းကုံးကလည်း သူ့သားတော်ကို တွေ့ပါရစေဟု ရှိခိုးတောင်းပန်၏။

သို့သော် တမန်အမတ်က ယခုအခါ သားတော်ကို တွေ့ခွင့်မရနိုင်သေးပါ။ ဘုရင်မင်းခေါင်က သားတော်အား ဝတ်စားဆောင်ယောင်များ ပေးထားပါသည်။ သို့ပါ၍ ဘုရင်မင်းခေါင်ထံ သခင်မလိုက်ရန် ပြင်ဆင်ထားပါမည့်အကြောင်း လျှောက်ထား၍ အမတ်တမန် ပြန်သွားလေသည်။ မေပန်းကုံးမှာ ဘုရင်မင်းခေါင်၏ လက်ခုပ်တွင်းက ရေ ဖြစ်နေပြီ မဟုတ်ပါလော။

ကိုးစော်ဘွားနှင့်
ရတနာ့ပူရာ၊ မဟာနဂရ
ပြည်မအကြား၊
နှစ်ပါးအဆီး၊ မွန်ထောင်ကြီးတည့်။
စိမ်းစိမ်းမြရောင်၊ ဆင်းခေါင်တောင်ဟု
လမ်းဖောင်ခရီး၊ တက်လတ်ပြီးမှ
အရှိုပြည်မြတ်၊ ရွှေပြည်ရပ်ကို
ဦးညွတ်ရိုသီ၊ ရှိခိုးလီ၏။

**(ပမူ-အပိုဒ်-၃၇၊ ဒုမူ-အပိုဒ် ၇)**

မင်းဥက္ကာနှင့် အမတ်ကြီးလကျ်ာတို့သည် ဖို့မယ်နှင့် ခွဲခဲ့ပြီးနောက် ညို့မှိုင်းသော ရိုးမတောင်ကြီးရှိရာသို့ နောက်လိုက်နောက်ပါများနှင့်အတူ ချီခဲ့ကြ၏။ လမ်းခရီးတွင် နိမိတ်လက္ခဏာများကို မြင်ရကြားရသဖြင့် သားတော်ဥပရာဇာသည် ရန်သူလက်ချက်ဖြင့် အထက်နတ်ရွာသို့တက်သွားရလေပြီဟု မင်းဥက္ကာ ယုံကြည်စိတ်ချထားလိုက်လေသည်။

မင်းဥက္ကာတို့သည် စိမ်းစိမ်းမြသော ယိုးရှိုတောင်၊ ဖိုးခေါင်တောင်၊ ညို့ညို့မှိုင်းသော ပိုးရှိုတောင်၊ အနန်းသဇင်တို့ ဝေဝေဆာဆာပွင့်လန်းရာ ယိုးဇင်တောင်၊ ဆင်ခေါင်းတောင်တည်းဟူသော ရိုးမ၏တောင်ငါးဆင့်တို့ကို တရွေ့ရွေ့တက်လာကြ၏။ ဆင်ခေါင်းတောင်သို့တက်ရာ လမ်းခရီးတွင် ရပ်တန့်၍ ဘိုးတော်ခမည်းတော်တို့ လွှမ်းမိုးကြီးစိုးခဲ့ရာ 'အရှိုပြည်မြတ်၊ ရွှေပြည်ရပ်' ရှိရာသို့ ရော်ရမ်းလျက် မင်းဥက္ကာသည် ဦးညွတ်ရိုသေ ရှိခိုးလေသည်။ မနိမ့်မမြင့် တောင်ငါးဆင့်တည်ရှိရာ နယ်မြေသည်ကား ရှမ်းစော်ဘွားကိုးဦးတို့ အုပ်ချုပ်ရာ 'ရှမ်းသာရပ်မြို့ ကက်စရီ' နှင့် 'ရတနာပူရာ၊ မဟာနဂရ၊ ပြည်မကြီး' တို့ အကြားရှိ ကျယ်ပြန့်သော မြေခြား၊ နယ်ခြားဖြစ်လေသည်။

မင်းဥက္ကာတို့လည်း ဆင်ခေါင်းတောင်၏ မြောက်ဘက်ဖျား၌ ကျောက်တုံးကျောက်သားတို့ဖြင့် မြို့တည်ကြ၏။ မြို့၊ ပြ၊ တံခါး၊ ရင်တား၊ ကျုံး၊ မြောင်း စသည့်မြို့အင်္ဂါများနှင့်ပြည့်စုံစွာ ခိုင်ခိုင်ခံ့ခံ့ တည်ထားပြီး ရန်သူ့ဘေးမှ ကာကွယ်ရေးအတွက် လမ်းကွေ့လမ်းဝတို့၌ ဆူးငြောင့်ကျုံးများချထားခြင်း၊ များစွာသော တုံးမောင်းကြီးများ ဆင်ထားခြင်းတို့ကို ပြုလုပ်ထားကြကုန်၏။ ဥယျာဉ်များတည်၍ ရေကန်များလည်း တူးဖော်ကြ၏။ ထိုနောက် ရဲမက်အင်အားတိုးပွားစေရန် ဗိုလ်ဝင်ခံခြင်း ပြုလေသည်။

'လူသတင်း လူချင်းဆောင်' ဆိုသည့်စကားအတိုင်း သိန်ဇတုမင်း၏သားတော် ရှိဉက္ကာသည် ယောက်ဖတော် မင်းခေါင်း၏အကောက်ကြံမှုကြောင့် မိမိပြည်ရွာကို ပစ်၍ ထွက်ပြေးခဲ့ရကြောင်း၊ ယခုဆင်ခေါင်းတောင်မြောက်ဖျားတွင် မြို့ပြတည်၍ နေထိုင်ကြောင်း၊ သတင်းစကားသည် ရှမ်းပြည်ရှမ်းရွာများတွင် ပျံ့နှံ့သွားလေသည်။ အကြောင်းအမျိုးမျိုးဖြင့် ရှမ်းတို့ပြည်ရွာများသို့ ရောက်နေကြသော သိန်ဇကုမင်း၏လူဟောင်းများ၊ သိန်ဇကုမင်းနှင့် သားတော်ရှိဉက္ကာကို ကြည်ညိုကြသူများသည်လည်း တဖွဲဖွဲဝင်ရောက်လာကြလေသည်။ ထိုအထဲတွင် အမတ်မောင်ညိုလည်း ပါဝင်လေသည်

အမတ်မောင်ညိုသည် မင်းဉက္ကာ၏သားချင်းတစ်ဦး ဖြစ်ပေသည်။ နှစ်ပေါင်းများစွာ ကွဲကွာသွားပြီးနောက် ယခုပြန်တွေ့ရသောအခါ ရှမ်းမင်း၏ပိုင်နက်တွင် မိမိလူများနှင့် ကျေးလက်တည်ထောင်ကာ ကျေးစားတစ်ဦးဖြစ်နေသည်ကို တွေ့ရ၏။ မင်းဉက္ကာသည် အမတ်မောင်ညိုကို ဖက်လှဲတကင်း ဆီးကြို၏။ အမတ်မောင်ညိုကလည်း ရွှေငွေ လက်ဆောင်ပဏ္ဏာများ ဆက်သပြီး မင်းခေါင်၏ လုပ်ရပ်အချို့ကို ပြောပြ၏။ မင်းခေါင်သည် ရှမ်းပြည်၊ ယွန်းပြည်စသည်တို့ကို ချီတက်စဉ်က ရိက္ခာပြတ်လပ်ခေါင်းပါးသဖြင့် အောက်ပြည်အောက်နယ်မှ မင်းကြောင် ကျွားကျားနှင့် စစ်သည်မြောက်မြားစွာတို့ကို သူရဲကောင်းမဟုတ်ဟုဆိုကာ ရှမ်းပြည်နယ်၌ ဆန်နှင့်ရောင်းစားကြောင်း၊ မိမိသည်ပင်လျှင်လည်း ဆန်နှင့်ရောင်းစားခြင်းကို ခံရကြောင်း၊ ထိုကြောင့် မိမိသည် ရှမ်းပြည်ရှမ်းနယ်၌ ခိုလှုံကာ မိမိလူများနှင့်အတူ ကျေးလက်ထူထောင်နေခြင်းဖြစ်ကြောင်း ပြောပြလေသည်။

ထိုနောက် မင်းဉက္ကာက ရှမ်းတို့၏နယ်များအကြောင်းကို ပြောပြပါရန် တိုက်တွန်းမေးမြန်းသဖြင့် မောင်ညိုသည် 'သိန်းတန်ဖိုးမြွတ်၊ ဇောတိရသ်ဟု၊ အမြွတ်လထား၊ ပတ္တမြားသို့၊ လူများသခင်၊ ငါတို့သျှင်မှာ၊ ရင်ခွင်နောင်မွီး၊ စံသီးညက်ပြာ၊ မိကုမ္မာဟု အမည်တွင် ကျော်စောသော သမီးတော်တစ်ပါးရှိကြောင်းမှအစချီ၍ ရှမ်းတို့၏နယ်ပယ်များအကြောင်းကို ပြောပြလေသည်။

ဇမ္ဗူဒီပါ၏နယ်နိမိတ်ဖြစ်သော အာသန္နေတိုင်းခေါ် ရှမ်းစော်ဘွား ကိုးဦးတို့ အုပ်စိုးရာ နယ်ပယ်သည် ကျယ်ဝန်းလှကြောင်း။ ကက်စရီ၊ သိန်ကျိုနဂရ၊ သင်းတွဲ၊ ထုနာ၊ ဂင်ဂေယစသော ကျေးလက်မြို့ရွာပေါင်း များစွာတို့ အဆက်မပြတ်တည်ရှိကြောင်း။ စော်ဘွားကိုးဦးတို့၏သခင် ပြည်ရှင်မင်းစိုးစံရာ နေပြည်တော်သည် အင်ကျိမြို့ဖြစ်ကြောင်း။ ထိုမြို့သည် ကမ္ဘာအစက မဟာသမ္မတမင်းအား နတ်ဒေဝါများ ဖန်ဆင်းပေးသော မြို့ကဲ့သို့ အစစအရာရာပြည့်စုံဖွံ့ဖြိုးသော မြို့တော်ဖြစ်ကြောင်းတို့ကို ပြောပြ၏။ ထို့ပြင် ရှမ်းဘုရင်မှာ စိန်ဖြူခေါ် သားတော်တစ်ပါးနှင့် မိကုမ္မာခေါ် သမီးတော်တစ်ပါး

တို့ရှိကြကြောင်း။ အထူးသဖြင့် သမီးတော် မိကုမ္မာမှာ ချောမောလှပသော မျက်နှာ၊ ယဉ်နုကြော့ရှင်းသော ကိုယ်ခန္ဓာနှင့် ကြည့်နည်းမွန်လှ၊ သခင်မသို့၊ ကြွကြွအညီ၊ ဟသ်ာဖြီသို့၊ တိုးတီးတိုးကွ' ဟန်အမူအရာနှင့် တင့်တယ်လှသော တစ်ပင်တိုင်နန်းသူဖြစ်ကြောင်းဖြင့် နိဂုံးချုပ်ပြောပြလေသည်။

အမတ်မောင်ညို၏သတင်းစကာကိုကြားရသော မင်းဥက္ကာသည် ရှမ်းဘုရင့်သမီးတော် မိကုမ္မာအပေါ်၌စိတ်ဝင်စားမိလေသည်။ မင်းဥက္ကာ၏အမူအရာကို သတိပညာနှင့် ပြည့်စုံသောအမတ်ကြီး လက်ျာကလည်း အကဲခတ်လိုက်မိ၏။ ထိုအခိုက်တွင်ပင် ရှမ်းဘုရင်၏ စေတမန်တစ်ဦး မင်းဥက္ကာတို့ထံ ရောက်လာလေသည်။

ရှမ်းဘုရင်သည် မင်းဥက္ကာတို့အကြောင်းကို ကြားသိပြီးဖြစ်၏။ သို့သော် သူ့စိတ်ထဲ၌ သံသယရှိနေလေသည်။ မင်းဥက္ကာသည် အကယ်၍ စစ်ရှုံးသဖြင့် ပြေးလာခဲ့သော်သူ့ထံခိုဝင်လာကောင်း၏။ သို့ဖြစ်ပါလျက် သူ့ထံလာ၍ မကြားမလျှောက်။ သူ့လက်အောက်သို့ ဝင်ရောက်မလာခြင်းမှာ ရန်ပြုလို၍ပင်လော။ ဤသံသယပျောက်ပစေခြင်းငှာ မင်းဥက္ကာတို့ထံ တမန်တစ်ဦးစေလွှတ်လိုက်ခြင်း ဖြစ်၏။ ရှမ်းမင်း၏စေတမန် ရောက်လာသောအခါ မြော်မြင်တတ်သောအမတ်ကြီးသည် ရှမ်းဘုရင်လက်အောက်သို့ ဝင်ရောက်ခိုလှုံခြင်းဖြင့် ဘုရင့်သမီးတော်ကို မင်းဥက္ကာရနိုင်မည် မဟုတ်ဟု စဉ်းစားမိ၏။ ထို့ပြင် မိမိတို့သည် ရှမ်းတို့နှင့် စစ်ခင်းစရာကြုံလာပါက နိုင်ခြေရှိမည်၊ မရှိမည်ကို သိနိုင်ရန် အင်ကျိမြို့နှင့်ပတ်ဝန်းကျင် ရှမ်းနယ်ပယ်တွင်း သုံးကြိမ်တိုင်တိုင် အမှတ်မထင် ဝင်ရောက်ထောက်လှမ်းအကဲခတ်ပြီး ဖြစ်၏။ ထို့ကြောင့် အမတ်ကြီးက ရှမ်းဘုရင့်စေတမန်အား ဤသို့ ပြန်ကြားလိုက်လေသည်။

သိန်ဇကုမင်းသည် တစ်ရာ့တစ်ပါးသော မင်းတို့၏သခင်၊ နေမျိုးနွယ် ဘုရင်မင်းမြတ် ဖြစ်ကြောင်း။ မင်းသား ရှိုဥက္ကာသည် သိန်ဇကုမင်းကို ဆက်ခံသော သားတော်ဖြစ်ကြောင်း။ ယခုရန်သူမျိုးငါးပါးက နှောင့်ယှက်ဖျက်ဆီးခိုက်ကို အရပ်အနေမသင့်သေး၍ ခေတ္တရှောင်တိမ်းကာ ဤနေရာသို့ရောက်လာခြင်းဖြစ်ကြောင်း။ ဤကိုရောက်လာရာတွင် အသျှင့်သမီးတော်၏သတင်းကို ကြားသိရ၍ ကြင်ဘက်တော် အဖြစ်မြှောက်စားလိုပါကြောင်း။ အကယ်၍ အခွင့်မရပါက နှစ်ပြည့်တစ်ပြည် မိတ်အကြည်မဖြစ်ဘဲ ရန်စစ်ကြီးပွားဖြစ်ဖွယ် ရှိပါကြောင်းကို ဘုရင့်အားလျှောက်ထားရန် ပန်ကြားလိုက်၏။

ရှမ်းဘုရင်သည် မင်းဥက္ကာတို့၏ပြန်ကြားချက်ကို တမန်အမတ်ထံမှ ကြားသိရသောအခါ ဒေါသအမျက် ချောင်းချောင်းထွက်၍ ဆင်ခေါင်းတောင်သို့ စစ်ချီရန် ပြင်ဆင်သည်။ ဆင်တပ်၊ မြင်းတပ်၊ ခြေသည်တပ်၊ လေးတပ်စသည့် တပ်ပေါင်းများစွာကို 'အထပ်

ထပ်၊ ကြာနှယ်ထပ်သို့၊ ကြာချပ်အသွင်၊ မွမ်းမွမ်းဖျင်သည်၊ စစ်လျှင်စစ်မ' စစ်ဗျူဟာ ဖြန့်ကျင်းခန့်ခွဲ၍ စစ်သူကြီးက ရှေ့ဖျား၊ သားတော်စိန်ဖြူက အလယ်၊ မိမိက နောက်ဆုံးမှနေ၍ ချီလာကြ၏။

အထပ်ထပ်ချီတက်လာသော ရှမ်းတပ်တို့၏ အသံကို ကြားရသောအခါ စစ်ကို မလိုလားသော မင်းဥက္ကာသည် စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်ရပြန်၏။ သို့ရာတွင် နှလုံးရည်၊ လက်ရုံးရည်စွယ်စုံပြည့်ဝသော အမတ်ကြီးလကျာ်က 'ဓမ္မပညတ်၊ ကျမ်းနှင့်ကွပ်၍' ရန်သူအားတိုက်ခိုက်ခြင်းသည် မတရားမှုမဟုတ်ဟု ရှိဥက္ကာအားညွှန်ပြဆုံးမကာ ရဲတံခွန် အောင်လံနီကို လွှင့်တင်၍ ရှမ်းတို့ကိုခုခံတိုက်ခိုက်ရန် မိမိ၏စစ်သည်များအား အလျှင်အမြန် ကွပ်ကဲစီမံလေသည်။ အမတ်ကြီးသည် မိမိ၏စစ်ဦးစီးဗိုလ်မှူးကို သင့်ရာသင့်ရာ၌ တပ်များချရပ်ထားစေ၏။ ရှမ်းတို့နီးလာသည်နှင့် တစ်ပြိုင်နက် တုံးမောင်းကြီးများကို ဖြုတ်ချခြင်း၊ ဆူးတွင်းကြီးများရှိရာသို့ စစ်မြူခြင်းများပြုကာ ရန်သူများကို ပြိုကွဲပျက်စီးစေ၏။ မပြိုမကွဲတက်လာသူများကိုလည်း အသင့်ချရပ်ထားသော မင်းဥက္ကာ၏ တပ်များက ကျားရဲများကဲ့သို့ တိုက်ခိုက်ကြ၏။ သို့ဖြင့် နောက်ဆုံး၌ ရှမ်းဘုရင်၏ တပ်များသည် သုံးစုကွဲ၍ ဆုတ်ခွာထွက်ပြေးကြရလေသည်။ မင်းဥက္ကာ၏ စစ်သည်များသည် 'ဘုရင်သမီးတော် မိကုမ္ဘာကို မင်းဥက္ကာအား လာရောက်ဆက်သရမည်။ မဆက်သပါက ဘုရင့်နေပြည်တော်တိုင်အောင် လာရောက်တိုက်ခိုက်မည်' ဟု ရှမ်းတပ်သားများ ကြားလောက်အောင် ကြွေးကြော်သံအော်ဟစ်လိုက်ကြ၏။

မိကုမ္ဘာသည် မိမိကြောင့် ခမည်းတော်နှင့် ပြည်သူပြည်သားများ ဒုက္ခတွေ့နေရကြောင်းကို သိသောအခါ ခမည်းတော်ထံ သွားရောက်၍ ဤသို့လျှောက်ထားလေသည်။

'ခမည်းတော်ဘုရား ကိုယ်ခန္ဓာ၌ ရောဂါဝေဒနာစွဲကပ်လာပါက ပျောက်ကင်းစေမည့် သက်ဆိုင်ရာ ဆေးဝါးတို့ကို မှီဝဲရပါသည်။ ယခု 'ချောက်ချားပြည်ရွာ၊ ကျွန်နှ့ ကြောင့်သာလျှင်၊ ဝီဆာညှိုးပါး၊ ငတ်မွတ်ရှား၍၊ တိုင်းကားပြည်ရွာ၊ ပျက်လတ်မည်' ကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် တစ်ပြည်မင်းသားထံသို့ ဘုရားကျွန်တော်မကိုယ်တိုင် သွားရောက်တွေ့ဆုံ၍ ပြဿနာကို ဖြေရှင်းပါရစေ' ဟု ပန်ကြားလျှောက်ထားလေ၏။

ချစ်သမီးတော်အား တစ်နေ့တစ်ရက်မျှ မျက်စိအောက်က အပျောက်မခံချင်အောင် မြတ်နိုးတော်မူလှသော ရှမ်းဘုရင်သည် သမီးတော်က စွန့်စွန့်စားစားသွားလိုရေးနှင့် ခွင့်ပေးပါရန် တောင်းခံလာသောအခါ ခွင့်ပေးလိုစိတ်မရှိသည့်ပြင် ချောက်ချားပူပန်မှု၊ စိုးရိမ်ကြောင့်ကြမှုတို့သည် ရင်တွင်း၌ လှိုင်းလုံးများပမာ ထကြွလာကြ၏။ သို့ပါသော်

လည်း မှူးမတ်ပြည်သူတို့ကို ငဲ့ကွက်ထောက်ထားရမည်ဖြစ်သဖြင့် သမီးတော်အား အခွင့်ပေးကာ သွားရေးလာရေးအတွက် အစစလိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးတော်မူလေသည်။

မိကုမ္ဘာသည် ကောင်းစွာဝတ်စားဆင်ယင်ပြီးလျှင် နောက်လိုက်နောက်ပါ အခြွေအရံများ၊ ကိုယ်ရံတော်များနှင့် ရွှေထမ်းစင်စီးလျက် စစ်တလင်းကိုဖြတ်ကျော်လျက် မင်းဥက္ကာရှိရာ ဆင်ခေါင်းတောင်သို့ လာခဲ့လေသည်။ မိကုမ္ဘာလာကြောင်း ကြားသိပြီးသော အမတ်ကြီးလက်ျာနှင့် ရှိုဥက္ကာတို့လည်း ထိုက်ထိုက်တန်တန်ကြိုဆိုရန် ပြင်ဆင်ထားကြ၏။ အမတ်ကြီးက ရှမ်းဘုရင်သည် ဤသို့သမီးတော်အား လွှတ်လိုက်ခြင်းမှာ သဘောရိုးဖြင့် ကောင်းသောလွှတ်ခြင်းလည်း ဖြစ်နိုင်၏။ 'ထက်ပေါ်ကပျား၊ ထဲမှာမြားနှင့်' မရိုးသား မသင့်လျော်သော အကြံအစည်ဖြင့် လွှတ်လိုက်ခြင်းလည်း ဖြစ်နိုင်၏။ မည်သို့ပင်ဖြစ်စေ၊ ယခုရှိုဥက္ကာမှာ မိကုမ္ဘာအား ကြင်ဖက်တော်အဖြစ် သိမ်းပိုက်ရတော့မည် ဖြစ်သည်။ ထိုမျှမက ဦးရီးတော်ရှမ်းဘုရင့်နေရာသို့ လိုက်ပါနေထိုင်ရတော့မည်ဖြစ်၏။ ထို့ကြောင့် အရာရာ၌ ပညာသတိရှိရမည်ဖြစ်ကြောင်းတို့ကို ရှိုဥက္ကာအား ကြိုတင်သတိပေးပြောကြားထားလေသည်။

မင်းဥက္ကာနှင့် မိကုမ္ဘာတို့သည် 'သင်သရာရှိုးဆက်၊ အကျိုးဖက်လို့၊ မပျက်နှလုံး၊ ကြိုးနှယ်ထုံး' ခဲ့ကြသူများ ဖြစ်ခဲ့သဖြင့် နှစ်ဦးသားဆုံတွေ့လိုက်ကြသည်နှင့် တစ်ပြိုင်နက် တစ်ဦးအပေါ်တစ်ဦး ညွတ်နူးသဒ္ဒါမြတ်နိုးစွာဖြင့် ရွှေမေတ္တာနှောင်ကြိုး အထပ်ထပ်ရစ်ဖွဲ့မိကြလေသည်။ မောင်မယ်နှစ်ပါးတို့သည် ယုယကြင်နာစွာ စကားနှီးနှောပြောဆိုညှိနှိုင်းကြပြီးနောက် မိကုမ္ဘာက မိမိရပ်ဌာန်သို့ ရှိုဥက္ကာလိုက်ခဲ့ပါရန် ခေါ်၏။ ထို့ကြောင့် အမတ်ကြီးလက်ျာသည် ရှိုဥက္ကာနှင့် မိကုမ္ဘာတို့အား 'ရတနာရန်အောင်' ဆင်ပြောင်ကြီးပေါ်၌ ထီးဖြူသုံးလက်မိုး၍ စီးစေခဲ့၏။ ရဲမက်ဗိုလ်ပါအပေါင်းတို့အား မောင်နှံနှစ်ပါးကို ခြံရံစေလျက် တင့်တယ်ခမ်းနားစွာ ရှမ်းမြို့တော်သို့ ချီတက်လာရာ မိကုမ္ဘာစံရာနန်းဆောင်သို့ ရောက်လာကြလေ၏။

ရှမ်းဘုရင်သည် သမီးတော်တို့ ရောက်လာကြောင်း ကြားသိရသောအခါ သံတစ်ဦးစေလွှတ်၍ သမက်တော်အား တွေ့လိုကြောင်း အမိန့်တော်ရှိလိုက်သဖြင့် ရှိုဥက္ကာသည် ဘုရင့်ရှေ့တော်သို့ ဝင်ခဲ့လေသည်။ ဦးရီးတော်ဘုရင်က သမက်တော်တစ်ပြည်မင်းသည် မိမိတိုင်းပြည်တွင် ဆက်လက်နေထိုင်နိုင်မည်ဆိုပါက မိမိတို့ကိုးကွယ်သော 'မဟာကိျဘုရား' ကိုပူဇော်၍ ခေါင်းထက်ချီကာ ကျိန်သစ္စာဆိုရမည်ဖြစ်ကြောင်း မိန့်ကြားလေသည်။ မင်းဥက္ကာက မိမိတို့ မင်းမျိုးတွင် ဘေးဘိုးစဉ်ဆက် ဤအစဉ်အလာ မရှိခဲ့ကြောင်း၊ မိမိတို့မှာ ရတနာသုံးပါး ကိုးကွယ်သူများသာဖြစ်ကြောင်း ပြန်လည်ပြောကြား

သောအခါ ရှမ်းဘုရင်၏စိတ်ထဲ၌ ဤမင်းသားသည် ငါတို့ပြည်ကို အုပ်စိုးလို၍လာခြင်း ဖြစ်မည်ဟု အထင်မှားကာ မင်းဥက္ကာအား ကွပ်မျက်ရန် အမိန့်ချ၏။ မှူးမတ်တို့က မသင့်လျော်ကြောင်း အတန်တန်တားမြစ်လျှောက်ထားသော်လည်း လူသတ်သမား အာဏာသား လေးယောက်တို့၏လက်သို့ မင်းဥက္ကာအား အပ်လိုက်လေသည်။

ထိုအဖြစ်အပျက်ကို သတင်းလည်း ကြား၊ မြင်လည်း မြင်ရသော မိကုမ္မာသည် မိမိနန်းဆောင်မှပြေးထွက်လာကာ အာဏာသားများကို တွန်းထိုးဖယ်ရှား၍ မင်းဥက္ကာ၏လက်ကို ဆွဲခေါ်လျက် ဘုရင်ကြီးရှေ့မှောက်သို့ ဝင်ရောက်ခဲ့ကြလေသည်။

မိကုမ္မာသည် စိုးရိမ်ပူပန်စိတ်ပြင်းစွာဖြင့် ခမည်းတော်အား ဤသို့လျှောက်ထား၏။

'ခမည်းတော်ဘုရား၊ သမက်တော် တစ်ပြည်မင်းကို သတ်ရန်စေခိုင်းခြင်းမှာ အပြည်ပြည်မင်းတို့၏ ကဲ့ရဲ့ခြင်းကိုခံရပြီး ခမည်းတော်၏ဂုဏ်သရေ ညှိုးနွမ်းစရာ အကြောင်း ဖြစ်ပါသည်။ သမက်တော်အား သားတော်ရင်းကဲ့သို့ သဘောထားသင့်လှပါသည်။ ခမည်းတော်၏ အလိုဆန္ဒအတိုင်း သမက်တော်တစ်ပြည်မင်းကို ခေါ်ဆောင်လာခဲ့ပြီးမှ သတ်မည်ဆိုခြင်းသည် လုံးဝမသင့်လျော်ပါ၊ သူ၏ကျင့်ရိုးကျင့်စဉ်မဟုတ်သည်ကို မပြုလုပ်လိုသဖြင့် ခမည်းတော် ရန်ငြိုးဖွဲ့ခြင်းမှာလည်း တရားမည်မဟုတ်ပါ၊ မင်းတကာတို့သည် အဆွေခင်ပွန်းဖြစ်သော မင်းတို့၏တိုင်းပြည်များသို့ သွားရောက်လည်ပတ်ကြသောအခါ ထိုပြည်မင်းတို့ ကိုးကွယ်သောဘုရားကိုပူဇော်၍ ကျိန်သစ္စာဆိုရသည်ဟုလည်း မကြားဖူးပါ' စသည် စသည်ဖြင့် ထိတ်လန့်စိုးရိမ်စိတ်၊ ဒေါသစိတ်၊ ဝမ်းနည်းစိတ်တို့ ပေါင်းစပ်လျက် ဦးဖျားခေါင်းထိပ်သို့တိုင် ဒုန်တက်ဖုံးလွှမ်းခံနေရသော မိကုမ္မာသည် သန္တာလက်ဖျားတို့ကို နဖူးထက်တွင် တင်ယှက်ကာ တတွတ်တွတ်လျှောက်ထားရှာလေသည်။

သမီးတော်၏ သနားစဖွယ်အဖြစ်သနစ်တို့ကို မြင်တွေ့ရသော ဘုရင်ကြီးသည် ကြင်နာခြင်းပြင်းစွာဖြင့် မင်းဥက္ကာအား သေဒဏ်မှ လွတ်စေ၊ သမီးတော်အလိုကျ ဖြစ်စေဟု အမိန့်တော်မှတ်၏။ သမီးတော်တို့လည်း ခမည်းတော်အား ကန်တော့၍ မိမိတို့နန်းဆောင်သို့ ပြန်ခဲ့ကြလေသည်။

----သျှမ်းသခင်ကို၊

မျိုးပင်နှမ၊ အလှသူဇာ
ကုမ္မာညွတ်နူး၊ ပန်ထွာပြုသော်
----- မင်းရဲကျော်သည်
နှစ်ဖော်တူကွ၊ နိစ်ရသည်
ထိမ့်မြဲ့တစ်လီ၊ ပီးလတ်တည့်လေ။

(ပမူ-အပိုဒ် ၁၁၃)

မိကုမ္မာသည် ခမည်းတော် မင်းကြီးအား မင်းဥက္ကာနှင့် မိမိတို့၏ ထိမ်းမြားမင်္ဂလာပွဲသဘင်ကို ဆင်ယင်ကျင်းပပေးပါမည့်အကြောင်း လျှောက်ထားတောင်းပန်၏။ ဘုရင်ကြီးလည်း သမီးတော်နှင့် သမက်တော်တို့၏ ထိမ်းမြားမင်္ဂလာပွဲသဘင်ကို ခုနစ်ရက်တိုင်တိုင် ခြိမ့် ခြိမ့်သဲသဲ ကြီးကျယ်စည်ကားစွာ ကျင်းပပေးတော်မူ၏။ မင်္ဂလာသဘင်၌ မှုးမတ်ပြည် သူအားလုံးအား တက်ရောက်စေရန် ဆော်ဩလျက် ထမင်းဟင်းလျာ အရက်သေစာ မကြွင်း လိုလေသေးမရှိအောင် ကျွေးမွေး၏။

မင်္ဂလာသဘင်အခမ်းအနား၌ အသင့်စီရင်ခင်းကျင်းထားသည့် မင်းမဏ္ဍပ်တွင် စံနေကြသော ခမည်းတော်နှင့်မယ်တော်တို့အား မိကုမ္မာနှင့် ရှိုဥက္ကာတို့သည် ဆွေမျိုးရင်းချာများ စုံညီစွာခြံရံလျက် ပန်ထွာဦးချ ကန်တော့ကြ၏။

ကန်တော့ကြပြီးသော် ဘုရင်တို့၏ ရိုးရာထုံးစံအတိုင်း သေရည်ဦးကို ဖြူစင်သန့်ရှင်းသော ပုလင်းတွင်ထည့်၍ မောင်မယ်နှစ်ပါးတို့က
----- ဘခင်ဘုရား၊
သောက်လတ်ပြားလေ။
မိခင်တော်ရင်း
သောက်ပါမင်းလေ။

(ပမူ-အပိုဒ် ၁၁၆)

ဟုလျှောက်ထား တင်ဆက်ကြ၏။ ထိုနောက် စားတော်ပွဲများဖြင့် မယ်တော်ခမည်းတော်တို့အား မောင်မယ်နှစ်ပါးကိုယ်တိုင် ရိုသေစွာဆက်ကပ်ကျွေးမွေးပြုစုကြ၏။ မယ်တော်ခမည်းတော်တို့ကလည်း ဘိသိက်ဆုမွန်စကားများ မြွက်ကြားချီးမြှင့်တော်မူကြလေသည်။

မင်းဥက္ကာနှင့် မင်းကုမ္မာတို့၏ မင်္ဂလာသဘင်ကြီးပြီးမြောက်သောအခါ မင်းဥက္ကာအား သားအရင်းကဲ့သို့ စောင့်ရှောက်လာသော အမတ်ကြီးအား ရှမ်းဘုရင်ကြီးသည် စားကျေးစားလက်များ ချီးမြှင့်၍ သမီးတော် 'ဆင်မြဖြူ' နှင့် ထိမ်းမြားပေးသည်။ မင်းဥက္ကာတို့၏ စစ်သူကြီး ဗိုလ်မှူးအားလည်း သမီးတော် 'ပန်းမြသူ' နှင့် ထိမ်းမြားပေးလေသည်။

# ဥက္ကာဇစ်မူရင်း

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ လည်---- တဏှာကျော်ရာ၊ လူ့ချာဘုရား၊ ဖြစ်လတ်ငြား၍၊ မြတ်လှသျှင်ပင်၊ မေခင်ရာ၊ အချာထိပ်ဖျား၊ စောဘုရားက၊ လောကသုံးခွင်၊ ဘုန်းဟိစင်သည်၊ သရဏာဂုံရာ၊ မည်သာတွင်ငြား၊ မြတ်ဘုရားလည်း၊ နာမကျော်ထင်၊ ဘုန်းဟိစင်သည်၊ ဒီပင်္ကရာ၊ မည်သာတွင်ထ၊ သုံးလူ့ဘဟု၊ မြတ်လှဘုန်းထူ၊ လေးဆူနာမ၊ ပွင့်လတ်ထသည်၊ သာရမဏ္ဍ၊ တွင်ကုန်ကြ၏၊ နာမသိဒ္ဓတ်၊ လူထွတ်ဘုန်းဟိ၊ ဝိပဿိတ၊ မုနိသကျ၊ ကောဏ္ဍညလည်း၊ မြတ်လှဘုန်းတူ၊ ပဒုမုတ္တိရ၊ မြတ်ဘုရားက၊ ဖြစ်ငြားတုံလတ်၊ သာရကတ်က၊ ပွင့်အပ်ခါချိန်၊ လေးကြိမ်အမျှ၊ တွင်လတ်ငြား၍၊ သုံးလူ့မြတ်စွာ၊ မင်္ဂလာသုမန၊ ရေဝတဟု၊ နာမတွင်ခြင်း၊ သနင်းမြတ်စွာ၊ သောဘိတက၊ မြတ်လှဘုန်းတူ၊ လေးဆူပွင့်ထ၊ ကမ္ဘာမှာကား၊ သာရမဏ္ဍာ၊ တွင်တုံငြား၏၊ ဒိသာဘုသာ၊ သုံးလူ့ဘက၊ ပီယဒဿိ၊ နာရဒမ္မာ၊ အဋ္ဌဒဿိ၊ သုံးကြိမ်နာမ၊ တွင်တုံကြ၏၊ ဓမ္မဒဿိ၊ လူ့ဆွိဘုရား၊ ပွင့်လတ်ငြားသည်၊ ဆန်းပြားဟူလတ်၊ ဝရကပ်က၊ ဖြစ်အပ်ခါချိန်၊ နှစ်ကြိမ်မည်သီး၊ တွင်လတ်ပြီး၍၊ ထိဝိသဘုံ၊ ဘုန်းတူမြတ်လှ၊ သုမိတ္တာနှင့်၊ နာမမည်သာ၊ သုဇာတာဟု၊ ပဒုမာ နရဒ၊ မြတ်ဗုဒ္ဓ၏၊ ပွင့်ထတုံလတ်၊ မဏ္ဍကပ်က၊ ဖြစ်အပ်အချိန်၊ သုံးကြိမ်အမျှ၊ တွင်ကုန်ကြ၏၊ စိမ်းမြည်ပြုဟန်၊ ကကု

သန်က၊ မြတ်မွန်ဘုရား၊ နာမကျော်တုံ၊ ကောဏာဂုံဟု၊ ဘုန်းလျှံကဿပ၊ ဂေါတမဟု၊ သကျဘုရား၊ အရိယာလေ၊ ငါးဆူပွင့်ရပ်၊ ဘဒ္ဒကပ်ဟု၊ ရောက်မှတ်ဇမ္ဗူ၊ အမြတ်ငါးခါ၊ မဖြစ်ရာသည်၊ ကမ္ဘာတစ်ထု၊ ယခုတစ်လီ၊ ဆန်းလတ်တည့်လည်း။

၂။ လည်--- သကျဘုရား၊ သုံးလူဖျားက၊ ငါးပါးပွင့်ရပ်၊ ဘဒ္ဒကပ်ဟု၊ ရောက်မှတ်ဇမ္ဗူ၊ သပြီဟူ၍၊ လေးဆူဘုရား၊ ပွင့်ပြားသည်ချည်း၊ နိဗ္ဗာန်လွှဲသော်၊ မိတည်းတစ်ခေါက်၊ ကျွတ်ထောက်လူ့ပြည်၊ ပွင့်လတ်မည်က၊ ငါးသွယ်ထောင်ချိန်း၊ ကုန်လတ်ပြီးမှ၊ ဒုတိကပ္ပနရ၊ အဆုံးကျ၍၊ သုံညကပ်က၊ စ၍ရှိတွက်၊ အသက်ရှည်စွာ၊ ထိုရောခါ၌၊ တစ်ရာလည်းဖောင်း၊ သုံးထောင်ပေါင်းတွင်၊ တစ်သောင်းယူဇနာ၊ ဇမ္ဗူချာဝယ်၊ ဗာရာဏသီ၊ ဌာနီပြည်ကြီး၊ ဖြစ်လတ်ပြီးမှ၊ နှစ်သိန်းသျှစ်သောင်း၊ အပေါင်းလောကာ၊ စံသောခါ၌၊ ဓာတ်ကကျော်သောင်း၊ အမည်ပြောင်း၍၊ ရပ်ကောင်းသာယာ၊ ပြည်ဗာရာဝယ်၊ မည်သာတွင်ကြ၊ ဥပ္ပလလည်း၊ ဌာနထူးဆန်း၊ ရွှေဝါကျွန်းမှာ၊ သိန်းသန်းအလွန်၊ တစ်တန်ယင်းမှာ၊ စံပျော်ရာ၏၊ သုံးဆယ်အရွယ်၊ ကုဋိယောဋိ၊ ပကောဋိမှာ၊ နီနဟုတ္တုံ၊ အတန်တန်လျှင်၊ ကာလမြင့်ရှည်၊ ကြာသည်ပြီးမှ၊ နီဟုတ္တတွင်၊ ဌာနရှိပြည်၊ တွင်သည်မည်ရ၊ ဥပ္ပလ၌၊ သလအကျော်၊ ထိုသရော်တွင်၊ မည်ခေါ်တွင်ကြ၊ ပဒုမ္မ၌၊ မြတ်လှသာစည်၊ ရှိပြည်ဌာန၊ ဖြစ်လတ်ကလျှင်၊ များလှတွက်ရှိ၊ ခေါပဏီတွင်၊ ကုဋိတစ်သိန်း၊ ဖြစ်ကိန်းပြီးမှ၊ မိမ္ဗုတ္တတူ၊ အမ္ဗုတနှင့်၊ နိရသုတ္တံ၊ ဟန်နှစ်တန်၊ ဧဝံနဝ၊ စတုတ္တတွင်၊ ယင်းမှပံပံ၊ အတံတံတည့်၊ ဩကဒိက (ဥပ္ပမိက)၊ ကမုတ္တ၌၊ နာမလည်းကောင်း၊ အမည်ပြောင်း၍၊ ရပ်ကောင်းသာယာ၊ ပဒုမ္မာသည်၊ မန္တဝရ၊ တွင်ပြန်ရတည့်၊ ဒသအလွန်၊ သုံးတန်အဝ၊ ပဒုမ္မဟု၊ ပုဏ္ဍရိက၊ ယင်းမှတတ္တာ၊ မဟာတတ္တ၊ သခ်ျေယျတွင်၊ နာမဆန်းထု၊ လည်းကြိမ်ကျူမှ၊ ကေတုမတီ၊ ခေါ်ညီတွင်ကြ၊ ရွှေပူရဝယ်၊ များလှသက်ရှည်၊ အသချေသည်၊ လူ့ပြည်ဖျင်ညီး၊ စံလတ်ပြီးသော်၊ မင်းကြီးဝေသန်၊ သက်နှံမယွင်း၊ ခပင်းပြည်ရွာ၊ အင်္ဂါငါးပါး၊ စွန့်လတ်ငြားမှ၊ ကာလမြင့်ရှည်၊ ပျော်လည်သည်တည့်၊ နတ်ပြည်အလျောက်၊ သုံးဆင့်မြောက်မှ၊ လှည့်ပေါက်ခန္ဓာ၊ နတ်အာသာနှင့်၊ နိမ္မာနရတိ၊ ပြည်ပဖိနှင့်၊ ဘုန်းဟိမြတ်စွာ၊ မိတ္တေယျာဟု၊ ပွင့်လှာပျော်မှတ်၊ အလောင်းမြတ်က၊ လည်ထပ်ဘုံသာ၊ ထက်နတ်ရွာက၊ တစ်ခါလည်းလောင်း၊ ပြည်တော်ဟောင်းဝယ်၊ မျိုးကောင်းသူဇာ၊ စန္ဒာမုခါ၊ ဘုန်းဟိကြွင်ဖော်၊ မျောက်သားတော်နှင့်၊ အပျော်အပါး၊ များလှခြံရံ၊ လှနွယ်ပြောင်ညီး၊ စံလတ်ပြီးမှ၊ ပွင့်နီးခါမြောက်၊ အရောက်လူ့ပြည်၊ ကျွတ်လတ်မည်ကို၊ လူဆွိဘုရား၊ ဗျာဒိတ်ကြားလည်း၊ ကိုယ်စားတစ်လီ----ထားလတ်သည်တည်း။

၃။ လည်း----ကထာဝတ္ထု၊ မာတုကထာ၊ ဒိဓာတစ်ထပ်၊ ယမိုက်ပဋ္ဌာန်း၊ ခုနစ်ကျမ်းကို၊ ယန်းနှင့်အညီ၊ သက်ာနီနှင့်၊ သုတ်သီလက္ခန်၊ ပညတ်ဓမ္မာ၊ ပုဂ္ဂလာက၊ ကရာသျှစ်မည်၊ ရောင်ခြည်ပြိုးပြက်၊ ဝုတ္တိထွက်ရာ၊ နှိုင်းဖက်မမြင်၊ နီလုလင်သို့၊ နှိစင်တူပြား၊ ပတ္တမြားသို့၊ ခြောက်ပါးအရောင်၊ ထွန်းတန်ဆောင်သည်၊ လှုခေါင်သူခင်၊ ပဏ်ရှင်သို့၊ အသွင်တူကြ၊ ဇောတရတည့်၊ ဟိန်တူကထ၊ ဝိဘင်းစ၍၊ ဓမ္မပဋ္ဌာန်း၊ ဆယ့်ခြောက်ကျမ်းကို၊ စီးဖြန်းလျှင်ပြင်း၊ ဉာဏ်ရောင်လင်းသည်၊ သနင်းလူ့ဘ၊ ဂေါတမတည့်၊ သကျရန်အောင်၊ မြတ်ဘုန်းခေါင်မှာ၊ ငါးထောင်သကြစ်၊ အနှစ်မြင့်ကြာ၊ သာသနာဝယ်၊ ရှည်စွာအမြတ်၊ ကမ္ပည်းခတ်လည်း၊ အမြတ်တခြား၊ လူအများတွင်၊ လေးပါးဆွိမျိုး၊ ကြင်စရိုးမှ၊ အကျိုးညွှန့်ရှင်၊ ဆယ့်နှစ်အင်ကို၊ မရှင်မပါး၊ စွန်လတ်ပြားသော်၊ တရားရောင်ဟိန်၊ နှိသိမ်နှိကျောင်း၊ မီးကျောင်းထောင်းနှင်၊ ရပ်ကောင်းဗိမာန်၊ ဆိပ်မွန်ကတို့၊ တောင်ခေါင်းမြို့ဝယ်၊ အမျိုးမြတ်လှ၊ ဝရဓမ္မရာဇာ၊ ဖြစ်သောခါက၊ သည်းချာရင်သား၊ မွီးသည့်သားလျှင်၊ ငါးပါးကြန်အင်၊ မင်းမျိုးစင်သည်၊ မည်ပင်ဉာဏ်တုတ်၊ သိန်းဇကုတ်တွင်၊ ချစ်မှူကြင်ယာ၊ သုဇာတာသည်၊ အူချာရင်သွီး၊ သားကြီးမြတ်စွာ၊ နှိဥက္ကာဟု၊ မည်သာတွင်ထ၊ ကုမာရသည်၊ နာမတစ်လီ---ထားလတ်တည့်လည်း။

၄။ လည်----ရတနာသုံးပါး၊ တရားနဝရတ်၊ ရိုညွှတ်သဒ္ဓါ၊ ကိုးကွယ်ရာ၌၊ ကျွန်းသာရပ်ပြို၊ အဆုံးဝယ်တွင်၊ ပင်လယ်မြစ်ဝ၊ ဆဒ္ဒန်သဝယ်၊ အပြောကျယ်စွာ၊ ယမုနာသည်၊ ယဉ်သာအထက်၊ လက်ယာဖက်က၊ အထက်နီသည်၊ ဟသ်ာပြည်က၊ ဧရာနနှင့်၊ နှိဝဆည်စုံ၊ သုံးချောင်းတုံ၍၊ မွီးထုံနန်းလောင်း၊ သုံးပြည်ပေါင်တည်၊ တောင်စောင်းတောင်ပိုင်း၊ ဇကိုင်းနှိပြည်၊ သာသည်ဌာန၊ ပြည်ပင်းယမှာ၊ နှိဝဟူသည်၊ ဤသုံးပြည်ဝယ်၊ ရွာငယ်ရွာကြီး၊ ပြည့်၍ဟီးသည်၊ အရှိယင်ခွင်၊ သံရှင်ပုထိုး၊ ပိကုံထိုး၌၊ အရိုးကောင်းလှ၊ သမ္မတက၊ တကွမပြား၊ နွယ်သော်ခြား၍၊ အောက်သားတလိုင်း၊ အရိုင်းပျူရော၊ ရှမ်းနှင့်နှော၍၊ ဝပြောသာယာ၊ ငြိမ်းချမ်းစွာသည်၊ ပျော်ရာရွှင်မြူး၊ သုံးရတုတွင်၊ ရိုက်ကျူးသံညင်း၊ သာခြင်းအဲအန်၊ ပန်းမန်ဝတ်စား၊ သွားလာမငြီး၊ တင်နှိုးရွှင်ပျ၊ ပျော်ကုန်ကြ၏၊ ပျပျလာရွှင်၊ နားတွင်နှိသီး၊ ညီးကရိနှင့်၊ သစ်သီးပန်းမန်၊ ကုတ္တမန်လက်စွန်း၊ ခေါင်ရမ်းစံကား၊ ဆိုသော်များ၍၊ ဝတ်စားကိုယ်မှာ၊ ဖြူပြာအမည်း၊ အံ့ဖွယ်ချည်းနှင့်၊ နက်နည်းထွေလာ၊ ဆင်စရာတည့်၊ တူရိယာစောင်းညှင်း၊ တီးမှုတ်ခြင်းဖြင့်၊ ရောင်ဆင်းနှိဝါ၊ တင့်လှစွာသည်၊ လေးဖြာမျိုးနွယ်၊ ရောယှက်နီ၍၊ အီးကြိုင်ဇမ္ဗူ၊ ချီးရားဟူသည်၊ မဥ္ဇူတလည်--ပျံ့လတ်တည့်လည်း။

၅။ လည်---သကျမှန်ကူ၊ စောဘုန်းတူက၊ ငါးဆူကိုယ်စား၊ သွန်း၍ထားသော၊ သုံးပါးရတနာ၊ တည်ရာရပ်မြို၊ ပုက္ကံပြေဝယ်၊ အသည်အလာ၊ နီရာလူတို့၊ တောင်ခေါင်းမြို့၌၊ အမျိုးမြတ်လှ၊ သာကီယလျှင်၊ တစ်ရာ့တစ်မင်း၊ မင်းတို့သခင်၊ နတ်ရှင်နီမျိုး၊ စိုးအုပ်မိုးသည်၊ ဟန်ဆိုးရှည်ဘုန်း၊ တုတ်ခွန်ချိုး၍၊ ဇဂုံးဇလင်း၊ ခပင်းပြည်ရွာ၊ ငြိမ်းချမ်းသာသည်၊ များစွာပြည်နက်၊ ရွာလက်စားကျိုး၊ ခရိုင်ထီးလည်း၊ အရှိဇရန်၊ ပုက္ကံပြည်ပ၊ န္တိကူဝတွင်၊ ဟသ်ဝတီ၊ ခေါ်ညီတွင်သည်၊ ဇင်းမယ်ပြည်နှင့်၊ တစ်ပြည်ဌာန၊ ကာမမင်းတုံး၊ ရပ်ဆုံးတစ်ခွင်၊ သံပြင်ကသည်း၊ မိုးဖွဲ့မိုးဖျင်း၊ ရပ်ခပင်းမှာ၊ သောင်းခွင်သောင်လုံး၊ တင်ဆုံးစီရင်၊ စစ်အင်သုံးပါး၊ ယာဉ်ရထားနှင့်၊ ပျော်ငြားချယ်ဖွယ်၊ လူမျိုးနွယ်က၊ ညွင်းပြီခြေချောင်း၊ မိကျောင်းလက်ခတ်၊ စောင်းအတတ်နှင့်၊ တွတ်တွတ်ညင်းညင်း၊ သံရှင်ပျပျ၊ တီးမှုတ်ကြ၍၊ တကွသွားလား၊ သားချင်းများနှင့်၊ ယစ်စားမလှည်း၊ ပျော်စမြဲကာ၊ သမီးလုလင်၊ ဖူးမြင်နှစ်ပါး၊ နိလတ်ငြားသော်၊ စကားပျော်ဖွေ၊ စုံစမ်းပေ၍၊ ဖလှယ်ဆီးဝါး၊ သောက်တုံငြားလည်း၊ သွားလာမကွဲ၊ နိလျှင်းစီ၏၊ လေ့လေ့မှိုမှို၊ သင့်ရာပြီးမှ၊ ချစ်ရိုးတကွအိမ်ထောင်ရ၍၊ သုံးပါးရတု၊ ပျော်မှုသဘင်၊ လုလင်သမီး၊ ချီကမူနှင့်၊ အလိအလာ၊ ရပ်ရှစ်ပါးတွင်၊ လှထွားဆင်းရောင်၊ ကြယ်ရောင်ဖြူထွန်း၊ တစ်မည်ဆန်း၍၊ နှိုင်းတန်းပမာ၊ မရှိရာသည်၊ နံ့သာကတိုး၊ ပန်းမျိုးတစ်လီ----စိမ်းလတ်တည့်လည်း။

၆။ လည်----အမြတ်အမြတ်၊ တသောင်းခတ်၍။ မလပ်ပြီပြင်၊ တိုင်းခွင်တစ်ရိုး၊ မင်းတို့မျိုးကား၊ တန်ခိုးကြီးစွာ၊ ဗြဟ္မာဒေဝ၊ ဖန်ဆင်းကြ၍၊ ဘုမ္မမည်ချာ၊ သာယာသည်ဖြစ်၊ လက်ယာရစ်မှာ၊ မလစ်ဖူးမြင်၊ တန်ဆောင်ချင်၍၊ မြို့ထက်ခါလောက်၊ သည်ဆိုင်ဆောက်၍၊ ရပ်လျှောက်ပတ်ကုံး၊ သူရဲဖုံးနှင့်၊ တုံးတုံးမှိုင်းမှိုင်း၊ ကျောက်တံတိုင်းမှာ၊ ဆိုင်းဆိုင်းရုံပတ်၊ ကျုံးသုံးထပ်နှင့်၊ နဝရတ်ရင်တား၊ န္တိလောင်းထား၍၊ တံခါးခုံးတိုင်၊ တူပြိုင်ကာဆီး၊ သူရဲပြီးနှင့်၊ တစ်သိန်းဗိုလ်ခိုင်၊ ဖြိုမနိုင်၍၊ ကျန်းခိုင်လက်နက်၊ ရဲမက်ပြောထူ၊ တုတ်ခွန်ချူနှင့်၊ ကြီးထူကျောက်ထုတ်၊ သူရဲဆုပ်နှင့်၊ အထုပ်လေးမြတ်၊ မင်းများနတ်တို့၊ လွှတ်ပတ်တန်ခိုး၊ မိုးသိုကြိုး၍၊ တန်ခိုးထင်ထင်၊ ရာဇဝင်ဟူ၊ တိုင်းခွင်တစ်လည်-----ခြယ်လတ်တည့်လည်း။

၇။ လည်----အရှိတူရှု၊ ပန်းပင်ဟူ၍၊ ဗျိုင်းဖြူပျံရော၊ သျှမ်းနှင့်ရော၍၊ ကျက်တောမအူ၊ လေးပါးလူတို့၊ မယူမီးပွား၊ မောဟများ၍၊ တရားမဝ၊ မိုက်လွမ်းကြသော်၊ ငါးပါးရန်စစ်၊ ဖြစ်သောကြိုက်တွင်၊ အဖြစ်မြတ်လှာ၊ ကလျာဏက၊ တေဇအသစ်၊ စိုးမိုးလစ်၍၊ မင်းစစ်စမွာ၊ ဖြစ်လတ်ခါကား၊ နိကြားမဟီ၊ မန္တိမပျက်၊ ဆမ်မျက်သီသပ်၊ ကျောက်ကို

ခတ်၍၊ နဝရတ်ကျန်းခိုင်၊ တုရိုင်ရင်တား၊ လက်စောင်းနားမှာ၊ အင်ကြာမူးမူး၊ ခြင်သီးဖြူးသို့၊ ဘီလူးနတ်သား၊ သွန်း၍ထားလည်း၊ မင်းအားညီညွတ်၊ ပြာသာဒ်နန်းပြင်၊ ယာဉ်ရှင်လေးစီး၊ အောင်စည်တီး၍၊ လမ်းကြီးလမ်းငယ်၊ သာစည်အလွန်၊ ရိကန်ဥယျာဉ်၊ ရိပ်စင်မြများ၊ ပျော်ဖွယ်များနှင့်၊ ချိုပျားရသာ၊ သကာပျားနှယ်၊ အံ့ဖွယ်ထူးဆန်း၊ မရန်းချိုးချိုင်၊ ဥယျာဉ်ဖျင်ညီး၊ ချိုသီးရသာ၊ စား၌ါမရှား၊ ရသာများနှင့်၊ အစားဆန်ရိ၊ ရွှိုင်ဝှိပစ္စည်း၊ ကျိုကျဖြည့်၍၊ မင်း၏ထံရင်း၊ များခြင်းရုံကာ၊ ဗိုလ်ပါဆင်မြင်း၊ ကျွန်သင်းပင်းနှင့်၊ ရွှိကွင်းငွေကွင်း၊ များခြင်းရတနာ၊ ဥစ္စာကြွယ်ဝ၊ ပြည့်စုံကြ၏၊ ဌာနရပ်မွန်၊ သူမတန်သည်၊ ပြည်မွန်တစ်လီ----စည်လတ်တည့်လည်း။

၈။ လည်----တစ်ယောက်ကသိ၊ ရွာလက်ကျိုနှင့်၊ ရွှိရှိလန်းလန်း၊ လပြည့်ဝန်းသို့၊ ရပ်ကျန်းသီရိ၊ တိုင်းပြည်ကြီးမှာ၊ အရှိနီရာ၊ တဖြာလင်းကဲ့၊ ချင်းအရဲနှင့်၊ မှုတလဲမမြို၊ နားမလည်ဟု၊ ဖဲကြည့်ရွှံ့သျှာ၊ ရုံခါမကပ်၊ မနိုင်တတ်၍၊ အရပ်အခြား၊ ရှမ်းပြည်သား၊ သုံးပါးဘာသာ၊ ရှုသာပျော်ပါး၊ တန်းကစားလို့၊ သွားလာခုံမင်၊ ရန်ကိုငင်သည်၊ လျှင်လျှင်လျှားလျှား၊ တွန်းကာသွား၍၊ လွှားလွှားအန်ထောင်၊ ရန်ကိုအောင်သည်၊ မယောင်မမှား၊ တန်းကစား၊ အောက်သားနွယ်ရိုး၊ ကျန်အမျိုးမှာ၊ မြီမိုးတွန့်ရှည်၊ ဆယ့်နှစ်ပြည်လည်း၊ ပိုင်သည်စိုးအုပ်၊ စိုးချုပ်အာဏာ၊ မင်းသဘာသည်၊ စိုင်လာရာဇာ၊ ခတ္တိယာတွင်၊ ပဥ္စငါးမည်၊ မြောက်စည်တံပိုး၊ မှုတ်ရိုးကျာကျာ၊ ခရာသံကောင်း၊ ကြီးနှင့်မောင်းလည်း၊ ဆောင်းဆောင်းတလည်----မှုတ်တတ်တည့်လည်း။

၉။ လည်----- အဆိုင် အဆိုင်၊ ကျေးဇူးခိုင်၍၊ နှိုင်းပြိုင်မရ၊ မဏ္ဍိုင်မနှင့်၊ ပျပျသာရွှင်၊ ယကင်စီလုံး၊ ပုလဲလုံးနှင့်၊ တထုံးတဆည်း၊ နရည်းပတ်သာ၊ ခရာသံပြင်း၊ တီးမှုတ်ခြင်းလည်း၊ ကြီးနင်းကြကြ၊ ခေါင်းလောင်းသံနှင့်၊ မည်မကင်း၊ တဝင်းဝင်းနှင့်၊ ခွက်ခွင်းခရည်၊ ကျာကျာမှုတ်၍၊ တတုတ်တခြား၊ နိုင်ငံများနှင့်၊ ငါးပါးကြာမျိုး၊ ရိပေါ်မျိုးနှင့်၊ သားမျိုးစုံစွာ၊ သာလိကာနှင့်၊ ကြိုးကြာသံမြွက်၊ စက္ကဝက်နှင့်၊ ရိကြက်ဟသာ၊ လူးလာမစဲ၊ ဝမ်းဘဲတလည်---ဝဲလည်တည့်လည်း။

၁၀။ လည်----သရေခေတ္တရာ၊ မဟာနဂရ၊ ရွှိပြည်မမှာ၊ ရာဇာနွယ်မျိုး အမျိုးစည်ရှည် စိုးမိုးသည်က အသည်တချောင်း မြပန်းဒေါင်းနှင့် ဖိုးလောင်းမင်းဝင် ဘခင်မင်းဖျား နန်းဆက်ဖွား၍ ရှိဖျားမင်းဆက် စဉ်မပျက်သည် နန်းတက်ဘုရင် နှင်နှင်ဖွား၍ သည်းကြားရင်သွီး သားထွီးကြင်ရာ ရွှိဥက္ကကား ရပ်ရွာတိုင်းစည် ဆယ်နှစ်ပြည်ကို ပိုင်

သည်မင်းမျိုး အရိုးစဉ်လှာ မြတ်လှစွာသည် အရိယာသူမြတ် မပြတ်ပျော်ရာ လေးဖြား မျိုးစုံ မင်းအမှုက ကေတုမတီ ဌာနီရပ်ပြည် ဇကိုင်းပြည်က ငါးမည်ရန်သူ မပြုလိဝံ့ စိတ်ပျံ့မူးမှိုင် မအောင်နိုင်၍ နှိုင်းပြိုင်မရ စက်ချိန်ရိုပ်၍ ထိန်ထိန်ကျော်ထင် ဖက်မမြင် သည် လူတွင်အမြတ် အထွတ်တလည်----တည်လတ်တည့်လည်။

၁၁။ လည်----လေးသိန်းနှစ်သောင်း ထွက်ကျိန်းယူဇနာ သချာကလန်း လေး ထောင်စွန်တွင် ရောက်ထွန်းသပြီ ဇမ္ဗူပြေမှာ သုံးဆယ်ပါရမီ ဖြည့်ညီစင်လှ ပွင့်လတ် ထတည့် စရဏာတရား ဉာဏ်ဆယ်ပါးနှင့် အများသတ္တဝါနတ်ဖြဟ္မာကို အညာနိဗ္ဗာန် ပြည်ကြီးမွန်တွင် ဟောညွန်တရားချွတ်လတ်ငြားသော် အများတကာ သွားကုန်ရာသည် သုံးဖြာလမ်းမ တွင်ကုံကြလည်း စက္ကဝဠာ လဟာထုတ်ချင်း ကောက်ကောင်းစင်းကာ သီတင်းလေးပါး ကုသိုလ်အားဖြင့် ရှစ်ပါးအမြတ် သမာပတ်က နှုတ်လွှတ်ကာဆီး မြို့ ကြီးပြင်နား တံခါးခုံးတိုင် တန်းခိုင်းဆောက်ပြု လေးခုအမြတ် ဣန္ဒိပတ်၍ လေးရပ်တံခါး အစောင့်ထား၍ လေးပါးဖြဟ္မစိုရ် ဖြူညိုခါသိန်း ကြာရှိန်းရှိန်းနှင့် သတိပဋ္ဌာန် လေးတန် ကိစ္စအရိယက စသည်မကြွင်း လိုသုံးစင်းနှင့် အပြင်းမနီ ကူးလျှင်းလီဟု လူ့ဆိဘုရား ဗျာဒိတ်ထားသည် ငါးပါးသီလ ဒါနဝတ္ထုကောင်းမှုပျင်ပည်း လှူမစဲသည် မင်းရဲကျော် ထင် မည်ပင်ဉာတ်ထုတ် သိန်းဇကုတ်၌ ချစ်ရိုးကြင်ဖော် ဆင်းရှိလှော်သည် အကျော် တစ်ထူးမဖြစ်ဖူးတည့် လက်ဦးဖွားမြော် ချစ်ညီတော်လည်း နှိုင်းသော်မရ အလှတစ်ဆူ ဖိုးမယ်ဟူ၍ နတ်လူကျော်ကြ မွတ်မွတ်လှသည် နာမတလည်---တွင်လတ်တည့်လည်။

၁၂။ လည်----အချာအချာ မြင့်မိုတာက လေးဖြာရောင်ယှက် လုံးလုံးထွက်၍ မြမျက်ပြည်ထီး ဖက်မဟိသည် ချစ်ရိုးလွန်လှ ထိုမိန်းမကား တရားဆုတောင်း သစ္စာ ကောင်း၍ အလောင်းမိဋ္ဌာန်ပြုသောခါ၌ နတ်ရွာမြင့်ပျူး မြင်းမိုရ်ဦးမှာ ပဏ္ဍုနီရာ ကမ္ဘလာသည် ကျောက်ဖျာပြင်တင်း ပူလတ်ခြင်းကြောင့် အဆင်းထူးခြား ပုဏ္ဏားသက်နုံ ရုပ်ဟန်ကတု ဖန်ဆင်းပြု၍ ကိုးခုအပြား သိကြားလူပြည် ရောက်လာသည်က သိမည် အနာ ထိုအရာကို သာမိဆောလျင် လွှတ်စီချင်၏ ရိခင်လက်ဦး သွန်းလတ်ဖူး၍ အိပ် မူးပြေငြား နိုးသောလားသို့ သိကြားမိုးနတ် ရှင်စီတတ်သည် နိမှတ်ဘုန်းယူ ဖြစ်တော်မူက အရှုမညီး မျိုးဘုန်းကြီးနှင့် ခေတ်ရှိကြင်ဟန် ချစ်ရိုးမှန်သည် မလွန်စီရ စိတ်မောဟကား စိန်မြညိုရောင် ယုဂန်တောင်က ထင်ယောင်မြမြ သူဇာကျသို့ သတ္တရတနာ စုံစွာသော အား ခုနစ်ပါးနှင့် ယောကျ်ားစစ်စစ် မှန်သည်ဖြစ်က မဖြစ်မမှား ကြိုးဝတ်စား သည် သူ့အားကျေးဇူးကျေနိုင်သူကား အထူးအကျွန်း ရဟန်းပုဏ္ဏားသိပ္ပကားနှင့် ခစား

သောသူ ရပ်သူပြည်သားသူကောင်းများကို သနားချစ်ခင် ကျေတင်မှတ်မြား သူ့အား ကုန်အောင် လုပ်ဆောင်ကျိုးမိုး ကျင့်စရိုးက တန်ခိုးလျှံဝင်း ဘုန်းရောင်ချင်းတည့် မင်းနှင့် ခိုးသူ မိရိဟူသည် ရန်သူတလည်---မူလတ်တည့်လည်။

၁၃။ လည်---- ဟူဟူငြားငြား အင်ငါးပါးနှင့် တရားနို့ရည် သောက်ကုန်သည် ကား ကိုးထွေအပြား ကုသိုလ်အားဖြင့် စကားအမွန် အရိုးမှန်သည် ဆယ်တန်အမြွက် ပရိယတ်နှင့် အထွတ်ပညာ ထိုဆရာ၌ အဌာရသကုန်သိပ္ပကို ရှုရှုနှုတ်ဖျား ရှိုးမှတ်သား ၍ လောကသာရကျမ်းအစကို မှတ်သားကုန်ချုံအကုန်တတ်ပြီး ကျမ်းကိုမှီး၍ ဆင်စီးမြင်း နှင့် အကုန်သင်၍ ပစ်ငင်လေးမြား လုံ့ခြားလွှားကား နည်းနာပုံပြင် တတ်အောင်သင် ၍ ကြီးအင်ကြံစည် မျိုးများလယ်၌ ရှိနီတရား မြင်နိုင်ငြားလည်း မင်းဖျားသရဖူ အောင် တော်မူ၍ ရိပ်ဖြူညီးညီး ရွှှေစင်ထီးနှင့် ဆယ်စီးသျှင်မြီး ငါးစီးသျှင်သား တရားမင်းမြွတ် အထွတ်သည်းချာ ရွှေဥက္ကာကား ဆရာထံပါး ထားတုံငြားလည်း လျှောက်ကြားပန်ထွာ ထုတ်သောခါ၌ စိုင်လာမျိုးဆက် မပျက်ငြိမ်ရှိ အုပ်စိုးနိဟု မြတ်လီးချစ်ခင် သားလွန်းကြင် ဟု ရင်ခွင်ပစ်နှော ပညာစောဖြင့် မကောမဝတ် ဆိုတိုင်းမှတ်၍ အမြတ်လိုတွင် ကောင်း အောင်မြင်သည် ဘခင်မိရင်း အိမ်ရှိနှင်း၍ ခပင်းဗိုလ်လူ သျှစ်ပါးဟူသည် ရန်သူ တလည် ယုတ်လတ်တည်လည်။

၁၄။ လည်--- အဖြစ်စဉ်လာ၊ မှတ်စရာသည်၊ ရာဇမိရာဇ်၊ မင်းသားဇစ်လျှင်၊ မျိုးချစ်နှမ၊ ဖြစ်တုံကြလည်း၊ တကွ မကွာ၊ ပျော်ပါးရာ၏၊ ရင်းချာမျိုးပွား၊ မဟိငြားလည်း၊ တခြားမိုးမြို၊ နီလျှင်းလီ၏၊ ရွှှေပြည်လှည့်ပတ်၊ ဖွံ့ရှာလတ်၍၊ စိတ်ပျက်အိမ်သူ၊ ရလတ်မူ က၊ အတူတကွ၊ ဌာနသူပြည်၊ ပြန်လျှင်းလီ၏၊ နည်းသွယ်ပုံခိုက်၊ မှတ်ကုံလိုက်၍၊ မျိုးချစ် နှမ၊ အလှမြတ္တော၊ မယ်ဖိုးမယ်ကို၊ ပျော်ဖွယ်အကြိုက်၊ ဟိသည်ဖြစ်လည်း၊ အချစ်မပြို၊ ခွာလျှင်းလီ၏၊ အရှိယင်ခွင်၊ ဖောင်းခါးပြင်၌၊ ရွှှေစင်တူထ၊ နတ်မိန်းမက၊ အလှမြတ္တော၊ အမည်ပန်းကုံး၊ စိတ်နှလုံးကို၊ ယူကျုံးရှာဖွေ၊ ချစ်ကြမည်ဟု၊ မနီနိုင်ဘဲ၊ လွန်တသဲလို့၊ ခမည်းတော်အား၊ ကြားလတ်ငြားလည်း၊ တခြားရွှတ်စဉ်၊ ငါ့အပိုင်၌၊ ဦးကိုင်မလွတ်၊ ရှိညွှတ်သဒ္ဒါ၊ မကြာခဏ၊ ဆက်လှာရ၏၊ သားလှကြင်သူ၊ ချယ်မည်ဟူငှ၊ အတူမခွဲ၊ ပီးစားမည်ဟု၊ ရှည်ရှည်ခရီး၊ လမ်းမဝီးသည်၊ ရွာကြီးတလည်---ပါးလတ်တည့်လည်။

၁၅။ လည်---- တထောင့်ငါးရာ ကိလေသာမှာ ကြီးစွာအမှတ် လူတို့ဝတ်တွင် အမြတ်ကောင်းကျိုး အားထုတ်ကြိုး၍ ချစ်ရိုးမထင် ဖောင်းခါးပြင်မှာ ပြည်သျှင်တို့အား သနားစုံမက် ချိန်းချက်စကား လာမကြားသော် မင်းဖျားအာဏာ စီသောခါကား ပြေကာမသွား ခွာသျှောင်ငြား၍ လေးပါးဆွီမျိုး ရှိခိုးရိုသီ ဆက်သျှင်းလီ၏၊ မြင်ချီသောသူ ပြတ်ရှုစုံမက် မခွာရက်တည့် ရွှီစက်အလား ယောင်ညက်ထွားကို ခြောက်ပါးပြစ်လွတ် အထွတ်စမ္ပာယ် ချစ်ကောင်းမယ်ဟု ပျော်ဖွယ်နှလုံး မေပန်းကုံးကို လက်ရုံးဆန့်ယောင် ဘုန်းရောင်တူမျှ တန်ဖိုးပြ၍ တုတ်ကွရိုညွတ် လူများနတ်က ချစ်မြတ်ရင်ခွင် ရွှီပန်းဆင်သို့ ဘခင်အမြတ် ဆောင်နှင်းလတ်က ရွှီယပ်ရွှီခါး ပတ္တမြားမျက်ခြယ် စီသည်တို့ကား လျှပ်ရောင်လားသို့ ကိုးပါးနဝရတ် ချုပ်ခါတ်ချုပ်ပုံ ရစ်စုံပန်သတ် နဝရတ်ကို ပြင်ခတ်စီရှင် ရွှီစင်ရောင်ညီး မြရိုးတလည်---ပြီးလတ်တည့်လည်။

၁၆။ လည်----ရိုးဆယ်ကမ္ဘာ ခင်ပွန်းစကားထာ မကွာသျှည်ဖက် အကျိုးဇက်ကြောင့် မပျက်နှလုံး မေပန်းကုံးနှင့် သက်လုံးမကွာ ပျော်စရာသည် ရုပ်ဝါထူးဆန်း ခဝဲပန်းသို့ မေတန်းလီရာ လူတကာတွင် ပမာပုံသွီး နတ်သမီးသို့ ချစ်ရိုးကြင်ဖွယ် မေဖုံးကြွယ်သည် နိကျယ်စုံပေါင်း မျက်ပွင့်ကောင်းနှင့် အလောင်းမင်းလျာ ဥပ္ပရာက စကြာမြူးပျံ့ သော်တာစံသို့ ဆဒ္ဒန်ဆင်အား ထီးဖြူလွှားကာ လက္ခလွေကူ စတုရသသင်္ဂဟ၌ အများစီးပွား ပြည်သူများနှင့် ခစားရိုကျိုး ဂူပုထိုးသို့ အကျိုးများဟန် ကျေးဇူးလွန်က နိဗ္ဗာန်သျှည်ဇု မျှော်လင့်ရှု၍ ကျေးဇူးစကား ဘခင်ကြားသော် ရွှင်ပျော်နှလုံး မှတ်ယူကျုံးသည် ပန်းကုံးတလည်---- တင်လတ်တည့်လည်။

၁၇။ လည်---- မဆွမီးဖိုး ပဥ္စာရိုးတွင် တန်ခိုးအလွန် မရွှန်မကြောက် မရောက်မတင် ဝင်လျက်ရိုသီ ကျနုံ့သောင်နီ၌ လာမည့်စကား တင်မကြား၍ တခြားရိမြီ နီသည်တရိုး ယင်းရွာတိုး၌ ပြည်စိုးမြို့ကွက် အမတ်စစ်ချီ ရိမြီစိုးရ မင်းကစ၍ အားရယုံကြည် မလှည်မပတ် ကျမ်းသောင်လတ်၍ မပြတ်အာရုံ ရွှီပုံငွီထပ် မဆက်လတ်၍ မညွတ်မတိမ်း မစိမ်းမစွန် အထွန်မမူ ခါးလှန်ထူ၍ မထူမလည် ဆူတည်တည်လျှင် ထိုရှည်နီစီ မင်းရှိမသွား ကျန်လတ်ငြားသော် တရားမထောင် စစ်ထိုးအောင်သည် စိုးထောင်နှိပ်နင်း၊ ဖျက်ဆီးခြင်းလည်း တရားကလည်း---ပျက်လတ်တည့်လည်။

၁၈။ လည်---ဇနပုဒ်တိုင်းစည် မိုးဖျားပြည်၌ ရှိငှိုဥစ္စာ ဘဏ္ဍာကာရမဆက်ကြ၍ မရထုပ်ခွန် ကျန်းသန်သောအား ထိုစကားကို မတ်များတကာ ဗိုလ်ပါအများ လျှောက်လတ်ငြားသော် အားပါးမနာ ကြံရာတုံခြင်း ငါသည်မင်းကို ကြောက်ခြင်းမဟိ ဝိစိကိစ္စာ တဏှာရာဂ ပျက်တတ်လှဟု လုံ့လကြိုးစားအမှတ်များနှင့် ရထားမြင်းဆင် စတုရင်နှင့် များဖျင်ဗိုလ်ဝန် တသိန်းခန့်၍ စစ်ရပ်မြို့တာ ယင်းရပ်ရွာသို့ မြင့်ကြာမနီ လွှတ်ရစီဟု အညီအညာ ဗိုလ်ပါတို့အား ဝီဖန်ခြား၍ ရဲများကိုယ်ကြပ် မင်းစီအပ်၍ သုံးထပ်စစ်မြို ချီလျှင်းလီလျှင် ဆင်သည်မြင်းလုံ ချီသည်အုံ၍ ခပ်လုံကောင်းကင် မြို့တွင်မဆန့် ချင်းချင်း နှံ့မျှ စစ်ရပ်မိုးမြို့ တိုင်ရောက်လီသည် ဗိုလ်မည်တလည် ----ချဲလတ်တည့်လည်။

၁၉။ လည်----မိုးဖျင်းမိုးဖွေး ရွာခသည်းနှင့် မင်းရဲအာဏာ စစ်ထိုးခါ၌ ထိုရွာ ပြည်သား သူရဲများတို့ အကြားဆီးကန့် ဆိုင်ပြိုင်ခန့်သော် ပြန်အုံမသာ ဝီဆာညှိုးပါး ပြတ်လတ်ငြားသော် အရောက်သတင်း အပြင်းလျင်စွာ ကြားပြန်လှာက ထိုရွာပြည်မင်း ဆီးတားခြင်းကို သတင်းဆက်ကာ ရောက်သောခါဝယ် မကြာမချောင် ဘုန်းဟိရောင် ဖြင့် မင်းခေါင်မည်းသီး သူရဲကြီးကို စစ်ရီးဖန်သော် ရဲဖော်ကိုယ်ကြပ် တသိန်းခပ်၍ အထွတ်ဘုန်းကျော် စိုးတော်မနီ သွားချီမည်ဟု စစ်မြို့ခရီး ချီလီပြီးသော် ဆီးဆီးတားတား ထိုပြည်သားကို မထားသစ်သစ် နှင်ခွာလစ်သည် ပြန်ပြစ်တလည် ဝင်လတ်တည့်လည်။

၂၀။ လည်--- ပြစ်ပြစ်သာသာ ထိုပြည်သာကို အကြာဆီးကပ် ရန်ကိုဖြတ်၍ ငတ်မွတ်သျှားပါး သူရဲများကို အစားရှိငှိ ပီးလျှင်းလီ၏။ စစ်မြို့လမ်းဝ တပ်ကြီးချ၍ အရကုံးငွယ် ကြံသည်လှည့်ပတ် ဆိုင်ပြိုင်လတ်သော် လွတ်လွတ်ထိုးခုတ်အားအန်ထုတ် ၍ တစ်ဖြုတ်မခံ မြတ်တန်စီးသွား ထက်လေးမြားနှင့် ရဲဖျားတည်လစ် ပြုံးပြုံးပစ်၍ ရန်စစ်လူဗိုလ် ပျားနှယ်ပြို၍ မငြိုရန်စစ် ညှိုးသည်ဖြစ်သော် ပြစ်ပြစ်အောင်ချီ နီလျှင်း လီ၏ အစီအပါ မင်းအာနာဖြင့် ထိုရွာကိုကား ကြီးစွာမျှရီး နှင်းချီပြီးမှ ရပ်ကြီးလူဗိုလ် နဂိုပြည်မ ပြန်လတ်ကသော် အားရဝမ်းသာ ရွှင်လန်းစွာသည် မေတ္တာဓာတ်ရှိ ချစ်ငှိ တလည်--- ရွှင်လတ်တည့်လည်။

၂၁။ လည်--- ရတနာပူရ ပြည်မတန်ဆောင် ဖိုးခေါင်နဝရစ်ကြားသည်ဖြစ်၍ ဘချစ်သမီး စံသီးညိုမြ အလှမြတ္တေမယ်ဖိုးမယ်က ခေါ်သည်တရှိ ဆင်းလှရှိက ဝှန်ဝီ ကျစ်လစ်ကြူသမစ်တို့ လောင်းစစ်နွယ်ရိုး မင်းမျိုးတကာ ပျော်ထိုက်ရာသည် ဥက္ကာရှိုး ဆက် ကျိုးမဖက်၍ ချည်ဖက်ကြင်ဆွိ မဖြစ်လီလျှင် ဘုံစည်သခင် မင်းများသျှင်သည်

ရပ်ခွင်တိုင်းစည် မိုးဖျင်းပြည်ကို သတ်ချီသောခါ ကိုယ်ယာတတ်တတ် မနိုင်လတ်၍ ငတ်မွတ်သျှားပါး သီလားပါပြီး ပျက်လုနီးဝယ် ရဲတီးဆောလျင် ကယ်တင်လီဖူး ထို ကျေးဇူးကြောင့် စုဖူးသျှည်ရာ မကွာလီရ ရှိုးပုညတွင် ဇကမည်ပင် မင်းခေါင်တွင်သည် ရှိတင်ရီဖျား ထိုယောကျ်ားနှင့် သနားကြင်ရာ မေတ္တာဓာတ်ရစ် အချစ်တလည်---မြို လတ်တည့်လည်။

၂၂။ လည်---- သုံးပါး ကာမာ၊ အဝိဇ္ဇာဟု၊ သခ်ီရာ ရူပ၊ ဝိညာဏနှင့်၊ သောက ဇရာ၊ မရဏာသည်၊ မကွာအုပ်စွဲ၊ တစ်သီးဆွဲသို့၊ ဖြစ်မြဲတတ်စွာ၊ ဤခန္ဓာကို၊ နရာစော ထိီး၊ မမြင်မိုး၍၊ ချစ်ရီးမပြီ၊ မကြည်လီ၍၊ ပျံ့သည့်မိုးပြင်၊ မဏိရှင်သို့၊ ရင်ခွင်ကိုယ်ထက်၊ အသက်နှယ်တူ၊ မှတ်သည့်သူကို၊ စိတ်တူကြည်ဆောင်၊ ရှိမင်းခေါင်နှင့်၊ ကြည်ဖောင်ရုံ ညီး၊ အိမ်ထောင်ပီး၍၊ စားကျိုးရွာစည်၊ ရသည်ခွန်ဆက်၊ တစ်သောင်းထွက်ကို၊ ပီးပွက် အာဏာ၊ ရပ်ရွာခြားသီး၊ ကောင်းချီးတစ်လည်---ဘော်လတ်တည့်လည်။

၂၃။ လည်---- တထူးတလည်၊ ပျော်ကောင်းဖွယ်သည်၊ တထွေဆန်းပြား၊ ဆိုသည် များ၏၊ ကြောက်အားလန့်ဖွယ်၊ မသုံးခဲ့လို့၊ ကုန်စည်ဘုရား၊ ပညတ်ထားသော်၊ ရှိများမင်း ထက်၊ ရွှိနန်းထက်ဝယ်၊ စိုးရသာများ၊ မျက်ကွင်ဝါး၌၊ သစ္စာကိရိယ၊ ပြုကြမနာ၊ မြင်ချင် စွာ၍၊ ကြံရာကြိုးစား၊ ထိုယောကျ်ားကား၊ ထံပါးတုပ်ဝပ်၊ ခြီရင်းကပ်၍၊ အထွတ်လထား၊ သားအလားသို့၊ ထွတ်ဖျားဗိမာန်၊ မိုးကြိုးမွတ်လည်း၊ လေးတန်ဗဟို၊ မြတ်နဂိုမှာ၊ မှတ်ဆို သျှည်စု၊ သိန်စကုတွင်၊ ပြည်မှုပြည်ရာ၊ နည်းနာမွန်တီး၊ မင်းမှုရီးကို၊ ထိန်းသိမ်းဆောင် ရွက်၊ အကျိုးနက်၍၊ မိန့်မြွက်စကား၊ မြတ်ရာထားသော်၊ ခစားရိုညွတ်၊ မပြတ်တလည်- -----ကိုးလတ်တည့်လည်။

၂၄။ လည်----ပရိက္ခရာ ဥစ္စာဆွိဝါး ကံကျွေးထားလည်း သောက်စားချင်ဖွယ် ပီးသည်အရှိ စဖိုသွိုးမှာ ချစ်မိ ချစ်ဘ ခေါ်ကုန်ကြ၏။ ငယ်ကတမူ မင်းခေါင်ဟူ၍ ရဲမူရဲမား ရဲသီးစား၍ ဘုရားနှုတ်တော် ရှိကမျှော်သည် အကျော်တရား ကျီစားထား၍ မင်းပါးကျွမ်းဝင် နီတုံကျင်သည် မရှွင်မောဟ လောဘအားကြောင့် တရားမသိ ဇာတိ အလျောက် မကြောက်မရှက် လောဘငှက်ဟု ရူပက္ခန္ဓာဖြစ်ရာရာမျာ သစ္စာမဟိ ပျက် တတ်ဘိသော် မိမိအကျိုး နိုင်ဇနိုးသည် ဇွန်သိုးတလည်----ရဲလတ်တည့်လည်။

၂၅။ လည်--- အစဉ်အလာ၊ မျိုးလေးဖြာတွင်၊ ဉာဏ်ဝါးထွန်းမြူ သိန်းစကုမှာ၊ ပြည်မှူရိုးရာ၊ ကုန်သောခါ၌၊ အခါမြင့်ရှည်၊ သူ့ရပ်ပြည်၌၊ ရဲထွေကိုယ်တော်၊ စိတ်မပျော်သည်၊ နီသော်နီညီး၊ နီညာင်းပြီးသော်၊ တသီးသာကြည်၊ နီသောပြည်က၊ နတ်ပြည်ဘုံမြတ်၊ ဝီးသောရပ်တွင်၊ လူထွက်မင်းဖျား၊ သွားလတ်ငြားလည်း၊ မတ်များတကာ၊ သင်းပိုပါနှင့်၊ သက်လာသောကြောင့်၊ ပန်းပပေါက်နှင့်၊ ကြမြှောက်ရိုသီ၊ အညီတကွ၊ သင်းကြိုကြ၍၊ မံပသွားလာ၊ မင်းအာကုန်အောင်၊ လုပ်ဆောင်ပွဲကြီး၊ သင်းကြိုပြီးသော်၊ (ရက်ခုနစ်နီ၊ ကုန်လတ်ပြီးသော်)၊ သားထွီးကြင်ရာ၊ န္တိဥက္ကာကို၊ လူ့ချာထီးမှန်း၊ ကြင့်န်းပြည်လျှင်၊ ဖြစ်မိချင်၍၊ တိုင်ပင်တလည်---ပင်လတ်တည့်လည်။

၂၆။ လည်--- အထူးအံ့ဖွယ်၊ ဤလူ့ပြည်တွင်၊ အမည်တွင်ထ၊ ပုဂ္ဂလနှင့်၊ နာမပညတ်၊ ဆင်ဖြူထွတ်ကား၊ အမြတ်တခြား၊ မျိုးလေးပါးနှင့် ထွတ်ဖျားအမျှ တင်မည်ဟူက၊ ရန်သူအဖြစ်၊ တူးနုတ်ပစ်လည်း၊ မခစ်သစ်ငုတ်၊ ခလုပ်ကန်သင်း၊ တွင်းကျင်မဖန်း၊ တီတီမွန်း၏၊ မတန်းမမျှား၊ ငြားခုံကြားလည်း၊ ထုသားပိုချီ၊ ရိုလာစီသို့၊ ဘုံညို့မြိုပြင်၊ နန်းခွင်ခရီး၊ တွင်လတ်ပြီးက၊ ရွှက်စိမ်းညွန့်ရှင်၊ ငှက်ပျောပင်နှင့်၊ ညွန့်ရှင်မြစီ၊ ရိုဝယ်ထည့်၍၊ အိုးပြည့်ရိုကြည်၊ စက်နှင့်တည်၍၊ နှစ်သွယ်ခရီး၊ ပြည်ကြီးအထံ၊ တည်အောင်ဘန်၍၊ တံခွန်ကုက္ကား၊ မလီးပွားနှင့်၊ ရွှက်လျှားသွယ်သွယ်၊ ရှုချင်ဖွယ်နှင့်၊ မိုးသွယ်လီလွင့်၊ သွယ်မြင့်လုထောင်၊ တန်ဆောင်ဆီမီး၊ ဆောက်လတ်ပြီးမှ၊ ကောင်းချီးနုမော်၊ သာမုခေါ်၍၊ မလျော်မင်းက၊ ကြီးမြီစသည်၊ မရအကြွီ၊ လွတ်လျှင်းလီလည်း၊ အညီဆိုပြီး၊ န္တိစည်တီး၍၊ မြို့ကြီးပတ်ခြည်၊ ပြည်ငိုလည်၍၊ သုံလုံသုံထား၊ လွတ်စီထားလို့၊ လေးပါးသင်းကြိုပြာ၊ အကျိုးလိုသည်၊ ကုသိုလ်တလည် ---- မုံလတ်တည့်လည်။

၂၇။ လည် ----- ရှည်လျှားကမ္ဘာ၊ မဆွစွာက၊ လက္ခဏာသီရိ မြတ်ဘုန်းဟိကား၊ ခတ္တိယရာဇာ၊ စဉ်လာမျိုးပွား၊ ကောင်းသောသားကား၊ ရိုးဖျားမျိုးဆွီ၊ စောင့်လီတုံ့ပြီ၊ နီနှင့်ညီ၍၊ နွတ်တိမင်္ဂလာ၊ ကောင်းသောခါ၌၊ နီသာပွင့်ချပ်၊ န္တိပွင့်ချပ်သို့၊ န္တိစာကပ်၍၊ အထွတ်ပတ္တမြား၊ ကိုးပါးနဝရတ်၊ မျက်မြတ်တန်ဆာ၊ ထီးဖြူကာ၍၊ ရတနာခုနစ်ပါး၊ အခင်းထား၍၊ သွားလာသည်ဖြစ်၊ သင်းကျစ်ငွီထပ်၊ သားမြီးယပ်နှင့်၊ ဘိနပ်ခြိနင်း၊ သံလျက်န္တိဓား၊ ငါးပါးတန်ဆာ၊ ရောင်ဝါလျှံထက်၊ လျပ်နှယ်ပြက်၍၊ မင်းဆက်စဉ်လာ၊ ကျင့်စရာလည်း၊ ခရာသံပြင်း၊ ခရုသင်းနှင့်၊ ဒုံးမင်းစည်ကြီး၊ ကြံကြံတီး၍၊ ကောင်းချီးပီးငှား၊ သျှင်ရိုးသားသည်၊ မတ်များရန်ပြယ်၊ ထက်တော်ကယ်၍၊ တင့်တယ်န္တိနန်း၊ ဘိသိက်သွန်းသည်၊ န္တိနန်းတလည် ---- တင့်လတ်တည့်လည်။

၂၈။ လည် ---- မြတ်ရာကောင်းချီး၊ ဘုရာပီး၍၊ ဘိသိက်မင်္ဂလာ၊ မြောက်သောခါ၌၊ ထက်မှာသိကြား၊ မြီတစ်လွှားတွင်၊ ကြီးဝါးခိုင်ဖက်၊ ရွှီခုံတက်၍၊ ရမ္မက်တဏှာ၊ မိစ္ဆာဒိဋ္ဌိ၊ မြူညှိမတင်၊ ရှိမြင်ပညာ၊ ဆရာသမား၊ အင်ငါးပါးနှင့်၊ ဂုဏ်အားခြောက်အင်၊ စီရင်မင်းမှူ၊ ခုနစ်ခုကို၊ စတုသစ္စာ၊ ပွင့်စီဌာလည်း၊ ဆရာမြတ်လှ၊ ဩဝါဒမှ၊ ဆုံးမပညတ်၊ အရှိဖြတ်၍၊ မွတ်မွတ်တလည်--- သင်လတ်တည့်လည်။

၂၉။ လည် ----- တရားလည်းမြန်း၊ ဘိသိက်မွန်း၍၊ ရွှီနန်းဗိမာန်၊ ဝေဇယန်တွင်၊ လေးတန်ဗဟို၊ တောင်မြင့်မိုက၊ နဂိုမဏ္ဍိုင်၊ ပင်ရိပ်မြိုင်မှာ၊ ပုံ့လှိုင်အီးမြ၊ ချမ်းရိပ်ကျ၍၊ အလှမတယ်၊ ချစ်ဖွယ်စကောင်း၊ ခြွေရံပေါင်းနှင့်၊ အလောင်းမင်းလှ၊ ခတ္တိယကား၊ ပြည်မဦးစွန်း ရွှီပြည်နန်းကို၊ ဖြန့်ဝန်းကြာ၊ ထီးဖြူကာ၍၊ ဟသ်ာဖိုမ၊ ချစ်ကြသဖွယ်၊ ပျော်လတ်သည်က၊ ကစ်ထွေသော်က၊ ဝသန္တ၌၊ ကိန္နဝါသ၊ ဟေမန္တလည်း၊ သာရဟူသည်၊ တမည်သော်ကာ၊ သုံးသိန်းရာ၌၊ နာမခြောက်ဆု၊ သုံးရတုတွင်၊ ပျော်မှုစမွာယ်၊ တင်ခါရွှယ်က၊ တင့်တယ်သီရိ၊ မြတ်ဘုန်းဟိက၊ ချစ်ရိသာရွှင်၊ သိဒ္ဓိတင်သည်၊ လူတွင်အကျိုး၊ အမျိုးတလည် ---- မြတ်လတ်တည့်လည်။

၃၀။ လည် ---- သိဒ္ဓိလည်းတင်၊ ဘုံနတ်ရှင်က၊ ထက်ပြင်ကာကြိုး၊ အာဏာမိုးလို့၊ ရွှီစိုးအညော်က်၊ ရွှီတောင်အောက်မှာ၊ မကြောက်မရှက်၊ ဘုံတိုးတက်၍၊ စုံမက်မပြီ၊ ချစ်ကြလီ၏၊ လူ့ဆီသျှင်တော်၊ ဟောဖော်မိန့်ရွှတ်၊ ပိဋကတ်က သိန်းကပ်သချာ၊ မြင့်ရှည်ကြာလည်း၊ ကုန်စွာမပျောက်၊ အရောက်တစ်ခါ၊ ဟောပြန်လာသည်၊ မင်းလျာမင်းကောင်း၊ မင်းဆုတောင်း၍၊ အလောင်းရှီးက၊ နရိန္ဒကို၊ အစတရား၊ မျိုးလေးပါးတို့၊ ဘုရားတလည်---- ဟောလတ်တည့်လည်။

၃၁။ လည် ---- အရှိတူရှူ၊ ဂက်ာဟူသည်၊ ကျီးဖြူဝင်းဝါ၊ ဂကျိဳယတွင်၊ ဝီးလှမြင်ရှည်၊ မုဆိုးပြည်ကို၊ ပီးသည်အာဏာ၊ ရွှီဥက္ကာကား၊ သည်းချာရင်ကြား၊ ရွှီငုံဖွားလည်း၊ ကိုးပါးရွှီတစ်၊ မင်းစစ်သည်းချာ၊ ဥပရာဟု၊ မည်သာတွင်က၊ မင်းသားလှကား၊ မိဿရာသီ၊ မနိကားလစ်၊ စန်းမကွက်၍၊ ခြင်တွက်ဟူရား၊ ဆိုလတ်ငြားသော်၊ ကိုးပါးမျက်ရှင်၊ ပုခက်တင်၍၊ ကျိုးယင်ပျော်ရွှဲ၊ ဥဂ္ဂင်ထဲ၌၊ ပစ်လှည်းပျော်ပြား၊ ရင်ခွင်ထား၍၊ ထိမ်းယတလည် ---- အပ်လတ်တည့်လည်။

၃၂။ လည် ---- နှီးရည်မြပန်း၊ ငွေရည်သွန်းသော်၊ နီမှန်းလီးဆူ၊ သုံးဆောင်ဟူ၍၊ မြတူရောင်မျိုး၊ မြထီးမိုးသည်၊ နီမျိုးမင်းသား၊ စောဘုရားကား၊ လေးပါးအမတ်၊ ပြည်ကွပ်ရွာစိုး၊ အမှုထမ်းဆောင်၊ ရဲဖော်ရဲဖက်၊ လက်နက်စွဲကိုင်၊ တုပြိုင်နိုင်းရှိ စစ်သူကြီးနှင့်၊ တတ်သိလိမ္မာ၊ ဆရာသမား၊ ရဟန်းများနှင့်၊ သနားမြတ်နိုး၊ ဂူပုထိုးသို့၊ ကျင့်ရိုးရှိုးလွန်၊ တဖန်မရှုပ်၊ သမုတ်မြစ်ထား၊ ပြည်သူများကို၊ အစားနှီးငွေ၊ အညီပီးကမ်း၊ မြေဆုမြန်းသည်၊ စိတ်ဝမ်းတလည် ---- ဖြူလတ်တည့်လည်။

၃၃။ လည်----- ဥပရာသည်၊ မည်သာတွင်ထ၊ မင်းသားလှနှင့်၊ ချစ်ကြမေတ္တာ၊ နီသောခါကား၊ ရတနာသုံးပါး၊ ဝတ်တွားရှိသီ၊ ဖက်မှီလီသော်၊ ဖိုးမယ်ဆွီမောင်၊ မတ်လတ်ယောင်က၊ လက်ထောင်ကိုင်ပြီး၊ သံကွန်ကြီးကို၊ ကာပြီးခုံလွှမ်း ရစ်ကာစွန်းသည်၊ ကြငှန်းထိပ်ဖွယ်၊ ချပ်ရရည်ကား၊ ကိုင်သည်လက်နက်၊ ဓားသံလျက်က ဦးထက်တင်ရာ၊ အချာနီမျိုး၊ နှီးခြည်ထိုး၍၊ အမိုးညီပြော၊ ကွပ်မှာနှီးရစ်၊ ဟင်္သာတစ်လို့၊ မင်းမျိုးဆောင်ရာ၊ မောသန္တာကို၊ မကွာကိုယ်ရှိ အမြင်မှီ၍၊ သရီလေဆေး၊ အိပ်မွှန်းပြေ၍၊ နိုးပေသောခါ၊ လက်ျာညာထား၊ မိဖုရားကို၊ ဤသို့တလည် --- ဆိုလတ်တည့်လည်။

၃၄။ လည် ---- အလစ်အလစ်၊ မိုးဖျင်းဆိုက်၍၊ တိမ်ထစ်ကြည့်ဦး၊ ထွက်မူးမူးတွင်၊ ထွန်းမြူးလွန်လှ၊ သုံးလူ့ဘကို၊ နိစ္စကိုးကွယ်၊ ဇက်မှီလီသော်၊ အရှိမင်းခေါင်၊ အယောင်ကိုယ်ထီး၊ လာလတ်ပြီးသော်၊ ကွန်သီးမပါ၊ ကွန်ချာမည်မည်း၊ တဖက်တည်းကို လက်စွဲကိုင်ကာ၊ ရောက်သောခါကား၊ မညှာမကြည်၊ တရှုတည်ကာ၊ လက်တည်ကိုယ်နှီး၊ သံကွန်ကြီးကို၊ ကာပြီးဆောလျှင်၊ လက်ဖျားစင်၍၊ ဗယ်တင်ဟန်ရမ်း၊ ဖြန့်ကာစွန်းသော်၊ ကြငှန်းထိပ်ဗွေ၊ ဖြူဝေသွန်းသွန်း၊ သုံးဆောင်နန်းကို၊ ဖြန့်ဝန်းရစ်ခြည်၊ ချုပ်လှရည်လည်း၊ ကိုင်သည်လက်နက်၊ ဓားသံလျက်ကို၊ ဦးထက်တင်ရာ၊ ဝိစ္စာသွားလာ၊ မိုးများနီပူ၊ ရီဟူမစိုး၊ ဆောင်းရိုးမက္ကလာ၊ ကောင်းစွာထစ်ကြူး၊ နှီးစင်မောက၊ ပေါလောဟိရာ၊ ငါသာကိုယ်ရှိ မထားမိ၍၊ ဘိုးဘီစဉ်လာ တခါရှိုးဦး၊ မမက်ဖူးလို့၊ ယခုတလည်---- မက်လတ်တည့်လည်။

၃၅။ လည် ---- ထူးထူးလည်လည်၊ မက်လတ်သည်က၊ ကြောက်ဖွယ်တရှိ ဘယ်သို့ဟိအပ်၊ မီးလတ်သောခါ၊ ပြည်သာကြငှန်း၊ နှီးဘောင်နန်းတွင်၊ ရစ်ဝန်းပိုးခြည်၊ နီသည်မဏ္ဍပ်၊ မင်းနီရပ်မှာ၊ စိန်ပျပ်အာဏာ၊ ခြင်းရာမသိ၊ ပြန်လတ်မိသော်၊ မတ်ကြီးနှစ်ဆူ၊ ကြားသည်လူက၊ အယူပြတ်ပြတ်၊ ဆိုတုံလတ်၍၊ မျိုးမြတ်ကြင်သော်၊ ယောက်ဖတော်

က၊ ထက်ပေါ်ကပျား၊ ထဲမှာခါးနှင့် တရားမပျော်၊ ငလှော်ယောကျ်ား၊ အကောက်များ၍၊ တရားမမှတ်၊ တစ်ပတ်တလည်၊ ဖျက်ကတ်မည်ဟု၊ နာကျည်ဟူရား၊ ဆိုလတ်ငြားက၊ လေးပါးအမျိုး၊ အရိုးစင်စစ်၊ ယောက်ဖဖြစ်လို၊ ငါသာရှိုးဦး၊ မလွန်ဖူးသည်၊ ကျေးဇူးတလည် ---- ကြီးလတ်တည့်လည်။

၃၆။ လည် ---- အရွေအရွေ ဤလူ့ပြည်၌၊ နာကျည်ဟူရား၊ ဆိုလတ်ငြားသော်၊ မယားအိမ်သူ၊ အဖြူသုံးပါး ဥစ္စာများကို ဥဖျားညွန့်လှော့ မခန့်၍ အယျဉ်းအစား အမျိုးသားကို သနားမိမြူ ချစ်သည်ဟူ၍ အတူနှစ်ပါး ဖြည့်လိုစားသည် လေးပါးအယူ အမှုမကုန် ဖြစ်လတ်တုံက မကြုံဝံ့ဘဲ သန္တာစွဲလည်း နောက်လမ်းမနီ မိုက်သည်ညာတိ ဆိုပြန် မိသော် မသိလီဟန် အကြံတထု အချစ်ပြု၍ နှလုံးမပြီ လွတ်လျှင်းလီလို့ မပြီမစို့ ချစ် သည်တို့ကား ဆောင်းသို့တလည် ---- ချမ်းလတ်တည့်လည်။

၃၇။ လည် ---- ပြတ်ပြတ်သားသား လူအများတို့ သျှင်သားကြင်တော် သမက်တော်ဟု အလှော်အကြားဖြစ်လတ်ငြားလည်း တရားဖန်မှောင် စိုးမင်းခေါင်က နီရောင်မချင်း အချစ်ပြင်း၍ ဆောင်းတွင်းရှိနှယ် ချမ်းလတ်သည်က တည်တည်ပပ မချစ်ကြလို့ အလှမြူတွေ့ မဖိုးမယ်နှင့် မရည်မပြုး နှလုံးမပြီ မှတ်၍နီသည် သန္တိမယွင်း လှခြင်းတင့်တယ် ပန်းကုံးမယ်ကို မြင်သည်အလို ငြူစူအမှတ် ပုန်ကန်လတ်၍ မလတ်မပျက် အသင်မကြစ် အဖြစ်သန့်သျှင်း လွတ်လပ်ခြင်းသည် သတင်းတလည်----သုံးလတ်တည့်လည်။

၃၈။ လည်---- အဠသီကို၊ အညီလျှင်းလျှင်း၊ သုံးလတ်ခြင်းကား၊ သီတင်းငါးမည်၊ မှတ်ကောင်းဖွယ်သည်၊ လေးထွေသီလ၊ သံဝရနှင့်၊ ဒသအယူ၊ ဆယ်ပါးယူ၍၊ စင်ဖြူနှလုံး၊ စောင့်သည်သုံး၍၊ ပန်းကုံးပမာ၊ ရှိဥတ္တာကား၊ နိုင်နာတတ်ပိုင်၊ တိုးကိုကိုင်၍၊ အစဉ်မခြား၊ အမျိုးသားနှင့်၊ ပေါ့ပါးသတိ၊ နီလတ်ဘိသော်၊ မိုက်ဟိစိတ်မှောင်၊ ထိုမင်းခေါင်းကား၊ လက်စောင်လက်နား၊ အသင့်ထား၍၊ အားရလွယ်ကာ၊ ကြီးကောင်းစွာဟု၊ နိုင်နင်းတုံခြင်း၊ ခြင်သီးမင်းလည်း၊ သားချင်းနှစ်ပါး၊ လုပ်ဆောင်ငြားလည်း၊ သျှင်သားအောင်ပိ၊ ငါယုံမိလော၊ အညီနှစ်ပါး၊ မခစားလည်း၊ သူ့အားအကြစ်၊ အခြားညစ်နှင့်၊ သားတစ်ချင်းချင်း၊ ညွတ်ကျော့ကွင်းမှာ၊ မခြင်းအလွယ်၊ ဖြစ်တတ်မည်ဟု၊ သန္တေမယွင်း၊ အချစ်ပြင်းသည်၊ အောက်ချင်းတဇစ်၊ ၄က်အညစ်က၊ အဖြစ်တလည်--- ယုတ်လတ်တည့်လည်။

၃၉။ လည် ---- မလန့်မစိုး၊ လူ့ပြည်မျိုးတို့၊ တန်ခိုးမချောက်၊ ရန်မပျောက်၍၊ အနောက်ရိကြေ၊ ဖြစ်လျှင်းလီ၏၊ ကိုးကွယ်မမြောက်၊ နှလုံးချောက်က၊ မိုးအောက်မြို့မှာ၊ ရောက်ပြန်လှာသည်၊ ပမာမခြား၊ မြင်းကျွဲနွားသို့၊ စွန့်ထားအိမ်ရာ၊ ခွာသောခါကား၊ အညာနိဗ္ဗာန်၊ ပြည်ကြီးမွန်ကို၊ ဧကန်ကျကျ၊ မြင်နိုင်ရ၍၊ လောကသုံးဆူ၊ ဤများလူက၊ ပြောထူဥစ္စာ၊ ကြွယ်သောခါလည်း၊ သူရာက္ကတ္တီး၊ လောဘကြီး၍၊ ပျက်စီးလီရာ၊ ကောင်းစွာမတည်၊ သုံးမည်ဘဝ၊ သံသာရတွင်၊ အနိစ္စရိ၊ ဒုက္ခပိ၍၊ ငရဲဝီစိ အောက်နှစ်ဟိ၍၊ ယင်းပြီအပ၊ လွတ်လပ်ကလည်း၊ ယုတ်လှတိရစ္ဆာန်၊ သူမိုက်ကျွန်က၊ တပြန်ပြောင်းပြောင်း၊ အမွှီလောင်း၍၊ ဖြစ်ပေါင်းဇာတိ၊ ဇာမသိလည်း၊ ပြည်ကြီးသုံးပြည်၊ ဖြစ်လတ်သည်ကို၊ ရိပ်ခြည်မမြင်၊ အကျိုးထင်သည်၊ မှတ်သင်တုံပြီး၊ ဆရာကြီးတွင်၊ ငယ်သီးပျိုပစ်၊ လုလင်ဇစ်တို့၊ စိတ်မှတ်ယုံကြည်၊ သင်လတ်သည်က၊ ဖွေနှယ်စုံစမ်း၊ ထုံးတန်းသဘင်၊ လွှားကိုကျင်၍၊ မမြင်စဘူး၊ ဂုတ္တိအထူးကို စူးစူးစားစား၊ သင်ဖွယ်များ၏၊ တတ်ငြားသောခါ၊ မှတ်သားကုံလစ်၊ ရှိအဖြစ်ကို၊ အသစ်တဖန်၊ တစပြန်၍၊ စွန်းသန်ကိုယ်လက်၊ မပျက်အရွယ်၊ သွားလျှင်းမည်ဟု၊ ပျော်သည်နှလုံး၊ မှတ်ယူသုံးသည်၊ ပန်ကုံးအိမ်သူ၊ ကြားတော်မူလည်း၊ ရပ်လူလေးပါး၊ ပြည်သူများကား၊ အောက်သားတလည်၊ သျှမ်းရည်တမျိုး၊ နီသည်တရိုး၊ ပျူအမျိုးနှင့်၊ အရိုးစည်ရှည်၊ ကစားသည်က၊ အသည်တိုင်မြင့်၊ ခုနစ်ဆင့်မှာ၊ ဖွင့်ဖွင့်မတ်မတ်၊ သည်တိုင်ရပ်၍၊ ရစ်ပတ်ပျဉ်ပြား၊ လက်ဆွဲထား၍၊ အလျားဆယ်တောင်၊ တုံးပြောင်ပြောင်ကို မင်းခေါင်ရှိဦး၊ ကစားဖူး၍၊ အထူးအကျယ်၊ လျှပ်နှယ်တည်၍၊ မလည်မစောင်း၊ မညောင်းမညာ၊ ပျော်ရာမမြဲ၊ ထိုတန်းပွဲမှာ၊ နှရဲနှရတ်၊ အသင့်ဤခါ၊ သွားကောင်းစွာဟု၊ ငယ်ခါသော်ကား၊ တန်းကစား၍၊ ပေါ့ပါးကိုလက်၊ လွှားကာတက်လို့၊ ခုထက်မြင့်ကြာ၊ နောင်သောခါကား၊ ခန္ဓာရှုပ၊ မလှရုပ်ရည်၊ အိုလတ်မည်က၊ ဤသည်အကြပ်၊ မဖြစ်မထင်၊ သွားမည်ရင်သည်၊ ငါလျှင်တလည်---- ကြံလတ်တည့်လည်း။

၄၀။ လည်---- အယူအယူ၊ ဆုကြီးချူ၍၊ မလှူမပျက်၊ အကျိုးဇစ်ကြောင့်၊ ခြင်တွက်အရွှီ၊ ခြောက်ကုဋေတွင်၊ ပုရိဿာနှ၊ မဖြစ်ကြလည်း၊ ဌာနရှိမြို့၊ စီလျှင်လီ၏၊ အသေအလာ၊ မျိုးဖြာမျိုးပွား၊ မိုးမတ်သားဉ၊ ရဲဖျားစီကျွန်၊ ကိုယ်တော်ခံ၍၊ မင်းမွန်ကိုယ်ကြပ်၊ တစ်သောင်းခတ်၍၊ အမတ်စစ်ယင်၊ အပြင်ဆယ်ကဲ၊ ပုလဲစစ်ချီ၊ လုံးပန်းလီ၍၊ အသီအသတ်၊ ကြီးမောင်းခတ်၍၊ တွတ်တွတ်ကျာကျာ၊ ခရာတံပိုး၊ လီသွန်မျိုးနှင့်၊ ဖိုးဖိုးဖွားဖွား၊ အသေအားနှင့်၊ ရဲဖျားကိုယ်ကြပ်၊ မောင်းသောင်းခတ်၍၊ မပြတ်ဗိုလ်ခြံ၊ စီလျှင်းလီသည်၊ အညီအညာ၊ လူတကာတို့၊ ရှိကအမြဲ၊ လက်နက်စွဲ၍၊ သူရဲတလည် --- မည်လတ်တည့်လည်း။

၄၁။ လည် --- အသောင်းအသောင်း၊ ခြောက်ရာပေါင်းနှင့်၊ ညောင်စောင်းသလွန်၊ နန်းဗိမာန်ကို၊ အလွန်တရာ၊ ချစ်ကြင်နာ၍၊ ပျော်ရာမစဲ၊ နီမရဲနှင့်၊ ပုလဲပမာ၊ သာကဲ့လျှာကို၊ မကွာရက်ပေ၊ ရစ်နွယ်အာရုံ၊ ထိပ်ထက်ချုံလို့၊ ကလုံလဲလဲ၊ ချစ်မရဲသည်၊ ဝတ်လုံမကုန်၊ တန်ဆာပုံနှင့်၊ မွှီးထုံနံ့မြူ၊ ကမ္ဘည်းပြု၍၊ စတုလည်းမှတ်၊ နံ့သာရည်နှင့်၊ ကြို့ကြည်ပန်းမန်၊ မင်းတန်ဝတ်စား၊ အသင့်ထားသော်၊ ဦးဖျားကြောင့်၊ သရပုံနှင့်၊ ရစ်ပုံပန်းချပ်၊ နဝရတ်ကို၊ လျှပ်တိညီးညီး၊ ဆင်လတ်ပြီးမှ၊ ကျည်ထီးလေးဆောင်၊ အရောင်ညီးညီး၊ ယပ်မကြီးနှင့်၊ နီသီမက္ကလာ၊ စိန်ဝါရောင်မောင်း၊ ရွှီမောကောင်းကို၊ မြောက်ကောင်းခြည်ယှက်၊ ရွှီချည်ရက်၍၊ အထက်ကားရွှီ၊ အောက်ကင္ဓီနှင့်၊ ခြီချီဘဝါး၊ တွန့်ကာသွားလည်း၊ ရထားယာဉ်ရှင်း၊ အဆင်ဆင်လို့၊ များဖျင်မသျှား၊ သူရဲများနှင့်၊ တန်းပါးတလည် --- ချီလတ်တည့်လည်။

၄၂။ လည် ---- တတ်တတ်သအား၊ ဗိုလ်ပါများနှင့်၊ တန်းပါးခရီး၊ သွားလီပြီးသော်၊ ခါးသီးကင္ဓီ၊ ရဲအင်းကျီနှင့်၊ ပန်းသီလန်းဆန်း၊ စုလည်းစွန်းက၊ တသန်းကြယ်ရောင်၊ ထွန်းလတ်ယောင်တည့်၊ ကျီးတောင်ခညို့၊ ပန်းခမို့နှင့်၊ ဘမိုးခြီဖျား၊ တွန့်ကာသွားလို့၊ တန်းပါးရပ်မြီ၊ ရောက်လျှင်းလီသော်၊ ကိုယ်စီမလွတ်၊ မဏ္ဍပ်ကနား၊ ဆောက်လတ်ငြားလို့၊ လမ်းကြားမလပ်၊ ထူထပ်သူရဲ၊ ဗိုလ်ကျိုင်ခဲ၍၊ ရိုက်မည်းအာကာ၊ ကျီးများလာသည်၊ မြီမှာမနား၊ ပင်စပ်နားပျံ၊ မတ်သားမင်းမျိုး၊ နွယ်ရိုးသန့်စင်၊ လုလင်တော်များ၊ သေကောင်သားနှင့်၊ ပျော်ပါးသဘင်၊ တန်းပွဲဝင်လို့၊ မရွှင်စမ္ဘာယ်၊ ဗိုလ်များလယ်မှာ၊ ပွင့်သည်ခေါက်ရမ်း၊ ဆုးပန်းကြောင်လျှာ၊ ဇီဇဝါလည်း၊ ခတ္တာပွင့်လန်း၊ နှင်းပန်းကြာမုံ သဇင်ငုံနှင့်၊ မွှီးထုံနံ့မြူး၊ ပန်းခြောက်ဦးကို၊ နဖူးဦးစွန်း၊ ပတ်ကာဝန်း၍၊ အုန်းအုန်းဖွားဖွား တွန်းတွန်းသွားလို့ လက်ကားကိုင်ဆွဲ ခြီမလွဲလည်း ရစ်စည်းသည်ကြား စည်းလို့ထားသည် ဦးဖျားထိပ်လွန် ခုနစ်တန်ကို သူမွန်လက်ဦးကစားဖူး၍ မမူးမလန့် မတွန့်မတိုး ၊ တန်းကိုထိုး၍၊ ဘမိုးခြီဖျား၊ တုံးကိုသွားလို့၊ လွှားလွှားခုံမင်၊ တုံးကိုသင်သည်၊ မြီတွင်ဖဝါး၊ မကျငြားသည်၊ လောင်းစားတလည် --- ပြုလတ်တည့်လည်။

၄၃။ လည် --- လူတို့အကြစ် သင်သည်ဖြစ်က၊ ခုနစ်ခရိုင်၊ တောင်စဉ်အတထွတ်၊ ကိုယ့်ပါးရပ်မှာ၊ အမြတ်နှစ်ပါး၊ သူရပ်ခြားလည်း၊ ပတ္တမြားရောင်မြိုက်၊ လကျာ်ရစ်မှာ၊ မလျစ်မလျူ၊ စောရွှီဘုက၊ မုမုမှိုင်မှိုင်၊ တုံးကိုဆိုင်လည်း၊ ပတ်ရစ်ဝန်းကျင်၊ သောင်းပိုဒ်ယင်နှင့်၊ သမင်ပျော်ရှု၊ ကြည့်မုမုတွင်၊ ကျက်စုတောနား၊ ထင်ရှားသရဖီ၊ မည်းစရီနှင့်၊ အီးကြိုင်နံ့ဆန်း၊ စံကားပန်းလည်း၊ လင်းလွန်းချီရား၊ သစ်သွားကြည်စွာ၊ ဇလတ္တာသည်၊

မဟာလေကား၊ ဆယ်နှစ်ပါးကို၊ ငွှီသားကြိုးတန်း၊ သီသည်ပန်းကို၊ ဦးစွန်းထိပ်ဖျား၊ ဆင်ကာထားလို့၊ အလျားဆယ်တောင်၊ တုံးပြောင်ပြောင်ကို၊ အံ့ထောင်ကြွားကြွား၊ တန်းတန်းသွား၍၊ မမှားမပြောင်၊ စိတ်ကိုဆောင်၍၊ မစောင်မပါး၊ အောင်လတ်ငြားသော်၊ မမှားမယောင်၊ ဖို့မယ်မောင်က၊ တန်းခေါင်နိမ့်မြင့်၊ ခုနစ်ဆင့်ကို၊ အဆင့်ကိုင်ကာ၊ မကွာတွဲလွဲ၊ ပျားနှယ်ဆွဲ၍၊ မလွဲမပါး၊ အောင်နိုင်ငြားသော်၊ သွားလာလျင်စွာ၊ ဥပမာကား၊ သိန်ခါးလည်မှာ၊ ယုတ္တံစာတွင်၊ နီလုရင်ပြင်၊ သီလာခွင်မှာ၊ မွှီးမှင်ရောင်ညီး၊ ရွှီခြင်သီးသို့၊ မလီမမှား၊ တန်းကစားလို့၊ ကနားတေခြေ၊ တန်းလို့နီသည်၊ ပြန်မည်လူများ၊ မထွက်ငြားလည်း၊ တုံးပါးတလည် ---- စက်လတ်တည့်လည်။

၄၄။ လည် --- ရစ်ရစ်မွှန်းမွှန်း ထုံးကိုဝန်း၍ လောင်တန်းပိုလ်ချီနီစဉ်ဝယ်တွင် ပြယာယ်စကား လက်ဆောင်များနှင့် တရားမဆောင် တံခွန်ထောင်သည် မင်းခေါင်မည်သီး စစ်သူကြီးမှာ ပြည်ကြီးသခင် အသျှင်တန်းပါး သွားသည်ကြားလို့ ဝမ်းပန်းသာရွှင် ဆောလျင်တလျား ငယ်ကျွန်များနှင့် ဖြစ်လှားမသိ ယုံမှားဟီလည်း သတိစိတ်မှာ ကြံရာထို့ပြား ဝမ်းတွင်ထား၍ ရှင်သားထံပါး သွားလီငြားလည်း ထွတ်ဖျားဘုံဆက် ရွှီနန်းထက်မှာ အသင်ဍ၍ခါ တက်ကောင်းစွာဟု ကြံရာစိတ်ပြား ချောင်းလတ်ငြားလည်း ဝတ်စားကိုယ်မှာ စိမ်းဝါညိုမြ ဟန်ဗန်းပြလို့ အလှရောင်လျှဉ်း ဗဇန်လက်ရှိုး လောဖွန့်ကြီးနှင့် ခါးဆီးအကျီထက်ကစီ၍ ပြည်ဆီတန်းပါး ရောက်လတ်ငြားသော် စကားချစ်ဖွယ် ဆိုလတ်သည်ကား ဖို့မယ်မောင်ချစ် ယောက်ဖချစ်ဟု မနှစ်မရှား သွားလားလိုရာ ဟီသောခါကား ကျွန်မှာဖေဝေ မခေါ်ဇနည် ချစ်မေသံထီး မှန်တော်ပြီးမှ ခရီးတပါး သွားလီငြားလည်း ကျွန့်အားနောင်ခါ ခေါ်တော်ပါလော ဝမ်းသာဝမ်းမြောက် ကြိမ်ဖန်ခေါက်၍ လက်ထောက်အဲအန် ကစားပြန်က မင်းမွှန်တစ်လီ--- ညံ့လတ်တည့်လည်။

၄၅။ လည်---- အမိစည် မှတ်ကောင်းဖွယ်သည် သွယ်သွယ်ဖြာဖြာ မင်းစည်လှာနှင့် ကျွန်အားစီရီ ဆိုရစီလေ ဖို့မယ်မောင်ချစ် ယောက်ဖစစ်ကား မချစ်မခင် မကြင်သောအား ပြင်စထားလည်း သျှင်အားမျိုးတော် နှမတော်သည် ကြားသော်မနီ ဝမ်းနည်းမည်ကြောင့် ကြီးသည်ရီးရာ အခါခါဆစ် ကြီးသည်ပြစ်သော် မဖြစ်မမှား ကျွန့်အားနောင်ခါ စီစားပါဟု ရီးရာမသီး စစ်ရီးမက်ရာ ဟီသောခါလည်း ကျွန်မှာမနီ သွားရစီလေ ငြီငြိုင်ငံ့ မှန်မှန်စကားဆိုလတ်ငြားလို့ စကားရောပွှမ်း စုံစမ်းကြံရာ ပြောဟောလာသည် မာယာတစ်လီ ----- ဆန်းလတ်တည့်လည်။

၄၆။ လည် ---- နူးညံ့သာကြည် ချစ်ကောင်းဖွယ်ကို ဆိုသည်စကားကြားလတ်ငြားသော် ဟုတ်ငြားမထင် စောနတ်ရှင်ကား ဝမ်းတွင်ထွီပြား မင်းရွှေများကို ကြောင်းသားစီရီ ပြောလီမရှား လက်ဆောင်များကား ပျားနှင့်ပုရဲ ချည်နှင့်မှင်းချုံ နှင်ပျောဟူသည် ကြံဖြူအီးစက် သစ်တက်ပန်းညို နွယ်ချိုပန်းစီ ကွမ်းပန်းပို၍ ချစ်ရီးပျော်ကြောင်း သွားခွင့်တောင်းလို့ မျိုးကောင်းသျှင်တော် ယောက်ဖတော်က ဘုန်းကျော်ဧကရာဇ် စောဇစ်မြုတ္တေ ထံရင်းဝယ်မှာ လာမည်အကြောင်း ခွင့်မတောင်းလို့ မျိုးကောင်းကြင်ဆွိ မသိလီဟု ဘုန်းစီဘုရား ကြားကမကြာ အဆောလာ၍ သာယာပြည်ကြီး ကျိုးသီးရပ်မည် ပြန်လျှင်းမည်လေး နှုတ်ခြည်ဖြားယောင်း ခွင့်လမ်းကောင်း၍ သနောင်းသနား နံ့ပါးတစ်လီ------ပြန်လတ်တည့်လည်။

၄၇။ လည် ---- သနောင်းသနား သွားလီငြားလို့ အရာကိုယ်ကို ကောင်းစားလိုလည်း အငြိုးရန်ထား သျှားလေးပါးတွင် တရားမပျော် စိုးမင်းကျော်က ရန်စောင်ဆွိဝါးကျွန်အများနှင့် ထွတ်ဖျားကြငှန်း ရွှီဘုန်နန်းမှာ ရစ်သန်းမနီ တက်ရစီလည် ခရီးစည်သွား လမ်းအကြားမှာ စကားသစ္စာကောင်းစွာဆိုပြီး ညီအောင်ညို၍ သားကြီးစည်ရှည်ကောင်းစီမည်ဟု ပြယာယ်မာယာ သစ္စာကတိ ဆိုလတ်ဘိသော် ကိုးသိန်းယူဇနာ ရောင်ဝါထွန်းထား သူရိယက ချုပ်ညနီခြည် ကွယ်လီသည်ဖြစ်၊ မလင်းကြိုက်တွင်၊ အမိုက်တိမ်နှောက်၊ ညဥ့်ခါရောက်သော်၊ မချောက်မချား၊ ရပ်တစ်ပါးက၊ သျှင်သားလာအောင်၊ အသောဝ်ဆောင်၊ အသောဝ်ဆောင်၍၊ ရွှီတောင်မြို့ပါး၊ ရောက်လတ်ငြား၊ သျှင်သားမြုတ္တေ၊ ပြန်လတ်သည်ကို၊ ဥဒေတံခါး၊ လှစ်လတ်ငြားလည်း၊ စကားကောင်းမွန်၊ အသံချိုချ၊ ခြိမ်းလတ်ကလည်း၊ စောင့်ထမြဲမြံ၊ မည်ခံဆူစား၊ တံခါးသာလည်း၊ သျှင်သားမြုတ္တေ၊ ဟုတ်တန်မည်ဟု၊ ဥဒည်တံခါး၊ တောင်းလက်ငြားသည်၊ အရာတစ်လီ ---- မှတ်လတ်တည့်လည်။

၄၈။ လည် ---- ယူဇနာက၊ အရာလေးသောင်း၊ နှစ်ထောင်ပေါင်းကို၊ မြင့်ကောင်းရဖ်ခြီ၊ နီမင်းသည်ကား၊ ပတ်လှည်မရောက်၊ မိုးသောက်မလှည့်၊ သညာညဥ့်မှာ၊ မငဲ့မကာ၊ အနိုးလာသော်၊ တုံလာနန်းပါး၊ ရောက်လတ်ကလည်း၊ မျိုးလွှဲပိုလ်ချည်း၊ မြို့အထဲမှာ၊ စစ်ကဲဇစ်တွင်၊ မိုးမတ်ထောင်စား၊ သူရဲများကို၊ စကားမာယာ၊ သစ္စာကတိ၊ ဆိုလတ်ပြီသော်၊ ကတိလေးဖြာ၊ တည်ကုန်ရာသည်၊ စဉ်လာသားမြီး၊ မင်းအားကျိုးကျည်၊ ကောင်းစီမည်ဟု၊ ပျော်ဖွယ်စကား၊ ဆိုလတ်ငြားလို့၊ လူများတစ်လီ --- ညီလတ်တည့်လည်။

၄၉။ လည် ----- မင်းဆက်တကာ၊ ရှိစဉ်လာက၊ ဆက်လှာစမြဲ၊ ထိုပစ္စည်းကို၊ သုံးစွဲမကုန်၊ ထားတုံချိုငြား၊ ဥစ္စာများကို၊ မထားပြစ်ပြစ်၊ အကုန်လှစ်၍၊ ယဉ်ပြစ်စီခြား၊ သူရဲများကို၊ အစားရှိငို၊ လူရှိပတ်များ၊ ထောင်သောင်းခြား၍၊ အများကုန်စီ၊ ငါပီးမည်ဟု၊ အညီမကြွင်း၊ ငါနှင့်ရင်း၍၊ ပြည်တွင်းပြည်ပ၊ များလှသူရိန်၊ ဝရဇိန်လက်နက်၊ သွန်ချက်စုံပေါင်း၊ ပစ်မည်ပြောင်းကို၊ မြည်ကြောင်းခုံရှင်၊ ရီထားတင်၍၊ စီရှင်ချိုငြား၊ လေးတံခါးမှာ၊ လူများအကြိုင်၊ မြင်းယာဉ်ဆင်စီး၊ ရုံစီပြီးမှ၊ ပြောင်းကြီးတစ်လီ--- ချန်းလတ်တည့်လည်။

၅၀။ လည် ---- မတ်သားမြတ်စွာ၊ ရှိဥက္ကာကား၊ ပြည်သာအဝက်၊ အရှိဘက်က၊ မင်းဆက်ရှိတိ၊ တည်လို့ဟိက၊ ခရီးလမ်းပါး၊ စက်လီငြားလည်း၊ လေးပါးမှောင်သည်၊ သောက်ရောင်မညီး၊ ဆန်လွှဲပြီးမှ၊ ပြောင်ကြီးအသံ၊ တစ်ရုံထင်ရှား၊ ကြားလတ်ငြားသော်၊ မတ်များတကာ၊ သင်းဗိုလ်ပါနှင့်၊ ကြံရာတုံခြင်း၊ တို့သျှင်မင်းမှာ၊ သနင်းဘုံစည်း၊ ရှိမြို့ထဲ၌၊ ကြီးသည်အရီ၊ ဘယ်သို့ဟိအံ့၊ ဗလိဗောဓ၊ စိုးရိမ်များ (ရ) ၍၊ နီကြစဉ်တွင်၊ မိုက်သည်တိန်နှောက်၊ မည်ရည်ပျောက်သော်၊ မိုးသောက်လည်ခါ၊ သူရိယာသည်၊ ရောင်ဝါညီးညီး၊ ထွက်လတ်ပြီးသော်၊ မင်းရိုးအပြင်း၊ ဖြစ်သောခြင်းကို၊ သတင်းတလည် ---- ရောက်လတ်တည့်လည်။

၅၁။ လည် ---- အလျှပ်လျှပ်၊ တိမ်နှယ်ခွပ်လို့၊ မတ်မတ်မတည်၊ ကြောက်မက်ဖွယ်က၊ ကြီးသည်အရီး၊ တိမ်နှယ်မှိုး၍၊ မင်းရီအစစ်၊ ပျက်သည်ဖြစ်က၊ စောဇစ်နတ်ရှင်၊ ဘခင်ဘုရား၊ မြတ်ရာထားသော်၊ သနားယုံကြည်၊ ချစ်လျှင်းသည်ကား၊ ဖို့မယ်ဆွိမောင်၊ ရှိမင်းခေါင်လည်း၊ ထောင်ထောင်ထားထား၊ ငယ်ကျွန်များနှင့်၊ တရားသဘင် (သဖင်)၊ ရင်ပြင်ပွဲမှောက်၊ ရှိတောင်အောက်က၊ လက်ထောက်အဲအန်၊ တကြံကြံနှင့်၊ ခြိန်းသံလှည့်ပါး၊ ရောက်လတ်ကားလည်း၊ သျှင်သားမြုတ္တေ၊ ရောက်လတ်မည်ဟု၊ ဥဒည်တံခါး၊ လှစ်လတ်ငြားသော်၊ အများမိုးမတ်၊ ညီကုန်လတ်၍၊ ထွတ်ထွတ်စရာ၊ ပတ်သာစည်ကြီး။ ခြိမ့်ခြိမ့်တီး၍၊ ရောင်ညီးမြတူ၊ ငါးဆူပြိုင်သောက်၊ ထီးဖြူအောက်မှ၊ မင်းမြှောက်ပမာ၊ တန်သပြာနှင့်၊ ရန်ရှာယောက်ျား၊ မင်းခစားကို၊ ထွတ်ဖျားကြငှာန်း၊ ရှိတောင်နန်းမှာ၊ သွန်းသွန်းတစ်လီ ---- တင်လတ်တည့်လည်။

၅၂။ လည် --- သုံးလူထွတ်ဖျား၊ ဓာတ်တော်များကို၊ ကိုယ်စားရည်တူ၊ တည်သည်မူက၊ ဓွေသူသားချစ်၊ မင်းချစ်ဓမ္မာ၊ စိုးမိုးရာ၌၊ ရှိဝဆည်ခုံ၊ သုံးချောင်းငုံတွင်၊ နှစ်ရုံအစ၊

ပုဏ္ဏဝတွင်၊ မြတ်လှလေးဆူ၊ ရှိကူသွန်းချပ်၊ တန်ဆောင်အုပ်၍၊ သုံးလူ့ထွတ်ဖျား၊ စေ ဘုရားအား၊ လက်ဖျားဦးထိ၊ ချိုလတ်ပြီး၏၊ ဘုန်းဟိသခင်၊ နတ်သျှင်နီမိုး၊ သတိုးမင်းဖျား၊ သွန်းလို့ထားလို့၊ တရားဆီမီး၊ ရောင်တော်ကြီးက၊ ရပ်ကြီးသာလွန်၊ ပုက္ကံအဝ၊ ရှိပြည်မ တွင်၊ တစ်ရာ့တစ်မင်း၊ မင်းတို့သခင်၊ နတ်ရှင်ဘုန်းဟီ၊ တောင်ထွတ်မြီကာ၊ ရင်တွင်းသီး ချာ၊ ရှိဥက္ကာကား၊ ရောက်လာသတင်း၊ ကြားလတ်ခြင်းကြောင့်၊ သည်းတွင်တုန်လျှပ်၊ ရိတန်ရှုပ်သို့၊ နှလုံးမဆတ်၊ ရင်ကိုသပ်လို့၊ ဖတ်ဖတ်တစ်လီ--- မောတည့်လည်း။

၅၃။ လည် ---- မြင့်မိုအပြက်၊ အရှိဘက်က၊ လက်လက်ဖွိဖွိ၊ ငွိရောင်ဟိအံ့၊ စိစိ လတ်လတ်၊ တောင်အပြတ်မှာ၊ ရှိစက်ထုငြား၊ ပတ္တမြားသို့၊ ငါးပါးရောင်ယှက်၊ နောက် အပြက်က၊ ထွက်ထွက်ထွီးထွီး၊ ဖန်ရောင်ပြီး၏၊ ညီးညီးလက်လက်၊ မြောက်ကာကနှင့်၊ နှိုင်းဖက်မဟိ၊ ရှိဖြင့်ပြီးသည်၊ ဆောင်းထီးမြရောင်၊ အုပ်စိုးဆောင်သည်၊ ပြောင်ပြောင်ညီး ညီး၊ တုံမဟိသည်၊ ဆယ်စီးရှင်ပြီး၊ ငါးစီးသခင်၊ ရင်ခွင်သည်းကြား၊ မွီးသည့်သားကား၊ ရဲဖျားမင်းခေါင်၊ မိုက်လတ်ယောင်ကို၊ စီလောင်ဖက်မျှ၊ စိုးကြောင့်ကြသည်၊ ဝမ်းကသည်း အူ၊ မီးနှယ်ပူသည်၊ ဝိဆူဝှန်တက်၊ ကျစ်ကျစ်ပွက်လို့၊ ကြောက်မက်ချင်ဖွယ်၊ ဖျက်လတ် သည်ကို၊ သိမည်ကိုမျှ၊ မကြောင့်ကြဘဲ၊ အရတစ်လီ----ဆိုလတ်တည့်လည်း။

၅၄။ လည် ----- မြင့်မိုအထွတ်၊ တောင်အလပ်ထက်၊ နက္ခတ်ကြယ်စိုင်၊ တံခွန်တိုင် မှာ၊ အယိုင်မပြတ်၊ လက်ယာပတ်မှာ၊ တောင်မြတ်သုံးတန်၊ ယုဂန်တောင်ဦး၊ တန်ခိုးထူး က၊ သောက်ရှူးကြယ်ဆိုင်၊ တံခွန်တိုင်မှာ၊ သွားသည်အဖြစ်၊ ကြိုးနှယ်ရစ်သို့၊ နတ်စစ် တစ်လွှား၊ ပညတ်ထားလည်း၊ ရှစ်ပါးအမည်၊ ကြီးငယ်ယုတ်မြတ်၊ ကြယ်နက္ခတ်က၊ သွား မှတ်စမြဲ၊ တစ်လမ်းတည်းကို၊ မလွဲမခြား၊ စိုင်သို့သွား၏၊ လေးပါးသစ္စာ၊ တည်ကုန်ရာ သည်၊ ကောင်းစွာအလွန်၊ လိတ်ကျောက်မွန်ကို၊ မြဲမြံသိသတ်၊ ရှိနှင့်ကွပ်လို့၊ အမြတ်သံ ကျိုင်း၊ သစ္စာတိုင်က၊ လက်ကိုင်မရာ၊ ချုပ်လိုပါသော်၊ မတာမဖျည်၊ နံ့နှင့်ယှည်၍၊ လက်ကိုင်မရ ဟိလတ်ကသော်၊ နတ်များအာဏာ၊ ပီးသောခါကား၊ ကောင်းစွာသူရိတ်၊ အအိန်လိတ်ကျောက်၊ သက်ကယ်ဆောက်လည်း၊ မထောက်မထား၊ ထွက်လားငြားသော်၊ အရာလေ့ကာ၊ မြင်သောခါလည်း၊ ကိုယ်မှာမသတ်၊ ယှောင်ကုန်လတ်၍၊ စိတ်မှတ်လယ် ကာ၊ သစ္စာအကြောင်း၊ လိုင်ကိုချောင်းလို့၊ ရကြောင်းမနီ၊ ခုတ်လျှင်းလီလည်း၊ စစ်မြီ အရပ်၊ ရောက်တုံလတ်၍၊ မလွတ်စသာ၊ သစ္စာအလျောက်၊ ကိုယ်၌ပျောက်သော်၊ မချောက် မချား၊ မနိုင်ငြားလည်း၊ သူ့အားလေ့ကူ၊ နိုင်သည်မူက၊ ဆိုင်သူအများ၊ သူရဲသားကို၊ မထားအသီ၊ သတ်လျှင်လီသော်၊ လေးထွီသစ္စာ၊ ပယ်ကုန်ရာသည်၊ အာဏာတစ်လီ-- ---ကြီးလတ်တည့်လည်း။

၅၅။ လည် ------ အဆင့်အဆင့် နန်းသုံးဆင့်ကို နိမ့်မြင့်မသွား ပညတ်ထားသည် ကြယ်များပြွမ်းပြွမ်း သွားသည့်လမ်းကား တစ်ရားမလွဲ တစ်လမ်းတည်းနှင့် မစဲမပြတ် လက်ယာပတ်၍ နက္ခတ်ကြယ်များ စိုင်လို့သွားလည်း လေးပါးသစ္စာ တည်ကုန်ရာ၏၊ သစ္စာလေးပါး မတည်ငြားသော် ချိုပျားရသာ ဩဇာမတက် မြေထက်မနီ နွှံလျှင်လီ၏ မြေကြီးဩဇာ နွှံသောခါကား ရသာချိုပျား မဖြစ်ငြား၍ စကားသစ္စာ မှန်သောခါကား ကောင်းစွာအဖြစ် မြေ၌ဩဇာ ထဲမှာမရှိ မြဲတည်ဟိ၏ အရိုတစ်လွှား လူအများမှာ လဲ့မြား အလွယ် ပစ်လတ်သည့်တူ ဆိုသည်စကား ကြားလတ်ငြားလည်း အများဗိုလ်လူ ပစ်လီ တူက ပစ်ကုန်ရ၏ ဆိုကြမည်သူ မဟိမူက မပိုက်အားလည်း လဲ့မြားလွယ်ရာ ပြောင်း ဇဝါကို တည်ကာမပစ် တန်းထစ်အကျော် ကောင်းကင်မျှော်၍ တိမ်ပေါ်မိုးထိ ပစ်လျှင်း လီ၏ ကိုင်ချိလက်နက် ဓားမထွက်၍ ရဲမက်ဗိုလ်ခြေ ထိုင်၍နီက ရိမြေအခြား မဟိငြားလည်း သူ့အားကြီးစွာ နိုင်သောခါကား ဆိုင်လာမည်သူ ထိုများလူကို အယူသစ်သစ် သတ်သည် ဖြစ်လည်း၊ တန်းထစ်ကြီးစွာ ရှိသစ္စာကြောင့် မတားနိုင်ရာ ကိုယ်ကိုခါ၍ မင်းပါကိုယ် ကြပ် လိုက်တုံလတ်သည် ဖတ်ဖတ်တစ်လီ ---- မောလတ်တည့်လည်။

၅၆။ လည် ----- သစ္စာအပြား ဆယ့်နှစ်ပါးကို နတ်များဒေဝါ ဗြဟ္မာသိကြား ပညတ်ထား၍ ခြောက်ပါးဝိညာဉ် သံယောဇဉ်ကို မနိုင်သည်ဖြစ် ရှုံးကုန်လစ်၍ အမှိုက် နှင့်ဖွဲ့ မီးကျီခဲကို ရှောင်လွှဲပစ်ဖြတ် မခွာတတ်ပေ စိတ်ပြန်လောင်ကျည် မဆည်လည်တတ် ဆင်းရဲလတ်၍ အထွတ်လူ့ပြည် မျိုးဆွီမဟိ ပန်မည်တထူး အချစ်ကြူး၏ သုံးခုမြောက် လျှောင် စိတ်ကိုနှောင်ကာ မလောင်သံထွီ ပျောက်ငြားလီသော် တောင်းချီတံဒါ ငြိမ်းချမ်း ရာဟု တစ်ရာမင်းဇစ် နှလုံးအစ်၍ သူမိုက်နှစ်ပါး ပြည်သူများနှင့် နှစ်ကြား သူကြီး မနီနိုင်တတ် ဆိုင်ကုန်လတ်၍ အလျှပ်ညီးညီး ကြောက်ဖွယ်ဟီး၏ တပ်ကြီးတပ် ငယ် မြအိုးတည်၍ ပတ်လည်အများ ရုံဝန်းချလည်း လေးဝတံခါး နွှံလောင်းထားတို့ များလှအံ့ဖွယ် တပ်ငယ်တပ်ကြီး သူရပြီးနှင့် သီးသီးခြားခြား ထိုင်လတ်ငြားလည်း သတ္တာ ရဘန် တောင်စွန်အနား ခြင်သီးသွားသော် လာငါးမလာ မမြင်သာနဲ ရောက်ကုန်အဝ ပြန်လတ်ကလည်း ပြီးစွထူဝ ရောက်ခဏလည်း ရွက်လှဖြူထွား တန်ဆောင်လွှားသို့ ကြောက်အားတစ်လီ ---- ကြီးလတ်တည့်လည်။

၅၇။ လည် ----- အထူးအကဲ ကိုင်စားမြဲကား သူရဲလက်နက် ဓားသံလျက်ကို မပျက်နိုင်ပြီ လိပ်ကျောက်ရီနှင့် အသီအသပ် ငွီနှင့်ကွပ်လို့ တွတ်တွတ်ဝင်းမျှ နွှံပွင့်ချ ၍ မလေ့ျစကောင်း ဓားတစ်သောင်းကို ကြိမ်းမောင်းမထွက် ကြောက်မက်အလွန်

သတ်လတ်ဟန်က မြစ်ယံကမ်းပုန်း ညွှံစိန်ကျုံးကို ရှုံးရှုံးမခန်း ရီနှင့်ပြွမ်းလည်း ကျန်းကျန်း မခံ လန်စိန်ကျွန်လည်း ကြန်စွန်ဖြိုချ အားမရ၍ နှစ်ဝသူရဲ လက်ချင်းတွဲသော် မလဲနိုင် စွန် မြင်ခြင်းလွန်လည်း တံခွန်ဖြုလွှား ရက်ချည်ငြားလည်း ကြီးလားထမ်းပိုး ရီဟုန်တိုး လျက် ဖြိုးဖြိုးသံတစ် ထီရှင်ရစ်၍ ဆုံဖြစ်လီဟန် သဘောမှန်က သေယံမြစ်ဝ တန့်လီ ရ၏ နောက်မှတစ်ဖန် လွှင့်တုံပြန်လျက် ကျင်ထံဝါဒ မပစ်ကြ၍ ဆယ်ဆမေတ္တာ ကြို လတ်ရာကား လေးဖြာလူမျိုး ချစ်ဆွိတိုးက ကြိုးသို့တစ်လီ ---- နှစ်လတ်တည့်လည်း။

၅၈။ လည် ----- မပြို့မပျက် ရှိမင်းဆက်က လက်နက်တန်ဆာ ကိုယ်စီပါလို့ ကောင်းစွာအနီ သံလျက်အိမ်က အညီညွှတ်သတ် ကြိမ်နှင့်ကွပ်၍ ရုပ်ဓာတ်စုံဇီ ဖျားရင်း စီး၍ အအိန်လိတ်ကျောက် အပြောက်ဝါထီး ပန်းခက်စီး၍ အညီပတ်မျှ ငွေပေါက်ချ၍ အလှတစ်ထူး အတူမမျှော် မကျော်စကောင်း ဓားတစ်သောင်းလည်း ကြိမ်းကြောက် မထွက် လက်နက်လွယ်ကာ မရသာ၍ မေတ္တာဆယ်ပါး အချစ်အားနှင့် နှစ်ပါးတူပြိုင် မနီနိုင်လည်း ပင်ခိုင်သစ်ကြီး မလဲသီးလည်း ပြောင်ကြီးမီးလျှံ အစွန်နှစ်ဖက် ခြုံးခြုံး ထွက်လို့ အပက်မိုးကျိုင် တအိုင်အိုင်နှင့် သံစိုင်သံဆက် လျှပ်စစ်ထွက်၍ နှစ်ဖက်ရန်ပြိုင် စစ်မက်ဆိုင်လည်း ကျန်းခိုင်ဇာတိ စောဘုန်းဟိကား ရောင်ဇီရောင်ညင်း လျှပ်လျှပ်ခင်း လည်း ကြောင်းခြင်းမပြေ တန်း၍နီလျက် လျှပ်ခြည်ပြိုးပြက် လောင်မီးစက်ကို မတက် တုံလီ မကွယ်လီသီး ထိုစစ်ကြီးကို မဆိတ်မည်ံ ကြေးပြောင်းသံနှင့် မီးလျှံမတုံ တခြုံခြုံ ကို မျှရီလိုရာ မတ်လက်ယာက မကွာနိုင်ဘဲ ရှိကစွဲ၍ နှလုံးမပြို ဆိုင်လို့နီသော် ပုလဲ သန္တာ နီလာအဆုံးရွှိမြတုံးကို နှလုံးတိုက်ထဲ အမြဦးထက် တင်လျက်ပြီးသော် ဘုန်းဟိ သခင် အသျှင်မှတ်ထား မင်းတရားကို ဖွားဖွားသွင်သွင် သတိတင်လျက် မယှဉ်နိုင်ထွန်း ကြောက်အားလွန်း၍ မှာတမ်းတစ်လီ ---- ထားလတ်တည့်လည်း။

၅၉။ လည် ---- သောင်းသောင်းသဲသဲ မြို့အထဲတွင် သူရဲဗိုလ်ခြေ ဆိုင်လို့နီသော် ခြေလို့မနီ သံသည်ကိုယ်ကြီး မောသောဆီးတည့် ခပ်သိမ်းသတ္တဝါ မြိုကမ္ဘာထက် နီရာလူ တို့ ပျက်လတ်ဖို့က ရှိရှိရဲရဲ ပူထိတ်သည်းလို့ မိုးလည်းမရွာ နီသာထန်ပြင်း ခုနစ်စင်းနှင့် ပူခြင်းမလွဲ မီးလုံစွဲ၍ နတ်ပြည်မလွတ် လောင်ထန်လတ်၍ နီးရပ်ဝီးစွာ ဖဲကြဉ်ခွာသည် အာကာမိုးခဲ မရွာပဲလျှင် ကြယ်လည်းမပေါ် မပျော်နိုင်တတ် မိမောလတ်၍ သေယာဉ် သေမိုး ဝတ်ဝတ်ကျိုးလို့ ထောက်ပိုးမနိုင် စွဲကိုင်မရ ပြိုလို့ကျ၏၊ သျှမ်းသားနီသည် ယင်းရပ်ပြည်သို့ ဘုံးကွယ်လှည့်ပတ် သွားနိုင်တတ်က အထွတ်မြုတ္တေ မြတ်လျှင်မည်ဟု ကြံသည်ပညာ မတ်လက်ယာသည် ပမာမမှေး ထုံးနည်းတစ်လီ --- ရှိလတ်တည့်လည်း။

၆၀။ လည် ----- ဘိုးဘိုးဘွားဘွား အသျှင်သားကား သူအားစစ်သည် မနီနိုင်ဝံ့ တလန့်လန့်ကို ကြောက်အံ့ဖွယ်တိ ဖျတ်လတ်ဘိသော် ခရီးမြီတာ သျှမ်းသားရွာကို ဝီးစွာ ခရီး ချိန်ခါနီးလို့ ပြည်ကြီးထုတ်ချင်း သတင်းအညီ ကြားလျှင်လီသည် မငြိမ်ချောက်ချား လူအများတို့ ရောက်ငြားမှလျှင် တို့သခင်က မရှင်မျက်နှာ သူ့မှာကာထဲ ကိုယ်မှာကြ ၍ နောက်ငေးမကွာ ဖြစ်လတ်ရာလည်း ရံခါကျေးဇူး အချစ်ပြု၍ ညွတ်နူသဒ္ဓါစေတနာ သည် မေတ္တာရှိနှယ် ချန်လတ်မည်လေ ကြီးသည်အမှူ သူရဲဆုလည်း အတူကြီးစွာ မကုန်ရာသည် မျက်နှာကရင်း ဥစ္စာပင်း၍ ချွတ်ယွင်းမှာထွေ သူတို့ဝယ်ကား မြတ်တေ ဘိုးဘွား ရှင်ရိုးသားဟု ဝမ်းပါးလောင်လာ ကြံရာမဟိ သည်းခံချိ၍ ဇာတိကောင်းထွတ် လူများနတ်က မျိုးမြတ်နှမ မချစ်ကြ၍ အလှုမြူတွေ့ မေဖိုးမယ်ကို ရှိခိုးဥစ္စာ ပို့နှင်းလာ ၍ ဥက္ကာသျင်အား မချွတ်ငြား၍ တစ်ပါးပြည်မင်း ရင်တွင်းသည်းဖြိ မရပြီဟု မပြီအချစ် ပျက်သည်ဖြစ်၍ လောင်းဇစ်တစ်ပြည် သွားလျှင်းမည်ဟု မပြေဝမ်းကွဲ ငိုသည်သည်း၍ နက်နဲပညာ မတ်လက်ယာကား ပမာပမည်း ကမ္ဘည်းအလို ထုံးကိုဆိုသည် မင်းကိုတစ်လီ ---- ပျော်လတ်တည့်လည်။

၆၁။ လည် ---- ငါးသိန်းယူဇနာ၊ သချံအတိ၊ ခြား၍ဟိသော၊ အရှိပြုဗ္ဗာ၊ ကျွန်းဦး သာတွင်၊ ရောက်လာသစ်ပင်၊ ကုံကော်တွင်သည်၊ နတ်ရှင်ဒေဝါ၊ စောင့်ငြားလှာ၏၊ ရသာမြလှ၊ သီးချိုမြသား၊ ကာလများမြောင်၊ နှစ်ကုန်အောင်ဝယ်၊ တစ်တောင်လွန်ပြီး၊ တစ်လုံးသီး၍၊ ချိုဆီးရသာ၊ ကောင်းလှစွာသည်၊ ပါဒလတာ၊ နတ်စားငှာက၊ တစ်ရာ တိန်ဆိုက်၊ ရှိပင်ရစ်၏၊ မထိုက်တောင်စွန်း၊ ဇမ္ဗူကျွန်းထက်၊ မြတ်ခံသာလှ၊ ကျွန်းဦ စကား၊ များလှယူဇနာ၊ တစ်ရာအဇောက်၊ ယူပြီရောက်၏၊ အနောက်ရပ်ခွင်၊ မည်ခေါ် တွင်သည်၊ ထိန်ပင်ရောက်ထွန်း၊ ဂေါယာကျွန်း၌၊ နှိုင်းတန်းမမြင်၊ ဥဒင်ဂုရု၊ အင်ဗျည်း ဇုဥ်၊ ကျွန်းဦးရောက်ရာ၊ ပဒေသာက၊ တစ်ရာအဇောက်၊ ဖျူးဖျူးရောက်၏၊ အံ့လောက် စရာ၊ လူတကာက၊ နှိုင်းရာမရ၊ ကြီးမြတ်လှ၏၊ ပြုဗ္ဗဝတီ၊ ထွက်နီသည်ကား၊ လျှပ်ခြည် ရွှန်းရွှန်း၊ လေးရပ်ကျွန်းတွင်၊ ရောက်လျှဉ်းကိုးသိန်း၊ လင်းထိန်ပြီး၏၊ ရှိနန်းသခင်၊ ဘဝရှင် တို့၊ ရုပ်ရှင်ကိုယ်စား၊ သွန်း၍ထားသော်၊ ငါးပါးရန်စစ်၊ တွန်းပစ်မသာ၊ ရှုံးကုန်ရာ၏၊ အချာနဂိုု၊ မြင့်မိုတောင်က၊ အရိပ်ကျ၍၊ မိုက်ကြသောခါ၊ အင်္ဂါသုံးပါး၊ ရှိခြားမဟိ၊ လင်းပြန်ဘိလည်း၊ ဇာတိအလစ်၊ လူအဖြစ်တွင်၊ အမိုက်တစ်လီ ---- မိုးလတ်တည့်လည်။

၆၂။ လည် ---- အရှိပြုဗ္ဗ၊ တောင်ကဇမ္ဗူ ၊ အနောက်မူကား၊ လူသူမဆန်၊ ကျွန်း ဂေါယာန်လည်း၊ နှိုင်းတန်မမြင်၊ ဥဒင်ရု၊ အင်ဗျည်းဇုမှာ၊ ထူးထူးခြားခြား၊ ဖြစ်သည်များ

ကို၊ သျှင်သားဝမ်းတွင်၊ မှတ်စီချင်၏၊ ဥဒဂ်ရှု၊ အင်ဗျည်းဇုတွင်၊ လူတို့မျက်နှာ၊ ညီစွာရွှန်းရွှန်း၊ လပြည့်ဝန်းသို့၊ သင့်ကျန်းကိုယ်ပြင်၊ ရွှီဇင်ဆိုသား၊ ထွားကရားနှင့်၊ သူ့သားကိုယ့်သား၊ ရောချ်ထားသော်၊ မွှီးစားထုံးပြီး၊ သားသမီးလည်း၊ မသိအခြား၊ နီလတ်ငြား၍၊ နှစ်ပါးမောင်နှံ၊ ပျော်ချိန်တန်က၊ ထံဆံနဒိန်၊ သစ်သိမ့်ပင်ရင်း၊ ဖုံးလီးလျှင်းသော်၊ အရင်းမျိုးပွား၊ ဖြစ်လတ်ငြားလည်း၊ သူများတကာ၊ မြင်ကုန်ရာ၏၊ ရင်းချာမျိုးပွား၊ မဟုတ်ငြားလည်း၊ လူများမမြင်၊ သစ်ပင်ရွက်ဖျား၊ ဖုံး၍ထား၏၊ နှစ်ပါးအိမ်ရာ၊ ရှည်သောခါက၊ အင်္ဂါငါးပါး၊ ဖြစ်သောသားကား၊ ရောက်ငြားသည်ဖြစ်၊ သန္ဓေတစ်၍၊ ခုနစ်ရင်တွင်၊ ကိုယ်ဝန်ကြင်တည့်၊ ရွှီစင်အလား၊ သမီးသားကို၊ အများတကာ၊ သွာရာလမ်းကြီး၊ ပစ်လတ်ပြီးသော်၊ လူလတ်မူကား၊ နို့ဟုလာပြဲ၊ လက်ညှိုးတစ်၍၊ ခုနစ်ရက်စီ၊ မြောက်လတ်ပြီးသော်၊ အမိနောက်ထပ်၊ ကိုယ်ကြပ်မကွာ၊ သွားနိုင်ရာ၏။ ရှည်စွာအသက်၊ မိသားလက်တွင်၊ ကျန်းစက်ရာသီ၊ တစ်ထောင်နီ၍၊ မတည်နိုင်ဘဲ၊ ခန္ဓာလွှဲသော်၊ နတ်လေ့ခြင်းရာ၊ ပဒေသာ၏၊ တန်ဆာတို့က၊ ထုပ်ပိုးထ၍၊ ပဥ္စင်းမည်၊ လက်မြောက်သည်နှင့်၊ မျိုးဆွိတကာ၊ စောင့်ကုန်ကြ၏၊ တန်းစက်ပြင်ပါး၊ ထုတ်၍ထားသော်၊ ကြီးလှငှက်ဆင်၊ ချီလျှင်စမြဲ၊ ဘဝလွှဲသော်၊ ငရဲမသက်၊ အထက်နတ်ပြည်၊ ရောက်လျှင်းပေ၏၊ တစ်ပြည်တထူး၊ မမြင်ဖူးဟု၊ ယခုလူတို့၊ ကွာမည်ဖို့ကို၊ နတ်တို့တလည် ---- ခြားလတ်တည့်လည်း။

၆၃။ လည် ---- တရုံရှိဦး မရောက်ဖူးသည် ထူးထူးခြားခြား မြောက်ကျွန်းသားမှာ သစ်ကျားခြင်သီး စပါးကြီးနှင့် တသီးကင်းမြို့ ကြောက်ဖွေမမြင် ဆင်လည်းမဟိ ကျည်တိတိနှင့် ခရီးသူပြည် သွားလျှင်သည်က ပစ္စေကဗုဒ္ဓါရဟန္တာတို့ သွားရာအရပ် စိတ်မှတ်လို့ရာ ဝီးစွာခရီး ရောက်လျှင်လီ၏ မြစ်ဝီကမ်းပါး ရိုကလားသော် အများတကာ တန်ဆာတို့ကား ချွတ်လှယ်ထား၍ ပျော်ပါးသာရွှင် ရီကန်တွင်၌ အလျင်ချိုးသူ ထက်မယူ၍ စိတ်တူကိုယ်ညွတ် ပျော်ယဉ်တတ်၏ အရပ်ထုတ်ချောက် တိုင်လီမြောက်က နတ်တောင်းသလီး ချိုးသီးရသာ ဩဇာကြိုင်မွှီး စားဖွယ်ဟိသော် သစ်သီးခွံပါး ခွက်တွင်ထား၍ ပတ္တမြားခုံလောက် မီးလျှံတောက်၍ ကျက်မြောက်သောခါ ရသာထွီပြား ဆယ့်နှစ်ပါးကို အများပိုလ်ပုံ မားငြားတုံလည်း မကုန်နိုင်ဘဲ တလဲလဲကို လျှောက်ကဲသောသူ မဟိမူကတူရှုမျက်မှောက် အကုန်ပျောက်၏ အံ့လောက်စရာ နတ်တန်ဆာကို စိတ်မှာမယွင်း လူခပင်းသို့ သတင်းငါးပါး သုံးသောအားဖြင့် အဆင့်တလည် ---- တူလတ်တည့်လည်း။

၆၄။ လည် ---- ပြုပ္ပဝတီ နီသည်ကျွန်းသား လူအများကား ငွီသားပမာ ဖြူလှစွာဟု မျက်နှာမသျှောင့် လေးထောင့်အစွန်း လပြည့်ဝန်းလည်း တခြမ်းမျက်နှာ တူကုန်ရာ

၏၊ ကြည်းယာခုတ်စား လယ်လုပ်များ၍ သွားလာကုန်သွယ် ခေါက်လှယ်အများ ရောင်းကုန်ကြ၏၊ ကာလများမြောင် ခုနစ်ထောင်သည် ကုန်အောင်အသက် ခန္ဓာဆက်လို့ ခြင်တွက်များစွာ သတ္တဝါကို ပါစာမဆက် အသက်လွှတ်၏ အမြက်လည်းဟူ ပင့်သကူကို ရပ်သူအများ စားကုန်ငြား၏၊ တောမြားရပ်ခွင် ကိုယ့်အိမ်တွင်လည်း အရှင်ယူကြမသတ်ကြ၍ ဖြူဆွဋ္ဌီရောင် မြင့်မိုတောင်ကို သင့်အောင်စကား ဆိုလတ်ငြားလည်း ငါးပါးသတင်း သုံးလတ်ခြင်းကား သတင်းတလည် ---- သုံးလတ်တည့်လည်း။

၆၅။ လည် ----- အရပ်သုံးပါး တောင်တလွှားတွင် ဘုရားဟူသည် ဖြစ်တည်အမှုအတူတူသော် ဇမ္ဗူကျွန်းသူ ရပ်လူခပင်း ဖြစ်လတ်ခြင်းကား အဆင်းအပြင် ရှိစင်တူငြားပတ္တမြားသို့ သုံးပါးအရွယ် အမည်ငါးပါး တွင်လတ်ငြားလို့ သူ့သားကိုယ့်သား မရောငြားလည်း စကားမဖြောင့် သုံးထောင့်မျက်နှာ လှည်းပမာသို့ ခြင်းရာထို့ပြား ဖြစ်လတ်ငြားလည်း မခြားမနား ဆောင်ယောင်များနှင့် စကားမရှောင် လက်ဆောင်မရ ခွတ်သတ်ကြလည်း လောဘမာန်အား မချုပ်ငြားသည် စကားတလည် --- ကြီးလတ်တည့်လည်း။

၆၆။ လည် ---- ရိုးကအကြိုက် ကျင့်စရိုက်က တဖြစ်တစ်ယောက် စွန့်စားမြောက်တွင် ချစ်လောက်မဖြင် ဇမ္ဗူခွင်တွင် အရှင်မထား သက်တေများနှင့် စကားမကျီ အသိငါးပါး အယုက်များ၏ ရှစ်ပါးသောသူ ထိုမျှလူတို့ မတူနိုင်ငြား အခြားခြားကို စကားနှုတ်ထွက် စိတ်မကွက်တည့် အသက်တည်ရှည် တူနှယ်မဟိ ဖြစ်လတ်ဘိသော် အသိအကြားဆိုလတ်ငြား၍ သူ့အားအကျယ် မြင်သည်ယောကျ်ား ကိုယ်ရှည်များဟု သားငါးအကြိုက်စားသည်ဖြစ်က အချစ်မည်ဆန်း မဟုတ်လွန်းသည် ရဟန်းတလည် ---- ဖြစ်လတ်တည်လည်း။

၆၇။ လည် ---- အဖြစ်မြတ်နိုး ချစ်ကေတိုးတ အမျိုးမဆန်း နောက်ရပ်ကျွန်းတွင်ဂေါယန်တွင်ငြား ကျွန်းသူများကား အသားမည်းဆန်း ဖန်ရောင်ထွန်းသည် မဝန်းမစားထိုပြည်သားကား အသားကဖံ အသံကန္တား မချစ်ငြားလည်း ယောကျ်ားမည်ဆန်း မလှလွန်း၍ မဝန်းမစား အလျားထူစွာ မြင်းမျက်နှာနှင့် အညာအကြည် နွားကုန်သည်သည်ပတ်လည်အမှု ရောင်းကုန်ကြ၏၊ တစ်ရာ့ငါးဆယ် နီသည်အသက် ဆက်လို့တလည် ---- နီလတ်တည့်လည်း။

၆၈။ လည် ---- တထူးတခြား ဖြစ်တေများကို မှတ်သာ၀ီရိ မြူတ္တိသျှင်သား ၀မ်းတွင်ထား၍ ငါးရာငါးမည် ဖြစ်သည်များခြင်း မြစ်ခပင်းက ဆုံးခြင်းမမြင် များဖျင်ပတ်ကုံး ရီအလုံးက ငါးပုံးခံတွင်း ဟုံးဟုံးဆင်း၍ ကြီးခြင်းသံလှ တုယင်ကဟု နာမကျောက်ဖျာခံကုန်လာသည်၊ သုံးဂါ၀ုတ်ရှိ နက်လှဘိလည်း တိရစ္ဆာန်တွင်မည်ရ နာမမည်ထင်တွင်းဥမင်က များဖျင်ပတ်ကုံး ရီအလုံးလည်း ရှုံးရှုံးရှင်းရှင်း ကြီးသံကျယ်ကျယ် ကြောက်မက်ဖွယ်တည့် ငါးသွယ်ယဉ်ထုတ် မြစ်သမုဒ်က စုပ်စုပ်ထွတ်ထွတ် သုံးပတ်ယည်ရှေ့ခနောင်းလည်၍ ပင်လယ်မြစ်မ သမုဒ္ဒက ရွရွသွင်သွင် သမုပြင်သို့ ရှင်ရှင်စီးစီး ရှုံးရှုံးပြီး၍ ဟစ်ကြွေးသံကျယ် ကြောက်မက်ဖွယ်လည်း ပင်လယ်သမုတ် တွင်းအဆုတ်သို့ ရှုတ်ရှုတ်သွန်ဆက် ကျောက်ဖျာထက်မှာ ခုံတက်လွှားကား ယူဇနာလည်း ငါးရာပြန်တက် ကောင်းကင်ထက်သို့ ခြင်တွက်ယူဇနာ သိန်းသချာသည် ကြီးစွာမြစ်မ အာကာသတွင် ယင်းကငါးဖြာ သွန်ကျလှာသည် ပမာလည်းကောင်း ဆင့်ကာလောင်း၍ လက်ချောင်းပမာ မြစ်ငါးဖြာတွင် သီတာမြစ်မ ငါးရာ့ငါးမြစ် အဖြစ်တလည်--- တွင်လတ်တည့်လည်။

၆၉။ လည် ---- စကြာ၀ဠာ မြီတာအ၀န်း တိုက်တစ်ခန်းကား ကိုးသန်းယူဇနာသချာအတိ ပေများတိလည်း မရွှိမယု မြီအထုက သိန်းစုနှစ်တန် လေးပြန်အသောင်းအပေါင်းယူဇနာ သချာအတည်း မြီအထဲ၀ယ် မစဲမယူ ရီအထုကား သိန်းစုလေးတန် သျှင်ပြန်အသောင်း အချာပေါင်းလည်း မစောင်းမလှု လီအတုကား သိန်းစုကိုးတန် ခြောက်ပြန်အယောင်း အပေါင်းယူဇနာ သချာအတိ များလှဘိ၏။ မရွှိမယု မီးအထုကား မလုမလဲ သဲသဲရွှန်းရွှန်း ပြောင်ပြောင်ထွန်း၍ တစ်သန်းကိုးသိန်း တွက်ကိန်းယူဇနာ သချာလည်းကောင်း လေးသောင်းပေါင်းနှင့် မစောင်းမလှု ဓာတ်လေးခုက အဆုံးအစ အောက်ဆုံးမှက များလှကုဋ္ဌိ တွက်ရွှိမရ ကြီးလှကျောက်ဖျာ ငါးဆယ်တာကို အာကာထဲအောက် မြီကထောက်သည် အစောက်တလည် နက်လတ်တည့်လည်။

၇၀။ လည် ---- ဗလ၀ါမုယှာ အဆုံးမှာကား တေဇာရွှန်းရွှန်း မီးချည်းတန်း၍၊ တစ်သန်းအရွှိ ဂဏိတွက်ကိန်း ကိုးသိန်းလေးသောင်း အပေါင်းသချာ ယူဇနာသည် မီး သာအတိ အထုဟိလည်း ကိုးသိန်းခြောက်သောင်း အပေါင်းသချာ ယူဇနာသည် ၀ါယောအတိ မြင့်လှဘိသည် မစိမယု ရီအထုကား သိန်းစုလေးတန် သျှင်ပြန်အသောင်း၊ အပေါင်းသချာ ယူဇနာလည်း ကမ္ဘာမြီကြီး အထုဟီးသည် နှစ်သိန်းလေးသောင်း သချာပေါင်းလည်း၊ မစောင်းမလွဲ ကြွတ်စည်းအညီ တည်လျှင်လီ၏ ကြီးကျယ်တည့်ကား သူတို့အားကို ကိုယ်ငြားပြီးမှ မှီခိုရ၏၊ ယောကျ်ားတကာ ပူဆဲသော်လည်း ဆင်းရဲဒုက္ခ ခံကုန်

ရ၏၊ အဘခမည်း နှလုံးကြည်းကား တောက်လဲခန္ဓာ ဆုံးပျက်ရာဟု မြင့်ကြာမနီး သွား လျှင်းဝီလည်း ရှိုင်ဦဥစ္စာ မျိုးရိက္ခာနှင့် တစ်ရွာကိုဖောက် အရောက်တလည် ---- သွား လတ်တည့်လည်။

၇၁။ လည် ----- မရှိမလျှား ဓာတ်လေးပါးလည်း တည်ပြောအာကာသဟု သကျ မုနိ ပရိပုဇ္ဇာ ကုန်ခတ္တာဟု စကြာဝဠာ အာကာပြင်ဖျား ဤလေးပါးကို မည်ပြောမပဟိ များလှဘိလည်း ခပ်သိမ်းလူ့ရွာ ဖြဟွာနတ်ပြည် ဘုံသုံးဆယ်တွင် ရှိအင်များစွာ ကမ္ဘာ လည်းကောင်း တိုက်တစ်သောင်းမှာ လင်းကြောင်းနီခြည် ထွန်းလတ်သည်ကား လူ့ ဆွေဘုရား ဟောပြောမည့်သူ မပဟိမူလည်း ဆူယူမရ ထိုလူများလည်း လေးပါးတည်ခွင် ဖြစ်ကျင်တုံပြော ကျွန်းသူများလည်း တူပြောသည်ပင် နှင်နှင်အဖြစ် အညီလစ်၍ အနှစ် မြင့်ကြာ တစ်ကမ္ဘာကို ရွာသည်ပတ်ကုံး မိုးပေါက်လုံးကို တွက်ကြုံးရှိဆ ဂဏန်းချလည်း အစရှိမြီ မပဟိလီတည့် လူဆွိသျှင်ချစ် ဟောတုံလစ်သည် အဖြစ်တလည် များလတ်တည့် လည်။

၇၂။ လည် ----- ဘုံကွယ်လှည့်ပတ် အရာမတ်၍ ပြာသာဒ်နန်းမ ရောက်လတ် ကလည်း သားဘခင်သည် တင့်သည်နှလုံး မေပန်းကုံးက ယုံကျုံးအမှတ် လန်းအပြတ် တွင် တတ်တတ်အသံ ဖျတ်လတ်ဟန်ကို အမှန်သိလို့ မြင်ရလီ၏၊ မငြိမ်မဆ ဖျက်ဆီးလှာ သည် ငါ့သားရန်ဖက် အသျှက်ဘိဝေ ဟိလျှင်လီလည်း ဘုံသည်းသခင် မေချစ်လင်နှင့် ကိုယ်တွင်ရန်ဘက် အသက်အကြစ် အဖြစ်မည်ပြော မြတ်ရာထားသည် ငါးပါးရန်သူ သတ်မည်ဟူက အယူတဇစ် မင်းသူညစ်လည်း မိုက်မိုက်မဲမဲ ဘုံငရဲတွင် ဖော်လည်းမပေါ် တအော်လည်းလည်း ခံရမြဲလို့ မင်း၏မယား မင်း၏သားလည်း ငါးပါး ရန်သူ ဖျက်ယူမကြွင်း ကိုယ်ထီးကြွင်း၍ ဆင်မြင်းခြံမှာ သိသိသော်လည်း အပေါင်း ယောကျ်ား ယုတ်သောသားကား ယုတ်မှားသတိ ပျက်တတ်ဘိ၏၊ တိတ္ထိအယူ ငရဲသူလည်း တူတူသိကြား ရှိနဂါးနှင့် ထက်ဖျားဖြဟွာ မြီမှာတရိုး ရက္ခစိုးက နတ်မျိုးသက်သီ သိလျှင် စီလည် မိုက်သည် ပြိန္တာ ရံခါမပဟိ ဖျက်သည်ဟိက တတ္တိအသွင် ဝါရုံပင်ကို မလျင်သည် ဖြစ် မိုးကြိုးပစ်၍ အမိုက်နှင့်သီး အဝီစိမှာ ကျစီသော်လည်း အနုလောက စသည်ထွက် ရှိ အညီမကြွင်း ကောက်ကဇင်းကို ငိုခြင်းစီရီ ဖွဲလျှင်းလီ၏ နတ်ပြည်မဆီ ပျော်လတ် ဘိသော် မြတ်လိလွန်ကြင် သားသခင်ကို သျှင်ပင်လာ၍ တစ်ခါလည်လည်ငိုခြင်းထွေ လှာ ဆယ့်နှစ်ဖြာကို ကက်ာယည်ရှည် မြစ်ငါးသွယ်ကို အံ့ဘွယ်တိသာ ကြီးလှာမှည်မှည် နီသုံးလှည်မှ နီတိုင်းညယ် ဖြားရိသျှန်သည် မြစ်ယံကမ်းခြီ ဖြားရိလျှောသက် ပြန်လို့

ထွက်သော် မြချက်အောင်မြီ ကျွန်းသပြီမှာ သုံးထွိရတု ပျော်မှုအံ့ဖွယ် ထူးဆန်းလီက မလိကန့်ကော် စွယ်တော်ခေါက်ရန်း ငှက်ပြိုပန်းနှင့် မြပန်းဖြူထွက် ရင်ခတ်ကျက်ရုံး ပန်းအသုံးနှင့် မျက်ရုံးချရား ထင်ရှားသရဖီ မဥ္စရီနှင့် အီးကြိုင်နံ့ဆန်း စံကားပန်းနှင့် လက်လွှန်းသင်ခွေ ဖြစ်သည်တရိုး မညိုးကြောင်လျှာ ချတ္တရာတည့် လူးလာပျံ့ဝဲ ငှက်ခပဲလေ ဝမ်းဘဲတလည် အောခဗွေနှင့် မွေရီလှဘိ ရီတန်သိလည်း ငှက်ကြီးဝန်ပို ဝါဖိုသံငှက် စတ္တာဝက်နှင့် အထက်ပျံကာ နီရာနာမှတ် တီလီဒွတ်က နှူဆွတ်ခေါက်ရာ သာလိကာနှင့် မီလိက်ာမကြွင်း မြူးထူးခြင်းက မာဖျင်းတရှိ မြတ္တိသစ်အုပ် အခါချုပ်၍ ဥပုသ်ငှက်ခါး ငှက်အများက သွားလာဖွယ်ညက် ချစ်ဘက်ဆွီစုံ ပျော်ပြာကုံလည်း သံဟုံမစဲ ငှက်ခပဲနှင့် ပဒုမ္မာသည် ရွှိကြာငါးပါး သာကရားသည် သွားသွားသိုက်လဲ အမြဲတလည် --- ပျော်လတ်တည့်လည်။

၇၃။ လည် ---- အတန်းအတန်း သမိုက်ကျွန်းမှာ ထူးဆန်းအာရုံရှိနှင့်ထုံသည် ပွင့်မုံတဟု ဘုကရုနှင့် ရစ်ကျူမြီကာ တန်းခန်းဝါမှာ ရောင်ဝါထူးဆန်း ကြာပန်းဖြူပြာ ပဒုမ္မာသည် ရွှိကြာငါးပါး သာကရားလည်း လစ်သွားအီးကြိုင် ရွှိနှယ့်ကွန့်ဘု ဆိဘိလုနှင့် ထင်ရှုသခင် ရောင်ထင်ရွှန်းရွှန်း အင်ကြင်းပန်းလည်း မိုးပန်းဆုလောင် ကြက်ပေါင်ဥကွန်း ချရားပန်းနှင့် ငရန့်ပန်းတူ မအူကြက်မောက် ပိတောက်ကြံသာ ပန်းရွှိဝါနှင့် ကြိုင်စွာနံ့မွှန် သရကွန်လည်း ကုက္ကမ္ဘလီညှင် တမျည်းဆင့်၍ အမြင့်နီးရာ မာလာဖြူဆွတ် တောင်ဇလတ်က မွတ်မွတ်ကိုသား လိန်ပိကြားလည်း လေးပါး နံ့သာ ကြိုင်စွာတထူး ပန်းခြောက်ဦးကို ဂုမုဒ္ဒရာ ရွှိကြာရောင်ညီး တွိကရိုးနှင့် ညှာစိမ်း ကွန့်ထင့် ထပ်ဆင့်ရမာ နော်ဇာပန်းဆန်း ခဝဲပန်းနှင့် ဆုပန်းကန်လျှာ ဇေဇဝါနှင့် ခတ္တာရုံဆန်း နှင်းပန်းမအုံ သဇင်မုံနှင့် ငှက်ပုံထောင်သောင်း ကျီးငှက်ပေါင်းတို့ သံညောင်းအုတ်စည် မြူးထူးသည်ကား ပျော်ဖွယ်မစဲ မကွဲရှိဘော် ဇင်ရော်မရှား နှမများနှင့် တခြားရွှိဝါ လင်းပြာငုံးခါ ဥချိုးများနှင့် ကျီးသားမြူးပျံ၊ ပျော်တိဟန်ကား ချစ်ဟန်များထွီ ဇာမရီလည်း ပြုံးမဒီ ယင်ဖောင်း ပိုးခလောင်းသံမြင့် ကျူးရင့်သံကျော် ဖရမော်နှင့် ထောက်ကျော်ပန်းဇင်း အောက်ချင်းတထူး ငှက်ဘီလူးတို့ ရင့်ရှူးခေါင်ဗုပ် တွံကြသံညှင်း ဥဒေါင်းမင်းနှင့် ငှက်မင်းကုလု ဗျည်းဖြူညိုဝါ ဟသ်ာကြက်တော ဥသြသံကျော် ငှက်တော်နွှယ်ပေါက် စွန်ပြောက်ရိုကြက် ကုလုကွက်နှင့် ဇရက်မိုးစွယ် ငှက်ငယ်တဇတ် သကြိန်ဖွတ်နှင့် မည်မှတ်သစိတ် ကရိဝိတ်တရိုး ငါးကင်ခိုးတို့ ဇီဝဇိုးကြိုးကြာ တလိက်ာ နှင့် တောင်သာငှက်ကျွဲ ငှက်ခပဲတို့ မစဲပျံထူး သားကိုကျူး၍ အထူးလီမြတ် ယတ်နှင့် ခတ်၍ မပြတ်စရီ သားကိုစီလို့ အီမြည်သံဆင့် ခါမလင့်လည်း ရှင့်ရှင့်သံကျော် သားကို

ခေါ်သည် ဇင်ရော်တလည် ----- ကျူးလတ်တည့်လည်။

၇၄။ လည် ---- လေးပါးစစ်အင် စတုရင် များဖျင်ဗိုလ်လူ သူရဲစုနှင့် ကျော်ကြီးမောင်းဆော် ချစ်ဘော်ကိုယ်ရီး နည်းရာပြီးလို့ လိုရီးလိုရာ ဆိုကုန်လှာသည် ရဲ့ကာယောကျ်ား မင်းခစားက စကားနှုတ်ချို ချစ်ဖွယ်ဆိုသည် မငြိုမငြင် လစ်စီချင်သော် သာရှင်နှလုံး တစိမလွဲ ချစ်ကြမည်ဟု ရွှီရည်ညှိုထွား စောင့်သည်များလည်း၊ ချစ်သားကိုရာ ရပြန်မည်လည်း ပြယာယ်လှည့်ဖြား ဆိုလတ်ငြားလည်း ဦးဖျားထိတ်ပြင် လက်ဦးတင်၍ မရှင်ဖူးမော် တောင်းပန်သော်က ချစ်ဘော်ဥသွီး ခွင့်မပီးဟု မင်းရီးမင်းရာ အဖြာဖြာကို ကောင်းစွာသီသတ် ညီစွာတတ်သည် အမတ်တလည် ---- ပြန်လတ်တည့်လည်။

၇၅။ လည် ----- အယုတ်အလတ် အမြတ်သုံးပါး ဆိုထွီးပြားသည် ကိုးပါးရန်မွီ အလျက်စီ၍ မငြိမ်မသာ သူ့ခန်းဝါကို အာသာစုံမက် လောဘငှက်ဟု ဆုံးပျက်စီအောင် စစ်မက်ဆောင်သည် ကြံအောင်ထွီပြား မိဖုရားကို လှည့်ဖြားမာယာ ဥချာသည်းကြားရင်ခွင်ထားသည် သားလှမြတ်စွာ ဦးပရာကို တန်ဆာပီးမှ ငမင်းခေါင်မှာ အောင်ဆုရဟု ဆုံးမမနာ ဘကိုခွာ၍ ဣန္ဒာသိကြား မြင်လတ်ငြားသော် ကိုယ်စားမကုံ ဝိသကြုံကို စီတုံအပြင်း တန်းတလင်း၌ နတ်မင်းအာဏာ ရောက်ပိလှာက မိစ္ဆာညစ်ညူ သတ်မုမုတွင် ဝိသုတာမ မတ်ရကျော်ထင် နတ်ရှင်မင်းအား ကွယ်၍ထားသော် လက်ဖျားယူငင် ရင်ခွင်တင်ထ ရုပ်သွင်ကိုယ့်ဖြစ် မဟိလစ်လည်း နတ်စစ်ပျော်မှတ် နဝဒတ်မှာ ရုပ်ခာတ်ကိုယ်ငွီ ပျောက်ခဲ့ပြီးမှ မြတ်ဘိစောစွာ ထက်နတ်ရွာသို့ ကောင်းစွာတလည် ---- ဆောင်လတ်တည့်လည်။

၇၆။ လည် ---- သတ္တာဒေဝ ပုရိန္ဒဟု၊ မြတ်လှဘုန်းခိုင်၊ ကျေနိုင်ကျေးဇူး၊ နတ်များမှူကား၊ ဝိသုကမ္မ၊ မည်ရအမှတ်၊ ချီတုံလတ်သော်၊ မင်းမြတ်အာဏာ၊ ဆောင်သောခါ၌၊ ဟေမာအစပ်၊ တောအရပ်တွင်၊ တတ်တတ်အသံ၊ တစ်ရံထင်ရှား၊ ဘခင်နားမှာ၊ သွားလာမညောင်း၊ ကြာပြီကောင်းဟု၊ ဆင်ခေါင်းတောင်ကြီး၊ မနီးဝိသကြုံ၊ အာရုံဖန်ဆင်း၊ ပြုလတ်လျှင်းသော်၊ သွားခြင်းမမြင်၊ ဘခင်ရွှီနား၊ ကြားလတ်ငြားသော်၊ သူ့အားငြူစူ၊ စိတ်မဖြူသည်၊ ရန်သူသီကြီ၊ သတ်လတ်ပြီဟု၊ သားကြီးမြတ်စွာ၊ ဥမရာသည်၊ ဟေမာတောခွင်၊ ရောက်လှာထင်သည်၊ ငါလျှင်မွီးဘ၊ ကြောင့်ကြတလည် ----- ပျောက်လတ်တည့်လည်။

၇၇။ လည် ----- လောဘ ဒေါသ၊ မောဟငါးရာ၊ ကိလေသာဟု၊ တဏှာညစ်ကြီး၊ လောင်သည့်မီးက၊ ရပီးအာကာ၊ မိုးမျှားလာသည်၊ ရွာခလုပ်လုပ်၊ လီညွင်းသုတ်သို့၊ ကလုပ်ကယင်၊ နီစဉ်တွင်လည်း၊ ဆိုကျင်သမျှ၊ ဖြစ်လတ်ရ၏၊ အဝမင်းခေါင်၊ မသျှောင်အနံ့တု၊ နှိုင်းဖက်ပြု၍၊ ရပ်ထုသူ့ပြည်၊ ခွာလျှင်းလီလည်း၊ ငယ်သီးငယ်သီး၊ တာမငြိဟု၊ ငြိမ်သက်ရကား၊ ကိုယ်စားဖွား၍၊ ရတနာပူရာ၊ မဟာနဝရ၊ ပြည်မအကြား၊ နှစ်ပါးအဆီး၊ မွန်တောင်ကြီးလည်း၊ စိန်းစိန်းမြရောင်၊ ဆင်ခေါက်တောင်ဟု၊ လမ်းဖောင်ခရီး၊ တက်လတ်ပြီးမှ၊ အရှိုပြည်မြတ်၊ ရှိပြည်ရပ်ကို၊ ဦးညွတ်ရိုသီ၊ ရှိခိုးလီ၏၊ တပြေဆန်းပြား၊ တခြားသူ့ချောင်း၊ မနိကောင်းဟု၊ ဆင်ခေါင်းတောင်ဖျား၊ မြောက်တောင်နား၌၊ ဗိုလ်များတဝန်း၊ တပ်ရာခမ်း၌၊ စခမ်းတလည် ---- ချလတ်တည့်လည်း။

၇၈။ လည် ----- နတ်စစ်နီရာ၊ ပောဝန္တာက၊ ကြီးစွာယဉ်တုံ၊ သရဘုံဟု၊ ရိပ်ဟုံလျှောကျ၊ ကင်ကျေယတွင်၊ ဘုံနန်းနဒီ၊ စီးသောရိပ်၌၊ အမည်ထင်ရှား၊ ကိုစွာဖွားလည်း၊ သျှမ်းသားရပ်မြို၊ ကတ်ခရိဟု၊ ပြည်ဆီရွာစပ်၊ တပ်အရပ်တွင်၊ နဝရတ်တား၊ လွယ်လို့ထားသည်၊ တံခါးရွက်တိုင်၊ တုရိုင်ကာပြီး၊ ပြအိုးကြီးနှင့်၊ ကျောက်သီးဝဇရာ၊ ကြီးစွာသစ်တုံး၊ ဆင်ခေါင်းလုံးလည်း၊ များစွာပြည့်၍၊ လမ်းကွေ့လမ်းဝ၊ ဆူးငြောင့်ထား၍၊ ရဲအားပြောထူ၊ ရဲမက်ဟူ၍၊ ရဲသူများလှ၊ အားမကျ၍၊ အစားတလည် ---- ဝယ်လတ်တည့်လည်း။

၇၉။ လည် ---- အမိုက်မူးမူး၊ နှလုံးနူးမျှ၊ ရပ်ကျူးခရီး၊ ရောက်လာပြီးမှ၊ အရှိုစူးစူး၊ ယုဂန်ဦးက၊ မြင့်ဖျူးမဏ္ဍိုင်၊ ကိုးပါးဆိုင်၍၊ ချစ်ရည်မမြော်၊ တအော်လည်းလည်း၊ လူခပဲတို့၊ လူးလဲခေါက်တင်၊ ယင်းတွင်စုံစမ်း၊ ရောက်ပြွန်းဆန်လည်၊ ယုံသည်ကျွန်နှင့်၊ ရဲရင့်တုံခြင်း၊ ရဲမင်းတုံဖွယ်၊ ရောယှည်နွယ်ဟု၊ ကိုးကွယ်မှီရာ၊ သျှမ်းသားရွာကို၊ မကွာထွားထွား၊ အစားကလည် --- များလတ်တည့်လည်း။

၈၀။ လည် ---- မကွာထွိထွိ၊ ကတ်မရိဟု၊ ရပ်မြိုဝါကျိုး၊ စိုးရပြီးမှ၊ မတ်ကြီးမောင်ညို၊ နှလုံးပြို၍၊ မငြိုမငြင်၊ ရောက်လှာကျင်သည်၊ ယခင်ရှိုးဦး၊ မမြင်ဖူးပဲ၊ ထူးထူးလည်လည်၊ ရောက်လာသည်ကား၊ အဘယ်မင်းပီ၊ ငါမသိဟု၊ ခရီးမြိုဟာ၊ ငါ့ခန်းဝါ၌၊ များစွာလူရင်း၊ ရဲမက်ကျင်းသည်၊ သတင်းစည်လာ၊ မီးသောခါဝယ်၊ ထိုရွာပြည်မင်း၊ လူခပ်ပင်းတို့၊ သတင်းစီရီ၊ ဆိုလတ်သည်ကား၊ သူများတကာ၊ အောက်သားဟူသည်၊ အမည်သီးခြား၊ နွယ်စိုင်လျားတွင်၊ လောင်းစားသဘင်၊ ထုံးကိုင်ငင်သည်၊ လူလျှင်တရိုး၊ ကြွန်အမျိုးမှာ၊ ငါတို့ရှင်သား၊ တန်းကစားတွင်၊ သွားငြားသည်ဖြစ်၊ ယင်းအကြစ်တွင်၊ အမိုက်နှလုံး၊

မိစ္ဆာသုံးသည်၊ ယုံကျူးဖွယ်ရာ၊ မျိုးမတာသည်၊ မသာမကြည်၊ ရှင်ဖို့မယ်မှာ၊ တန္ဒယ် မောင်ချစ်၊ ယောက်ဖဖြစ်၍၊ ကျင့်ညစ်မိစ္ဆာ၊ ဖျက်ဆီးလှာသည်၊ ဘုံသာနန်းတက်၊ အခိုးတက်၍၊ လက်နက်ကိရိယာ၊ စုံစွာသောအား၊ မြို့လုံးသားနှင့်၊ ခစားရှိသီ၊ ညီကြလီ၏၊ ရှိပြည်ကြ ငှန်း၊ ပြာသာဒ်နန်းကို၊ လက်ရမ်းပစ်ချား၊ မနိုင်ကြား၍၊ ချောက်ချားရှာပြည်၊ ပျက်လတ် သည်ကို၊ တပြည်ဤမျှ၊ ဆောက်လာရ၏၊ ချက်ချင်းစင်စစ်၊ ကြားတုံလတ်သည်၊ အဖြစ်တလည် ---- ဆိုလတ်တည့်လည်း။

၈၁။ လည် ---- တစ်ယောက်တစ်သီး၊ မိုးမတ်ကြီးနှင့်၊ မားကျိုးအောင်မြို၊ မိုးလို့နိ သည်၊ တစ်ပြည်သီးခြား၊ တကျိုးစားလည်း၊ သျှမ်းသားလုလင်၊ အမည်တွင်သည်၊ ရိုဝင် မှတ်မြွား၊ မတ်ကြီးသားနှင့်၊ စကားနှီးနှော၊ စီလျှည်ပြော၍၊ မကောမလွန်၊ ရောပွန်း ဆန်လည်း၊ ချစ်မမှန်သည်၊ ထုံးစံမှတ်သား၊ ချိန်းချက်ငြားလို့၊ သနားလေသူ၊ ရဲပိုလူအား၊ အမတ်များနှင့်၊ မွတ်သျှားမဆန်၊ ရောက်ယှက်ပြန်လည်း၊ မရွံ့မသျှာ၊ ချစ်ကောင်းစွာဟု၊ မေတ္တာခင်ပွန်း၊ ပီးလတ်ဝန်းက၊ မငန်းထဲသံ၊ ဆိုလတ်ဟန်ကား၊ သိန်းတန်ဘိုးမြတ်၊ ဇောတရတ်ဟု၊ အမြတ်လာထား၊ ပတ္တမြားလည်း၊ လူများသခင်၊ ငါတို့သျှင်မှာ၊ ရင်ခွင် နှောင်မွိုး၊ စံသီးညက်ပြာ၊ မိကုမ္မာဟု၊ မည်သာတွင်ကြ၊ အလှမြတ္တော၊ နိုင်တတ်မည်လည်း၊ ရှိမြိသခင်၊ ငါတို့ရှင်က၊ ခေါ်တွင်မရ၊ သူရိန္ဒသည်၊ နာမတလည် ---- ထားလတ်တည် လည်။

၈၂။ လည် ------ နီမင်းသူရိ၊ မိးနှင့်ရိလည်း၊ အညီသုံးပါး၊ ဖျက်တေများ၍၊ တရားရှိစုံ၊ ငြိမ်ပြီးတုံက၊ ကိုးဘုံဖြဟ္မာ၊ သုန္ဒရာသည်၊ ကမ္ဘာတည်စ၊ သမ္မတဟု၊ ယင်းမှ ကျူးကျော်၊ မည်ခေါ်တွင်လစ်၊ ကိုးပါးတိုက်မှ၊ မကိုဋ္ဌနန်းခွင်၊ မြိအပြင်ကို၊ နတ်ရှင်ဒေဝ၊ ဖန်ဆင်းကြ၍၊ အမှုပိတ်ပိတ်၊ သိတ်သက်အညီ၊ ကျောက်ကိုစီလို့၊ အသီအသတ်၊ ခုနစ်ထပ် လည်း၊ နဝရတ်ကျန်းခိုင်၊ တုရိုင်းတံခါး၊ ရှိလောင်းထားတည့်၊ မင်းအားလူဗိုလ်၊ တစ်သိန်း ဖြိုလည်း၊ မပြိုနိုင်မူ၊ ကြီးကျောက်ထူသည်၊ နတ်လူတလည် ----- မူးလတ်တည့်လည်း။

၈၃။ လည် ---- ညိုညိုညီးညီး၊ ဤပြည်ကြီးမှာ၊ စိန်းစိန်းရှင်ရှင်၊ ဝါကိုပင်လည်း၊ တိုင်းခွင်တည်စ၊ နဂရကို၊ ဘုမ္မမြိချက်၊  ကသစ်ခွက်လည်း၊ သေမြင်ပြယောင်၊ တန် ဆောင်ဖြူထွတ်၊ ကျုံးသုံးထပ်နှင့်၊ မပြတ်ရိုကြည်၊ စီးသည်မစဲ၊ တံတိုင်းထဲက၊ မနည်း မပါး၊ ကမ်းမြောင်ထားလို့၊ ပျော်ပါးစမြဲ၊ မင်း၏လက္ခဏာ၊ မြို့တန်ဆာသည်၊ ကုန်စွာ ထူပြား၊ ခုနစ်ပါးလည်း၊ လှေမြားမီးပေါက်၊ အုတ်ကျောက်များစွာ၊ အင်္ဂါငါးပါး၊ လက်နက်

များလည်း၊ အစားဆန်ရှိ ရွှိုင့်ပစ္စည်း၊ မြေနီမလပ်၊ လူးဆတ်စပါး၊ ကျီပြည့်ထားသည်၊ အစားတလည် ---- ခိုင်လတ်တည့်လည်း။

၈၄။ လည် ----- တစ်ရာ့တမည်၊ ဇမ္ဗူပြည်ဟု၊ ခြားသည်အစ၊ အသန္တကို၊ ကိုးပါးဘုံစည်၊ သျှမ်းသားပြည်ဝယ်၊ ဖြစ်ကေမယှား၊ စားကျီများလည်း၊ လက်နားရှာစည်၊ အသည်မပြတ်၊ ကိုးပါးရပ်က၊ မည်မှတ်ခေါ်ညီ၊ ကတ်စရီနှင့်၊ သိန်ကျိုနဂရ၊ ယင်းတွဲစသည်၊ ရှိမှတူရွှ၊ တုနာဟူတည့်၊ ကျိုးဖြုပေါ်စ၊ ဝင်ဂေယတွင်၊ ဌာနတချို့၊ ကျိုးစားမြို့ကား၊ နန်းရုံ့သခင်၊ ပြည့်ရှင်မင်းသား၊ မိုးထားနီသည်၊ ထိုရပ်ပြည်ကား၊ အမည်အချို့၊ အကျိုမြို့တွင်၊ မရှိမရဲ၊ လူခပဲတို့၊ နှစ်ခွဲရာသီ၊ ပိုင်းခြားလီလည်း၊ ရွှိုင့်ဥစ္စာ၊ များစွာမချွတ်၊ လတ်ကောင်တို့လည်း၊ ပန်းသို့တလည် ---- ပွင့်လတ်တည့်လည်း။

၈၅။ လည် ---- အဖြစ်အဖြစ်၊ နဂရစ်က၊ ရပ်စစ်ရပ်မြဲ၊ တွင်သည်ဌာန၊ နဂရကို၊ စိုးရသနင်း၊ သျှမ်းသားရင်းမှာ၊ ရင်တွင်းသမီး၊ ထွန်းရောင်ညီးက၊ မကြီးမငယ်၊ ကိုယ်ရည်ကိုယ်သား၊ ညှံ့ညှံ့ထား၏၊ လက်ဖျားခြိဦး၊ သွန်း၍လူးသို့၊ နဖူးမစွန်း၊ နှုတ်ခွန်းမတော်၊ မခေါ်မကြ၊ စီသည်ရွှဲသို့၊ ကြည်နီမှန်လှ၊ သမင်မသို့၊ ကြွကြွအညီ၊ ဟသ်ာခြီသည်၊ တိုးတိတိုးတွ၊ သွားခြင်းလှ၏၊ ယုယခမယ်၊ နီသည်မယှား၊ မောင်းမများနှင့်၊ အလှသူဇာ၊ ပျော်ရာနီမှတ်၊ ဘုံပြာသာဒ်၌၊ အထွတ်မြင့်ခိုင်၊ တစ်ပင်တိုင်မှာ၊ နိုင်ပြိုင်မှီရာ၊ လေးဖြာမျိုးစုံ၊ အချစ်ပြုလို့၊ မျက်ရှုတလည် ထားလတ်တည့်လည်း။

၈၆။ လည် ---- နိုင်ဖက်မမြင်၊ သျှမ်းသခင်မှာ၊ ရင်ခွင်သည်းခြား၊ မျက်ရှုထားသည်၊ သားလှစန်ဆွဲ၊ ပုလဲတမည်၊ သမီးသည်ကား၊ နတ်ပြည်တရိုး၊ သူဇာမျိုးက၊ ပျိုးပျိုးဆင်းပြင်၊ ခြိတ်ရည်တင်သို့၊ မြော်မြင်သောသူ၊ ပြတ်ရှူစုံမက်၊ မခွာရက်ပေ၊ ခြီလက်ကိုမျှ၊ ယူကြမတတ်၊ လွှန်ထွတ်မျိုးမော်၊ မပျော်နိုင်ဘဲ၊ အံ့ကြချည်းလို့၊ မျက်မည်းတထူ၊ မျက်ဖြူကနည်း၊ ကြမရည်းသည်၊ မမည်းမဖြူ ပြိုင်သူမဟိ၊ ထွန်းညှိလက္ခဏာ၊ မိကုမ္ဘာဟု၊ ထိုရွာစိုးငြား၊ မတ်ကြီးသားနှင့်၊ မင်းအားတလည် ---- ကြားလတ်တည့်လည်း။

၈၇။ လည် ---- လူမှာဘုရား၊ သစ်ကျိန်းထားသည်၊ မိစ္ဆာမတိုက်၊ သွားဖြစ်ချင်းရှာ၊ ကိုးရာအလွန်၊ ပစ္စန္တာရာဇ်၊ ဇနပစ်က၊ သူမိုက်ပြည်သား၊ ကျင့်တရားလည်း၊ ပေါထားတွင်ကြ၊ အုပ်စိုးရ၏၊ ယင်းကတမည်၊ တွင်ပြန်သည်ကား၊ ဘော်ရှိမကင်း၊ ရှိတွင်းငို့တွင်း၊ များခြင်းရတနာ၊ ဝပြောစွာဟု၊ သာယာပြည်မ၊ ထာဝရလည်း၊ မရှားမပါး၊ သွားလားမညီး၊ မြင်းယည်စီးလို့၊ ရပ်ကြီးပြင်နီ၊ မည်ခလီလည်း၊ ရှိမြဲတရိုး၊ ကျော်ရှန်တိုးသည်၊ အုပ်စိုးလီ

ရ၊ လောကမှန်ကင်း၊ ပုရိမင်းမှာ၊ ရင်တွင်းသမီး၊ ထွန်းညီးရူပ၊ အလှကုမ္ဘာ၊ မေသူဇာကို၊ ကြားကတည်းက၊ ဝမ်းထဲစိတ်မှာ၊ ဝီဆာလူးလဲ၊ မပျော်ဘဲလျှင်၊ ထုံးနည်းပုံပြင်၊ ထိုဘုံးကျင်လည်း၊ မရှွင်နှလုံး၊ မိုးနှယ်အုံးလို့၊ လက်ရုံးဟန်ပြ၊ ကြံတွီးဆသည်၊ အရတလည် --- ကြိုးလတ်တည့်လည်း။

၈၈။ လည် ----- သကြားငယ်သည်၊ အမည်တွင်ပြား၊ နတ်အပြားမှာ၊ တစ်ပါးအမည်၊ တွင်သည်ဉာဏ်ဟု၊ သိန်းဇကုမှာ၊ အထူးအပြား၊ ကြိုးစားငြား၍၊ သည်းကြားရင်သွီး၊ ချစ်သမီးက၊ တသီးဌာန၊ ပီးဝိဋ္ဌသည်၊ အဝမင်းခေါင်၊ သင့်အောင်ဆုကြီး၊ ရလီပြီးသော်၊ ချစ်ရီးမပွား၊ ထုတ်ခံစားသည်၊ သူ့အားကျူးလွန်၊ ပျက်စီးကြံလို့၊ မျက်မာန်မပွား၊ နွန်လတ်ငြားလည်း၊ မင်းသားဥက္ကာ၊ ပြီးဝင်လှာ၏၊ ခြင်းရာထွီပြား၊ အများတကာ၊ လျှောက်သောခါလည်း၊ ထိုရွာသျှမ်းမင်း၊ ဆိုလတ်ခြင်းကား၊ တံရင်းငါ့ဆီ၊ မြင်ကောင်းလီ၏၊ အစီမပါ၊ ကြားတုံလှာသည်၊ မှန်စွာအစစ်၊ ရှုံးသည်ဖြစ်က၊ မင်းစစ်အမည်၊ သွားပြန်သည်လည်း၊ အထွေးအပြား၊ မင်းစီထားကို၊ အကြားတလည် ---- လိုလတ်တည့်လည်း။

၈၉။ လည် ---- ဘုံကျွီးဝရာမီ၊ မြတ်လှပီဟု၊ ခေါ်ညီတွင်ကြ၊ ရွာမညကို၊ စိုးရသခင်၊ ပြည့်ရှင်စုံတတ်၊ ဆိုတုံလတ်၏၊ မျိုးမြတ်နှမ၊ အလှဆွီတော်၊ ချစ်တော်ကိုသီး၊ မျက်လီပြီးဟု၊ မင်းရီးသွယ်ဖြာ၊ ရွှီဥက္ကာကား၊ မိန့်မှာစကား၊ အသင့်ထားလို့၊ သျှင်သားမင်းဇီ၊ ပြန်လျှင်လီ၏၊ တုမည်ရှင်သား၊ လျှောက်ပြန်ကြား၏၊ တရားတစင်း၊ မင်းတို့သခင်၊ နတ်ရှင်နီမျိုး၊ အရိုးခိုင်ရှည်၊ အနွယ်ရှည်ဟု၊ သိန်ဇကုလည်း၊ လေး ဥသစွာ၊ ဉာဏ်ဝါဆီမီး၊ ထွန်းတောက်ပြီး၏၊ စောထီးလူ့ချာ၊ နရာမင်းများ၊ ကိုယ်စားထား လို့၊ မင်းသားရွှီချူဥက္ကာဟူ၍၊ ရန်သူငါးပါး၊ ဖျက်တေအားကို၊ ဖဝါးခြီချ၊ ထွက်မရ၍၊ မင်းလှတပြည်၊ ရောက်လာစေလေး၊ သပြီညွန့်ရှင်၊ အရှင်သမီး၊ မေဘုန်းကြီးကို၊ ချစ်ပီး ကြင်ဘော်၊ မရသော်ကား၊ မည်တော်မလန်း၊ လက်ရုံးတန်းလို့၊ ကန်စွန်းပွင့်နွယ်၊ သစ်သွား စည်သည်၊ မရှည်နိုင်တတ်၊ ရင်ဖျင်သတ်လို့၊ အထွတ်တပြည်၊ သွားပြန်မည်လည်၊ မနီရှင် သား၊ မပီးငြားလည်း၊ ကြီးလှားရန်စစ်၊ သတ်မည်ဖြစ်ကို၊ အဖြစ်တလည် ---- ရှာလတ်တည့်လည်း။

၉၀။ လည် ---- ဤသို့သတင်း၊ ကြားလတ်ခြင်းကြောင့်၊ သနင်းလူ့ဆွီ၊ ဆိုလတ်ချီကား၊ မရီမရာ၊ မအပ်စွာဟု၊ ကြောက်ရာမမြင်၊ ယင်းသခင်ကို၊ ငါလျှင်ကေရေ၊ မထင်စေတည်း၊ မျက်ငွေပြင်ပါး၊ မာန်တော်ထား၍၊ နဂါးကြီးမျှင်၊ ငင်သည်အလျောက်၊ ကုလူ

ရောက်သော်၊ ဝမ်းမြောက်မရွှင်၊ သားကိုခင်သို့၊ မိတွင်ရှိမူ၊ ကျစ်ကျစ်ထူသည်၊ သဲအူမချို၊ ချည်ချိုထီလည်း၊ ရမိရအောင်၊ စစ်မက်ဆောင်သည်၊ ထောင်ထောင်ထွားထွား၊ ဖျက်ဆီးငြားလည်း၊ သျှင်အားလွေကာ၊ မပီးရာဟု၊ ဥချာရင်သွီး၊ အလီးအမြတ်၊ လိုင်တွင်ပတ်လို့၊ အထွတ်ရတနာ၊ ချီလှစွာကို၊ မေတ္တာဆယ်ပါး၊ အသင့်ထားသည်၊ မကြားစကောင်း၊ မမြင်ကောင်းဟု၊ အကြောင်းတလည် ---- ကြားလတ်တည့်လည်း။

၉၁။ လည် ---- တသီးတခြား၊ နိုင်ငံများကို၊ မင်းအားကေပီး၊ ပီးစီငြားလည်း၊ ခစားရိုညွတ်၊ ငါနှင့်ကြပ်လည်း၊ မိုးမတ်ခွင်သီး၊ စစ်သူကြီးလည်း၊ သက်ပီးကြည်ညို၊ သီးခြား ဆိုသည်၊ ရလိုရငြား၊ တပြည်သားမှာ၊ တစ်ပါးသောသူ၊ တတင်လူက၊ အာရုံမက်မော၊ လောဘဇောလည်း၊ သဘောလွဲတူ၊ အရတူ၍၊ အယူလျှင်ဆော၊ မိအံ့လောသည်၊ နမော ပိဒန်၊ ချစ်အားလွန်လည်း၊ ရဲမန်ပြင်းလား၊ ရန်စစ်ထားသည်၊ ချောက်ချားရွာပြည်၊ ဖြစ်လတ်မည်ဟု၊ ရှည်သည်ခရီး၊ လမ်းမကြီးကို၊ ခြားသီးရန်တတ်၊ စောင့်ကုန်လတ်ဟု၊ အမတ် ဗိုလ်ပါ၊ သွားကောင်းစွာဟု၊ အာဏာတလည် ---- ချလတ်တည့်လည်း။

၉၂။ လည် ---- တအုတ်တအင်း၊ တဇင်းမင်းမျိုး၊ ရှုံးစရိုးက၊ ရှိခိုးရိုညွတ်၊ အရှင်မှတ်သည်၊ အမတ်ကျိုးစား၊ သူကောင်းများတို့၊ သုံးပါးလောက၊ ဖြစ်သမျှက၊ တွာရသည်ဖြစ်၊ သိမင်းညစ်က၊ အချစ်အဆုံး၊ လူ့နှလုံးကို၊ ပတ်လုံးမှိန်ချောက်၊ ရှာ၍ကောက်သော်၊ တစ်ယောက်သောသူ၊ ပြိုင်တူမစပ်၊ ကြိုးစားလတ်သော်၊ မိုးမတ်ဆင်စီး၊ စစ်သူကြီးနှင့်၊ မြင်းစီးစစ်သည်၊ စစ်လည်စစ်ထွက်၊ အမတ်စစ်ချီ၊ သတ်လျှင်းလီလည်း၊ မနိုင်သူအား၊ ရှုံးခဲ့ငြားလည်း၊ သားလှန္တိတူ၊ စိန်ဖြူတလည်၊ လတ်စီမည်လည်း၊ ကြွင်းမည်ကိုကား၊ ငါ့ပိုထားဟု၊ မင်းအားနှိုင်းပြိုင်၊ ကျန်းခိုင်ဝိရိယ၊ တတ်စွမ်းလှ၏၊ သတ်ရမည်ပင်၊ ယခုထင်သည်၊ ငါလျှင်တလည် --- ထွက်လတ်တည့်လည်း။

၉၃။ လည် ---- အခိုင်အခိုင်၊ နှိမ့်မနိုင်သည်၊ ပိုင်ပိုင်ကားကား၊ အင်ငါးပါးနှင့်၊ လူများသခင်၊ စိုးသောရှင်သည်၊ မြင်းဆင်မင်းမူ၊ တစ်ခုမကျန်၊ စီစားခံလို့၊ အကြံရရအားမကျဘဲ၊ တိုင်းကာ့ရွာပြည်၊ ရိုမြီအခြား၊ သူရဲများနှင့်၊ ရဲများကိုယ်ကြပ်၊ မင်းစီလွှတ်၍၊ သုံးတပ်ဗိုလ်ယင်၊ ချီလတ်ကျင်သည်၊ သံရှိရွှန်းမြောက်၊ လှေးမီးပေါက်နှင့်၊ လမ်းထောက်မလပ်၊ ကြာနှယ်ထပ်လို့၊ ကြာချပ်အသွင်၊ မွန်းမွန်းဖျင်သည်၊ စစ်လျဥ်စစ်မား၊ ချီလတ်ငြားသော်၊ မင်းအားဗိုလ်ပါ၊ ဆီးတားလှာသည်၊ ခြင်းရာတလည် ----- စစ်လတ်တည့်လည်း။

၉၄။ လည် ---- သူရဲတကျိုင်၊ လက်နက်ကိုင်လို့၊ ပတ်ဝန်းရဲခြွေ၊ ချောင်းလတ်တေကား၊ ရဲသည်အပြင်း၊ ဆင်ချင်းချင်းနှင့်၊ ရဲခြင်းအညီ၊ ပြည့်လို့နီသည်၊ ဆင်သည်ကိုယ်ကြပ်၊ ဆင်တတပ်နှင့်၊ မပြတ်ဗိုလ်ခြေ၊ ရှုံလတ်တေကား၊ လျဉ်သည်အပြင်း၊ မြင်းချင်းချင်းနှင့်၊ လျဉ်ခြင်းအညီ၊ ပြည့်လို့နီသည်၊ မြင်းသည်ကိုယ်ကြပ်၊ မြင်းတတပ်လည်း၊ လျှပ်လျှပ်မီးနှယ်၊ တောက်လတ်တေကား၊ တပ်ငယ်တပ်ကြီး၊ အဆီးဆီးနှင့်၊ ရဲဘိသဲအူ၊ ရဲယူတချောင်း၊ ခြီယည်ကောင်းနှင့်၊ ဧမောင်းလုံ့ရှည်၊ ထက်ပျက်စုလုံး၊ တရွှံးရွှန်းရွှန်း၊ ပတ်ကုံးဝန်းကျင်၊ များဖျင်မရှား၊ သူရဲများနှင့်၊ လှေ့မြားတလည် ---- ပစ်လတ်တည့်လည်။

၉၅။ လည် ---- ထိုရောသျှမ်းသား၊ သူရဲများတို့၊ လှေ့မြားမီးပေါက်၊ ပစ်လတ်မြောက်က၊ အုံ့လောက်ညီညီ၊ ကြောက်ဖွယ်တီလည်း၊ ပြည်သို့ရောက်လာ၊ ရှို့ဥက္ကာကား၊ ဆိုပါ မည်သူ၊ မဟိမူ၍၊ ဝိသူပြင်လှ၊ စိုးကြောင့်ကြ၍၊ ခမ္မပညတ်၊ ကျမ်းနှင့်ကွပ်၍၊ အမတ် လကျာ၊ ရဲဗိုလ်ပါကား၊ ရွှေကာလက်မြောက်၊ ရဲမီးပေါက်နှင့်၊ မကြောက်မလန့်၊ ရွှေလို့ခန့်လည်း၊ သောင်းတန့်ဗိုလ်ခြီ၊ ဆိုင်လို့နီသည်၊ မမိကြောင့်ကြ၊ ရလည်း၊ ပြိန်းချောဖက်တွင်၊ ရီမတင်သို့၊ ပစ်လျှင်ကိုချည်း၊ မီးလျှံကြက၊ မလဲမမှောက်၊ နှိုင်းထောက်မတန်၊ မပြန်မလှည်း၊ ပစ်ချထဲလို့၊ မကျေလှနိုင်၊ မပြိုင်နိုင်ကြ၊ သူရဲကျ၏၊ ရန်စမရှည်၊ ရဲစွမ်းပြည်၍၊ မကွယ် စစ်ကြီး၊ ထွန်းလတ်ပြီးမှ၊ တန်းဆီးတလည် ---- တောက်လတ်တည့်လည်။

၉၆။ လည် ---- မနှစ်မသျှား၊ လူတလွှားက၊ ကြိမ်များဖန်ဖန်၊ ကြောက်အားလွန်သည်၊ သုံးတန်တိုက်ကြီး၊ မိုက်သည်ဟီးတွင်၊ ဆီမီးမတင်၊ ကြည့်မမြင်သည်၊ ပြည်ရှင်မင်းအား၊ သူရဲများလည်း၊ မျှော်ပါးပျက်ကြီ၊ ရှုံးပါးလီသည်၊ သပြီကျွန်းခွင်၊ စံကားပင်သည်၊ ညွှန့်ရှင်ခက်ဖျား၊ မယိုင်ငြားသော်၊ ထားဦးအလိုင်၊ စစ်မက်ဆိုင်သည်၊ မပြိုင်နိုင်ဘဲ၊ ဗိုလ်ကျိုင်ကွဲလို့၊ မစဲရပ်မြီ၊ ပြန်လျှင်းလီ၏၊ မထွီဆန်တက်၊ အာဏာစက်ကြောင့်၊ ရဲမက်ဗိုလ်စိုင်၊ မပြိုင်နိုင်သည်၊ ဆိတ်လှိုင်ဆီးမ၊ ဖြိုးဖြိုးကျလို့၊ တစ်စမူးမူး၊ သုံးဦးတပ်မင်း၊ သုံးသင်းဗိုလ်ခြီ၊ ဆိုင်လို့နီသည်၊ စံမည်ရွှံတုံး၊ ဖက်မည်ပြုံးသည်၊ လက်ရုံးရောင်ခြည်၊ တွန်းလက်တေကား၊ စစ်သည်အများ၊ သူရဲသားတို့၊ မင်းပါးတလည် --- ပြန်လတ်တည့်လည်။

၉၇။ လည် ---- အုတ်အုတ်ကျက်ကျက် ရဲမက်ဗိုလ်လူ မီးနှယ်ပူသည် မအူပင်မှ သူရဲကျလို့ လျှောက်ကြသဲသဲ ခုတွင်ပွဲဝယ် စုလဲမပါ မြတ်လှစွာ၏ နရာလူ့များ မင်းတရားကား ရှင်သားစစ်သည် သတ်ချိမည်ကား ကြောက်ဖွယ်မရှားစုငြောင့်ထားလို့ မင်းအား

စစ်ခြီ မအောင်လီသည် မပြီရဲစွန်းသံနှယ်ကျန်းလို့ သောင်းတန်းပိုလ်ကျိုင် မနိုင်သူအား ရှုံးသည်များလည်း ရှင်သားမာန်တော် မရှုံးသော်ကား ထိုရော်မရှား သူရဲများလည်း ထားဗားရှိဖော် မျိုးတော်ဆွီရင်း၊ ရှုံးထားခြင်းကား ခပင်းပိုလ်ဝန်း ပန်းနှယ်နွမ်းသည် ဝမ်းပန်းတလည် --- နည်းလတ်တည့်လည်။

၉၈။ လည် ---- မင်းအားပိုလ်လူ ပြည်သူအများ လျှောက်တေကြား၍ ကြိုးစားလွန် ပြင်း ဘခင်မင်းက၊ လှထွားကလျှာ၊ မယ်ကုမ္မာကို ကြံရာသွေဆော် ခြီတော်ဖဝါး ရှိကသွား ၍ ကြိုးစားလွန်ပြင်း ဘခင်မင်းကို ဝတ်စင်းရိုသီ လျှောက်ကြားလီသည် သပြီလူဖျား ဘဘုရားလေ တရားဆယ်ပါး မကျင့်ငြားလည်း ရှစ်ပါးအနာ မသာနိုင်ဘဲ ကိုယ်တွင် စွဲလို့ မစဲရန်သူ အယူရန်မက် ဖြစ်ပျက်စုန်ဆန် ဖန်တလဲလဲ ခံမြဲလီရာ လူတစ်ရာလည်း မသာနိုင်ငြား ရှစ်ပါးအနာ ကြီးလှစွာလည်း ကောင်နာခပင်း ခရှသင်းဖြူ အနူရှစ်ပါး ရှုပခန္ဓာ ဝမ်းထဲနာနှင့် ငြိုဟ်နာမကင်း မိုက်ခြင်းအနာ ယတ္တရာလည်း ရှူးနာမပြီ ဓာတ် ဆီးရောဂါ မာလာပြီတော ဓာတ်နှင့်ရော၍၊ မညောမပြေ ဆယ်နှစ်လည်သော် ထုံသည် အသား သွားလားမယင် ဖြစ်တုံကျင်လည်း ဆီးတွင်မြတ်လှ ဩသဓလည်း ရတုံတချက် သမာဖက်၍ ညက်ညက်ကြိတ်မြောက် အရည်ချောက်လို့ သောက်သောက်စားစား လိမ်း ကျံငြားလည်း သျှမ်းပါးအနာ ပျောက်နိုင်ငြား၏၊ ချောက်ချားပြည်ရွာ ကျွန်ကြောင်းသာ လျှင် စီးဆာညှိုးပါးငတ်မွတ်ယှားသည် တိုင်းအားရွာပြည် ပျက်တတ်မည်ဟု တပြည်မင်း သား ကြိုးစားကြံရာ ဖျက်ဆီးရှာသည် ကျွန်မှာအပြစ်ဟိသည်ဖြစ်လည်း ရပ်စစ်ပိုလ် လူ ပြည်သူအများ ဖျက်တေများလို့ ချုပ်ထားလီရာ မနိုင်သာသည် ရောက်လာတတ်ငြား ထိုစစ်များကို ကျွန်အားတလည် သက်လျှင်းမည်လည်း ရိုသီဦးထား ဘဘုရားကို လက်ဖျားဆယ်ချောင်း စုံစွာပေါင်း၍ လွတ်ကြောင်းတလည် ----- ပန်လတ်တည့်လည်။

၉၉။ လည် ---- အဖြစ်ဇမ္ဗူ မြတ်တေမူက၊ ရန်သူမအောင်၊ အိမ်ထောင်မပြု ကြောင်းလေးခုတွင်၊ အမှုကြီးငယ်၊ အောင်မြင်သည်ကား၊ ကြီးသည်သူအား၊ ကိုယ်ရည် များ၏၊ လေးပါးပညာ၊ ဥစ္စာဆွီဝါး၊ အမျိုးအားနှင့်၊ များလှစည်းစိမ်၊ ရိပ်ငြိမ်းချမ်းသာ၊ ဥစ္စာကြွယ်ဝ၊ ကြီးမြတ်လှသည်၊ တစ်ရာ့တစ်စင်း၊ ခပ်သိမ်းမင်းကို၊ နှိမ်နင်းကြံသို့၊ နိုင်ချင် လို့လည်း၊ အငြိုးရန်ပွား၊ ဘဘုရားလည်း၊ ကျွန်အားတဇစ်၊ သတ်မည်ဖြစ်လည်း၊ မျိုးချစ် လွန်ကြင်၊ ဘခင်ဘုရား၊ ဗျာဒိတ်ထားသည်၊ ကျွန်အားတလီ၊ သွားလျှင်းမည်ဟု၊ သည်း ကြားသမီး၊ သားထွီးကုမ္မာ၊ ပန်ထွာစကား၊ ဆိုသည်ကြား၍၊ ဝမ်းပါးလောင်ပင်၊ သျှမ်း သခင်ကား၊ မရှှင်ပီလှ၊ သားနှမကို၊ ယိုကျမျက်ရည်၊ ငိုလျှင်းပေ၏၊ မဆည်မတား၊ မချစ်

အားက၊ ဝမ်းပါးစုံမက်၊ ခေါ်ဇစ်ခက်လည်း၊ တစ်ရက်မမြင်၊ တစ်လထင်သည်၊ ကြာဆင်မိမော၊ ရောက်အံ့လောဟု၊ ပျော်ပျော်သားမွန်၊ ပျော်ရိုးမှိုးလည်း၊ အလီးအမြတ်၊ အထွတ်လာထား၊ ငါဆွိသားကား၊ တခြားသူဆီ၊ သွားချိမည်ကား၊ တစ်ပြည်သူအား၊ တကျိစားကို၊ ချစ်အားလွန်၍ ----- သွားလီတည့်လည်း။

၁၀၀။ လည် ---- လေကျွန်းစကြာ၊ ဇမ္ဗူချာမှာ၊ အာဏာဝှန်လစ်၊ မင်းခေါင်ဖြစ်လည်း၊ စိတ်ကြိုက်စိုးရိမ်၊ ချစ်မပြီလို့၊ ဇာတိအလစ်၊ ကွာသည်ဖြစ်လည်း၊ အချစ်မပြီး၊ သားသမီးကို၊ တနိသော်မျှ၊ မမြင်ရလည်း၊ အဘမဆီ၊ မဆေနိုင်ကြ၊ စိုးမောလှသည်၊ ဌာနသူပြည်၊ သွားလီမည်ကား၊ မနီနိုင်ငြား၊ ကြောင့်ကြများလို့၊ ချုပ်ထားမသော၊ စိုင်လာဆွိမျိုး၊ ကျင့်စရိုးကို၊ မြတ်နိုးသခင်၊ သက်ပြတ်ကြင်သည်၊ မိခင်နှမ၊ မြတ်လှလီဟု၊ တရပ်သူကို၊ စိတ်တူကြင်၍ --- ချစ်လီတည့်လည်း။

၁၀၁။ လည် ----- သမုဒ်သီတာ၊ ခြားဟိရာမှ၊ လကျ်ာရံပတ်၊ ကျွန်းလေးရပ်တွင်၊ မင်းမြတ်အာဏာ၊ စကြာရောက်ပြီး၊ စပီအံ့ရီးကို၊ မညီးမငွေ့၊ ချစ်ကြင်ပြေ့လည်း၊ ဤနည်းခြင်းရာ၊ မဆန်သာသည်၊ တစ်ရွာထူးခြား၊ တစ်မျိုးပြားလည်း၊ ပျော်ပါးပီလေ၊ ချစ်ကောင်း၏လည်း၊ ပွဲပြည့်ညီညာ၊ လူတကာသည်၊ ပန်ထွာရိုညွှတ်၊ လျှောက်တုံလတ်၍၊ မလွတ်စသာ၊ သွားကောင်းစွာဟု၊ ကုမ္မာမယ်အား၊ သွားချိငြားလည်း၊ ယောကျ်ားတကာ၊ ချစ်ပိုးတာကို၊ အာသာလောဘ၊ တက်ကုန်ကြ၍၊ တခြားသူ့မြို့၊ မသွားစီက၊ သံခြေပုံ့ပျူး၊ ရစ်ကာကျူး၍၊ အထူးမွိလျော်၊ အပျော်အပါး၊ ပျော်သည်များလည်း၊ ငါးပါးဗျာပါ၊ ပျောက်ကောင်းစွာဟု၊ မေတ္တာအိမ်သူ၊ ဖြစ်မည်ဟူက၊ ကြင်သူသက်စီ၊ မြင်ခြီမောင်ချစ်၊ လာမဖြစ်ကို၊ အချစ်တလည် ----- ပြုလတ်တည့်လည်း။

၁၀၂။ လည် ----- ဘက်ယမ်းငိုကာ၊ မျိုးကြင်ရာကို၊ မကွာနိုင်တတ်၊ မြတ်မြတ်ဘိလည်း၊ ချစ်သမီးကို၊ ဦးဆီးမင်္ဂလာ၊ ပြုသောခါကား၊ ဆံကြာနက်မည်း၊ ရွှီခြည်ထဲ၏၊ စုလေးလှဖွယ်၊ တင့်တယ်သောလျှောက်၊ ထုံလတ်မြောက်က၊ လက်ကောက်လက်ကြုတ်၊ ညွှတ်ညွှတ်ထွိုးထွိုး၊ ပန်းချိရီးသို့၊ မဲသီးတပီ၊ အခြီတခြား၊ အပြောင်များနှင့်၊ ဘောက်ကြားမွိရုပ်၊ ခကြိုးရီရှင်၊ ရွှီစင်နားတောင်း၊ ဇည်ပေါင်းဘယက်၊ ပြိုးပြက်ရောင်ဝါ၊ ဒက်တန်းဆာနှင့်၊ များစွာရွှီပေါင်း၊ ပျော်စီကြောင်းလည်း၊ ရွှီပေါင်းသိင်္ဂါ၊ ရတနာရောင်မောင်း၊ ပြောက်ကောင်းစီရှင်၊ ရွှီထမ်းစင်မှာ၊ သာရွှင်မညီး၊ ယဉ်ထက်စီးလို့၊ လုပ်ကျွေးစရာ၊ ရံတာမရှား၊ ခြွီရံများနှင့်၊ ဝမ်းပါးမရွှင်၊ ညိုရုပ်သွင်သို့၊ မြိုင်ခွင်တောပြား၊ သွားလီငြား

သော်၊ လှို့ထွားဝတ်ဝတ်၊ ရှိညွတ်ချစ်ခင်၊ သားနှယ်ကြင်သည်၊ မောင်ပင်ဆင်စီး၊ အမတ်ကြီးလည်း၊ မင်းရိုပုံပြင်၊ ကျမ်းတွင်နည်းများ၊ မြွက်ကာထား၍၊ တရားမမြော်၊ မင်းရဲကျော်ကား၊ ထက်ပေါ်ကပျား၊ ထဲမှာမြားနှင့်၊ စကားမမြော်၊ မတော်မလျား၊ ဆက်လက်ငြားလည်း၊ ရှင်သားအိမ်သူ၊ ဖြစ်တော်မူက၊ အတူတကွ၊ ဌာနသူ့ပြည်၊ နီရမည်လည်း၊ ကြီးသည်အဝန်၊ ဆိုရာတန်သည်၊ နှုပ်ညန်ကလည် ----- စပ်လတ်တည့်လည်။

၁၀၃။ လည် ----- မဟာတန်ခိုး၊ ကောင်းသောမျိုးကား၊ မင်းရိုးပြည်ရှင်၊ သျှမ်းသခင်မှာ၊ ဖျင်မရှား၊ မိုးမတ်များနှင့်၊ လှို့ထားဝတ်ဝတ်၊ လျှောက်တုံလတ်၍၊ မျိုးမြတ်နှမ၊ သွားချီကလည်း၊ မြတ်လှပတီး၊ ကျေးဇူးကြီးသည်၊ မတိမညွတ်၊ သက်ပြတ်ကြင်ရာ၊ စေတနာသည်၊ မကွာနိုင်တတ်၊ ပို့နှင့်လတ်တည့်၊ အထွတ်စံပယ်၊ မိမ္မရွယ်ကာ၊ ပျော်ဖွယ်တစ်ခု၊ နတ်ရတုလည်း၊ ကလုကယင်၊ နား၌ဆင်သည်၊ စိန်းရှင်ပြိုးပြက်၊ မြတံဘက်နှင့်၊ ဘယက်တန်ဆာ၊ ကိုးဖြာစီချပ်၊ နဝရတ်လည်း၊ လျှပ်လျှပ်ညီးညီး၊ မည်းသီးထဘီ၊ အနီအဝါ၊ အပြာအမည်း၊ နက်နဲထွီလာ၊ သူဇာအလား၊ ထွားကရားလည်း၊ မျက်များစုံစွာ၊ ဒွါဒရာလည်း၊ ခါးမှာခါးကြိုး၊ နဂါးရိုးက၊ ဖြိုးဖြိုးလက်လက်၊ ငွေရည်စက်နှင့်၊ တစ်သက်စွန်ဆွဲ၊ ရွှေခြည်တည်းလို့၊ ရစ်နွဲ့ကိုယ်ပြင်၊ ပန်းနှယ်ထင်သည်၊ ခေါင်းတွင်ကြာခြီ၊ ရွှေပွင့်စီလို့၊ အညီရွှရွှ၊ ဘယ်ညာချလို့၊ ဝတ်ဇမလဲ၊ ဆယ်စမြဲကို၊ နက်နဲထွီလာ၊ မေကုမ္မာကား၊ မြိုင်သာတောထဲ၊ စစ်ပွဲနီရာ၊ ကူးဖြင်လှာသည်၊ ကျွန်မှာတမိုး၊ မိမ္မမျိုးကား၊ ကျင့်ရိုးဇာတိ၊ ခရိမိတာ၊ သူ့ရပ်ရွာသို့၊ မကွာတသိ၊ နီရလီ၏၊ အပြီတကွ၊ ယောက္ခမနှင့်၊ ကာလမြင့်ကျူး၊ မနီဖူး၍၊ ဇမ္ဗူ့သူမြို၊ ရောက်လျှင်လီ၏၊ မငြိမ်မံစိုး၊ ပျက်သည်တိုးက၊ အကျိုးကြီးကျယ်၊ သူရပ်ပြည်မှာ၊ ချစ်ကေအာရုံ၊ မူတုံတချက်၊ အုပ်ကျက်လူပိုလ်၊ ကျေးဇူးဆိုသည်း၊ ကုသိုလ်သံကောက်၊ လက်ထိုးပျောက်သို့၊ လှစ်ချောက်မသာ၊ တောဗလာက၊ ကုမ္မာရွှီနု၊ ပန်ထွာပြု၍၊ အမူမြတ်နိုး၊ ပန်းနှယ်ပျိုးသည်၊ ပြည်သို့တလည် --- ဆောင်လတ်တည့်လည်။

၁၀၄။ လည် ----- သသ်ရာရှိဆက်၊ အကျိုးဖက်လို့၊ မပျက်နှလုံး၊ ကြိုးနှယ်ထုံးသည်၊ မဆုံးမခြား၊ ဆွိမျောက်သားလည်း၊ လျှောက်ကြားပန်ထွာ၊ ဆိုတုံပါ၏၊ သည်မှာမွိလျော်၊ စမ္မာယ်ပျော်သည်၊ မောင်တော်ရှင်သား၊ ကျေးဇူးများလည်း၊ တခြားမြီတာ၊ မနီရာသို့၊ ဗိုလ်ပါဆင်မြင်း၊ ကိုယ်တိုင်ရင်း၍၊ သနင်းစိတ်တူ၊ နီတော်မူ၍၊ ပြောတုံဥစ္စာ၊ များမကြာသည်၊ ကြားရာမချွတ်၊ အောင်နိုင်တတ်သည်၊ မျိုးမြတ်တလည် ---- ခေါ်လတ်တည့်လည်။

၁၀၅။ လည် ---- အရိုးကောင်းစွာ၊ မင်းတကာတို့၊ ပမာပုံသွင်၊ တသပြင်က၊ မထိတ်မချင်း၊ တပြည်မင်းမှာ၊ ထံရင်းမေပါး၊ ရောက်စောကြားလို့၊ ဖူးငြားစီချင်၊ ရှမ်းသခင်က၊ မလျှင်ဗီတတ်၊ သံတော်လွှတ်၍၊ ကောင်းမြတ်ရာရာ၊ မင်းတန်းဆာလည်း၊ ရွှေဝါရောင်မောင်း၊ မကြောထောင်းလေး၊ ဘယောင်းပုဆိုး၊ ရောင်မညှိုးသည်၊ ပြောက်မျိုးစုံစွာ၊ ကောင်းစွာခြေသိတ်၊ ပိတ်ပိတ်ပျိုးပျိုး၊ ရိုမစိုးသည်၊ မခိုးပမာ၊ ညွှံသက်စွာဟု၊ ပုတာ မျက်သုတ်၊ ဥကျွောင်းအုပ်လည်း၊ မုတ်မုတ်ပျိုးပျိုး၊ တိန်မီးခိုးသို့၊ အဆိုးများလွန်၊ တစ်သိန်းတန်လည်း၊ ကောင်းမွန်သဘော၊ ကော်ဇောခင်းနှီး၊ ခါးဆီးကင့်၊ ရွှီခြည်စီသည်၊ အင်းကျီ ပေါင်စည်း၊ ဝတ်စမြဲကို၊ စောရဲကြင်ဆွီ၊ တူးလတ်တေကား၊ နီသည်မဏ္ဍပ်၊ မွန်ထပ်ပျင်ဗဲ၊ ပိုလ်မျိုးပွဲမှာ၊ စောရဲမင်းကျော်၊ ဦးရီးတော်က၊ ဖူးမြော်ချင်ကွယ်၊ မြင်ကတည်းက၊ ရောက်၏သဘော၊ မှန်လှမောလည်း၊ ဝပြောချမ်းသာ၊ ငါ့ပြည်ရွာမှာ၊ ကောင်းစွာသတိ၊ မထွီမတော်၊ နီမည်လောလေ၊ သဘောဇကန်၊ မီးနည်မှန်သော်၊ မင်းမွန်ဆွီရင်း၊ တပြည်မင်းမှာ၊ ခေါင်းရင်းလည်းနီ၊ မဟာကျီကို၊ အမည်ထင်ရှား၊ ဤဘုရားကို၊ ငါ့အားယုံကြည်၊ ကိုးရမည်လည်း၊ ကြားပေသောခါ၊ ရွှီဥက္ကာကား၊ ရှိခါဖီးဘိုး၊ မင်းမျိုးစည်လာ၊ သစ္စာရှိုး ဦး၊ မစွဲဘူးတည့်၊ ညွှတ်နူးမချိ၊ ငြင်းလို့နီသော်၊ ကြီးသည်အမျက်၊ ချင်းချင်းထွက်၍၊ ရက်ရက်တလည် ----- ဆိုလတ်တည့်လည်။

၁၀၆။ လည် ---- အရိုးကောင်းစွာ မင်းတကာတို့၊ ပမာပုံသင့်၊ ထူသဖြင့်က၊ အမြင့်နီရာ၊ စလတ်တာက၊ ရွှီဝါရောင်ထွန်း၊ ကြက်မောက်ပန်းလည်း၊ နှင်းပန်းသဇင်၊ မြီတွင်မယောက်၊ ပင်ထီးပေါက်သည်၊ မိုးအောက်မြီပြင်၊ တိုင်းခွင်တရိုး၊ မင်းတို့မျိုးကား၊ ကြောက်ရိုးမဟိ၊ ရဲလှဘိဟု၊ ထိန်ထိန်ပြောင်ပြောင်၊ အရောင်အချင်း၊ သျှမ်းသားမင်းက၊ ကြီးခြင်းကြံစည်၊ ဆိုလတ်တေကား၊ မစီးမပွား၊ အကောင်များနှင့်၊ အားရယုံကြည်၊ အမှတ်တည်၍၊ ငါပြည်ဇိုးမည်၊ လာလတ်တေဟု၊ မလွှယ်နီငှာ၊ မင်းပျူဟာဖြင့်၊ တခါတထူး၊ မမြင်ဖူးသည်၊ ယခုငါ့မှာ၊ ရောင်ငြားလာသည်၊ ခြင်းရာဇာတိ၊ ငါမသိလည်း၊ ရင်ဟိဘုံသာ၊ ငါတို့မှာကား၊ ရုံခါတစိ၊ ဖြစ်မဟိလည်း၊ ကတိလေးပါး၊ မမှားစီအောင်၊ စီးပွားဆောင်၍၊ ပူလောင်ရောက်ငြား၊ မင်းစစ်သားလည်း၊ ဘိုးဘွားလူထွတ်၊ လောကနတ်မှာ၊ အထွတ်လဲထား၊ မြတ်ဘုရားလည်း၊ မင်းများရိုသီ၊ မဟာကျီကို၊ နီမည်အကြိုက်၊ မှန်သည်ဖြစ်က၊ စောစစ်မြှုတ္တော၊ ကိုင်ရမည်လေ၊ သံခြည်သံမြ၊ ဆိုလတ်ကလည်း၊ မဆွဖီးဖိုး၊ မင်းမျိုးစဉ်လာ၊ သစ္စာရှိုးဦး၊ မကိုင်ဖူးတည့်၊ ကျွန်အားခုဝယ်၊ ကိုင်လျှင်းမည်လည်၊ ငြင်းသော်စကား၊ ကြားလတ်ငြားသော်၊ နီထားမပြောင်း၊ မညောင်းစီရာ၊ သတ်ကောင်းစွာဟု၊ မခွာနိုင်တတ်၊ မိုးမတ်အများ၊ တောင်းပန်ငြားလည်း၊ မထားငါ့မှာ၊ သတ်မည်သာဟု၊

အာဏာတလည် ----- ချလတ်တည့်လည်။

၁၀၇။ လည် ----- တထွေနှလုံး တိထုံးကြံရာ မင်းအာဏာနှင့် ဆတ်ကျာသူသတ် လေးယောက်အပ်လို့၊ မလွတ်ရဗီ သတ်လျှင်းလီလည်း ကြီးသည်အမှု သတ်ယုယုတွင် မအုအိမ်သူ ကြားလတ်မူကား ဝီးသူပြင်းထန် ကြောက်အားလွန်၍ မတန်မရာ ဆိုရာ ဝိုးဝါး တပြည်သားကို ပြစ်များဘီဒါဏ် ဖြစ်လတ်ဟန်ကား မင်းမွန်ဆွေနွေး မရှင်ဘဲကို နန်ပွဲမပြန် သီမည်မှန်သည် ဗိမာန်ပျော်ချင်း ပြာသာဒ်တွင်းက ချင်းချင်းပြီးကွက် မြို တွင်သက်၍ အုတ်ကြက်ထံရင်း စိုးရိမ်ခြင်းနှင့် ယဉ်နှင့်ထန်းဇင် မစီးခင်သည် မြို့တွင် ဘဝါးရှာကာသွားလို့ နောက်တိုးရှိုင် သူ့ကိုမြင်သည် မရှင်စုံမက် ပစ်မဖက်၍ ရက်ရက် စကား ထိုသူများကို မျက်ပွားမငြို ပြစ်တင်ဆိုသည် သူ့ကိုတိုးတွန်း ဆိုမြည်တန်းလည်း ဘက်ကန်းလွေကူ ကျေလို့ယူသည် အိမ်သူတလည် ---- ထားလတ်တည့်လည်။

၁၀၈။ လည် ----- အချစ်မေတ္တာ ကရုဏာက မကွာနှလုံး ပန်းနှယ်ကုံးလို့ သက် လုံးမကွာ ပျော်စရာသည် မြို့မှာဘဝါး ရှုကာသွား၍ နှစ်ပါးပြည်မင်း မသင့်ခြင်းကို သနင်းညိုဇင် မရှင်မပါး ကိုယ်ချည်းသွားလည်း ဥဖျားပလ္လင် ဆံပင်မြူမက် တံမြက်လှေး ခတ် စိတ်တွင်မှတ်၍ အထွတ်လည်းထား ဘဘုရားလေ တခြားပြည်မင်း ရောက်လာ ခြင်းကို ကြောင်းရင်းဇာတိမြ " " ဟိလည်း မျက်ငွိမလျှောက် အဘယ်ကြောင့်လည်း မျိုးပေါင်းဆွိဝါး တစ်ရပ်သားကို သတ်ငြားမည်ကား အပြည်ပြည်မင်း ကဲ့ရဲ့ခြင်းကို ဘမင်းကိုယ်မည် နွမ်းလျှင့်မည်ဟု မဆည်မတား သူ့အားငြူစူပြုသောသူကား အယူ မဖြောင့် အကောက်တလည် ----- များလတ်တည့်လည်။

၁၀၉။ လည် ---- အကျော်အကျော် သုံးလူဖော်ကား ရှင်တော်ပေါ်ကြစ် မထွေလစ် လေး ကျစ်ကျစ်မဆူ အာရုံမပြေ တချဲချဲလေ နွေနွေလျှားလျှား ပျော်သည်များလျှင် ရှစ်ပါးအလွန် လောကခံကို မလွန်နိုင်ငြား ဘုံသုံးပါး၌ ဝင်များတုံတုံ နတ်တို့ဘုံမှာ တမုံဖွားဖွား ဆင်းရဲများလည်း မျောပါးလီဟန် အဖန်ဖန်ကို သံဝှန်ညောင်ညောင်း စည်ခေါင်းလောင်းနှင့် တပြောင်းပြန်ပြန် ကြံမာသံဟု စုံဆန်မျောပါး ကျွန်းထင်လားသို့ သနားလွန်ပြင်း တပြည်မင်းကို သားရင်းအတူ ချစ်တော်မူက ငြူစူမဲ့လျှင်း ဝမ်းမြောက် ခြင်းသည် ဖြောင့်စင်းသဘောဖြစ်စီသောလေ တွေးတောမိရာ ဘမေတ္တာလေ မကွာကိုယ် ကြွတ် စီတုံလတ်သည် ရတတ်မြဲနှောင် ယူဆောင်ခရီး ရခဲ့ပြီးမှ မနီးကိုယ်တော် မတား သော်လည်း တပျော်တပေါင်း လွတ်စီကောင်း၏ မျိုးပေါင်းစည်လာ သစ္စာမင်းမျိုး မကိုင်မှ

ရိုးကို အငြိုးရန်ပွား သတ်လို့ငြားလေ တရားမပြီ အသိငါးပါး ယုတ်သောသားသည် စီးပွားတလည် ---- နစ်လတ်တည့်လည်။

၁၁၀။ မိစ္ဆာညစ်ညှ ဒုစရိုက်က အဖြစ်နဲမျှား ရသိငြားလို့ သူ့အားချမ်းသာ လုံးပန်းရှာသည် မတာနိုင်တတ်၊ နရာထွက်သည် ချွတ်အပ်သည်ဖြစ် လူစင်စစ်က ဇာလစ်ဇာလာ သိတတ်စွာက နရာလူမျှား ဘဘုရားလေ ထောက်ထားပညာ မှတ်စရာကား ကြီးစွာတိုင်းခန်း ဝီးလွန်းမြင့်ရှည် ကြာလီသည်လည်း မနီစိတ်ညွတ် မပျော်တတ်၍ သူ့ရပ်သူ့ပြည် လည်ရရေလေ မနီမသာ ခင်ပွန်းစာကြောင့် ရောက်လှာတုံပြီ ကြမ္မာရိတွင် ခမည်းရွှီဘုံး မေရွှီးလုံးသော် ဖျက်သုံးမကုံ ချက်အူမြှုပ်ရာ မိဘရွှာသို့ ပစ်ခွာချိမြောက် ထံတော်ရောက်သို့ ခြောက်ဖော်ပျော်ပါး မင်းတကာသည် သစ္စာရှိဦး မကိုင်ရှုံးတည့် ကျေးဇူးသခင် အရှင်ခုဝယ် သက်လျှင်းမည်ကား လူ့ဆွေဘုရား ဓာတ်တော်များကို ယေ့လျှားသင်ချိ ကြာလေသည်လေ မတိန်မပျက် ရှက်တော်ပေါက်လေး အရောက်လူ့ရွှာ တပြန်လာသည် ကြီရာဖျက်ဆီး ယုံမှားတီလည်း ကတိတလည် ---- ပျက်လတ်တည့်လည်။

၁၁၁။ လည် ---- အဖြစ်ဇာတိ၊ မြတ်လှဘိ၍၊ သိသိန်းမြန်မြန်၊ ဆို့ကြင်ကျွန်ကြောင့်၊ အပန်ကြီးငြား၊ ရှက်ဖွယ်မျှားလည်း၊ လက်ဖျားဆယ်စုံ၊ ထိပ်တက်ရုံ၍၊ ရွှီဘုံသခင်၊ အရှင်ဘုရား၊ ဦးထိပ်ထား၍၊ တခြားပြည်သူ၊ ရောက်သည်မူက၊ အယူသင့်တင့်၊ ချစ်ဖွယ်ကျင့်၍၊ အမြင့်ချမ်းသာ၊ ကိုးကွယ်လာသည်၊ ကောင်းစွာသောသူ၊ ထိုမျှားလူကား၊ အတူတကွ၊ မြတ်ရကြင်ဖွယ်၊ ချစ်ကောင်းမည်ဟု၊ ကောင်းကြွယ်သောသူ၊ ထိုမျှားလူကား၊ စင်ဖြူနှလုံး၊ စောင့်စည်းသုံးလည်း၊ နှလုံးမပြီ၊ ပဥ္စသီဟု၊ အညီဒါန၊ ကိုးပြန်ကြ၍၊ တစ်ခါသူ့ပြေ၊ ကြာလီသမျှ၊ ကျော်ပေါက်ပြား၍၊ အမျှားသူတော်၊ အဖော်တလည် ---- မျှားလတ်တည့်လည်။

၁၁၂။ လည် ---- လှဘိထူးဆန်း၊ ပွင့်သည်ပန်းတို့၊ မန္တမ်းကိုယ်ရည်၊ ဆို့ကြင်သွယ်က၊ မနီမချင်း၊ ငယ်လင်ရင်းကြောင့်၊ မှန်ကင်းတူပြိုင်၊ စစ်မက်ဆိုင်လည်း၊ မယိုင်စိတ်ညွတ်၊ ညီမည်မှတ်၍၊ မျိုးမြတ်ကုမ္မာ၊ သန္တာလက်ဖျား၊ ဆီးလျှံထား၍၊ ဦးဖျားထိပ်ဝှန်၊ မှုံလီလည်း၊ ဝမ်းနည်းပျော်ပါး၊ လျှောက်သောခါကား၊ ကြင်နာလွန်ပြင်း၊ မွီးဘရင်းက၊ သနင်းမျိုးနွယ်၊ ရွှတ်မည်ဆိုသည်၊ သံချိုဥဆီ၊ လက်ကိုချီ၍၊ ရွှီဋ္ဌိဥစ္စာ၊ ရတနာကို၊ စကြာဝဠာ၊ တိုက်သချ်ာမှ၊ လဟာပြင်ကျင်၊ မြီပြင်လုံးခြုံ၊ နတ်ဘုံမလွတ်၊ တိုင်ရုံပိုင်းခြား၊ ပုံလို့ထားသည်၊ မျှားလှမ္မီးမိ၊ ကျေးဇူးကြီးလည်း၊ မွီးမိဘခင်၊ လွန်ကြင်သိကြား၊

ကျွန်ုပ်အားလေ၊ ဆယ်ဆဆယ်ပြန်၊ အဖန်တလဲ၊ ကန်တော့ခဲ့၍၊ နန်းပွဲနီရာ၊ ရွှီအိမ်သာသို့ ဆောစွာတလည် ------ ပြန်လတ်တည့်လည်။

၁၁၃။ လည် ---- ဝိဝဋ္ဋာ၊ ကမ္ဘာတည်စ၊ ပထမကား၊ ကိုးပါးဘုံစည်၊ ဗြဟ္မာပြည်မှာ၊ ရည်သည်ငါးတန်၊ ဝသီဈာန်ဟု၊ ရောင်လျှံပြိုးပြက်၊ အရှိဖက်က လျှံထွက်အာကာ မြူးတူးလာသည်၊ ကမ္ဘာအကျင်း ဖြစ်သင့်မြဲစွာ မြီဩဇာကို ကောင်းစွာမွှီးထုံ အနံ့ဟူ၍ စိတ်တူရွှင်ပ နံ့ကုန်ကြ၏။ ရွှက်မြဖန်သွင် ညွန့်ရှင်မို့မို့ လူတို့စားငှာ ရသာကောက်ကြီး သန်ချည်းသီးလို့ လုံးကြီးလုံးငယ် ဖြစ်တေမရှား စားဖွယ်များနှင့် ငါးပါးဝသီ ဈာန်နှင့် ညီ၍ မငြိမ်မသက် နှလုံးဖျက်၍ အထက်ကောင်းကင် မြီပြင်မကြွင်း မိုက်သောခြင်း ကြောင့် အလင်းတစ်ခု ယခုအညီမြင်ရစီဟု ရှိသိမြတ်လီး ဆိုလတ်ပြီးက ထွန်းညှိရောင် ခြည် တစ်ထောင်တည်၍ မိုက်သည်ဘိန်းနောက် အမိုက်ဖျောက်၍ ထွန်းတောက်ရောင် ဆင် နီလုလင်လည်း ပီပြင်အလယ် ထက်နတ်ပြည်က ရောင်ခြည်တစ်ထောင် တန်ခိုး ဆောင်သည် အရောင်ထန်ပြင်း တိန်ကိုခွင်း၍ နီမင်းရောင်ဝါ ထွန်းငြားလှာသည် ရပ်ရွာ တပြေကွာလီရေကား ယခုမှလျှင် မွေးဘင်္ဂါအား ရှင်မည်ထင်၏ မျှားဖျင်ဆန်းကြွယ် မျိုးများကြွယ်သည် နှိုင်းဖွယ်မမြင် သျှမ်းသခင်ကို မျိုးပင်နှမ အလှသူဇာ ကုမ္မာညွတ်နု ပန်ထွာပြုသော် ကောင်းမှုတရား ဆိုသည်များ၍ စကားသုံးခွန်း ကြိုးသုံးရွှန်းဟု ပြတ်မှန်း မသိ ကျေးဇူးကြီးသည် အသိအမြော် မင်းရဲကျော်သည် နှစ်ဘော်တူကွ နီစေရသည် ထိမ်းမြားတလည် ---- ပြီးလတ်တည့်လည်။

၁၁၄။ လည် ---- အတူမမြင် မင်းမျိုးစင်သည် နတ်ရှင်သိကြား မင်းစစ်သားလည်း တရားဆယ်ပါး ကျင့်သုံးအားလည်း လေးပါးမျိုးဘောင် အုပ်စိုးဆောင်သည် ထွန်းပြောင် ဝင်းဝါ မင်းမြတ်စွာသည် ဓမ္မာတရား ကောင်းသောသားကို ထိမ်းမြားမည်လော ပီး ကောင်းစွာလေ လေးဖြာမျိုးပွား ပြည်သူများကို တိုင်းကားရွာပြည် ဟိလီသမျှ စကားနှုတ် ထွက် အာဏာသက်၍ အရက်သီစာ မျှားစွာဟင်းသား အသင့်ထား၍ မင်းအားသဘင် စီရှင်မညက် ခုနစ်ရက်ကို မွန်းလျက်သဖင် ပွဲကြီးပြင်၍ ရက်ဖျင်မစဲ ဝအောင်ကျွေး၍ မနွဲ့မဖင် သားငယ်လင်ကို မြပင်ယှည်ကြတ် လက်ချင်းထပ်၍ အထွက်မြတ္တိ ညီညီညွတ် ညွတ် ဆောင်နှင်းလတ်၍ မင်းမြတ်ဥက္ကာ ကုမ္မာရှိနု ကန်တော့ပြု၏ လက်ဦးတလည် နီလတ်တည့်လည်။

၁၁၅။ လည် ---- မိခင်ဖိုးဘိုး ကျင့်စရိုးက ငှက်မျိုးသပြီ ညွန့်ရှင်သာသာ မှုတ်ရာရိုကြည် ရိုစင်တည်၍ မြတ်သည့်နံ့ဗင် ညွန့်ရှင်လန်းလန်း ရိုခင်သွန်း၍ ပွဲလမ်းသဘင် ရက်ဖျင်မွှိညက် ခုနစ်ရက်ကို အရက်သိဇာ ကောင်းစွာဝပီး ထိမ်းမြားပြီးမှ ခပ်သိမ်းမတ်ရာ မျိုးတကာနှင့် သိဇာဟင်းကျို အကြွင်းဟိ၏ လိုရိုလိုရာ တတ်လှစွာ၏ ရင်းချာမျိုးဆို့ အညီတကွ မိနှင့်ဘကို မင်းလှဇကော မိကုမ္မာနှင့် ပန်ထွာလက်ဦး ကန်တော့ပြု၍ ပွဲဆုတလည် ---- တည်လတ်တည့်လည်။

၁၁၆။ လည် ---- လေးကျွန်းထိပ်ခေါင် မြင့်မိုရ်တောင်ကို နှိုင်းဆောင်ပမာ နှိုင်ငှာမရှိ ကျေးဇူးကြီးလည်း ခရီးတလန်း တိုက်တစ်ခန်းက ကိုးသိန်းကိုးသောင်း ကိုးထောင်ပေါင်းတို့ ရှစ်သောင်းယူဇနာ သချ်ာကုန်အောင် မြဲခြင်းဆောင်သည် လေးစောင်အစွန်းတောင်ထက်ဝန်းက ကိန်းခန်းတွက်ချိန် ခြောက်သိန်းယူဇနာ သချ်ာမြင့်ရှွန်း ငါးသောင်းစွန်းလည်း လေးကျွန်းဗဟို တောင်မြင့်မိုရ်ကို နှိုင်းချိုပုံချ ယင်းထက်မှလည်း များလှတုံဘိ ကျေးဇူးကြီးသည် မွှီးမိတော်ရင်း ခမည်းမင်းကို ပုလင်းဖြူစင် လက်ဦးတင်သည် ဘခင်ဘုရား သောက်လတ်ပြာလေ၊ လက်ဝါးဖြူစင် ခပ်ဦးတင်သည် မိခင်တော်ရင်း သောက်ပါမင်းလေ အကြွင်းဟင်းလျာ သိဇာဟင်းကျ ကျွေးမွှီးပြီးမှ ပြည်သီးတလည် ---- ပီးလတ်တည့်လည်။

၁၁၇။ လည် --- အလွန်တရာ ချစ်ကြင်နာ၍ မခွာနှိုင်းပြီး အသက်ပီး၍ မင်းရိုးမင်းရာ သိတတ်စွာသည် မေတ္တာတကွ မျိုးနှမလေ ဆနရတ္တိ ဗျာဝိရောဂါ ချမ်းသာတိသာ ချစ်ရိုးမပြီး ပျော်လျှင်းစီလေ သားထွီးကြင်ဖော် မရသော်လည်း မွှီလျှော်သည်ဖြစ် အဖြစ်သန္တိ မြတ်ရှင်ဇီလေ ပြိုပြိုပြစ်ပြစ် မျိုးကြင်ချစ်နှင့် အနှစ်မြင့်ကြာ သက်တစ်ရာမှာ အနာမဟိ မင်းရိုမင်းရာ လှည့်ပတ်စွာကို ခန္ဓာဇာတိ ကျွန်ပီသောလည် မေတ္တာတန်ခိုးဆယ်ဆတိုး၍ အရိုးမိခင် ဗသျှင်ရင်သွီး အချစ်ဟိသည်အဖြစ် မကွာပျော်စရာကားမေတ္တာသက်ပီး ချစ်သမီးကို ပြသိနှုတ်ဝယ် ပီးလျှင်မည်ကား ကိုးဆယ့်ခြောက်ပါး အပြားရောဂါယင်းအနာလည်း ရုံခါမတည် အစည်အလာ လွတ်သောခါလေ ခန္ဓာဇာတိ ဟိသရိကား ချစ်ရိုမပြီ နီလျှင်းစီလေ နှစ်ဆယ်ငါးပါး အနားများနှင့် ကမ္မကရဏ ဒွတ္တိသနှင့် သီးများအာပါသောဒုသနှင့် ရှစ်ပါးတီးရန် ဆယ်ပါးဒဏ် လည်း မကျံမနှစ်အဖြစ် လူ့ပြည်လွတ်လျှင်းစီလေ သားထွီးကြင်ချစ် သမက်ဖြစ်လည်း မနှစ်မရှား မျိုးလေးပါးတွင် တရားရှိုနီ မြင်ဇီသောလည်။ ။ အသီအသတ် အကျင့် မြတ်ကား မျိုးလေးဖြာကို ပိုင်စီသောလည်။ ။ သာယောင်သာယာ သျှမ်းသားရွာမှာ များစွာမှူးမတ် မွန်ဓာတ်ခြိုရှိ

စောင့်လျှင်သည်တည့် ရိုကြည်ပတန် သလွန်ညောင်စောင်း၊ မွှီရာကောင်းနှင့် အကြောင်းလျစ်လျူစံတော်မူသည် ပြည်သူပြည်သား သနားမိပြုသီအောင်ပြု၍ ဖော်စုမကွဲ မစဲရုံကာ တင့်လှစွာသည် တူရိယာစောင်းညှင်း သာခြင်းရတု ပျော်မူမညီး ရှုကြီးရှုငယ် အံ့ဩဖွယ်နှင့် ကမြိုသဘင် သံရွှင်နီတည်း တရည်းရည်းပင် နိတည်းတလည် ------ ပျော်လတ်တည့်လည်။

၁၁၈။ လည် ---- ပုံ့ပုံ့ပျူးပျူး ချစ်သောမုက ပျော်ရွှချင်ဖွယ် ထိုရပ်ပြည်မှာ ကမြိုသဘင်ဧးသွင်သွင်နှင့် မြို့ပြင်မြို့နား မြို့တွင်းသားလေး အများပိုလ်လည်း တသဲသဲနှင့် အံ့အဲသာရွှင် ပဥ္စင်တူရိယာ မူတ်တီးကြ၏၊ နိစ္စမကွာ ပြည်ရွာပြည်မင်း ထီလတ်ခြင်းကား ရစ်ဆင်းခြိမ်မဲ ဝမ္မန်းကွဲလည်း ပျင်ပဲများစွာ သျှမ်းသားရွာလည်း သံဝါဝသာ ကာလသုံးခါ ချစ်စရာသည် တစ်ရွာတထူး ပျော်မူတလည်----- ဆန်းလတ်တည့်လည်။

၁၁၉။ လည် ---- တထူးတဆန်း ကိုးပြည်ခန်းမှာ ရွှင်လန်းသာကြည် နီလျှင်းသည်က ဆင်သည်မြင်းရိုး သူရဲတို့ကို ရှိခိုးပန်တွာ တောင်းသောခါကား တတာတွေတွေ ဆိုလတ်တေကား မျိုးဆွေမိဘ ကွာလီရကို ရှူတမပြီး မတည်နိုင်ငြား တဆွဆွသည် မွီးဘဌာန ရှိပြည်မကို အရယှည်ကာ ဆင်သည်မြင်းရိုး သူရဲတို့ကို ရှိခိုးပန်ထွာ တောင်းသောခါကား တတာတွေတွေ ဆိုလတ်တေကား အငယ်အကြီး သားသမီးကို မမီးအိမ်ရာ မြင့်ရှည်ကြာသော် နောင်ခါရှုက်ကြောက် ကဲ့ရဲ့ရောက်သော် နှစ်ယောက်တကွ စံပျော်ရာ၏၊ အကြောင်းဘီပျဉ်း မစွန်းကွန္ဓေ ငြိမ်သက်လီလည်း မကြည်မညို အငြိုရန်စစ် ဖျက်ဆီးလိုက်လို့ တွန်းပစ်မသာ ရောက်ငြားလှာလည်း ယင်းရွာဖေမြို သွားလီသနည်း သားခမည်းလည်း မနိုင်သည်ဖြစ် ရန်သူဇစ်ကို အဖြစ်စင်ကြယ် လွတ်ရာနီ၍ အစီးအပွားသည်တွင်ထားလည်း မင်းအားပိုလ်လူ တောင်းသည်မူက မသူတော်ရာ ခန္ဓာမချစ်သူ့အားတလည် ---- ကြီးလတ်တည့်လည်။

၁၂၀။ လည် ---- ဦးပိုင်နှိပ်နင်း ရန်သူမင်းကား ကြီးခြင်းအာဏာ ဖျက်ဆီးလှာ၍ ပြေရွှာခပ်သိမ်း ခွာလပ်ပြီးသော် မမိအကြံရ ခွာရှောင်ကြ၍ ဌာနသူ့ပြည် ရောက်ငြားလှာသည် မကွာကိုယ်ကြွတ် သားနှယ်မှတ်၍ ရိုညွှတ်ချစ်ခင် သားနှယ်ကြင်သည် စားကျီရွာစိုင် လေးဆောင်ပိုင်သည် ဘုန်းလျှဉ်းသီရိ အမတ်ကြီးကို ဇံသီးမြတူ ဆင်းမြဖြူနှင့် သဲအူတူကြ အိမ်ထောင်ရသော် ရဲဖျားဆင်းဇုံ လက်ရုံးရှိုးဇံ ထိုသူမွန်က အလွန်တရာ ရဲရင့်စွာဟု မင်းပါစီကျီး စစ်သူကြီးမှာ သဲချာရင်သွီး ဇံသီးမြတူ ပန်းမြသူနှင့် အတူတကွ

ပျော်လီရ၏ ထံပါးမကွာ သောင်းပိုလ်ပါနှင့် ထိုရွာပြည်ကြီး အနီးအပါး အိမ်ထောင်ရ၍ ဌာနသူရပ် မပြတ်တလည် ---- ပျော်လတ်တည့်လည်။

၁၂၁။ လည် ---- မလွဲမခြား မင်းနှစ်ပါးကို စကားဖွယ်သော် ဦးရိုးတော်မှာ မလျော်သည်ဖြစ် မင်းခေါင်ဇစ်ကို တွန်းပစ်စီချင် တောင်းလတ်ကျင်က မရှင်ဝမ်းဝယ် ငြင်းတုံသည်က လွန်လီသည်ဖြစ် လူမျိုးဇစ်မှာ မွိုးချစ်လွန်ကြင် ဘခင်ထိမ်းခြား ငယ်မယားနှင့်။

**(ငယ်မယားလည်း ၊ ဟု မူတစ်ခုတွင် တွိရ၏)**